http://www.dhammadownload.com



ဆဋ္ဌသင်္ဂါတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

ပရာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အနုမောဒနာတရားတော်များ

အပိုင်း(၁)

သာသနာ - ၂၅၅၉ ကောဇာ - ၁၃၇၇ ရေစဲ - ၂၀၁၅

http://www.dhammadownload.com



ဆဋ္ဌသင်္ဂီတိပုဋ္ဌက ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ

၂၉-၇-၁၉၀၄-သောကြာနေ့တွင် ဖွား သန့်စင်၍၊ ၁၄-၈-၁၉၈၂ စနေနေ့တွင် စံလွန်တော်မူသည်။

၁၃-၈-၁၉၈၂-သောကြာနေ့တွင် ချီးမြှင့်ခဲ့သော နောက်ဆုံးပုံတော်

http://www.dhammadownload.com



ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အနုမောဒနာတရားတော်များ

အပိုင်း(၁)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ
ရန်ကုန်မြို့

သာသနာ-၂၅၅၉ ကောဇာ-၁၃၇၇ ခရစ်-၂၀၁၅
ပထမအကြိမ်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဆုပ်ရေ – ၃၀၀၀

အကြိမ် – ပထမအကြိမ်

ထုတ်ဝေသည့်ခုနှစ် – ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

စာစစ်/စာပြင် – ဦးသိန်းဝင်း (အစိုးရဝန်မှုစစ်ရိယ)

ကွန်ပျူတာ – ဒေါ်သန်းသန်း၊ ဝိုးအိ
(ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့.ချုပ်)

ထုတ်ဝေသူနှင့်ဖြန့်.ချိရေး – ဦးလှမြင့် (၀၁၂၇၉)
ဗုဒ္ဓသာသနာနှင့်ဟာအဖွဲ့.ချုပ်၊
မဟာစည်သာသနာ့ရိပ်သာ၊ မဟန်း၊
အမှတ်–၁၆၊ သာသနာ့ရိပ်သာလမ်း၊
မဟန်းပြို့နယ်၊ ရန်ကုန်ပြို့။
ဖုန်း၊ ၀၁–၅၉၅၄၁၈၊ ၅၄၁၉၇၁

ပုံနှိပ်သူ – ဦးနိုင်နိုင်ဦး (၀၅၅၀၁)
ဗဟုပုံနှိပ်တိုက်၊
၂၂၁၊ ဒိုလိတထောင်ဈေးလမ်း၊
ပုဇွန်တောင်ပြို့နယ်၊ ရန်ကုန်ပြို့။
ဖုန်း၊ ၀၉–၅၀၁၉၁၅၄

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁။	မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ	...	က
၂။	နိဒါန်း	...	ဈ
၃။	အမှာစာ	...	ဋ္ဌ
	ဝါဆိုသင်္ကန်းအလှူတရားတော်	...	၁
၂။	နတ်ပြည်ရောက်ကြောင်းတရားသုံးပါး	...	၁၂
၃။	ဝဋ်ကြွေးကြမ္မာမလွတ်သာ	...	၂၂
၄။	ရွှေအိုးမြုပ်နှံတရားတော်	...	၃၉
၅။	ယောဂီများအတုယူစရာပုဂ္ဂိုလ်ငါးယောက် တရားတော်	...	၅၈
၆။	အပ္ပမာဒတရားတော်	...	၆၈
၇။	ဥပုသ်သုံးမျိုးတရားတော်	...	၈၀
၈။	ဥပုသ်သုံးမျိုးတရားတော်(အဆက်)	...	၉၈
၉။	နှိုင်ငံခြားမကြွမီသြဝါဒတော်	...	၁၁၆
၁၀။	အနုမောဒနာ ရေစက်ချတရား	...	၁၃၄
၁၁။	သီလပေးတရားတော်	...	၁၄၈

****

http://www.dhammadownload.com

အန္ဒမောဒနာတရားတော်များ အပိုင်း(၁)

မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

မဟာစည်ဆရာတော် လောင်းလျာ သားရတနာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာနေ ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်အုပ်တို့က သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်၊ (၂၉-၇-၁၉၀၄) သောကြာနေ့၊ နံနက် (၃း၀၀)နာရီအချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။ ငယ်မည်မှာ **"မောင်သွင်"** ဖြစ်သည်။

၁၂၇၂-ခုနှစ် (၁၉၁၀-ခု) ၆-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ အင်ကြင်းတောတိုက်၊ ပျဉ်းမနားကျောင်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စထံတွင် အခြေခံစာပေများ သင်ကြားခဲ့ပါသည်။ ၁၂၇၈-ခုနှစ် (၁၉၁၆-ခု) ၁၂-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်းတွင် ငယ်ဆရာ ဖြစ်သော ဘဒ္ဒန္တအာဒိစ္စ ထံမှာပင် ခမည်းတော် မယ်တော်များ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ **"ရှင်သောဘန"** ဖြစ်ပါသည်။ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်၊ (၂၆-၁၀-၁၉၂၃) ဗုဒ္ဓဟူးနေ့ နံနက်(၈း၀၀)နာရီအချိန်တွင် အင်ကြင်းတောတိုက် ခဏ္ဍသိမ်တော်တွင် ဦးအောင်ဘော်+ ဒေါ်သစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ထန်းစင်ရွာ၊

http://www.dhammadownload.com

သုမေဓာကျောင်း ဆရာတော် ဘဒ္ဒန္တနိမ္မလထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၈၆-ခုနှစ် (၁-၉-၁၉၂၅) ရဟန်းဝါမရမီ အစိုးရပါဠိ ပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ၁၂၈၈-ခုနှစ် (၁၉၂၆)တွင် ပထမလတ်တန်း၊ ၁၂၈၉-ခုနှစ် (၁၉၂၈)တွင် ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၀၃-ခုနှစ်၊ (၁၉၄၂)တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲကို ကျမ်းရင်း (၃)ကျမ်းနှင့်တကွ ဂုဏ်ထူး(၅)ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် **ဘဒ္ဒန္တသောဘန (သာသနာဓဇသိရီပဝရဓမ္မာစရိယ)** ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

၁၂၉၀-ခုနှစ် (၁၉၂၉)၊ ငယ်ဆရာများနှင့်တကွ မန္တလေးမြို့ အနောက်ပြင်၊ ခင်မကန်ကျောင်းတိုက်၊ ဘွားတော်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက် ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တ လက္ခဏ၊ ခင်မကန်တိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာ ဘိဝံသ စသော ပရိယတ္တိအကျော်အမော် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ စာပေ ကျမ်းစာများကို ဆည်းပူးလေ့လာ သင်ယူတတ်မြောက်တော်မူခဲ့သည်။ ၁၂၉၁-ခုနှစ် (၁၉၃၀) ဝါဆိုလတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးတိုက်ကျောင်းမှ မိမိ၏ ဆရာဖြစ်သော ဘဒ္ဒန္တ အာဒိစ္စမထေရ်က ခေါ်ယူတော်မူသောကြောင့် သွားရောက်ပြီးလျှင် ထိုကျောင်းတိုက်ရှိ ရဟန်း, သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူသည်။

http://www.dhammadownload.com

၁၂၉၃-ခုနှစ် (၁၉၃၂) ပြာသိုလတွင် သမထ၊ ဝိပဿနာတရား အားထုတ် ကျင့်သုံးလိုသောကြောင့် သီတင်းသုံးဖော် ဘဒ္ဒန္တ တေဇိန္ဒ္ဓနှင့် ဓင်းကျိုက်၊ သထုံ၊ ကေလာသ၊ မြသပိတ်တောင်၊ ကျိုက်ထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဦးအုန်းခိုင်တောကျောင်း စသည့်နေရာတို့တွင် ကမ္မဋ္ဌာန်းနည်းများကို ကျင့်သုံးစူးစမ်းလေ့လာရင်းမှ နောက်ဆုံး၌ သထုံမြို့၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးထံတော်၌ သတိပဋ္ဌာန် ရှုမှတ်နည်းများကို နည်းခံကျင့်သုံးခဲ့ ပါသည်။ ၁၂၉၄-ခုနှစ် (၁၉၃၃) ဝါဆိုလဆန်း(၇)ရက်နေ့တွင် မိမိဆရာဖြစ်တော်မူသော ဘဒ္ဒန္တအာဒိစ္စ မထေရ်မြတ် မကျန်းမာကြောင်း အကြောင်းကြားသဖြင့် သထုံမှ မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းသို့ ပြန်လည်ကြွရောက် တော်မူခဲ့ပါသည်။

၁၃၀၀-ပြည့်နှစ် (၁၉၃၈-ခု၊ မေလ)တွင် ဇာတိမြေ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ညီဖြစ်သူ ကွယ်လွန်သဖြင့် ပြန်ကြွခဲ့ သည်။ (၇)လတိတိ သီတင်းသုံးနေထိုင်လျက် မိမိဆွေမျိုး ဦးထွန်းအေး၊ ဦးဖိုးချို၊ ဆရာကြွေ(၃)ဦးတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို စတင်၍ ဟောကြားပြသတော်မူခဲ့ပါသည်။ ထို့နောက် မော်လမြိုင်တောင်ဝိုင်း ကလေး တိုက်ကျောင်းသို့ ပြန်ကြွ ပါသည်။ ၁၃၀၃-ခုနှစ် (၁၉၄၁ခု)၊ နှတ်တော်လတွင် ဒုတိယ ကမ္ဘာစစ်ကြောင့် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းမှ ဇာတိဆိပ်ခွန်ရွာသို့ တစ်ဖန်ပြန်လည် သီတင်းသုံးနေထိုင် တော်မူသည်။ ထိုနှစ်တွင် သတိပဋ္ဌာန်ဝိပဿနာတရားကို ဆက်လက် ဟောပြည်ွန်းကြားရာ တရားအားထုတ်ကြသော ယောဂီများ တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာပြီး ဆိပ်ခွန်ကျေးရွာတွင် ယောဂီများ

http://www.dhammadownload.com

တရားအားထုတ်ရန်(ချိန်တွင်) နှီးဆော်တီးခတ်လေ့ ရှိသည့် (ကြီးမားသော စည်ကြီးကိုအကြောင်းပြု၍) မှည့်ခေါ်ထားသော မဟာစည်ကျောင်းတွင် သီတင်းသုံးသဖြင့် **"မဟာစည် ဆရာတော်"** ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

၁၃၀၅-ခုနှစ် (၁၉၄၄-ခု)တွင် စာမျက်နှာ(၉၅၀)ခန့်ရှိသော ဝိပဿနာရှုနည်းကျမ်းကြီး (ပ/ဒု)ကို (၇)လအတွင်းမှာပင် ရေးသား ပြုစုခဲ့ပြီး အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ဖြန့်ချီပေးခဲ့ရပါသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်း (၄)တွဲနှင့် အခြားဟောကြား ရေးသားသော ကျမ်းပေါင်း(၈၀)ကျော် ရေးသားပြုစုတော်မူ ခဲ့ပါသည်။

၁၉၄၇-ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိနှင့်ပဋိပတ္တိ သာသနာ တော်ကြီးကို တိုးတက်ပြန့်ပွားစေရန် ရည်သန်လျက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဆာဦးသွင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ရန်ကုန်မြို့၌ တည်ထောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဆာဦးသွင်က ရန်ကုန်မြို့ ဗဟန်းရှိ မြေငါးကောကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးလှူကာ မဟာစည်သာသနာ့ရိပ်သာကြီးကို ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ယခုအခါ ရိပ်သာကြီးသည် ဧကန္တစ်ဆယ်အထိ ကျယ်ပြန့်လျက်ရှိပြီး ခမ္မာရုံ၊ ကျောင်းဆောင်ကြီးများ၊ နာယကကျောင်းဆောင်များ၊ ရဟန်း, ရှင်, လူ, အမျိုးသား, အမျိုးသမီးယောဂီ ကျောင်းဆောင်များဖြင့် တိုးတက်ကြီးပွားလျက်ရှိပါသည်။

(၁၉၄၉)ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုနှင့် ဆာဦးသွင်တို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဝိပဿနာ

http://www.dhammadownload.com

တရားတော်များ ဟောကြားပြသပေးတော်မူရန် ရန်ကုန်မြို့သို့ ပင့်ဆောင်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့တွင် မဟာစည်ဆရာတော်ကြီးသည် ပထမဆုံးအကြိမ်အဖြစ် ယောဂီ(၂၅)ယောက်တို့အား ဝိပဿနာတရားတော်များ ဟောကြားပြသ ပေးတော်မူခဲ့ပါသည်။ နှစ်အနည်းငယ်အတွင်း မဟာစည်တရား ရိပ်သာများသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအချိန်တွင် ရိပ်သာပေါင်း (၆၀၀)ကျော် ရှိပြီ ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများတွင်လည်း အလားတူ ရိပ်သာများဖွင့်လှစ်ပြီး ဆရာတော်ကြီး၏ ဝိပဿနာ နည်းလမ်းအတိုင်း ပြသဆောင်ရွက်လျက်ရှိပါသည်။ (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလအထိ မဟာစည်နည်းဖြင့် ဝိပဿနာတရားရှုမှတ်အားထုတ်ပြီးသည့် ပြည်တွင်း/ပြည်ပ ယောဂီအရေအတွက်မှာ တစ်ဆယ့်ခုနှစ်သန်း ကျော်ရှိပါသည်။ ဝိပဿနာတရား အားထုတ်မှုများမှာ ဆက်လက်၍ တည်ရှိနေပါသည်။

သာသနာ့ရိပ်သာကြီးသို့ ရောက်ပြီးနောက် (၄)နှစ်ကျော် အကြာ ၁၃၁၅-ခုနှစ်၊ ၁၉၅၄-ခုနှစ်တွင် မဟာစည်ဆရာတော် ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညိုလေးစား၍ နိုင်ငံတော်အစိုးရက လှူဒါန်းဆက်ကပ်သော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ၁၃၁၆ ခုနှစ် (၁၇.၅.၁၉၅၄) ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စတင်၍ ကျင်းပခဲ့ရာ (၂)နှစ်ခန့်ကြာအောင် ကျင်းပခဲ့ရာတွင် မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်တော်မူခဲ့ပါသည်။ မဟာစည်

http://www.dhammadownload.com

ဆရာတော်ဘုရားကြီး သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နောက်ဆုံး တည်းဖြတ်စစ်ဆေးရသော သြသာနသောဓေယျအဖွဲ့တွင် ပါဝင်ပြီး ပါဠိ အဋ္ဌကထာများကို ရွတ်ဆို၍ အတည်ပြုတော်မူခဲ့ပါသည်။ ထို့အပြင် မဟာစည်ဆရာတော်သည် အမေး(ပုစ္ဆက)ဆရာတော်အဖြစ် ပါဝင်၍ လည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုအမေး(ပုစ္ဆာ)များကို ပိဋကသုံးပုံ အာဂုံဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသက ဖြေကြား ပေးတော်မူခဲ့ပါသည်။

အရေးပါသော အခန်းကဏ္ဍကို ရေးသားဖော်ပြရမည်ဆိုလျှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပထမသံဂါယနာ တင်တော် မူစဉ်က အရှင်မဟာကဿပ မဟာထေရ်မြတ်က အမေး(ပုစ္ဆက)အဖြစ် ဆောင်ရွက်တော်မူပြီး အရှင်ဥပါလိနှင့် အရှင်အာနန္ဒာ မထေရ်မြတ်တို့က ရွတ်ဆိုဖြေကြား၍ ပထမသံဂါယနာ တင်တော်မူခဲ့ကြပါသည်။ ထိုနည်း အတိုင်း ပိဋကသုံးပုံ ပါဠိတော်များကို ရွတ်ဆို၍ သံဂါယနာတင်တော်မူ ပြီးနောက် အဋ္ဌကထာ ဋီကာတို့ကို မဟာစည်ဆရာတော် ဦးဆောင်၍ တည်းဖြတ်သုတ်သင် စစ်ဆေးကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ကြ ပါသည်။ ထိုကြီးမားသော လုပ်ငန်းတာဝန်များကိုလည်း အဓိကအခန်း ကဏ္ဍမှ ပါဝင်ပြီး ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။

ဆရာတော်ကြီးအနေဖြင့် တရားစာအုပ်ပေါင်း(၁၀၀)ကျော် ပြုစုရေးသားခဲ့ရာ ၎င်းအနက် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကို ပြုစုခဲ့ရာ ၁၃၂၈-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၂၃-၂-၁၉၆၇) နေ့မှ ပြီးဆုံး ခြင်းသို့ ရောက်ခဲ့သည်။ နှစ်အားဖြင့်ဆိုလျှင် (၆)နှစ်ကျော် ကြာခဲ့လေ သည်။ နိဿယစာမူရောကို ၁၃၂၈-ခုနှစ် မှစ၍ ပုံနှိပ်စေခဲ့ရာ ပထမတွဲ

http://www.dhammadownload.com

ထွက်ပေါ်လာခဲ့သည်။ ၁၃၂၉-ခုနှစ်၊ (၁၉၆၈)တွင် ဒုတိယတွဲ နှင့် တတိယတွဲ၊ ၁၃၃၀-ခုနှစ် (၁၉၆၉)တွင် စတုတ္ထတွဲကို ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းကို ထုတ်နုတ်၍ **"ဝိသုဒ္ဓိမဂ်မဟာဋီကာသမယန္တရပိုင်း ဂဏ္ဌိနိဿယ"** ဟူသော အမည်ဖြင့် ရေးသားထုတ်ဝေ ဖြန့်ချိခဲ့ပြီး ဖြစ်လေသည်။

မဟာစည်ဆရာတော်သည် ကမ္ဘာနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ(သီဟိုဠ်) နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန် စသည့် အာရှနိုင်ငံများ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီစသည့် အမေရိက ဥရောပ နိုင်ငံများသို့ ကြွရောက်တော်မူပြီး၊ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသ၍ ကမ္ဘာကို ထေရဝါဒ ဗုဒ္ဓသာသနာ ပြုတော်မူခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးတွင်လည်း မဟာစည်သတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း လက်ခံပြသလျက်ရှိသော ရိပ်သာများ၊ တရားဌာနများလည်း တိုးပွားလျက်ရှိသည်။ ရန်ကုန်နှင့်မန္တလေးရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး၏ သင်ရိုးညွှန်းတမ်းတွင် ပရိယတ္တိစာပေ စာတွေ့သင်ကြားပြီး၍ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာကြီးတွင် လက်တွေ့တရားအားထုတ်ပြီးမှသာ ဘွဲ့ လက်မှတ်တော် ဆက်ကပ်တော်မူပါသည်။

၁၉၈၂-ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့ ညနေပိုင်းတွင် မဟာစည် ဆရာတော် ဘုရားကြီးသည် ယောဂီအသစ်များအား အလုပ်ပေးတရား ဟောကြားပြီး ညပိုင်းတွင် လေဖြတ်ရောဂါ ဝေဒနာ Severe Stroke

http://www.dhammadownload.com

(၈)

ခံစားခဲ့ရပြီး သက်တော်(၇၈)နှစ်၊ သီကျွာတော် (၅၈)ဝါ၊ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်(၁၀)ရက်၊ (၁၄-၈-၁၉၈၂) စနေနေ့၊ မွန်းလွဲ (၁း၃၆) နာရီအချိန်တွင် မဟာစည် စံကျောင်းတော်၌ စံလွန်တော်မူခဲ့ပြီး အန္တိမအဂ္ဂိဗျာပနကို (၂၀-၈-၁၉၈၂)နေ့တွင် ကျင်းပပူဇော်ခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန်ရှားပါးသော ဥပဓိရုပ်မြင့်မား၍ ထူးချွန်ထက်မြတ် သာလွန်သော အသိဉာဏ်၊ ထူးခြားလေးနက်သော ဝိပဿနာဉာဏ်ရည်များနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်ပြီး မြတ်ဗုဒ္ဓဟောကြားခဲ့သော သတိပဋ္ဌာန်တရားများကို လက်တွေ့ ကျင့်သုံးအားထုတ်ပြီးလျက် ပရိယတ္တိ, ပဋိပတ္တိ နှစ်ရပ်စုံညီစွာဖြင့် တရားတော်များကို ဟောကြား၍ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကျွမ်းကျင်စွာ ပြသပေးတော်မူနိုင်သည်။

ဆရာတော်ဘုရားကြီး၏ ဘဝသက်တမ်းတစ်လျှောက်လုံး ဟောကြား ပြသ၊ ရေးသားခဲ့သော ဝိပဿနာတရားတော်များသည် အရေ့အနောက် ကမ္ဘာတစ်ခွင်သို့ ပြန့်နှံ့၍ ထောင်ပေါင်းများစွာသော လူသားအပေါင်းအား ဝိပဿနာအကျိုးတရားများ ဖြစ်ပွားစေပါသည်။ ဆရာတော်ဘုရားကြီး၏ လက်တွေ့ကျင့်သုံးအားထုတ်ခဲ့သော ဝိပဿနာလုပ်ငန်းများနှင့် တစ်ဘဝလုံးဆောင်ရွက်ခဲ့သော ဓမ္မလုပ်ငန်းများအရ ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထူးချွန်ထက်မြတ်သော ထိပ်တန်းပုဂ္ဂိုလ်တို့၏ စာရင်းတွင် မဟာစည်ဆရာတော်ဘုရားကြီးမှာ ပါဝင်လျက်ရှိပါသည်။

(၂၀၁၅-ခုနှစ် ဇွန်လတွင် ပြုစုထားပါသည်။)

http://www.dhammadownload.com

ဩဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာ ဘဒ္ဒန္တဇဋိလ
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ Ph.D.
တို့

နိဒါန်း

အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သည် ၁၉၄၈-ခုနှစ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်၏ ဩဝါဒါစရိယ အဖြစ်ဆောင်ရွက်တော်မူသည့်အခါမှစ၍ မဟာစည်သာသနာ့ ရိပ်သာကြီးတွင် နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဒါယကာ, ဒါယိကာမ တို့အား တရားဟောတော်မူခြင်း၊ ညနေ အလုပ်ပေးတရားဟောခြင်း၊ (၈)ရက်သီတင်း လပြည့်လကွယ်နေ့များတွင် တစ်နာရီခွဲခန့် တရား ဟောတော်မူခြင်း၊ လဆန်း(၇)ရက်၊ လဆုတ်(၇)ရက်နေ့များတွင် ဉာဏ်စဉ်တရား ဟောတော်မူခြင်း၊ လပြည့်၊လကွယ် ပါတိမောက် ပြပြီးတွင် ဩဝါဒမြွက်ကြားတော်မူခြင်း စသော ကိစ္စများကို အမြဲ မပြတ် ဆောင်ရွက်တော်မူပါသည်။

http://www.dhammadownload.com

နောက်ပိုင်း နာယကအဖွဲ့.ပေါ်လာမှ (၈)ရက်သီတင်း တရားပွဲများကို နာယက၊ ဝန်ဆောင်တို့အား ခွဲဝေဟောကြားစေခဲ့ပါသည်။ ထိုသို့ ဟောကြားတော်မူရာတွင် လပြည့်၊ လကွယ် ဟောကြားတော်မူသော တရားတော်ကိုမူ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.မှ စာအုပ်ရိုက်နှိပ်၍ ဖြန့်ချိခဲ့သော်လည်း အခြားတရားစာတိုကလေးများကိုမူ ပုံနှိပ်မှု မပြုနိုင်ခဲ့ပါ။ ထို့ကြောင့် ထိုအနုမောဒနာများကို နောင်လာနောက်သားများ ဖတ်ရှုစေခြင်းအကျိုးငှါ စုစည်း၍ ရိုက်နှိပ်အပ်ပါကြောင်း၊ နောင်တွင်လည်း ထိုကဲ့သို့သော တရားများကို ရိုက်နှိပ်သွားမည့်အကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။

အားလုံး ကိုယ်စိတ်ရွှင်လန်း ကျန်းမာချမ်းသာကြပါစေ။

အရှင်ဇဋိလ

မဟာစည်

****

http://www.dhammadownload.com

မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အနုမောဒနာတရားတော်များ အပိုင်း(၁)

အမှာစာ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ပင့်ဖိတ်လျှောက်ထားသဖြင့် ၁၉၄၈ ခုနှစ်တွင် သာသနာ့ရိပ်သာကြီးသို့ ရောက်ရှိသီတင်းသုံးတော်မူခဲ့ပါသည်။ ရန်ကုန်မြို့ သာသနာ့ရိပ်သာကြီးသို့ ရောက်ရှိသီတင်းသုံးတော်မူပြီး သတိပဌာန်ဝိပဿနာတရားတော်များကို ပြသဟောကြားခဲ့ရာ ယခုအခါ မဟာစည်သာသနာ့ရိပ်သာခွဲ၊ ပြည်တွင်း ပြည်ပရိပ်သာခွဲပေါင်း (၆၅၇)နှင့် တရားအားထုတ်ပြီးသူပေါင်း (၃၇)သိန်းကျော်အထိ ရှိပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ-ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြတ်တော်မူပြီး မြတ်ဗုဒ္ဓဟောကြားတော်မူသော ဒေသနာတော်နှင့်အညီ ကျမ်းစာအုပ်ပေါင်း (၈၀)ကျော် ရေးသားပြုစုတော်မူခဲ့ပါသည်။ သာသနာတော်အတွက်များစွာ အကျိုးကျေးဇူးကြီးမားလှပါသည်။

ပရိယတ္တိ-ပဋိပတ္တိ သာသနာတော်ကို ပစ္စည်းလေးဖြာဖြင့် ထောက်ပံ့လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါ

http://www.dhammadownload.com

သည်။ ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျမ်းစာအုပ်များကိုလည်း အကြိမ်ကြိမ်ရိုက်နှိပ် ဖြန့်ချိနေရပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သုတ္တန်တရားတော်များနှင့် ရေးသားသော ကျမ်းစာအုပ်များကိုသာ ရိုက်နှိပ်ခဲ့ရပါသည်။ ယခုအခါ ရဟန်း၊ ရှင်၊ လူ၊ ယောဂီဟောင်း ဓမ္မမိတ်ဆွေများက မဟာစည်ဆရာတော်ဘုရားကြီး ရိပ်သာတွင်း၊ ရိပ်သာပ ဟောကြားတော်မူခဲ့သော အနုမောဒနာတရားတော် စာမူကြမ်းများ ဓမ္မဒါန စာအုပ်ငယ်များကို ရှာဖွေစုဆောင်း၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးအပ်ခဲ့ပါသည်။

အနုမောဒနာ တရားတော်များကို စုစည်း၍ ထုတ်ခြင်းမပြုပါက နောင်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားမည့် အရေးအရှည်ကိုမျှော်တွေး၍ အနုမောဒနာတရားတော်များကို စုပေါင်း၍ ပြန်လည်ထုတ်ဝေသင့်ကြောင်း အကြံပေးတိုက်တွန်းခြင်း ပြုခဲ့ကြပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ အမှုဆောင်လူကြီးများက ၂/၂၀၁၅၊ ပရိယတ္တိ-ပဋိပတ္တိ စာပေပြန့်ပွားရေး အစည်းအဝေးတွင် စုစည်း၍ ထုတ်ဝေသင့်ကြောင့် ဆုံးဖြတ်ခဲ့ကြပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အနုမောဒနာတရားတော်များသည် မြတ်စွာဘုရားရှင်ဟောကြားထားသော နည်းအတိုင်း ဒါနအကြောင်း၊ သီလအကြောင်း၊ နတ်ပြည်ရောက်ကြောင်း၊ ကာမဂုဏ်အာရုံများ၏အပြစ်၊

http://www.dhammadownload.com

သတိပဋ္ဌာန်ဝိပဿနာရှုမှတ်နည်းဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်ရောက်နိုင်ခြင်းစသော အကျိုးတရားများကို အစဉ်အတိုင်း ဟောကြားထားသည်ကို ဖတ်ရှုတွေ့မြင်ကြရပါမည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ပါဠိတော်၊ အဋ္ဌကထာတို့၌ပါရှိသော သုတ်တော်များကို သက်ဆိုင်ရာ တရားတော်များ၌ အခြေခံမူတည်ပြီး ဟောလေ့ရှိပါသည်။ မည်သည့်အခါမှ စာပေအကိုး သာဓကမပါဘဲ ဟောလေ့မရှိပါ။ ဆရာတော်ဘုရားကြီး၏ တရားတော်များကို ဖတ်ရှုနာကြားကြည့်ပါက သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရား အမြတ်မ်းထည့်သွင်းပြီး ဟောလေ့ရှိပါသည်။

ဝဋ်ကြွေးကြမ္မာမလွတ်သာ (နှာ-၃၆)၌ "အခုစျာန်မရတဲ့ပုဂ္ဂိုလ်တွေလည်း ဒီအတိုင်းဘဲ၊ စိတ်ကူးလေးဖြစ် အဲဒီစိတ်ကူးလေးရှုနေရတာပဲ၊ မြင်တဲ့စိတ်ဖြစ် အဲဒါလည်း ရှုရတာပဲ။ ဖြစ်တိုင်းဖြစ်တိုင်း တရားတွေ ရှုရတယ်။ အဲဒီတရားနဲ့ အဖြစ်အပျက်ကို သိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်တွေ့ပြီး သိမှ ပင်မဝိပဿနာဉာဏ်တွေ ကောင်းကောင်းဖြစ်ပြီး အရိယာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်တာ အဲဒီလို အားထုတ်ရတယ်" စသည်ဖြင့် အများ နားလည်သော စကားများဖြင့် ဟောကြားထားသည်ကို ဖတ်ရှုရ ပါမည်။

အထူးအားဖြင့် မဟာစည်ဆရာတော်ဘုရားကြီး ရိပ်သာတွင်း/ရိပ်သာပတို့၌ ကာလဒေသအလျောက် ဟောကြားတော်မူသော အနုမောဒနာ တရားတော်များကို တိပ်ကြိုးခွေမှ ကူးယူရေးသားပေးတော်မူကြသော ရဟန်း၊ ရှင်၊ လူများနှင့် စာမူကြမ်းများ

http://www.dhammadownload.com

(၁)

ကို ရှာဖွေထိန်းသိမ်းပြီး ပေးပို့ကြသော ဓမ္မမိတ်ဆွေ ယောဂီဟောင်း များအား ဗုဒ္ဓသာသနာနှဂ္ဂဟအဖွဲ့ချုပ်ကြီးက လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်နှုမော သာဓုခေါ်ဆိုပြီး အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော အနုမောဒနာ တရားတော်များသည် လိုရင်းတိုရှင်း ထိမိကာ လူအများ သဘောပေါက်နားလည်အောင် ဟောကြားထားသည်ကို ဖတ်ရှုကြပြီး ဓမ္မအသိဉာဏ်များ တိုးတက်ကြပါစေ၊ အသိဉာဏ်များ တိုးတက်၍ သတိပဋ္ဌာန်ဝိပဿနာ အကျင့်မြတ်ကို လက်တွေ့ကြိုးစား အားထုတ်ကြ၍ မိမိတို့ လိုလားတောင့်တအပ်သော နိဗ္ဗာန်သို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ-

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ . . . ။

ဒေါက်တာတင့်စိုးလင်း
(ဥက္ကဋ္ဌ)
ဗုဒ္ဓသာသနာနှဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
ရန်ကုန်မြို့။

ဇန်နဝါရီလ၊ ၂၀၁၆။

http://www.dhammadownload.com

၁၃၃၉-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာသာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော

ဝါဆိုသင်္ကန်းအလှူတရားတော်

"ဘုရားလက်ထက်က ဝါဆိုသင်္ကန်းကပ်လှူကြပုံ"

ဝါဆိုသင်္ကန်းနှင့်စပ်ပြီးတော့ ဟောနေရတဲ့ အနုမောဒနာတရားကတော့ နှစ်စဉ်နှစ်တိုင်း ဟောနေရတော့ ရိုးနေပါပြီ။ ဝါဆိုသင်္ကန်းဆိုတာ မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက မိမိတို့ ဆောက်လုပ်ပြီးတော့ လှူဒါန်းထားတဲ့ကျောင်းမှာ ဝါဆိုသင်္ကန်းလှူဒါန်းကြတယ်။ အဲဒီလို ကျောင်းမှာ ဝါဆိုတဲ့ပုဂ္ဂိုလ်တွေ ခွဲဝေပြီးသုံးဆောင်ရတယ်။ ကျောင်းတိုက်ကြီး တစ်တိုက်ထဲပေမယ်လို့ ကျောင်းဒကာ ကျောင်းအစ်မတွေက သူ့ကျောင်း၊ ကိုယ့်ကျောင်း အသီးသီး ဝါဆိုသင်္ကန်းလှူဒါန်းကြတယ်။ အဲဒီကျောင်းမှာ ဝါကပ်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေကို အဲဒီဝါဆိုသင်္ကန်းတွေ ခွဲဝေပြီးတော့ ပေးရတယ်။ အဲဒီ ဝါဆို ဝါကပ်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေက ဝါမကျိုးရဘူး၊ ဝါကျိုးလို့ရှိယင် အဲဒီ ဝါဆိုသင်္ကန်း အလှူမခံရဘူး၊ ဝါဆိုသင်္ကန်းက အမာခံလိုဖြစ်နေတယ်။ ဒီကျောင်းမှာ ဝါမကျိုးအောင် နေရမယ်လို့ ဝန်ခံသလိုဖြစ်နေတယ်၊ အချို့အချို့ကျောင်းတွေက ဝါဆိုသင်္ကန်းမလှူနိုင်ဘူး။ တချို့ကလည်း နည်းနည်းလှူနိုင်တယ်။ တချို့ကျောင်းက များများလှူနိုင်တယ်။ အဲဒီတော့ နေရာချထားတဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်က လာဘ်လာဘတွေညီမျှအောင်လို့ ကြည့်ပြီးတော့ထားရတယ်။

http://www.dhammadownload.com

ဝါဆိုသင်္ကန်းနည်းနည်းလှူနိုင်တဲ့ကျောင်းဆိုယင် သံဃာနည်းနည်းဘဲထားရတယ်၊ များများလှူနိုင်တဲ့ကျောင်းကို သံဃာများများထားရတယ်။ နောက်တချို့ကျောင်းတွေကျတော့ နည်းနည်းလှူနိုင်တဲ့ကျောင်းနဲ့ များများလှူနိုင်တဲ့ကျောင်း၊ တပေါင်းတည်းလုပ်ပြီးတော့ နေရာချထားရတယ်။ အဲဒါ ရှေးက ဘုရားလက်ထက်က အစဉ်အလာပဲ။ အခုတော့ ဝါဆိုသင်္ကန်းဆိုတာ ကိုယ့်ကျောင်းရယ်လို့ မဟုတ်ပါဘူး၊ ဝါဆိုဦး ဝါဆိုသင်္ကန်းလှူဒါန်းလို့ရှိယင်ဖြင့် ထူးထူးခြားခြား ကောင်းကျိုးတွေလဲ ရနိုင်တယ်လို့ ဒီလိုယုံကြည် သိမှတ်ပြီးတော့ လှူဒါန်းကြပါတယ်။

ပထမအကျိုးတရား

သင်္ကန်းလှူရာမှာ အမျိုးသားတွေဆိုရင် နောက်ဆုံးအချိန်မှာ "ဧဟိဘိက္ခူ" ခေါ်ပြီးတော့ ဧဟိဘိက္ခူရဟန်းဖြစ်တယ်တဲ့၊ "ဧဟိဘိက္ခူ" လို့ခေါ်လိုက်တာနဲ့ တခါထဲ သပိတ်၊ သင်္ကန်းတွေ ပြည့်စုံပြီးတော့ သွားတယ်၊ အဲဒါ အမျိုးသားများမှာ အမြတ်ဆုံးအကျိုးတဲ့၊ အမျိုးသမီးများမှာတော့ မဟာလတာ တန်ဆာဆိုတာ ဟိုတုန်းကရှိတယ်၊ သင်္ကန်းလှူဘူးတဲ့အမျိုးသမီးဟာ အဲဒီ မဟာလတာ တန်ဆာကိုရတယ်တဲ့ မဟာလတာတန်ဆာဟာ စိန်တွေ၊ ရွှေတွေအများကြီးပါပဲ၊ အဖိုးတန်တွေ၊ တန်ဖိုးအားဖြင့် ကိုးကုဋေတန်တယ်တဲ့၊ သိန်းပေါင်း ၉၀၀ ပေါ့လေ၊ အဲဒါ အကြီးမြတ်ဆုံးပစ္စည်း၊ အဲဒါကို ရနိုင်တယ်တဲ့၊ အဲဒီဟာ အမြတ်ဆုံးအကျိုးပဲတဲ့၊ ဒါပေမယ်လို့ ဘုရားလက်ထက်က အဲဒီလို မဟာလတာတန်ဆာကို ရတဲ့အမျိုးသမီးဟာ သုံးဦးဘဲရှိတယ်တဲ့၊ ကျောင်းအစ်မကြီးဝိသာခါ၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီသူဌေးသမီး သုမနာ သူတို့

http://www.dhammadownload.com

သုံးယောက်ပဲ တွေ့.ရပါတယ်။ ဒီပြင်ပုဂ္ဂိုလ်တွေမရပါဘူး၊ ပြီးတော့ မဟာလတာတန်ဆာက အလေးချိန်အများကြီး၊ သာမန်ပုဂ္ဂိုလ်တွေ မဝတ်နိုင်ဘူး။ အလေးချိန်အများကြီး၊ သာမန် ပုဂ္ဂိုလ်တွေ ဝတ်ယင် နေရာကတောင် ထနိုင်မှာမဟုတ်ဘူး၊ ဆင်ပြောင်ကြီး ငါးစီးအား ဆောင်တဲ့ အမျိုးသမီးတွေမှ ဝတ်နိုင်တာကိုး၊ အဲသည်လောက် အဖိုး တန်တဲ့ ဝတ္ထုပစ္စည်းမဟုတ်စေကာမူ၊ ခေတ်ကာလအား လျော်စွာ အဖိုး တန်ဆုံး ဖြစ်တဲ့အဝတ်အထည်တွေ၊ အသုံးအဆောင်တွေ ရကြောင်းဖြစ် တယ်လို့ အဲဒီလိုလဲ ယူဆရမှာပေါ့လေ။

ဒုတိယအကျိုးတရား

နောက်ပြီးတော့ သင်္ဘန်းလှူတယ်ဆိုတာ ရဟန်းတော်များ၏ သမဏ-သာရူပ-ရဟန်းတော်များ၏ ကြည်ညိုဖွယ်ရာဖြစ်တဲ့ ဂုဏ် အဆင်းကိုလည်း လှူရာရောက်တယ်တဲ့၊ ရဟန်းများမှာ သင်္ဘန်းဝတ်ရုံ ပြီးတော့ ရဟန်းအနေနဲ့ ကြည်ညိုဖွယ်ရာဖြစ်တာ၊ သင်္ဘန်းသာ မဝတ် ထားဘူးဆိုလို့ရှိယင် ကြည်ညိုဖွယ်ရာမဖြစ်ဘူး၊ သာမန်အဝတ်အထည် ကိုဝတ်ရုံထားလို့ရှိယင် ရဟန်းမှန်းသိမှာမဟုတ်ဘူး၊ အဲ- သင်္ဘန်းဝတ်ရုံ ပြီးတော့ထားမှ ရဟန်းမှန်းသိတယ်၊ သင်္ဘန်းကောင်းမွန်စွာ ဝတ်ရုံပြီးတော့ အရပ်ထဲ ဆွမ်းခံသွားလို့ရှိယင် ရဟန်းတော်ဘဲဆိုပြီးတော့၊ သင်္ဘန်းဝတ် ထားတဲ့ ကြည်ညိုဖွယ်ရာ အသွင်အပြင်ကို ကြည့်ပြီးတော့ လှူဒါန်းကြ တယ်၊ အဲဒါကြောင့် အဝတ်အထည်လှူတဲ့ပုဂ္ဂိုလ်ဟာ ရုပ်အဆင်းကို လည်းလှူရာရောက်တယ်တဲ့၊ ရုပ်အဆင်းလှူရာရောက်တော့ ဆုမ

http://www.dhammadownload.com

တောင်းဘဲနဲ့ ဖြစ်ရာဖြစ်ရာဘဝတွေမှာ အဆင်းလှပခြင်းတည်းဟူသော အကျိုးကိုလည်း ရစေနိုင်တယ်၊ "သီတသဿ ပဋိယာတာယ ဥဏှဿ ပဋိယာတာယ" စသည်ဖြင့် ပစ္စဝေက္ခဏာထဲမှာပါတယ်။ အအေး အပူ အစရှိတဲ့ ဘေးရန်အန္တရာယ်တွေ ကာကွယ်အောင်လို့ သင်္ကန်းကိုဝတ်ရုံရတယ်၊ သင်္ကန်းက အအေး အပူ အစရှိသော ဘေးရန်အန္တရာယ်တွေကာကွယ် နိုင်တယ်၊ ဒါကြောင့် အဝတ်အထည် သင်္ကန်းပေးလှူတဲ့ ပုဂ္ဂိုလ်ဟာ ဘေးရန်အန္တရာယ်တွေ ကင်းခြင်းတည်းဟူသော အကျိုးတွေကိုလည်း ရနိုင်တယ်တဲ့။

တတိယအကျိုးတရား

နောက်တစ်ခုကတော့ ဂတိမြဲတဲ့ အကျိုးလဲ ရတယ်ဆိုပြီးတော့ အဂုံတို့ရှင်အဌကထာမှာပြပြီး ဟောထားပါတယ်။

"ယေသံ ပန ကုလာနံ တီဏိသရဏာနိ ပဉ္စသီလာနိ ဇကံ သလာကဘတ္တံ ဇကံ ပက္ခိက ဘတ္တံ ဇကံ ဝဿဝါသိကံ ဇကာ ပေါက္ခရဏီ ဇကော အာဝါသော။ ကျွမာနိ နိဗ္ဗတ္တပုညာနိ သန္တိ၊ တေသမ္ပိ ဂတိ နိဗ္ဗတ္တိယေဝ" ဆိုပြီးတော့ အဂုံတို့ရှင်အဌကထာမှာ ပြပြီးဟောထားပါတယ်။

ယေသံ ပန ကုလာနံ - အကြင်အမျိုးတို့အား၊ အမျိုးဆိုတာ အိမ်ထောင်စုတွေ ပြောတာပါပဲ၊ ဆွေမျိုးတို့ ဘာတို့ ပြောတာမဟုတ်ပါဘူး၊ အိမ်ထောင်စုကို ဒီပါဠိက အိမ်ထောင်စုတစ်စု၊ တစ်စုကို ကုလ - အမျိုးတစ်ခု၊ တစ်စုလို့ သုံးပြီးဟောထားတယ်၊ မြန်မာက "အမျိုး"လို့

http://www.dhammadownload.com

ဘာသာပြန်တော့ မြန်မာအသုံးတော့ ဒီဟာမျိုးမရှိဘူး၊ မရှိပေမယ့် ရှေးကပြန်တဲ့အတိုင်း ပြန်ရတာပဲ၊ ယေသံ ပန ကုလာနံ - အကြင်အမျိုးတို့အား(ဝါ) အိမ်ထောင်စုပုဂ္ဂိုလ်တို့အား၊ တီဏိ သရဏာနိ - သုံးပါးသောသရဏဂုံတို့သည်လည်းကောင်း။ ပဉ္စ သီလာနိ - ငါးပါးသောသီလတို့သည်လည်းကောင်း၊ ဇကံ သလာက ဘတ္တံ - တစ်ခုသော စာရေးတံဆွမ်းသည် လည်းကောင်း။ ဇကံ ပက္ခိက ဘတ္တံ - ဆယ့်ငါးရက်တစ်ကြိမ်လှူဒါန်းသော ဆွမ်းသည်လည်းကောင်း။ ဇကံ ဝဿ ဝါသိကံ - တစ်ခုသော ဝါဆိုသင်္ကန်းသည်ဌင်း၊ ဇကော ပေါက္ခ ရဏိ - တစ်ခုသော ရေကန်သည်လည်းကောင်း။ ဇကော အာဝါသော - တစ်ဆောင်သော အဆောက် အဦးသည်လည်းကောင်း၊ သန္တိ - ရှိကုန်၏။ ဇဝရူပါနိ - ဤသို့ သဘောရှိကုန်သော၊ နိဗဒ္ဓပုညာနိ - အစဉ်ထာဝရတည်သောကောင်းမှု တို့သည်၊ သန္တိ - ရှိကုန်၏၊ တေသမိ - ထိုအိမ်ထောင်စုပုဂ္ဂိုလ်တို့အား၊ တေသမိ - ထိုနိဗန္ဓ ပုညရှိသော၊ အစဉ်ထာဝရ ကောင်းမှုရှိသော၊ အိမ် ထောင်စုပုဂ္ဂိုလ်တို့အားလည်း၊ ဂတိ - လားရာဂတိသည်၊ နိဗဒ္ဓါ - မြဲ၏။

သောတာပန္နဿ ဂတိ သဒိသာယေဝ ဟောန္တိ။

တာနိကုလာနိ - ထိုအမျိုးတို့သည်၊ သောတာပန္နဿဂတိ သဒိသာယေဝ - သောတာပန်တို့၏ လားရာဂတိနှင့်လည်းတူပါတယ်တဲ့။

ဒီတော့ သရဏဂုံသုံးပါး ဆောက်တည်ထားယင်ကို ဒါ ထာဝရကုသိုလ်တစ်ခုပဲ၊ သရဏဂုံဆောက်တည်တာနဲ့ ဒါလဲ ဂတိမြဲတယ်တဲ့၊ အပါယ်လေးပါးမှ လွတ်မြောက်တယ်လို့ ဆိုပါတယ်။ အဲသည်ထက် တိုး

http://www.dhammadownload.com

တက်ပြီးတော့ တခါ ငါးပါးသီလနှင့် ပြည့်စုံယင်တော့ ပိုကောင်းတာပေါ့လေ၊ ဂတိမြဲတယ်တဲ့၊ ပြီးတော့ ရှေးတုံးကတော့ "သလာကဘတ်"ဆိုတာရှိတယ်၊ စာရေးတံမဲချပြီးတော့ ကျရာပုဂ္ဂိုလ်ကိုလှူရတဲ့ဆွမ်းကို "သလာကဘတ်"လို့ ခေါ်တယ်။ တချို့အရပ်တွေမှာ အဲသလို စာရေးတံမဲချပြီးတော့ လှူတာတွေ လုပ်လေ့ရှိကြပါတယ်။ ဒါပေမယ်လို့ အခုမဲချလှူတာကတော့ ရှေးကနှင့် သိပ်မတူပါဘူး၊ ရှေးကတော့ စာရေးတံမဲချလှူတယ်ဆိုတာ ကျောင်း သံဃာလျှောက်ထားရတယ်၊ တပည့်တော်အိမ် သံဃာ (၁)ပါး၊ (၂)ပါး၊ (၃)ပါး စသည်ဖြင့်ပေါ့လေ၊ ကိုယ်တတ်နိုင်သလောက်မဲချပြီးတော့ လွှတ်ပါဘုရားဆိုပြီးတော့ လျှောက်ရတယ်၊ အဲဒါကျောင်းက မဲချပြီးတော့ မဲကျတဲ့ပုဂ္ဂိုလ်ကို လွှတ်ရတယ်၊ အဲဒါ သံဃိကဘဲတဲ့၊ ကျလာတဲ့ပုဂ္ဂိုလ် လှူရတာပဲ၊ လှူတာကတော့ သံဃာလှူတာပါပဲ၊ ဒါအကျိုးကြီးတယ်တဲ့ ဒီဥစ္စာ၊ အဲဒါ မဲချပြီးတော့ လှူတာ၊ ပြီးတော့ ဆယ့်ငါးရက်တစ်ကြိမ် လှူတဲ့ ဆွမ်းတဲ့၊ အခု ကာလကတော့ ခုနှစ်ရက်တစ်ပတ်တို့ ဘာတို့ လှူကြပါတယ်။ ပြီးတော့ ဝါဆို သင်္ကန်းတဲ့၊ အခုဟာ ဒါ ဝါဆိုသင်္ကန်းနဲ့ဆိုင်ပါတယ်၊ ဝါဆိုသင်္ကန်းလှူ တော့လဲ ဒီနှစ်လဲ ဝါဆိုသင်္ကန်းလှူတယ်၊ နောက်နှစ်ကျတော့ အကြောင်းညီညွတ်ယင် လှူဖို့ရာ စိတ်က အမြဲရှိနေတော့ သူက ကုသိုလ်တွေဟာထာဝရပွားများပြီးတော့နေတယ်၊ နောက်ပြီးတော့ ရေကန်လှူတာတဲ့ ရေကန် ဆိုတာ လှူထားလို့ရှိယင် ရေကန်ကလဲ အကျိုးကြီးတာပဲ၊ အစာနဲ့ရေနဲ့ အစာလဲ အရေးကြီးတာဘဲ၊ ရေလဲ အရေးကြီးတာဘဲ၊ ဒါပေမယ်လို့ ရေက ပိုပြီးတော့ အရေးကြီးသလိုဖြစ်နေပါတယ်။ ဘာလို့လဲဆိုရင်

http://www.dhammadownload.com

အစာက တစ်နေ့မှာ တစ်ကြိမ်လောက်စားယင်ရတယ်၊ ရေကတော့ တစ်နေ့ တစ် ကြိမ်မကဘူး၊ ခဏခဏ ရေသောက်ရတယ်၊ ရေချိုးရတယ်၊ ဆေးကြော ရတယ်၊ ရေမရှိရင် နေဖို့ရာ အတော်ခက်ပါတယ်၊ သူက ဒီတော့ ရေကန် လှူထားတဲ့သူတဲ့၊ နောက်ပြီးတော့ ကျောင်းအဆောက်အဦးတို့ ဇရပ်တို့ ဘာတို့ပေါ့လေ၊ အဲဒါတွေ အစဉ်ထာဝရ တည်တဲ့ ကုသိုလ်ကောင်းမှုတွေ ပဲတဲ့၊ အဲသလို ကောင်းမှုမျိုးရှိတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဂတိမြဲတယ်တဲ့၊ အပါယ်လေးပါးမှ လွတ်မြောက်တယ်တဲ့၊ အဲသလို အဂုံတွိုရ် အဌကထာကဆို ထားပါတယ်၊ ဒါတနည်းအားဖြင့် စူဠသောတာပန်တစ်မျိုးပေါ့လေ၊ သူက ဝိပဿနာနဲ့ဖြစ်တဲ့ စူဠသောတာပန်တော့ မဟုတ်ဘူး၊ အဲဒါကို ဘုန်းကြီး ကဆောင်ပုဒ်ကလေးတွေတော့ စီထားပါတယ်၊ အဲဒါတွေတော့ ဆိုကြ အုံးမှ

တိသရဏာ၊ ငါးသီလ၊ မဲချစာရေးတံ။

တိသရဏာဆိုတာ-သရဏာဂုံသုံးပါး၊ ငါးသီလဆိုတာ- ငါးပါးသီလ၊ မဲချစာရေးတံဆိုတာ- စာရေးတံဆိုတာနဲ့ မဲချဆိုတာ အတူတူပါပဲ။

ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်နှံး၊ လှူဒါန်းသောက်ရေကန်။

အဲဒီတော့ ဇကော အာဝါသော-ကျောင်းအဆောက်အဦး အလှူတစ်ခုတဲ့၊ ကျောင်းတို့ ဇရပ်တို့ပေါ့လေ၊

ကျောင်းလှူတဝ၊ နိဗဒ္ဓ၊ပုညရှိသူမှန်။

တေသမွိ ဂတိနိဗဒ္ဓါ - ဂတိမြဲတယ်တဲ့၊ သောတာပန္နဂတိသဒိသာယေဝ ဟောန္တိ - သောတာပန်လိုပဲ ဂတိမြဲတယ်တဲ့။

http://www.dhammadownload.com

သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြုန်။

သောတာပန်မျှားလိုဘဲ သူလဲဂတိမြဲတယ်တဲ့၊ သူလဲအပါယ်မကျဘူးတဲ့၊ အဲဒီလိုဆိုထားပါတယ်၊ ဒါလေးဆိုရမယ်။

သောတာလိုပဲ ဂတိမြဲ၊ သူလဲပါယ်မပြုန်။

အဲဒါ ဒါနကုသိုလိန္ဒင့် ထာဝရကုသိုလ်ရှိနေတဲ့ ပုဂ္ဂိုလ် အမြဲတမ်းကုသိုလ်တွေပွားပြီးနေတော့ အဲဒီကုသိုလ်က အကျိုးပေးပြီးတော့ ကောင်းမြတ်သောဂတိတွေ ရောက်သွားပြီးတော့ အပါယ်လေးပါးမကျဘူးတဲ့၊ သောတာပန်မျှားနဲ့တူတယ်၊ သောတာပန္ဓဂတိ သဒိသာနေဝ– သောတာပန်ဂတိနှင့် တူတယ်လို့ဆိုပါတယ်။ ဧကန်တော့ သူက တိတိကျကျတော့ မဟုတ်ဘူး၊ နောက်ပြီးတော့ ဝိပဿနာနှင့်စပ်ပြီးတော့ စူဠသောတာပန်က ဝိသုဒ္ဓိမဂ်မှာတော့၊ ရူပ်နာမ်နှစ်ပါး ပိုင်းခြားပြီးတော့ သိရမယ်တဲ့၊ အကြောင်းနဲ့အကျိုး ပိုင်းခြားပြီးတော့ သိရမယ်တဲ့၊ အဲဒီလို ဆိုလို့ရှိယင် ဒါစူဠသောတာပန်ပဲတဲ့၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ အစပထမတော့ ရူပ်နှင့်နာမ်ကို ကောင်းကောင်း ပိုင်းပိုင်းခြားခြား မသိသေးပါဘူး၊ ရှုတော့ ရှုနေရတာပဲ၊ သမာဓိအား ကောင်းလာတဲ့အခါကြတော့ ဖောင်းတယ် ပိန်တယ်မှတ်ယင် ဖောင်းတာကတစ်ခြား၊ ပိန်တာကတစ်ခြား မှတ်သိတာကတစ်ခြား ဖောင်းတာနဲ့ မှတ်သိတာ၊ ပိန်တာနဲ့ မှတ်သိတာ၊ ရူပ်နဲ့နာမ် မှတ်တိုင်း မှတ်တိုင်း ရူပ်နဲ့နာမ် ပိုင်းခြားပြီးတော့သိတာ၊ မနက်ကလဲပြောပြီးသွားပြီ၊ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်၊ အဲဒီ နာမ်ရူပ် ပိုင်းခြားသိပြီးတော့ အကြောင်းလေးတွေနဲ့ အကျိုးလေးတွေ ဆက်သွယ်ပြီးတော့ သိမယ်၊ ကွေးချင်လို့ကွေးတယ်၊ ဆန့်ချင်လို့ဆန့်တယ်၊ ကွေးချင်တဲ့

http://www.dhammadownload.com

အကြောင်းရှိလို့ ကွေးရုပ်ဖြစ်တယ်၊ ဆန့်ချင်တဲ့အကြောင်းရှိလို့ ဆန့်ရုပ်ဖြစ်တယ်၊ မြင်စရာရှိတော့မြင်တယ်၊ ကြားစရာရှိတော့ကြားတယ်၊ သူ့အကြောင်းရှိလို့ သူ့အကျိုးလေးတွေ ဖြစ်နေတာတဲ့၊ အဲဒီလို သိလာလို့ ရှိယင် ဒါစူဉ္ဇသောတာပန်ဘဲ၊ သူလဲဂတိမြဲတယ်တဲ့၊ ဝိသုဒ္ဓိမဂ်ကဆိုထားတယ်။

ရုပ်နာမ်နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိကစ္စသောတာ။

ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီးတော့သိတယ်၊ အကြောင်းအကျိုးကို ပိုင်း ခြားပြီးတော့သိတယ်ဆိုယင် ဒါစူဉ္ဇသောတာပန်ဘဲ၊ "စူ သော တာ" အက္ခရာက သုံးလုံးထဲရလို့ "စူဉ္ဇ" မထည့်ရဘူး၊ "စူ သော တာ" ဆိုတော့ တစ်လုံးပိုသွားပြီ။ ဆိုရမယ်-

ရုပ်နာမ်နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိကစ္စသောတာ။(၃-ကြိမ်)

အဲဒါ ဂတိမြဲတယ်တဲ့၊ အပါယ်မကျဘူးတဲ့၊ ဝိသုဒ္ဓိမဂ်က စူဉ္ဇသောတာပန်တဲ့။ သောတာပတ္တိမဂ်ကိုရောက်တဲ့ သောတာပန်ကြီးလောက်တော့ အဆင့်အတန်း မမြင့်သေးဘူးပေါ့လေ၊ ဒါပေမယ်လို့ ဂတိမြဲတယ်၊ အပါယ်လေးပါး မကျဘဲနဲ့ ဂတိမြဲသွားတယ်။

ဂတိမြဲရ၊ ပါယ်မကျ၊ မိန့်ဟဝိသုဒ်မှာ။

မူလပဏ္ဏာသ ပါဠိတော်မှာ ဂတိမြဲပုံနှင့်စပ်ပြီးတော့ ဟောထားတဲ့ဒေသနာတော်ရှိပါတယ်၊ အဆုံးပိုင်းမှာ ဝိပဿနာရှူသူမှာ သဒ္ဓါတရားဖြစ်ပေါ်တယ်တဲ့၊ ဘုရားကိုယုံကြည်တဲ့ သဒ္ဓါတရားဖြစ်ပေါ်တယ်တဲ့။ အစကလဲ ဘုရားကိုယုံကြည်တဲ့ သဒ္ဓါတရားက ရှိနေတာပါပဲ၊ ဒါပေမယ်

http://www.dhammadownload.com

လို့ တရားအားထုတ်တော့ ရုပ်နာမ် အဖြစ်အပျက် သဘောတွေသိလာတော့ အဲဒါ ယုံကြည်မှု သဒ္ဓါတရားတွေက ပိုပြီတော့ ခိုင်မြဲတယ်၊ ခိုင်မြဲတဲ့သဒ္ဓါတရားဖြစ်ပေါ်လာတယ်၊ အဲဒီသဒ္ဓါတရားက ဟတ္ထေ ဂဟေတွာ-လက်ဆွဲပြီးတော့တဲ့၊ သင်္ဂေ ဂဟိတာ ဝိယ- နတ်ပြည်ကို ပို့လိုက်သလိုဘဲတဲ့။ အဋ္ဌကထာက ဖွင့်ထားတာ၊ အဲဒါလေးလဲ ဘုန်းကြီးက ဆောင်ပုဒ်ကလေးနှစ်ပုဒ်စီထားတယ်။

ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါဖြစ်ပေါ်သည်။

ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ထူးခြားတဲ့ သဒ္ဓါတရားဖြစ်တယ်၊ ဝိပဿနာမရှုခင်ကလဲ သဒ္ဓါတရားတွေ ရှိနေတာပါပဲ၊ ဝိပဿနာရှုသူမှာတော့ ကိုယ်တိုင်တွေ့ပြီးတော့ သဒ္ဓါတရားတွေ တိုးတက်လာတယ်တဲ့၊ အဲဒါ သောတာပတ္တိမဂ်ကို မရောက်သေးတဲ့ ပုဂ္ဂိုလ်ကိုဟောတာ၊ ဟတ္ထေ ဂဟေတွာ သင်္ဂေ ဂဟိတဝိယ - လက်ဆွဲပြီးတော့ ကလေးများ ကုတင်ပေါ်မတက်နိုင်တဲ့ ကလေးတွေကို မိဘကလက်ဆွဲပြီးတော့ မ ပြီးတော့ ကုတင်ပေါ်တင်လိုက်သလို၊ အဲသလိုဘဲ ဒီသဒ္ဓါတရားကနေပြီးတော့ နတ်ပြည်ဆွဲပို့လိုက်သလိုပဲတဲ့၊ တော်တော် အားရစရာကောင်းပါတယ်။ အဋ္ဌကထာက ဆိုထားတယ်။ ကိုင်း ဆိုရမယ် -

ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါဖြစ်ပေါ်သည်။

လက်ကိုစွဲကာ ပုံပမာ၊ နတ်ရွာသူပို့သည်။

အဲဒါ ဝါဆိုသက်န်းနှင့်စပ်ပြီးတော့ ဂတိမြဲတယ်ဆိုတာနဲ့ ဝိပဿနာနဲ့ ဂတိမြဲပုံပေါ့။ အဲဒါလေးတွေလဲ ဗဟုသုတဖြစ်အောင်လို့ပါ။

http://www.dhammadownload.com

စုံသွားပါပြီ။အခု ဝါဆိုသင်္ကန်းလှူတဲ့ အခါကာလကြတော့ အမျှားစုဒကာကတော့ ဘုန်းကြီးက သံယိကအဖြစ်နဲ့ဘဲ အလှူခံပါတယ်။ အဲဒီထဲက တစ်ခြား၊ တစ်ပါးရည်ရွယ်ပြီးတော့ လှူတာတွေလဲရှိပါတယ်၊ အဲဒါ သံဃာတွေ ပန်ကြားပြီးတော့ လှူရမယ်၊ ဝါဆိုသင်္ကန်းနှင့်ပတ်သက်လို့ကတော့ ဒီလောက်ပါပဲ၊ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှု တရားတွေကို တိုးတက် ပွားများ အားထုတ်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မင်္ဂြာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျော်၊ မဟာစည်သာသနာ့ရိပ်သာ

မှတ်ချက်။ ။ အထက်ပါတရားတော်သည် တစ်ခါမျှ လုံးဝပုံနှိပ်ခြင်း မရှိသေးသဖြင့်ယခု ပုံနှိပ်ပြီး ပူဇော်လိုက်ပါသည်။

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ ဝါခေါင်လဆန်း(၈)ရက်နေ့
ဆဋ္ဌသင်္ဂီတိပုဋ္ဌက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော သီလပေးတရားတော်မှ
နှုတ်ပြည့်ရောက်ကြောင်းတရားသုံးပါး

သစ္စံ ဘဏော နု ကုဇ္ဈေယျ၊ ဒဇ္ဈာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန် သန္တိကေ။

သစ္စံ - မှန်သောစကားကို၊ ဘဏော-ဘဏောယျ- ပြောဆိုရာ၏၊ နု ကုဇ္ဈေယျ - အမျက်ဒေါသမထွက်ရာ၊ အမျက်မထွက်ဘဲ သည်းခံ၍နေရာ၏။ ယာစိတော-တောင်းခံအပ်သည်ရှိသော်၊ အပ္ပမ္ပိ-အနည်းငယ်ကို သော်လည်း၊ ဒဇ္ဈာ-ဒဇ္ဈေယျ-ပေးလှူရာ၏။ ဧတေဟိ တီဟိ ဌာနေဟိ-ထိုသုံးပါးသော အကြောင်းတို့ဖြင့်၊ ဒေဝါန်-နတ်တို့၏၊ သန္တိကေ-ထံသို့၊ ဂစ္ဆေ -သွားရောက်နိုင်ပါသည်-တဲ့။

မှန်သောစကားကိုသာပြောတတ်သော ပုဂ္ဂိုလ်များ၊ အမျက်ဒေါသမထွက်သူများသည်၊ သည်းခံတတ်သူများပေါ့လေ၊ နောက်ပြီးတော့ အလှူခံလာတဲ့ ပုဂ္ဂိုလ်တို့အား မိမိတို့ တတ်နိုင်သလောက် လှူဒါန်းတဲ့ ပုဂ္ဂိုလ်များဟာ နတ်ပြည်ရောက်ရတယ်တဲ့၊ ဒီတရားသုံးပါးလုံးဟာ လောက၊ ဓမ္မ နှစ်ဖက်လုံး အကျိုးရှိပါတယ်၊ လိုက်နာရင် လိုက်နာနိုင်သလောက် မိမိအတွက် အကျိုးရှိပါတယ်၊ တစ်ဖက်သားကို လိမ်လည်လှည့်ဖြား ပြောသူများ၊ ဒေါသကြီးသူများ၊ နှမြောဝန်တိုတဲ့ ပုဂ္ဂိုလ်များဟာ

http://www.dhammadownload.com

မိတ်ကောင်း ဆွေကောင်းရဖို့ မလွယ်ပါဘူး၊ မိတ်ဆွေကောင်း မရှိရင် အသိပညာ အတတ်ပညာတွေလဲရဖို့ မဖြစ်နိုင်ဘူး ၊ အသိပညာ ဗဟုသုတနည်းပါးတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုလုပ်ပြီး အသက်မွေးဝမ်းကျောင်း စီးပွားရေးတွေ လုပ်နိုင်ပါမလဲ၊ ဒီတရားသုံးပါးအား ကြီးတဲ့ပုဂ္ဂိုလ်များဟာ ကွယ်လွန်ကြ တဲ့အခါ နတ်ရွာ သုဂတိရောက်ဖို့ တယ်မလွယ်လှဘူး၊ ဒါကြောင့် လိုက် နာကျင့်သုံးရင် လောက ဓမ္မ နှစ်ဖက်အကျိုးရှိ၊ မလိုက်နာနိုင်ရင်လဲ ဒါ လောက ဓမ္မနှစ်ဖက်လုံး ရှုံးတာဘဲ၊ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး နတ်ပြည်ရောက်တော့ ဒီအကြောင်းတွေ ပြန်လျှောက်ကြ။

တစ်ခါတုန်းကလဲ အိမ်တစ်အိမ်မှာ ဘုန်းကြီးတို့ တရားဟော ကြတယ်၊ ဘုန်းကြီးက တစ်ချိန်ဟောတယ်၊ ဘုန်းကြီးက မဟောသေးဘူး၊ ဒီပြင်ပုဂ္ဂိုလ် ဟောနေတော့ အဲဒီအိမ်နားက ကပ်လျက်လူက သူ့အိမ်သူ အမျိုးသမီးကို ရိုက်တာနှက်တာ ကြားနေရတယ်၊ အိမ်ချင်းကလဲ ကပ် လျက်ဆိုတော့ ဟိုမှာ အိမ်တွေက ဘာမှ ကွာဝေးတာ မဟုတ်ဘူး၊ ကပ်လျက်ဘဲ၊ ကပ်လျက်ဆိုတော့ မြင်လဲမြင်နိုင်တယ်၊ ကြားလဲ ကြား နိုင်တယ်၊ အဲဒါကို အိမ်ကလူကို "ဒါဘာဖြစ်တာတုန်းလို့"မေးကြည့်တော့ "ဟာ-သူက ဒီလိုဘဲ၊ ဒီလူက အရက်တွေသောက်၊ သေရည်တွေသောက် ပြီးတော့ မူးပြီး ထင်ရာမြင်ရာ လျှောက်လုပ်နေတာတဲ့၊ ဒီလိုလုပ်နေတာ နေ့တိုင်း နေ့တိုင်းလိုပဲ"တဲ့၊ အော် သနားစရာဘဲလို့ အမျိုးသမီးကလဲ ခံနေရတယ်၊ ဒီစာထဲမှာပါတာနဲ့ ခပ်တူတူဖြစ်နေတယ်နဲ့တူပါတယ်။ အဲဒီလို အမျိုးသားက မဆိုးသွမ်းဘဲနဲ့ ရိုးရိုးနေပြန်လို့ရှိရင်လဲ အမျိုးသမီး တွေက အနိုင်ယူချင်ကြတာလဲရှိသေးတယ်၊ များသောအားဖြင့်

http://www.dhammadownload.com

လောကထဲမှာ အိမ်ထောင်ပြုနေကြတဲ့ အမျိုးသမီး-အမျိုးသားတွေက အနိုင်ယူပြီးနေကြတာများတယ်၊ အမျိုးသားတွေ မေးကြည့်လိုက်ရင် အမျိုးသမီးတွေက နိုင်တဲ့လက္ခဏာတော့ရှိနေတယ်၊ ဘာကြောင့်လဲဆိုတော့ ဟိုလူက ဆိုးသွမ်းတဲ့သဘောမရှိဘဲဟာကိုး၊ ရိုးရိုးနေတာဆိုတော့ အမျိုးသမီးတွေက ခေါင်းဆောင်ချင်တဲ့သဘောရှိတယ်၊ အရက်တွေ ဘာတွေသောက်၊ မူးရူးနေတဲ့ အမျိုးသားတွေကြတော့ အမျိုးသမီးတွေက ရှုံးတယ်၊ အခု ဒီဝတ္ထုထဲမှာ အဲဒီလို အကြောင်းအရာနဲ့ တူပါတယ်။ အရက်တွေ ဘာတွေမူးပြီးတော့ ရိုက်တာ နှက်တာနဲ့တူပါတယ်။ ဒါကို အိမ်ရှင်မက သည်းခံပြီးတော့ စိတ်မဆိုးဘဲနဲ့ မပြစ်မှားဘဲနဲ့ မချေပဘဲနဲ့ နေခဲ့လို့ နတ်ပြည်ရောက်တဲ့အကြောင်း၊ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကို လျှောက်ထားတယ်၊ ဘာမှ မကြီးကျယ်ပါဘူးတဲ့၊ အဲဒီကုသိုလ်က စိတ်မဆိုး၊ မပြစ်မှားဘဲ နေတာလေးတစ်ခုထဲပါပဲ၊ ဒါကလဲ အခြားသူ မဟုတ်ဘူး၊ သူ့အိမ်သားဖြစ်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ ပြန်လည်ချေပခြင်း မရှိတာ၊ ဒီပြင်နေရာမရှိပါဘူး။

နောက်ပြီး နောက်ဗီမာန်တစ်ခု ရောက်သွားတဲ့အခါကြတော့ အဲဒီလိုပဲ အခြွေအရံတွေနဲ့တကွ ခေါင်းဆောင်နတ်သမီးက လာပြီးကန်တော့တဲ့အခါ အဲဒီလိုမေးတယ်၊ မေးတော့သူကလဲ လှူဘူးတာ တစ်ခု နှစ်ခုပဲရှိပါတယ်၊ သစ်သီးတစ်လုံးလှူဘူးတာနဲ့၊ ပန်းလှူဘူးတာနဲ့၊ တမာရွက်တစ်ဆုတ်လှူဘူးတာနဲ့၊ အဲဒီလိုဟာတွေပေါ့လေ သူက ၊ ဝိမာနဝတ္ထုထဲမှာ ဝတ္ထုပေါင်း(၃၆)ခုရှိတယ်၊ အဲဒါ ဘယ်တုန်းကတုန်းဆိုလို့ရှိရင် ကဿပဘုရားလက်ထက်တုန်းကတဲ့၊ အခုလက်ထက်မဟုတ်ဘူး၊ ကဿပ ဘုရားရှင်လက်ထက်တုန်းက လှူလာခဲ့တာတွေ၊ အိမ်ကို ဆွမ်းခံ

http://www.dhammadownload.com

တွေဘာတွေ ကြွရောက်လာတဲ့ ကိုယ်တော်တွေ သစ်သီးလှူ၊ ပန်းလှူ၊ တမာရွက်လှူ စသည်ဖြင့် အဲဒီလို လှူခဲ့ဘူးတယ်တဲ့၊ ဒီပြင် အကြီးအကျယ် မရှိပါဘူးတဲ့၊ အဲဒီနတ်သမီးတွေက အခုမှမဟုတ်ဘူး၊ ဘုရားအလောင်း တော်ဇာတ်နိပါတ်ထဲမှာ တူရိယာဘက်ကနေပြီး ကျွမ်းကျင်တဲ့ ဆရာကြီး ဖြစ်တုန်းကလဲ နတ်ပြည်ကို သိကြားမင်းအမိန့်နဲ့ခေါ်လို့ နတ်ပြည်ရောက် ပြီးအဲဒါတွေ တွေ့ခဲ့တာ၊ တွေ့တုန်းကမေးတော့လဲ ဒီနတ်သမီးတွေ၊ အဲဒီတုန်းက ဘယ်လိုရှိနေတာပဲ၊ ကဿပဘုရားရှင်လက်ထက်တုန်းက ဘယ်လိုဆိုတော့ ကြာလှပြီ၊ အခုထက်ထိလဲရှိနေတာ၊ ဘုရားတစ်ဆူ လက်ထက်မှာ ကုသိုလ်ကောင်းမှုတွေပြု၊ နတ်ပြည်ရောက်နေကြတာတွေ အများကြီးဘဲ၊ အခုဘုရားလက်ထက်ကြမှ တစ်ချို့လဲ တရားထူးတွေ ရကြ၊ တစ်ချို့လဲ အစကတည်းက သောတာပန်ဖြစ်ပြီးတော့ ရောက်နေ တာတွေ အဲဒီမှာရှိတယ်၊ သောတာပန်ဆိုတာ ခုနစ်ဘဝဘဲ၊ ကာမဘဝ လူ့ဘဝ၊နတ်ဘဝ ဆိုရင် ခုနစ်ဘဝပဲနေရတယ်၊ ခုနစ်ဘဝကျော်လို့ရှိရင် ဖြင့် ခုနစ်ဘဝအတွင်းမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံရတယ်လို့ ဆိုထား တယ်၊ ကဿပဘုရားရှင် လက်ထက်ကလဲ အခုထိတော့ ခုနစ်ဘဝတော့ ကမ္မာမဟုတ်ဘူး၊ နတ်တွေကများ အတိုင်းမသိ အသက်ရှည်နေရင်တော့ မပြောတတ်ဘူး၊ နတ်သက်က တာဝတိံသာနတ်ဆိုရင် လူ့ပြည်လောက၊ က အသက်တမ်းနဲ့ဆိုရင် ၃-ကုဋေနဲ့ ၆-သန်းရှိတာကိုး၊ နှစ်ပေါင်း ၃-ကုဋေ၊ ၆-သန်း၊ အဲဒီ ၃-ကုဋေ၊ ၆-သန်း×၇ လိုတော့ ကမ္မာမဟုတ်ဘူး၊ ကဿပဘုရားလက်ထက်က ကြာလှပြီ၊ အဲဒါဟာ ခုနစ်ဘဝဆိုတာ ကာမ ဘဝမှာ ခုနစ်ဘဝဆိုတာ လူ့ပြည်နဲ့ နတ်ပြည် မရောက်ဘဲနဲ့ အဲဒါ တစ်ဘဝ တစ်ဘဝ ယူဖို့ရာ ကျမ်းဂန်များကညွှန်ထားတယ်၊ တစ်ဘဝ

http://www.dhammadownload.com

တစ်ဘဝ အရကလဲ အခုနေအခါကာလ ပြောလေ့ ဆိုလေ့တော့ မရှိပါဘူး ဘုန်းကြီး စာအုပ်တွေထဲမှာတော့ ရေးထားပါတယ်၊ တစ်ဘဝဆိုတာလူ့ပြည်ချည်းဘဲ ဆက်ပြီးတော့ဖြစ်နေရင်၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ ဖြစ်နေရင် အဲဒါ တစ်ဘဝလို့ပဲခေါ်ရတာတဲ့၊ နတ်ပြည်ပြောင်းသွားမှ အဲဒါ ဒုတိယဘဝရောက်တာ၊ နတ်ပြည်လဲ နတ်ပြည်ချည်းပဲဆက်ဖြစ်နေရင် ဒါထပ်ကာ ထပ်ကာဖြစ်လို့ တစ်ဘဝဘဲခေါ်ရတာ၊ အဲဒီနည်းရှိပါတယ်။ အဲဒီနည်းနဲ့ ဖြစ်ဟန်လက္ခဏာရှိပါတယ်။ ကဿပ ဘုရားရှင်လက်ထက်ကတည်းက အခုထက်ထိ အဲဒီ သောတာပန်ဖြစ်နေတဲ့ နတ်သားတွေ၊ နတ်သမီးတွေ ရှိနေကြတယ်၊ အခု သစ်သီးလှူတဲ့ နတ်သမီးတွေကတော့ သောတာပန်ဖြစ်တယ်၊ မဖြစ်တယ် အဲဒါတော့မပါဘူး၊ သူတို့ကတော့ နတ်ပြည်ရောက်နေတဲ့အကြောင်းဘဲပါတယ်။ အဲဒါတွေကိုကြားရတော့ ရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားထံ မေးလျှောက်ထားတယ်၊ "ဘာကုသိုလ်မှ အခြားကုသိုလ်ထူးမပြုဘဲနဲ့ အမှုန်စကားလေးပြောရုံနဲ့ နတ်ပြည်မှာ ရောက်နိုင်ပါသလား၊ ဘာကုသိုလ်မှ အထူးမပြုဘဲနဲ့ စိတ်မဆိုး မပြစ်မှားဘဲ သည်းခံနေရုံနဲ့ နတ်ပြည်ရောက်နိုင်ပါသလား၊ သရက်သီးတစ်လုံး၊ ပန်းတစ်ဆုပ်၊ တမာရွက်တစ်ဆုပ်တို့ ဒီလိုဟာလေးပေးလှူရုံနဲ့ နတ်ပြည်ရောက်နိုင်ပါသလား" လို့မေးတော့ မြတ်စွာဘုရားက "မောဂ္ဂလာန်-သင့်မှာနတ်ပြည်သွားပြီးတော့ သင်မြင်လာတာ၊ နတ်တွေမေးလို့ နတ်တွေက သင့်ကိုပြောလိုက်ပြီမဟုတ်လား၊ အဲဒီမှာနတ်ပြည်ရောက်နေတာတွေ သင်တွေ့လာခဲ့ပြီပဲ၊ မေးစရာမလိုပါဘူး၊" ဆိုပြီး နတ်ပြည်ရောက်နိုင်တဲ့အကြောင်း မြတ်စွာဘုရားက ဒီဂါထာလေးနဲ့ အကျဉ်းချုပ်ဟောပါတယ်။ မှတ်သားစရာလဲ ကောင်းပါတယ်။

http://www.dhammadownload.com

သစ္စံ ဘဏော နကုဇ္ဇေယျ၊ ဒဇ္ဇာ အပွမ္ပိ ယာစိတော။
ဇေတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါနံ သန္တိကေ။

"သစ္စံ - မှန်သောစကားကို၊ ဘဏော–ဘဏောယျ- ပြောဆို ရာ၏၊ နကုဇ္ဇေယျ - အမျက်မထွက်ရာ၊ အမျက်မထွက်ဘဲ သည်းခံ၍ နေရာ၏။ ယာစိတော-တောင်းခံအပ်သည်ရှိသော်၊ အပွမ္ပိ-အနည်းငယ်ကို သော်လည်း၊ ဒဇ္ဇာ–ဒဇ္ဇေယျ-ပေးလှူရာ၏။ ဇေတေဟိ တီဟိ ဌာနေဟိ-ထိုသုံးပါးသော အကြောင်းတို့ဖြင့်၊ ဒေဝါနံ-နတ်တို့၏၊ သန္တိကေ-ထံသို့၊ ဂစ္ဆေ -သွားရောက်နိုင်ပါသည်"-လို့ မြတ်စွာဘုရား ဟောပေးတော်မူပါတယ်။

အဲဒီတော့ "အပွမ္ပိ ယာစိတော" တောင်းလို့ရှိရင် ဆိုတာကတော့ လူတွေအချင်းချင်း တကယ်တောင်းတာလဲ ရှိတာပေါ့လေ၊ ရဟန်းသံဃာတော်တွေက နှုတ်နဲ့မတောင်းကောင်းဘူး၊ ဆွမ်းခံသွားရပါတယ်။ နှုတ်နဲ့တောင်းတယ်ဆိုရင် ဒီကိုယ်တော်က ဝိနည်းနဲ့အညီ မကျင့်လို့တောင်းတာ၊ အမှန်ကတော့ နှုတ်နဲ့ဆိုရင် မတောင်းကောင်းဘူး၊ အဲ-ဆွမ်းခံသွားရတယ်၊ မနက်ဆွမ်းခံသွားလို့ရှိရင် ဆွမ်းတို့ ဟင်းတို့ ရပါတယ်။ ညနေပိုင်းဆေးတို့ ဘာတို့ အလိုရှိတယ်ဆိုရင် ဆွမ်းခံသွား၊ ဆေးတို့ ဘာတို့အတွက်ပေါ့လေ၊ "ဘာအလိုရှိတုန်း"လို့သူတို့ကမေးရင်တော့ ပြောရတယ်၊ ဒီအတိုင်းတော့ တောင်းကောင်းတာမဟုတ်ဘူး၊ ဒါကြောင့် ဝိနည်းရှိသေတဲ့ရဟန်းတော်များ ဆွမ်းခံကြွလာတာလဲ တောင်းသည်မည်တာဘဲတဲ့၊ နှုတ်ကတကယ်တောင်းမှ မဟုတ်ပါဘူးတဲ့၊ ကိုယ်အမူအရာနဲ့ ဆွမ်းခံကြွလာတာလဲ တောင်းသည်မည်တာပါပဲတဲ့၊ အဲဒီလို လူတွေချင်း ဝိနည်းသိက္ခာပုဒ်နဲ့မဆိုင်တဲ့ ပုဂ္ဂိုလ်တွေက လိုလို့ တောင်းလို့ရှိရင်လဲဘဲ လှူသင့်

http://www.dhammadownload.com

လှူထိုက်တဲ့ ပေးသင့် ပေးထိုက်တဲ့ ပုဂ္ဂိုလ် ပေးလှူရတာပေါ့လေ၊ တချို့ ပုဂ္ဂိုလ်တွေလဲ ဆင်းရဲရှာကြလို့ လာပြီးတော့ တောင်းတာလဲ ရှိမှာပေါ့ လေ၊ ကိုယ်နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တွေက တောင်းတာလဲရှိမှာပေါ့။ အဲဒီ ဝိနည်း သိက္ခာပုဒ် ရှိသေတဲ့ရဟန်းတော်များ ဆွမ်းခံကြွလာလို့ရှိရင်လဲ တတ်နိုင် သမျှ ဆွမ်းဖြစ်ဖြစ် ဟင်းဖြစ်ဖြစ်ပေါ့လေ-ဒါ အပွဖွိ-အနည်းငယ်ကိုသော် လည်း၊ ဒဇ္ဈာ–ဒဒေယျ-ပေးလှူရမယ်တဲ့၊ ဒါကတော့ လှူနေကြတာပါပဲ။ မြန်မာပြည်တော့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေရဲ့ စေတနာ သဒ္ဓါတရား သိပ်ကောင်းတော့ ကိုယ့်စားစရာ ပြည့်ပြည့်စုံစုံမရှိပေမယ်လို့ ဆွမ်းခံလာ တဲ့ပုဂ္ဂိုလ်တွေတော့ လောင်းလှူနေကြတာပါပဲ။ အင်-ကုသိုလ်ကောင်းမှု တွေ အင်မတန် ပွားများပြည့်စုံပါတယ်။ အဲဒီလို ပွားများပြည့်စုံတဲ့အတွက် အခြားကောင်းမှုတွေ မရှိနဲ့အုံးတော့ နတ်ပြည်ရောက်ဖို့တော့ သေချာနေ တယ်၊ အဲဒီ သုံးခုထဲက အမှန်ကို ပြောနေတာ တစ်ခုတည်းနှင့်လဲ နတ်ပြည်ရောက်နိုင်တယ်။ စိတ်ဆိုးစရာ အကြောင်းရှိနေပေမယ်လို့ စိတ်ထဲကတော့ ဒါသဖြစ်မှာပေါ့လေ၊ ဒါသလုံးလုံးမဖြစ်အောင် ထိန်း သိမ်းဖို့ကတော့ မလွယ်ပါဘူး၊ ဒီတော့ ဖြစ်မှာပါပဲ၊ သို့ပေမယ်လို့ ကိုယ် အမူအယာ၊ နှုတ်အမူအယာတွေနဲ့ ပြန်လည်ချေပတာတွေမရှိအောင် သည်းခံနိုင်ရင် ဒါ- နာ ကုဇ္ဈေယျ - အမျက်မထွက်ဘဲနေတယ်လို့ ဆိုရမှာ ပါပဲ၊ လုံးလုံး အမျက်မထွက်တာကတော့ အနာဂါမ် ရဟန္တာဖြစ်မှာပဲ၊ လုံးဝမဖြစ်တာ၊ ဒီလိုမဟုတ်ရင်တော့ အနည်းနဲ့အများ ဒါသဖြစ်စရာ ရှိရင် ဖြစ်ကြမှာဘဲ၊ အခုလို တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ ရှိရင်တော့ အဲဒီလို ဒါသဖြစ်တဲ့အခါမှာ ရှုမှတ်ရမှာပေါ့။ အထူးအားဖြင့် တော့ကိုယ်နှင့် နီးစပ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း အကြောင်းမညီညွတ်တဲ့အခါ

http://www.dhammadownload.com

ကာလ စိတ်ဆိုးစရာလေးတွေက ပေါ်တတ်တယ်၊ ကိုယ်နဲ့ အတူနေတဲ့ ပုဂ္ဂိုလ်တွေ အပြောနေရာမကျတဲ့အခါတွေရှိတယ်၊ စိတ်ဆိုးပြီးကိုယ်က ပြန်ပြောလိုက်ရင် ကိုယ်ကတစ်ခွန်းပြောလိုက်၊ သူကတစ်ခွန်းပြောလိုက်နဲ့ အပြန်အလှန်ရန်ဖြစ်ရတဲ့အထိ ရောက်သွားပြီး အကြီးအကျယ်ဖြစ်သွားတတ်တယ်။ နောက်ပြီးတော့ တစ်ဘက်သားပုဂ္ဂိုလ်က ပြောလို့ ရှိရင် သည်းခံနေလိုက်တာကောင်းပါတယ်၊ သည်းခံနိုင်တာကတော့ အင်မတန်ကောင်း၊ တစ်ခါတုန်းက ဘုန်းကြီးက စာပေကျမ်းဂန်နဲ့စပ်ပြီးတော့ ပုဂ္ဂိုလ်တစ်ပါးကမေးလို့ပြောတာ၊ ပြောတော့ ကိုယ်တော်ကြီးတစ်ပါးက ဘုန်းကြီးကို ရှုတ်ချပြီးပြောတယ်၊ "မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက တွေ့ကရာတွေပြောတာပဲ"ဟာ စသည်ဖြင့်သူကဒီလို ရှုတ်ချပြီးပြောတယ်၊ ဘုန်းကြီးက ဘာမျှ ပြန်မပြောပါဘူး၊ အခုတော့လဲ မရှိရှာပါဘူး၊ အင်း-အဲဒီလို သည်းခံနေတာပဲကောင်းတယ်၊ သည်းခံနေတော့ သူနဲ့ဆန့်ကျင်ဘက်မဖြစ်ရတော့ဘူးပေါ့လေ၊ ဒီလိုမဟုတ်ဘဲ ပြန်ပြောလို့ရှိရင်တော့ အဲဒီပုဂ္ဂိုလ်နဲ့ နောက်ကို မတွေ့ချင်အောင် ဆန့်ကျင်ဘက် သူကဖြစ်ပြီးတော့ သွားမှာဘဲ၊ အဲဒီလို စပ်ရာစပ်ရာ ပုဂ္ဂိုလ်အချင်းချင်း စိတ်ဆိုးစရာအကြောင်းရှိတဲ့အခါ သည်းခံနိုင်အောင် ကြိုးစားဖို့ အရေးကြီးပါတယ်။ စိတ်ဆိုးလာရင်လဲ အဲဒီ စိတ်ဆိုးတဲ့ ဒေါသတွေ မှတ်ပြီးတော့ပယ်လိုက်၊ နောက် ပြောသင့် ပြောထိုက်တဲ့အခါကြတော့ ချိုချိုသာသာနဲ့ ပြောသင့်တဲ့စကားပြောပေါ့။ မပြောချင်ရင်လဲ မပြောဘဲနေလိုက်အေးတာပါပဲ။ အဲဒါဟာ နတ်ပြည်ရောက်ခြင်း၏ အကြောင်းပဲတဲ့။ ဒီတော့ အခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ "သစ္စံ ဘဏေ" ဆိုတဲ့ အချက်ကတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ ငါးပါးသီလဆောက်တည်

http://www.dhammadownload.com

တော့ "မုသာဝါဒါ ဝေရမဏီ" သီလကလဲ စင်ကြယ်နေတာ၊ အကယ်၍ မပြောသင့်တဲ့စကားတွေ ပြောချင်တဲ့ စိတ်ပေါ်လာလဲ ရှုမှတ်ပြီးပယ် လိုက်ရုံပါပဲ။ ပြောသင့်တဲ့စကား အမှန်လောက်ပြော၊ အမျက်မထွက်ဖို့ ရာကလဲ အရေးကြီးပါတယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းတာကတော့ လှူသင့်တဲ့ပုဂ္ဂိုလ်လဲဖြစ်မယ်၊ ကိုယ့်မှာကလဲ လှူစရာက အဆင်သင့်ရှိမယ်ဆိုရင် လှူရတာပေါ့လေ၊ လှူစရာတွေ ရှိပေမယ့်လို့ တယ်ဟန်မကျတဲ့ပုဂ္ဂိုလ်တွေတော့ ဘုန်းကြီးတို့က မလှူပါဘူး၊ တစ်ချို့သင်္ကန်းတွေ ခဏခဏလာပြီးတော့ အလှူခံတာရှိကြပါတယ်၊ သင်္ကန်းတွေကတော့ ပြည့်ပြည့်စုံစုံပါပဲ၊ အများကြီးပါဘဲ၊ ဒါပေမယ့်လို့ အဲဒီကိုယ်တော်တွေ အခြေအနေကြည့်ရတာ တယ်ဟန်မကျတာနဲ့ မလှူပါဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ တစ်ချို့က သင်္ကန်းအလှူခံပြီးတော့ သူတို့ကရောင်းစားတယ်၊ တယ်နေရာမကျဘူး၊ အကြောင်းသိတဲ့ တော်တဲ့ ပုဂ္ဂိုလ်တွေတော့ လှူပါတယ်။ သင်္ကန်းတွေက အင်မတန်ပေါများတာ၊ တစ်ချို့လဲဘဲ "သူတို့ဆင်းရဲလို့ပါ"ဆိုပြီး လာတောင်းကြတယ်၊ အင်း-တကယ်ဆင်းရဲတာဟုတ်ရင်လဲ လှူရတာပေါ့လေဆိုပြီး ဘုန်းကြီးတို့က သင်္ကန်းအဟောင်းကို လှူရတယ်၊ အသစ်ကို မလှူရဘူး၊ အသစ်ဆိုလို့ရှိရင် ရောင်းစားချင်စားအုံးမှာကိုး။ တစ်ယောက်လောက် လှူလိုက်လို့ရှိရင် အဲဒီ ပုဂ္ဂိုလ်နဲ့ ဆက်ပြီးတော့ တစ်ဦးပြီးတစ်ဦး ခဏခဏ ရောက်လာကြတယ်၊ သူတို့က သူတို့အဆက်အသွယ်တွေရှိတာကိုး၊ ပြီးတော့ ရောင်းစားတယ်လို့ သတင်းကြားတယ်။ ဒါကြောင့် လှူတဲ့အခါလဲ လှူသင့် လှူထိုက်တဲ့ ပုဂ္ဂိုလ်တွေတော့ လှူရတာပေါ့လေ၊ နည်းနည်း များများ တတ်နိုင်သလောက် လှူရတာပေါ့။ အဲဒါ နတ်ပြည်ရောက်ခြင်းအကြောင်းဘဲတဲ့။

http://www.dhammadownload.com

အမှန်ကတော့ နတ်ပြည်ရောက်ဖို့ဆိုတာထက် နိဗ္ဗာန်ရောက်ဖို့ ဆိုတာက ပိုအရေးကြီးပါတယ်၊ ဘာကုသိုလ်ပဲပြုပြု၊ နိဗ္ဗာန်ရောက်ဖို့ရာပဲ အင်း-အခုနက စိတ်ဆိုး ဒေါသဖြစ်တဲ့အခါ ဒေါသမပေါ်လွင်အောင် သည်းခံရမှာ၊ အဲဒါကတော့ ရှုမှတ်ပြီတော့ ပယ်ရမှာပါ၊ ဒါအရေးကြီး တယ်၊ ကုသိုလ်ကောင်းမှုတရားတွေ အခါကာလအားလျော်စွာ တတ် နိုင်သမျှ ပွားများအားထုတ်ဖို့ လိုတာပါပဲ၊ အထူးအားဖြင့် ဝိပဿနာရှု နေတဲ့ ယောဂီတွေဆိုတော့ ဝိပဿနာရှုနေဖို့ အရေးကြီးတာပါပဲ၊ အခွင့် ရတိုင်း ရတိုင်း ရှုမှတ်ပြီးတော့ နေလို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်းတရား တွေဟာ တစ်ချိန်ထက်တစ်ချိန် တိုးတက်ပြီးတော့ ပြည့်စုံသွားနေမှာပါပဲ။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှု တရားတွေကို တိုးတက် ပွားများ အားထုတ်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုလွယ် နိုင်ကြပါစေ။

သာဓု . . . . သာဓု . . . . သာဓု . . . .

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျော်၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော သီလပေးတရားတော်မှ

ဝင့်ကြွေးကြမ္မာမလွတ်သာ

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊
နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နဝိဇ္ဇတိ သော ဇဂတိပွဒေသော၊
ယတ္ထ ဌိတော မုစ္စေယျ ပါပကမ္မာ။

အကုသိုလ်ကံများ အကျိုးပေးပုံကို ဗဟုသုအဖြစ် မှတ်သားရပါတယ်။ ကုသိုလ်ကံကလဲ ဒီလိုပဲ အကျိုးပေးတာပဲ၊ အကုသိုလ်ကံကလဲ တူပြီးတော့ သံသရာမှာ ကျင်လည်နေရင်း အကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ကျတော့ အကုသိုလ်ကံ အကျိုးပေးတယ်။ ဘယ်မှ ပြေးလို့ ရှောင်လို့မရဘူး၊ ကုသိုလ်ကံရှိတဲ့အခါလဲ ကုသုလ်ကံက အကျိုးပေးတယ်၊ အဲဒီ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရတာဘဲ၊ သံသရာထဲမှာ ကျင်လည်နေလို့ရှိရင် ဒီကံတရားတွေရဲ့ ဆောင်ရွက်မှု၊ ပြုလုပ်မှုတွေ ခံစားပြီးတော့ နေကြရတယ်၊ အဲဒီဆင်းရဲခပ်သိမ်းက ငြိမ်းအောင်လို့ -

အန္တလိက္ခေ-ကောင်းကင်၌၊ ဌိတောပိ-တည်သောသူသည်လည်း၊ နမုစ္စတိ-မလွတ်နိုင်ဘူး၊ နသမုဒ္ဒမဇ္ဈေ-သမုဒ္ဒရာအလယ်၌၊ ဌိတောပိ-တည်သော ပုဂ္ဂိုလ်သည်လည်း၊ နမုစ္စတိ-မလွတ်နိုင်ဘူးတဲ့။ (သမုဒ္ဒရာထဲ

http://www.dhammadownload.com

ရေထဲသွားအောင်းနေလဲ မလွတ်ဘူး။) ပဗ္ဗတာနံ-တောင်တို့၏၊ ဝိဝရံ-အကြား တောင်ခေါင်းသို့၊ ပဝိသိတွာ-ဝင်နေသော သူသည်လည်း၊ နမုစ္စတိ-မလွတ်နိုင်ဘူး၊ (တောင်ခေါင်းထဲ သွားဝင်နေလဲ မလွတ်နိုင်ဘူး)၊ ယတ္ထ ဋ္ဌိတော-အကြင် အရပ်၌တည်သော ပုဂ္ဂိုလ်သည်၊ ဟိပ ကမ္မာ-မကောင်းမှုမှ၊ မုစ္စေယျ-လွတ်မြောက်ရာ၏၊ သော-ထိုမကောင်းမှု လွတ်မြောက်ရာဖြစ် သော နယ်ပယ်အရပ်တည်သည်၊ န ဝိဇ္ဇတိ-မရှိသည်သာတည်း။

သံသရာထဲ ကျင်လည်နေတဲ့အခါ လောဘ၊ ဒေါသ၊ မောဟ အားလျော်စွာ အကုသိုလ်ကံ၊ မကောင်းမှုကံတွေဆိုတာ ပြုမိတတ်ကြတာဘဲ၊ ကလျာဏမိတ္တ -မိတ်ကောင်း ဆွေကောင်းတွေ မှီဝဲရတဲ့အခါမှာ အကုသိုလ်ကံ အဖြစ်နည်းတယ်၊ ကုသိုလ်ကံတွေဖြစ်ပွားတာများတယ်။ ပါပမိတ္တဆိုတဲ့ ယုတ်ညံ့တဲ့ မိတ်ဆွေကို အမှီပြုပြီးတော့ နေရတဲ့အခါမှာ မကောင်းမှုတွေ ဖြစ်ပွားတာများတယ်၊ အဲဒီတော့ မကောင်းမှုကံက ဖြစ်သွားလို့ရှိရင်တော့ အကြောင်းညီညွတ်တဲ့အခါ သူက အကျိုးပေးတော့တာပဲ၊ အဲဒီ မကောင်းမှုကံမှ လွတ်မြောက်ဖို့ အရေးကြီးတယ်၊ အဲဒါဘာကြောင့် အဲဒီလို ဟောရသလဲဆိုရင် ဘုရားလက်ထက်တော် အခါက ပုဂ္ဂိုလ် သုံးမျိုးကို အကြောင်းပြုပြီးတော့ ဟောခဲ့တယ်။

သမုဒ္ဒရာထဲသွားနေလဲ ရွှောင်လွဲမလွတ်ပါ။

ရဟန်းတော်တွေပါပဲ၊ ရဟန်းတော်တွေ ပထမအစုက ပင်လယ်ခရီးကလာတယ်လို့ဆိုတယ်၊ ဘုရားလက်ထက်တုန်းက ဒေသနာတော်တွေ ဟောပြောညွှန်ကြားထားတာတွေကတော့ အိန္ဒိယအလယ်ပိုင်းမှာ ဟောပြောတာတွေပါပဲ၊ ပင်လယ်ကကျော်ပြီးတော့ သီဟိုဠ်တို့ဘာတို့ ဒီလို

http://www.dhammadownload.com

ကျွန်းတွေအကြောင်းတော့ မပါဘူး၊ ဒါပေမယ့် ပင်လယ်ကို ကူးပြီးတော့ သွားရတဲ့ ပင်လယ်ကမ်းစပ်က အရပ်ဒေသတွေလဲဖြစ်မှာပေါ့လေ၊ အိန္ဒိယတစ်ဝိုက်မှာ အိန္ဒိယရဲ့တောင်ဘက်က ပင်လယ်မှာ အိန္ဒိယကျွန်းမြေကြီးက ပင်လယ်ထဲကို ဝင်နေတဲ့သဘောရှိပါတယ်။ အဲဒီလိုဟာတွေက ဖြတ်သွားကြတာနဲ့ တူပါတယ်။ အဲဒီမှာ ဟိုတုန်းက သင်္ဘောခေါ်တဲ့ လှေပေါ့လေ၊ ရွက်လှေ၊ အဲဒါစီးပြီးတော့ လာကြတော့ အဲဒီရွက်သင်္ဘောက တစ်နေရာကျတော့ ရပ်နေတယ်၊ မသွားတော့ဘူးတဲ့၊ သွားအောင် လုပ်လို့မရဘူး၊ ရပ်တည်နေတယ်၊ ဒီလိုဆိုလို့ရှိရင် ဒီထဲမှာ မကောင်းမှုကံ ရှိတဲ့သူ ပါလိမ့်မယ်၊ မကောင်းမှုကံ ရှိတဲ့သူတွေ သင်္ဘောပေါ်- ရွက်လှေပေါ်ကနေပြီးတော့ ထုတ်ပစ်မှဖြစ်လိမ့်မယ်ဆိုပြီးတော့ မဲချလိုက်တယ်။

လှေသူကြီးကတော် ကံဟောင်းပေါ်

ပထမတစ်ကြိမ် မဲချလိုက်တော့ အဲဒီ သင်္ဘောလှေ အကြီးအမှူးဖြစ်တဲ့ သင်္ဘောပိုင်၊ လှေပိုင်လဲ ဖြစ်မှာပေါ့လေ၊ သို့မဟုတ်ရင်လဲ အဲဒီအကြီးအကဲ သင်္ဘောမှူးဖြစ်မှာပေါ့၊ ဆောင်ရွက်နေတဲ့ အမှူးရင်လဲဖြစ်ရမယ်။ အဲဒီလူကြီးရဲ့ ဇနီးကမဲကျတယ်၊ အဲဒီတော့ ပုဂ္ဂိုလ်ထူး မဲကျနေတော့ ဒါမသေချာသေးဘူးဆိုပြီးတော့ တစ်ခါထပ်ပြီးတော့ "မဲချကြအုံးစို့ဟေ့" ဆိုပြီးတော့ ထပ်ပြီးမဲချတော့လဲ အဲဒီအမျိုးသမီးပဲ မဲကျတယ်၊ ဒါလဲ မသေချာသေးဘူးဆိုပြီးတော့ နောက်တစ်ခါ ထပ်ပြီးတော့ မဲချတော့လဲ အဲဒီအမျိုးသမီးပဲ မဲပြန်ကျ၊ သုံးကြိမ်တိုင်တိုင်ကျတယ်၊ သုံးကြိမ်တိုင်တိုင်ဆိုတော့ လှေပိုင်ရှင် လှေမှူးကို အများလူထုက "ဘယ့်နှယ်လဲ"

http://www.dhammadownload.com

ဆိုတဲ့သဘောနဲ့ကြည့်ကြတော့၊ ဒီလိုဆိုရင်တော့ မဖြစ်ဘူးတဲ့၊ ဒီအတိုင်း နေရင်တော့ ဒီမှာလေ့ပျက်ပြီးတော့ အားလုံးသေကုန်ကြတော့မှာပဲတဲ့ အားလုံးမသေရအောင်၊ တစ်ယောက်အတွက်နဲ့ အားလုံးသေအောင် ဆင်းရဲဒုက္ခခံလို့တော့မဖြစ်ဘူး၊ အဲ-ပြုသင့်တဲ့အတိုင်းသာ ပြုကြပေတော့ ဆိုပြီး ခွင့်ပြုတော့ အဲဒီလေ့မှုးရဲ့ ဇနီးဖြစ်တဲ့သူကို ပင်လယ်ထဲ ဆွဲချဖို့ လုပ်ကြတော့ ငိုတယ်တဲ့၊ လေ့မှုးအကြီးအကဲလူကြီးက "ဟာ-သူရေထဲ နစ်သွားရင် သူ သေကြေပျက်စီးမှာပဲ၊ အဝတ်တွေကလဲ အဖိုးတန်တွေ၊ အဲဒါတွေနဲ့မလျော်ဘူးဆိုပြီးတော့ အဲဒါတွေကိုလဲပြီးတော့ပေးတယ်တဲ့၊ အဝတ်ကြမ်း တစ်ခုဝတ်ပြီးတော့ပေးတယ်၊ အဲဒီတော့ လေ့မှုးကြီးဖြစ်တဲ့သူကလဲ သူရေပေါ်မှာပေါ်ပြီး မျောနေတာမြင်ရရင် အဲဒါမကောင်းပါဘူးလို့ပြောတာနဲ့ ရေပေါ်လဲ မပေါ်နိုင်အောင်လို့ အိုးတစ်လုံးထဲကို သဲတွေထည့်ပြီးတော့ အဲဒီအိုးကို လည်ပင်းမှာကြိုးနဲ့ချည်ပြီး ရေထဲချလိုက်တော့ မြုပ်သွားတာပေါ့၊ မပေါ်နိုင်တော့ဘူးပေါ့၊ ငါးတွေ လိပ်တွေက စားကြတယ်တဲ့၊ ငါးစားတာတွေက နောက်မှနေမှာပါ၊ အဲဒါတွေမြင်ရတော့လဲ "အော်-ဒီဟာ အကုသိုလ်ကံကြောင့်ပဲ၊ ဒီအကုသိုလ်ကံ မြတ်စွာဘုရားမှ သိမှာ၊ ဘယ်လိုကံကြောင့် ဒီလို မကောင်းကျိုးကိုပေးတယ်ဆိုတာ၊ ဘုရားထံရောက်မှ မေးလျှောက်ရမှာဘဲ" ဆိုပြီး ရဟန်းတော်တွေ့ မှတ်သားပြီးတော့လာကြတယ်။

ကောင်းကင်သွားလာ ကျိုးကန်းမှာ မီးကွင်းခွပ်ဖိရှာ

တစ်နေရာ၊ အခြားရဟန်းတစ်စုကတော့ ရွာတစ်ရွာမှာ ဆွမ်းကိစ္စနဲ့ ဆွမ်းခံကြွတော့ အဲဒီမှာ ပင့်ပြီးတော့ ဒကာတွေက ဆွမ်းချက်ပြီး

http://www.dhammadownload.com

တော့ ကျွေးကြတယ်၊ အဲဒီမှာ ချက်ပြုတ်နေတုန်း အဆင်မသင့်တော့ မီးဖိုကနေပြီးတော့ မီးထလောင်တော့ အိမ်းမီးလောင်၊ အိမ်းမီးလောင်တော့ မီးက အားကောင်းဟန်တူပါတယ်၊ အဲဒီအိမ်းကနေ ကောက်ရိုးလိုဟာတွေပေါ့လေ မြက်ခြောက်တွေ ဘာတွေလဲဖြစ်မှာပေါ့။ တစ်ချို့အိမ်တွေမှာ အဲဒီလိုဟာတွေနဲ့လုပ်တာ အဲဒါတွေ တစ်ခါတည်း တစ်စုကြီးမီးလောင်ပြီး ကောင်းကင် တက်သွားလိုက်တော့၊ ကျီးတစ်ကောင်က ပျံလာတာနဲ့ အဲဒါကြီးထဲ ဝင်တိုးပြီးတော့ ကျီးတစ်ကောင် မီးလောင်ပြီး သေတယ်တဲ့၊ အဲဒါမြင်ရတော့ "အော်- ဒါလဲပဲ ဒီဟာ အင်မတန်ထူးဆန်းတဲ့ အကုသိုလ်ကံပဲ၊ ကောင်းကင်နေရာတွေအကျယ်ကြီး ဘယ်နှယ်မီးထဲ တိုးမိပြီးတော့ မီးလောင် သေရပါလိမ့်မလဲ၊ ဒီလိုမီးလောင်သေခြင်းအကြောင်းကံကလဲ အင်မတန် ထူးဆန်းတဲ့ကံပဲ၊ "မြတ်စွာဘုရား မေးကြည့်ရမှာဘဲ" ဆိုပြီး သူတို့ကလဲ မှတ်လာကြတယ်။

တောင်ခေါင်းတွင်းမှာ တည်းခိုရာ တွင်းပေါက်ပိတ်မိရှာ

နောက်တစ်ခုက ရဟန်းခုနှစ်ပါး တစ်နေရာကနေ ဘုရားဖူးကြွလာကြတယ်၊ တစ်နေရာ ရောက်တဲ့ အခါကာလကြတော့ ကျောင်းတိုက်ထဲနေရာတောင်းတော့ ကျောင်းဆိုင်ရာ အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်က တောင်ခေါင်းထဲမှာ နေရာပေးတယ်၊ တောင်ခေါင်းထဲမှာ ကုတင်က (၇)ခု ရှိတယ်တဲ့၊ သူတို့ရဟန်း(၇)ပါး၊ အဲဒီနေရာနဲ့တော်တယ်ဆိုပြီးတော့ အဲဒီထဲမှာနေရာပေးတယ်၊ တောင်ခေါင်းထဲမှာ သူတို့နေကြတယ်၊ သူတို့နေတဲ့နေ့ ညကျတော့ တောင်ပေါ်က တော်တော်ကြီးတဲ့ ကျောက်ခဲကြီးကြီးပြတ်ပြီးတော့ လိမ့်ကျလာတာ အဲဒီတောင်ခေါင်းအဝမှာ ပိတ်လျက်

http://www.dhammadownload.com

ကြီး ဖြစ်နေတယ်ဆိုတာကိုး။ ပိတ်လျက်ကြီးဖြစ်နေတော့ အဲဒီက အမြဲတမ်းနေတဲ့ ကျောင်းနေပုဂ္ဂိုလ်က "ဒို့နေရာပေးလို့ တောင်ခေါင်းထဲ သူတို့နေကြတာ၊ အခုတော့ မထွက်နိုင်ဘူး၊ ဒီတော့ ဒီကျောက်ခဲကြီးထုတ်မှပဲ" ဆိုပြီးတော့ အမျှားနဲ့စုပြီးသကာလ ထုတ်ကြတယ်၊ ကျောက်ခဲကြီးကလဲ ထုတ်လို့ကိုမရဘူး။ တစ်နေ့လဲမရ၊ နှစ်နေ့လဲမရ၊ ခုနစ်ရက်တောင်ကြာသွားတယ်ဆိုတာကိုး၊သူက ခုနစ်ရက်ကြာတော့ ကျောက်ခဲကြီးက သူ့အလိုလိုပဲ လိမ့်ပြီးတော့ ပွင့်သွားတယ်။ အဲဒီကြမှ ထွက်လာကြရတယ်။ ခုနစ်ရက်လုံးလုံး မစား၊ မသောက်ရနဲ့၊ ဒုက္ခရောက်တာပေါ့လေ၊ "အင်း-ဒါလဲဘဲ အကုသိုလ်ကံ တော်တော်ထူးတာပဲ၊ ဘယ်လို အကုသိုလ်အကျိုးပေးလဲမသိဘူး"ဆိုပြီးတော့ မြတ်စွာဘုရား မေးလျှောက်ဖို့ လာကြတယ်၊ ဘုရားထံရောက်တော့ အသီးသီး လျှောက်ကြတယ်၊ လျှောက်တဲ့အခါကြတော့ မြတ်စွာဘုရားက ရှေးက အကြောင်းအရာတွေပြန်ပြီး ဟောတာပေါ့။

ခဏ, ခဏ ဝပ်တဲ့နွား အမြုတမ်းဝပ်အောင် လုပ်ခဲ့တဲ့လယ်သမား

ပထမကျိုးဖြစ်ပြီးတော့ မီးလောင်ခံရတဲ့ ပုဂ္ဂိုလ်ကတော့ ရှေ့တုံးက သူကလယ်သမားကြီးဘဲတဲ့၊ လယ်သမားရဲ့နွားက မလိမ္မာတဲ့နွားဖြစ်ပြီးတော့နေတယ်၊ နွားဆိုတာ ကျင့်ကာစ ဒီလိုဖြစ်တတ်ပါတယ်။ နွားကိုကပြီးတော့မောင်း၊ လှည်းနဲ့ကပြီးတော့မောင်းရင် မကြာခဏ သူကဝပ်,ဝပ် နေတယ်၊ ခဏသွားလိုက်၊ တော်ကြာဝပ်နေလိုက်၊ ရိုက်မောင်းလိုက်၊ ထ,သွားလိုက်၊ ဝပ်နေလိုက်၊ အဲ ဝပ်ဖန်များပြီး ကြာတော့ ဝပ်ရာကကို မထတော့ဘူး၊ မထတော့ လယ်သမားကြီးက စိတ်ဆိုးတာပေါ့လေ၊

http://www.dhammadownload.com

ဒီနွား ဒီလောက်တောင်ဆိုးရမလားဆိုပြီးတော့ "မင်းဒီလိုဆိုရင် နောက်လဲ ဘယ်တော့မှ မထရအောင် ငါလုပ်ပေးမယ်"ဆိုပြီး ကောက်ရိုးတွေယူပြီး နွားလည်ပင်းပတ်၊ ဘေးနားလည်း ကောက်ရိုးတွေပုံပြီးတော့ မီးနဲ့ရှို့သတ်တာပေါ့လေ၊ အဲဒီလို အကုသိုလ်ပြုလာတာတဲ့၊ အဲဒီအကုသိုလ်ကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ အကြာကြီး ငရဲမှာ ခံရတယ်တဲ့။ အဲဒီငရဲက လွတ်လာတဲ့အခါ အကုသိုလ်ကံကြွင်းကြောင့် အဲဒီလို ကျိုးဖြစ်ပြီးတော့ နေရတယ်၊ ကောင်းကင်မှာ တက်လာတဲ့ မီးကွင်းထဲ တိုးမိပြီးတော့ သေရတာ ခုနစ်ကြိမ်တိုင်တိုင် ရှိပြီဆိုတာကိုး၊ မကောင်းမှုအကုသိုလ်ရဲ့ အကျိုးပေးပုံ။

ခွေးကချစ်တဲ့ အိမ်ရှင်မ

နောက် ဒုတိယ ပင်လယ်ထဲမှာ ပစ်ချလိုက်လို့ သေရတဲ့ အမျိုးသမီးကတော့ သူက တစ်ခုသောဘဝတုန်းက သူ့အိမ်မှာ ခွေးတစ်ကောင် ရှိတယ်၊ အဲဒီခွေးက သူက ခင်မင်တာနဲ့ သူသွားတိုင်းခွေးက အမြဲတမ်းလိုက်တယ်၊ သူသွားတိုင်း ခွေးက အမြဲတမ်းလိုက်နေတော့ ဘေးကလူတွေကပြောင်ကြ၊ လှောင်ကြတယ်၊ တစ်ချို့ကလဲ "ဟော့-ခွေးလေးတစ်ကောင်နဲ့ မုဆိုးလိုက် သွားမလို့လားမသိဘူး"ဆိုပြီးတော့ ပြောင်ကြ၊ တချို့ကြတော့ "ဒီမိန်းမနဲ့ ဒီခွေးသွားလေရာ တစ်ကောက်ကောက်နဲ့၊ ဟုတ်မှ ဟုတ်ရဲ့လား၊ ရိုးမှ ရိုးရဲ့လား" စသည်ဖြင့် မယုံသင်္ကာစကားမျိုးနဲ့ မကြားနိုးနား ပြောကြ၊ သူလဲကြာတော့ ရှက်လာတယ်၊ ခွေးမောင်းတော့လဲ ဘယ်လောက်မောင်းမောင်း ဘယ်လိုထုထုမရဘူး၊ လိုက်နေတာပဲ တစ်နေ့တော့သူယောကျ်ားက တောထဲသွားပြီးတော့ အလုပ်လုပ်နေတာကို သွား

http://www.dhammadownload.com

ပြီးတော့ ထမင်းပို့တော့ ခွေးကလဲ လိုက်သွားတယ်၊ သူ့ခင်ပွန်းကို ကျွေးမွေးထားခဲ့ပြီးတော့ အဲဒီခွေးကို သူကအသံပြုပြီးတော့ခေါ်တယ်၊ ခွေးကရှေးတုန်းကတော့ အမြဲတမ်း ခြောက်လှန့်ခံနေရတာကိုး၊ ဒီနေ့တော့ ရွှင်ရွှင်ပျပျ နှင့် ငါ့ကို ခေါ်ဖော်ရပေတယ်လို့ ဆိုပြီးတော့ ခွေးကလဲ အမြီးနှဲ့ပြီးတော့ ဝမ်းမြောက် ဝမ်းသာနဲ့ သူဆီကိုလာတယ်။

လိုက်ချင်အုံးဟဲ့ ငါ့နှောက်

သူဆီလာတဲ့အခါကျတော့ သူက ကြိုးနဲ့ သဲထည့်ထားတဲ့အိုးကို အဆင်သင့် ယူလာခဲ့ပြီးသားကိုး၊ ယူလာခဲ့တဲ့ကြိုးနဲ့ ခွေးလည်ပင်းချိ၊ သဲအိုးကို လည်ပင်းမှာ ချိတ်ဆွဲပြီးတော့ ရေရှိတဲ့ရေကန်ဖြစ်မလား၊ ချောင်းဖြစ်မလားတော့ မပြောတတ်ဘူး၊ အဲဒီရေထဲချလိုက်တော့ ခွေးရော၊ သဲအိုးရော တစ်ခါထဲ မြုပ်သွားတော့တာပါပဲ၊ အဲဒီ မကောင်းမှုကြောင့်တဲ့၊ ခွေးကလဲ ဘာဖြစ်လို့ လိုက်တုန်းဆိုတော့ လွန်ခဲ့တဲ့ သုံးခုမြောက်ဘဝက သူ့ခင်ပွန်းဖြစ်ခဲ့ဘူးတယ်တဲ့၊ လူ့ဘဝနဲ့ဖြစ်လာခဲ့တာလား၊ ဒိုပြင်ဘဝနဲ့ ဖြစ်လာခဲ့တာလားတော့ မပြောတတ်ဘူး၊ အဲဒါကြောင့် တစ်ဦးနဲ့ တစ်ဦး မိဘ၊ သားသမီး၊ ခင်ပွန်း ဒီလိုဟာတွေ အချင်းချင်း တော်စပ်ခဲ့တဲ့ ဘဝတွေဟာများပါတယ်၊ ဒီလို ဆွေမျိုး မတော်ဘူးတဲ့ဘဝ မရှိဘူးလို့ဆိုပါတယ်။ မရှိသလောက်ကို အင်မတန်များတယ်လို့ ဆိုပါတယ်။ ဒါပေမယ်လို့ နီးစပ်တဲ့ဘဝက ရင်းနှီးတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင် အချင်းချင်းအထူးခင်မင်တတ်တယ်တဲ့၊ အဲဒါကြောင့် အထူးခင်မင်လို့ ဒီခွေးက သူ့နောက်အမြဲလိုက်နေတာ၊ ဒါနဲ့ ဒီခွေးကို သူကလဲပဲ သူ့ကို သူများတွေက ရှုတ်ချ ကဲ့ရဲ့ ပြောဆိုတာတွေ ရှက်တာနဲ့ အဲဒီခွေးကို သူက ရေထဲမြုပ်

http://www.dhammadownload.com

အောင်လုပ်ပြီးတော့ သတ်ပစ်လိုက်တယ်၊ အဲဒီ မကောင်းမှုကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာခံရပြီးတော့ ငရဲဘဝက လွတ်လာတဲ့အခါမှာ လူဖြစ်တဲ့အခါလဲ ဒီလိုဘဲ ရေနစ်ပြီးတော့ သေရတာ၊ ဒီလိုပဲ သဲအိုးနဲ့ ရေနစ်ခံရပြီးတော့ သေရတာ ဘဝတစ်ရာလို့ ဆိုပါတယ်။ မနည်းဘူး၊ သူကအကျိုးပေးတာ။

ဖွတ်လိုက်တဲ့ နွားကျောင်းသားလေးများ

နောက် ရဟန်းခုနစ်ပါးကတော့ ရှေးတုန်းက သူတို့နွားကျောင်းသား ဖြစ်ခဲ့ဘူးတယ်တဲ့၊ နွားကျောင်းသား၊ နွားထိန်းပေါ့။ အိန္ဒိယမှာတော့ နွားတွေကို ထိန်းသိမ်းကျောင်းတဲ့ ပုဂ္ဂိုလ်တွေသီးသန့်ရှိတယ်၊ မြန်မာပြည်မှာလဲ ရှိတန်သလောက်တော့ ရှိပါတယ်။ အဲဒီနွားကျောင်းသား ခုနစ်ယောက် ကိုယ့်နွား ကိုယ်ကျောင်းကြတာ၊ သူတို့တွေ အဖော်ဖြစ်ပြီးတော့ သူတို့ အတူတကွ တောသွားပြီးတော့ နွားကျောင်းကြတယ်၊ နွားကျောင်းကြတော့ နွားစာလဲပဲအဆင်သင့်ဖြစ်အောင်၊ ရေတို့ ဘာတို့လဲ အဆင်သင့်ရှိတဲ့နေရာပေါ့။ ဒီကနေ့ ဒီနေရာမှာကျောင်းတယ်ဆိုရင် နောက်တစ်နေ့ကျတော့ ဟိုနေရာ၊ နောက်တစ်နေ့ ဟိုနေရာ၊ ဒီလို ခုနစ်ရက်ပြောင်းပြီးတော့ နွားကျောင်းရတယ်၊ ဒါမှ ပထမနွားတွေစားခဲ့တဲ့ မြက်က စားစရာရှည်လာမှာ၊ သို့မဟုတ်ရင် တစ်နေရာတည်းဆို နောက်ရက်တွေကျတော့ စားစရာရှိမှာမဟုတ်ဘူး၊ ခုနစ်ရက်တစ်ပတ်မှာ တစ်ကြိမ် တစ်နေရာ လိုက်ပြီးတော့ ကျောင်းရတယ်။ အဲဒီတော့ တစ်နေရာမှာ ဖွတ်ကြီးတစ်ကောင်တွေ့တော့ ဖွတ်ကြီးလိုက်ပြီး ဖမ်းကြတယ်၊ ဖွတ်ကြီးက တောင်ပို့ထဲဝင်သွားတယ်၊ တောင်ပို့ကြီးထဲ ဝင်သွားတော့ သူတို့က ဒီနေ့တော့ မတတ်

http://www.dhammadownload.com

နှိုင်တော့ဘူး၊ နက်ဖြန်ခါကြမှပဲ ဒီဖွတ်ရအောင် ဖမ်းမှပဲဆိုပြီး တောင်ပို့ကြီး အပေါက်ခုနစ်ပေါက်ရှိတာကို လူတစ်ယောက်ကို တစ်ပေါက်စီ ပိတ်ကြတယ်ဆိုတာကိုး၊ တစ်ပေါက်စီ တစ်ပေါက်စီ ပိတ်ပြီးတော့ ထားခဲ့ကြတယ်။

ခုနစ်ရက်ပြည့်မှ ဖွတ်ကြီးထွက်ရ

နောက်တစ်နေ့ကျတော့ သူတို့ ဒီနေရာမလာကြဘူး၊ ဒီပြင်တစ်နေရာသွားကြတယ်၊ ဒီတော့ ခုနစ်ရက်တိုင်တိုင် တောင်ပို့ထဲမှာ ဒီဖွတ်ကြီးနေရတယ်၊ မထွက်ရဘူး၊ ခုနစ်ရက်စေ့လို့ ဒီနေရာပြန်ရောက်လာကြတော့မှ သူတို့က "ဟေ့- ဟိုတုန်းက တောင်ပို့ထဲ ဖွတ်ကြီးပိတ်ထားခဲ့တာ ဘယ်နှယ်နေသေးလဲမသိဘူး၊ ဖွင့်ကြည့်ကြအုံးစို့" ဆိုပြီး ဖွင့်ကြည့်လိုက်တော့ ဖွတ်ကြီးကလဲ သေလု သေခါနီးဖြစ်နေပြီ၊ မစားရ မသောက်ရနဲ့၊ ဒီတော့ အပြင်ဘက်ထွက်မှဘဲဆိုပြီးတော့ အပြင်ဘက်ကို လှုပ်လှုပ်လှုပ်လှုပ်နဲ့ ထွက်လာခဲ့တယ်။ ဒီတော့ ဒီလူတွေက "ခုနစ်ရက်တိုင်တိုင် မစားရတော့ သူခမြာပိန်နေတာပဲ"လို့ အဲဒီလို သနားတဲ့စိတ်ဖြစ်တယ်။ ဒီတော့ "မသတ်ကြနဲ့ဟေ့၊ ဒီဖွတ်ကြီးသတ်လို့မဖြစ်ဘူး၊ သူခမြာ မစားရတာခုနစ်ရက်တောင်ရှိသွားပြီ" ဆိုပြီးတော့ ဖွတ်ကြီးကို ကျောတွေဘာတွေ ပွတ်သပ်ပြီးတော့ ဖွတ်ကြီးကို "မင်းသဘောကျရာ သွားပေတော့"ဆိုပြီးတော့ လွှတ်လိုက်တယ်။ အဲဒီ မကောင်းမှုကြောင့် ဒီပုဂ္ဂိုလ် ခုနစ်ဦးဟာလဲ ဒီလို တောင်ခေါင်းထဲမှာ ပိတ်မိပြီးတော့ ခုနစ်ရက်တိုင်တိုင် မစားရ မသောက်ရ ဖြစ်ခဲ့ကြတာတဲ့၊ သူတို့ကတော့ အသက်သတ်တာမဟုတ်လို့ ငရဲမကျဘူး၊ တောင်ခေါင်းထဲ ပိတ်ခံရတဲ့ ဆင်းရဲနဲ့တော့တွေ့ရတယ်၊ သူတို့က ဆယ့်လေးဘဝတိုင်တိုင် ခံရတယ်တဲ့၊ အဲဒါ အကြောင်း

http://www.dhammadownload.com

ပြုပြီးတော့ မကောင်းမှု အကုသိုလ်ကံဟာ ဘယ်မှာနေနေ အကြောင်း ညီညွတ်တဲ့အခါကျရင် သူတို့က အကျိုးပေးတာပဲ၊ မလွတ်မြောက်နိုင်ဘူး ဆိုပြီးတော့ -

နှ အန္တလိက္ခေ နှ သမုဒ္ဒမဇ္ဈေ၊
နှ ပဗ္ဗတာနံ ဝိဝရံ ပဝိသ။
နှ ဝိဇ္ဇတိ သော ဇာတိပွဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စု။။

အန္တလိက္ခေ-ကောင်းကင်၌၊ ဋ္ဌိတောပိ-တည်သောပုဂ္ဂိုလ်သည်လည်း၊ ပါပကမ္မာ-မကောင်းမှုမှ၊ နှ မုစ္စေယျ-မလွတ်နိုင်ရာ၊ သမုဒ္ဒမဇ္ဈေ-သမုဒ္ဒရာအလယ်၌၊ ဋ္ဌိတောပိ-တည်သောပုဂ္ဂိုလ်သည်လည်း၊ ပါပကမ္မာ-မကောင်းမှုမှ၊ နှ မုစ္စေယျ-မလွတ်မြောက်နိုင်ရာ၊ ပဗ္ဗတာနံ-တောင်တို့၏၊ ဝိဝရံ-အကြား တောင်ခေါင်းသို့၊ ပဝိသပိ-ဝင်နေသောသူသည်လည်း၊ နှ မုစ္စေယျ-မလွတ်မြောက်နိုင်ရာ၊ ယတ္ထ-အကြင်အရပ်၌၊ ဋ္ဌိတော-တည်သည်ဖြစ်၍၊ ပါပကမ္မာ-မကောင်းမှုမှ၊ မုစ္စေယျ-လွတ်မြောက်ရာ၏။ သောဇာတိပွဒေသော-ထိုသို့သော မကောင်းမှုကံ အကျိုးပေးရာမှ လွတ်မြောက်နိုင်သော နယ်ပယ်အရပ်မည်သည်၊ နှ ဝိဇ္ဇတိ-မရှိသည်သာတည်း။

ဝဉ်ကြွေးကို လွတ်အောင်မပြေးနိုင်

မကောင်းမှုဆိုတာ ကောင်းကင်မှာ တည်နေလဲဘဲ မကောင်းကျိုးပေးတာဘဲတဲ့၊ သတ္တဝါတွေ ကောင်းကင်မှာပေါ့လေ၊ ငှက်တွေ ဘာတွေ အများအားဖြင့် ကောင်းကင်မှာ ပျံပြီးသွားနေရင်း သေရတာပဲတဲ့၊ လူပုဂ္ဂိုလ်တွေကတော့ ကောင်းကင်မှာ ပျံနိုင်တဲ့ပုဂ္ဂိုလ် သိပ်မရှိဘူး၊ ဒါ

http://www.dhammadownload.com

ပေမယ့်လို့ အခုနေကာလမှာ လေယာဉ်ပျံတွေဆိုတာရှိတယ်၊ ကံမကောင်းတဲ့ပုဂ္ဂိုလ်တွေ ကောင်းကင်မှာ ပျက်စီးကြ သေကြရတာပဲ၊ သမုဒ္ဒရာ ပင်လယ်ထဲသွားနေလဲ မလွတ်ဘူးတဲ့၊ သမုဒ္ဒရာပင်လယ်ထဲသွားနေရင်လဲ သူကတော့ ရေနစ်သေဖို့ရာ မျှားပါတယ်။ တောင်ခေါင်းထဲဝင်နေလဲ မကောင်းမှုအကျိုးပေးရာက မလွတ်နိုင်ဘူးတဲ့၊ ဘယ်လိုနေရာပဲ သွားနေနေပေါ့။ အကုသိုလ်ရှိရင် အကုသိုလ်က အကျိုးပေးတာပဲ၊ ဘဝသံသရာထဲမှာ ဖြစ်နေကြလို့ရှိရင် ဒီလိုပဲ ကောင်းမှုကုသိုလ်ကံက အကျိုးပေးတဲ့အခါတော့ လူ့ဘဝ နတ်ဘဝ ကောင်းမြတ်သောဘဝဖြစ်ပါရဲ့ အဲဒီလို ဖြစ်ရာဘဝမှာ မကောင်းမှုတွေ မပြုမိဘဲ ရှိမှာမဟုတ်ဘူး၊ သူတော်ကောင်းတရား အစဉ်ထာဝရ တည်တန့်နေတာမဟုတ်ဘူး၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကိုရောက်မှ သူတော်ကောင်းတရားတွေက အမြဲတည်တံ့တာ၊ သောတာပတ္တိမဂ်ကိုသာ မရောက်သေးဘူးဆိုရင် မကောင်းမှုဟာ မပြုမိဘူးလို့ မပြောနိုင်ဘူး၊ ပြုမိမှာဘဲ၊ စိုးရိမ်စရာကြီး၊ အရေးကြီးပါတယ်၊ မကောင်းမှုပြုမိလို့ရှိရင် မကောင်းကျိုးကလဲပဲ အခွင့်သာတဲ့အခါကြရင် အကျိုးပေးမှာပဲ ကုသိုလ်ကောင်းမှုတွေရှိနေလို့ ကောင်းကျိုးချမ်းသာတွေ ရနေပေမယ်လို့ သူကစိတ်မချရဘူး၊ တစ်နေ့ကျ မကောင်းမှုကံ အကျိုးပေးအုံးမှာပဲ၊ အဲဒီမကောင်းမှုမှ လွတ်မြောက်ဖို့ရာ တရားအားထုတ်ကြရတယ်၊ အရေးကြီးပါတယ်။

တစ်ချို့က ဆင်ခြင်နေရင် ပြီးတာပဲတဲ့

အခုနေအခါကာလမှာ တစ်ချို့က လောဘ, ဒေါသ, မောဟစိတ်ကူးလေးတွေ မဖြစ်အောင် ဆင်ခြင်ပြီးတော့ ဖြေဖျောက်လိုက်ရင် ပြီးတာ

http://www.dhammadownload.com

ဘဲဆိုပြီးတော့ ဒီလို အယူဝါဒတွေရှိတယ်၊ အယူဝါဒတွေ ဖြန့်ပြီးတော့ နေကြတယ်၊ နာမည်နဲ့ ထုတ်ဖော်ပြောရတော့ သိပ်မကောင်းဘူးပေါ့လေ၊ အဲဒါတွေ တစ်ချို့က သိပ်ကြိုက်တာကိုး၊ ကြိုက်ပြီးတော့ သူတို့က ဝါဒ ဖြန့်ကြတယ်၊ မကောင်းမှု လောဘ, ဒေါသ, မောဟတွေဆိုတာ ကိုယ့် ဟာကိုယ်လုပ်လို့ဖြစ်တာပဲ၊ ဘယ်သူကမှ လုပ်တာမဟုတ်ဘူး၊ ဒါတွေ ဆင်ခြင်လိုက်ရင် ပြီးတာဘဲ၊ မစွဲလန်းရင်ပြီးတာပဲ ဆိုပြီးတော့ အဲဒီလို နည်းစနစ်တွေ ညွှန်ကြားနေကြတယ်၊ အဲဒါတွေကြိုက်တဲ့ ပုဂ္ဂိုလ်တွေက ကောင်းတယ်၊ မှတ်တယ်၊ လွယ်တယ်သူက၊ တရားအားမထုတ်ရဘဲဟာ ကိုး၊ ကိုယ့်ဟာကိုယ် ဆင်ခြင်လိုက်ရင် ပြီးတာဘဲဆိုတော့၊ သူတို့က ပြီးတယ်လို့သာပြောတာကိုး၊ တကယ်ပြီးတာမှမဟုတ်ဘဲ၊ အဲဒီဆင်ခြင်ရင် ဆင်ခြင်တာလေးကတော့ အခိုက်အတန့် ကင်းတာလေးရှိမှာပေါ့။ တစ်ချို့ ကလဲဆင်ခြင်လို့ မပျောက်ပါဘူး၊ လောဘဖြစ်စရာ၊ နှစ်သက်စရာ၊ သာ ယာစရာအာရုံ အကြီးအကျယ်နဲ့ တွေ့တဲ့အခါကျတော့ ဖြေဖျောက်လို့ ဘယ်ရမတုံး၊ မရဘူး၊ ဒီဥစ္စာ၊ ပွဲကြိုက်တဲ့ပုဂ္ဂိုလ်တွေ ပွဲမကြည့်ဘဲမနေနိုင် ဘူး၊ အစားအသောက်လဲ ဒီလိုပဲ၊ အရက်ကြိုက်တဲ့ ပုဂ္ဂိုလ်တွေက မသောက်ပဲ မနေနိုင်ဘူး၊ အဲဒီလို အစွဲအလန်းတွေက ရှိကြတာပဲ၊ မစွဲပါနဲ့ ဆိုလိုရတာမဟုတ်ဘူး၊ ကိလေသာတွေရှိရင် စွဲလန်းနေတာပဲ၊ ဒေါသဖြစ် စရာတွေရှိရင် ဒေါသဖြစ်နေတာပဲ၊ ဆင်ခြင်ရုံနဲ့ ပျောက်တာလဲရှိတယ်၊ မပျောက်တာလဲရှိတယ်၊ အင်မတန် ထိခိုက်စရာ၊ စိတ်ဆိုးစရာ အကြောင်း တွေကြတော့ ဘယ်ဖျောက်လို့ရမလဲ၊ ဒီဥစ္စာ ဒေါသဖြစ်နေတာပဲ၊ အဲဒါ လွယ်တဲ့ဥစ္စာမဟုတ်ဘူး၊ အဲဒီလို ဆင်ခြင်ရုံမျှနဲ့ တော်ရုံ တန်ရုံလေး ပျောက်တာနဲ့ ကိစ္စပြီးတယ်လို့ ယုံကြည်နေတဲ့ ပုဂ္ဂိုလ်တွေက သံသရာ

http://www.dhammadownload.com

ဝဋ်ဆင်းရဲက လွတ်မြောက်ကြောင်းတရားကို သူတို့က မကျင့်ကြဘူး၊ အမှန်စင်စစ်ကတော့ ကိလေသာတွေငြိမ်းအောင်က အရိယာမဂ်ဖိုလ် တရားတွေရအောင် အားထုတ်မှ အောက်ထစ်ဆုံး သောတာပတ္တိမဂ် ကိုရမှာ၊ သောတာပတ္တိမဂ်ကိုရအောင်ကလဲပဲ ဝိပဿနာရှုမှဖြစ်တာ၊ မဂ္ဂင် ရှစ်ပါးတရား ပွားများမှ မြင်တိုင်း၊ ကြားတိုင်း၊ ဒါရခြောက်ပါးက ပေါ် တိုင်းပေါ်တိုင်း ရှုမှတ်ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကိုယ်တိုင်သိမှ။

စာအုပ်ထဲကဟောထားတာသိရုံနဲ့ မပြီးဘူး

စာထဲက ဟောထားတဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ ဒီလိုသိရုံနဲ့ ပြီးတာမဟုတ်ဘူး၊ တစ်ခို့က ဒီလိုသိတာနဲ့ ပြီးပြီလို့ အောက်မေ့တာ၊ ဘယ်ပြီးလိမ့်မှာတုန်း သူဥစ္စာ၊ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်းပဲ ဒီလိုဆင်ခြင်ရုံနဲ့ ဘုရားဖြစ်လာတာမဟုတ်ဘူး၊ တကယ်တမ်းကို အား ထုတ်ရတာ၊ တင်းတင်းရင်းရင်း အားထုတ်ရတာ၊ ပဉ္စဝဂ္ဂီ(၅)ဦး၊ ပထမ ရှင်ကောဏ္ဍည၊ တရားနာရုံနဲ့ သောတာပန်ဖြစ်တယ်၊ ဒီပြင်ပုဂ္ဂိုလ်တွေက တရားအားထုတ်ရတာပဲ၊ အားမထုတ်ပဲနဲ့ သောတာပန်မဖြစ်ဘူး၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ဆိုတာလဲဘဲ ဂါထာတစ်ပုဒ် တရား နာရုံနဲ့ သေတာပန် ဖြစ်လာတယ်။ ဒါပေမယ့် ရဟန္တာဖြစ်အောင်ကတော့ အားထုတ်ရတာပဲ၊ ရှင်မဟာမောဂ္ဂလာန်ဆိုရင် ခုနစ်ရက်တိုင်တိုင် အား ထုတ်ရတာပဲ၊ ဒီထဲမှာ ငိုက်မြီးပြီးတော့နေလို့ မြတ်စွာဘုရားက သတိပေး ရတယ်၊ မငိုက်မြီးအောင်လို့ အဲဒီလို သတိပေးလို့ အားထုတ်မှ ဝိပဿနာ ဉာဏ်စဉ်တွေ အစဉ်အတိုင်း တက်ပြီးတော့ ရဟန္တာဖြစ်တာ၊ ရှင်သာရိ ပုတ္တရာကြတော့ ခုနစ်ရက်နှင့်တောင် ရဟန္တာမဖြစ်ဘူး၊ ဆယ့်လေးရက်

http://www.dhammadownload.com

အားထုတ်ရတယ်၊ သူက စျာန်တရားတွေကိုရတယ်၊ စျာန်တွေဝင်စား လိုက်၊ စျာန်ထဲကပါတဲ့တရားတွေရှုလိုက်၊ ဝိတက် ဝိစာရပီတိသုခ အစရှိ တဲ့ တရားတွေပေါ့၊ အဲဒီတရားတွေရှု၊ စျာန်ဝင်စားလိုက်၊ စျာန်ဖြစ်ခိုက်မှာ ရှိတဲ့ တရားတွေရှုလိုက်၊ စျာန်ဝင်စားလိုက်၊ ပစ္စက္ခတရားတွေရှုလိုက်၊ ဒါဝိပဿနာရှုနေတာ၊ အခုစျာန်မရတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ၊ စိတ် ကူးလေးဖြစ်၊ အဲဒီ စိတ်ကူးလေးရှုရတာပဲ၊ မြင်တဲ့စိတ်ဖြစ်၊ အဲဒါရှုရတာပဲ၊ ကြားတဲ့စိတ်ဖြစ်၊ အဲဒါရှုရတာဘဲ၊ ဖြစ်တိုင်းဖြစ်တိုင်း တရားတွေ ဖြစ်ပြီး ပြီးချင်း ပြန်ပြီးတော့ရှုရတယ်၊ အဲဒီတရားနဲ့ အဖြစ်အပျက်ကိုသိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်တွေ့ပြီးသိမှ ပင်မဝိဿနာဉာဏ်တွေ ကောင်းကောင်းဖြစ်ပြီး အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်တာ၊ အဲဒီလို အားထုတ်ရတယ်။

မဂ်ဉာဏ်ရောက်မှ လွတ်မြောက်ရ

အဲဒီလို အားထုတ်လို့ သမာဓိဉာဏ်ရင့်သန်တဲ့ အခါကာလ သောတာပတ္တိမဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာ။ အဲဒီလို အခါကာလကြတော့မှ အပါယ်လေးပါးက အစဉ်ထာဝရလွတ်တာ၊ အပါယ်လေးပါး ရောက်စေတတ်တဲ့ အကုသိုလ်ကံပြုလိုတဲ့ စိတ်မရှိတော့ ဘူး၊ လောဘတော့ ရှိပါသေးရဲ့၊ ဒါပေမယ်လို့ လောဘ၊ ဒေါသ၊အလို လိုက်ပြီး အပါယ်လေးပါးကျစေနိုင်တဲ့ လောဘ၊ ဒေါသ အလိုလိုက်ပြီး အကုသိုလ်တော့ မပြုတော့ဘူး၊ အဲ- အပါယ်လေးပါးက အစဉ်ထာဝရ လွတ်မြောက်သွားပြီး ရှေးဘဝတွေကလဲ အများကြီးဆိုတော့ ပြုလုပ်ပြီး တဲ့အကုသိုလ်တွေလဲ မရှိဘူးလို့ မပြောနိုင်ဘူး၊ ဒါတွေလဲရှိနိုင်တာဘဲ၊

http://www.dhammadownload.com

အဲဒီ မကောင်းမှုတွေကလဲ အကျိုးမပေးနိုင်တော့ဘူး၊ သောတာပတ္တိမဂ်ဉာဏ်က ပယ်ပစ်လိုက်လို့ တစ်ခါတည်း အပါယ်လေးပါးက လွတ်မြောက်သွားတယ်တဲ့။ အရေးကြီးတယ်၊ ဒါကြောင့်မို့လို့ အခုဝိပဿနာတရားတွေ အားထုတ်ကြရတာ။

ဝိပဿနာတရားတွေအားထုတ်ပြီး အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကို ရရင် အပါယ်လေးပါးက တစ်ခါတည်း လွတ်မြောက်သွားတယ်၊ အဲဒါအရေးကြီးပါတယ်။ ဒီထက် တိုးတက်ပြီးတော့ အားထုတ်နိုင်ရင်တော့ ပိုကောင်းတာပေါ့လေ၊ သကဒါဂါမိမဂ်ကိုရောက်ရင် ကာမရာဂ၊ ဗျာပါဒတွေ သိမ်မွေ့နူးညံ့ပြီးတော့သွားတယ်၊ အကြမ်းစားတွေကင်းသွားတယ်၊ အနာဂါမိမဂ်ကို ရောက်တဲ့အခါကြတော့ ကာမ၊ ရာဂ၊ ဗျာပါဒ လုံးလုံးကင်းသွားပြီး၊ ကာမအာရုံနဲ့စပ်ပြီးတော့ ဘယ်စိတ်တစ်ခုမှမဖြစ်တော့ဘူး၊ တော်တော်ဟန်ကျတာပဲ၊ အခုကာမဘုံထဲက သတ္တဝါတွေဟာ ကာမဂုဏ် အာရုံတွေ သာယာနှစ်သက်နေလို့ ဒုက္ခတွေရောက်နေကြတာပဲ၊ အမြင်ကောင်း၊ အကြားကောင်း၊ အနံ့ကောင်း၊ အစားကောင်း၊ အတွေ့အထိကောင်း၊ အဲဒါတွေ သာယာနှစ်သက်နေကြလို့ အဲဒါတွေနောက် လိုက်ပြီးတော့ မရ ရအောင် ရှာမှီးသုံးဆောင် ခံစားနေကြတာ၊ ရပြီးသားတွေလဲ မပျောက်ပျက်အောင် စောင့်စည်းနေကြရတာ၊ အင်မတန်တာဝန်လေးပါတယ်၊ အဲဒီကာမ ရာဂလဲကင်းတယ်၊ ဗျာပါဒ ဒေါသ စိတ်ဆိုးစရာလဲ စိတ်မဆိုးတော့ဘူး၊ စိတ်ဆိုးတဲ့စိတ်ကို မရှိတော့ဘူး၊ ဗျာပါဒ ဒေါသတွေအကုန်ကင်းသွားပြီး အနာဂါမ်ပုဂ္ဂိုလ်ဟာ အင်မတန်ကောင်းပါတယ်၊ ရဟန္တာဖြစ်တော့ အားလုံး ကိလေသာတွေကင်းပါတယ်၊ အဲဒီတော့ အားလုံး ကိလေသာတွေကင်းအောင်လို့

http://www.dhammadownload.com

ဘာဆက်လုပ်ရမလဲဆိုရင် ဝိပဿနာရှုမှတ်၊ ဝိပဿနာရှုလို့ သမာဓိ ဉာဏ်အားကောင်းရင် အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကို ရောက်တယ်၊ အဲသလောက်ရောက်ရင်ကို နေရာကျလှပါပြီ၊ အခုနကပြောတဲ့ မကောင်းမှု အကုသိုလ်တွေက အကျိုးပေးခြင်းကို မရှိတော့ဘူး၊ နောက်ထပ်လဲ အပါယ်လေးပါးကျကြောင်း၊ မကောင်းမှုတွေမဖြစ်ဘူး၊ မကောင်းကျိုးတွေပေးဖို့ ဘယ်အကုသိုလ်မှမဖြစ်တော့ဘူး၊ အတော်နေရာကျတာပဲ။ အဲဒါကြောင့် အခုဒီမှာ တရားအားထုတ်ကြတဲ့၊ ထိုက်သည်အားလျော်စွာ တရားအားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ၊ အားရကြေနပ်လောက်အောင် အားထုတ်ပြီးသားပုဂ္ဂိုလ်တွေလည်းရှိကြတယ်၊ အားမရ မကျေနပ်သေးလဲ အားရကျေနပ်သည်တိုင်အောင်အားထုတ်၊ အားရ ကျေနပ်ပြီးတဲ့အခါကာလ ဒီထက်တိုးတက်ပြီးတော့ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်ဖို့ အရေးကြီးပါတယ်။ အဲဒီလို အားထုတ်ခြင်းဖြင့် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျော်၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ ဝါခေါင်လဆုတ်(၈)ရက်နေ့တွင်
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

ရွှေဘိုးမြုပ်နှံတရားတော်

ကနေ့တော့ အနုမောဒနာတရားဟောရမှာက မိဘနှစ်ပါးကို ရည်စူး၍ ဦးဘရင်+ဒေါ်ထွေးခင်၊ သား-မောင်အောင်ကြည်၊မတင့်လွင် အမှတ်(၃၆) တရုတ်တန်းလမ်း၊ကြည့်မြင်တိုင်၊ရန်ကုန်မြို့က အလှူဝတ္ထုက သီးသန့်ငွေပဒေသာပင်အတွက် တစ်သောင်း၊ အမျိုးသမီးမဏ္ဍပ် အတွက် တစ်ခန်း ၁၅၀၀၀၊ အခုလောလောဆယ်ဆောက်ဖို့ရာ ပြင်ဆင်နေတဲ့ မဏ္ဍပ်နဲ့တူပါတယ်။ ဆရာတော်ဘုရားကြီးနှင့် ဆွမ်းခံသံဃာတော်များ အတွက် ဆွမ်းဟင်းတစ်အိုးအတွက် ၃၀၀၀၊ ဒါက နေ့ဆွမ်း ဆွမ်းဟင်း အတွက်ပေါ့လေ၊ အဲဒါ ရေစက်ချဖို့ ဒီမှာဘဲ သီလပေးပြီး တစ်ခါထဲ ရောရေစက်ချရင်ကောင်းမယ်လို့၊ အများလဲပဲဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေပွားရ၊ ဘုန်းကြီးလဲ အချိန်မကုန်ဘူး၊ တစ်ခါထဲပြီးသွားရော၊ သို့မဟုတ်ရင် သီးသန့်တာ ရေစက်ချလုပ်နေရင် ဒါ အလုပ်တစ်ခုပိုနေတာပေါ့။

သာသနာ့ရိပ်သာလာပြီး တရားအားထုတ်နေကြတဲ့ ရဟန်း, ရှင်လူ, ယောဂီအပေါင်း သူတော်ကောင်းတွေ ချမ်းချမ်းသာသာနဲ့ တရားအားထုတ်နိုင်ဖို့ရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ထောက်ပံ့လှူဒါန်းပြီးတော့

http://www.dhammadownload.com

နေကြတယ်၊ ဟိတေသီအဖွဲ့လည်း ကျွေးမွေးလှူဒါန်းပြီးနေတော့ အင်မတန်အဆင်ပြေပါတယ်။ အဖွဲ့နှစ်ဖွဲ့ ထောက်ပံ့လှူဒါန်းပြီးတော့နေကြ၊ ပုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ထောက်ပံ့လှူဒါန်းရာမှာ အမြဲတမ်း ထောက်ပံ့လှူဒါန်းဖို့ရာ စရိတ်ရအောင်လို့ ငွေပဒေသာပင်တည်ပြီးတော့ထားတယ်။ ငွေပဒေသာပင်လည်း ဟိုကလှူကြ ဒီကလှူကြနဲ့ တော်တော်များများတော့ရနေပါပြီ၊ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ၊ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေက တတ်နိုင်သလောက် လှူကြပါတယ်။ နည်းနည်းလဲလှူတာရှိ၊ များများလဲလှူတာရှိပါတယ်၊ ဘယ်လောက်ပဲလှူလှူ လှူတဲ့စေတနာအလျောက် ငွေပဒေသာပင် ဆိုတဲ့အတိုင်း မိမိလှူဒါန်းထားတဲ့ကုသိုလ်က ဒီမှာ ထာဝရကုသိုလ်ဖြစ်နေတာပါပဲ၊ ကျောင်းအဆောက်အဦများ ဆောက် လုပ်လှူဒါန်း ထားလို့ရှိရင် ကျောင်းအဆောက်အဦကြီး အမြဲတည်နေသလိုပါပဲ၊ ငွေပဒေသာပင်က အမြဲတည်နေပါတယ်။ ငွေပဒေသာပင်က စည်းကမ်းဥပဒေအရ တည်တဲ့နေလို့ရှိရင် မပျက်ဘဲနဲ့ အမြဲတမ်းတည်နေမှာ၊ နှစ်စဉ်နှစ်တိုင်း အတိုးအညွှန့်ရလာရင် အဲဒီ အတိုးအညွှန့်ဖြင့် ယောဂီအပေါင်း သူတော်ကောင်းတွေ ထောက်ပံ့လှူဒါန်းဖို့ ကုသိုလ်ကောင်းမှုတွေပြုရတာ ဘယ်ကုသိုလ်ဖြစ်ဖြစ် ရတနာရွှေအိုးများ မြုပ်နှံတာနဲ့တူတယ်တဲ့။ ရှေ့ခေတ်တုံးကဆိုရင် ပိုနေတဲ့ ရွှေတွေ ငွေတွေကို မြေကြီးထဲ တူးပြီးတော့ မြုပ်ထားရတယ်၊ အနက်ကြီးမြုပ်ရတာ၊ တိမ်တိမ်လေးပဲမြုပ်ထားရင် အလွယ်တကူ ထုတ်ဖော်ယူသွားမှာစိုးလို့၊ တော်တော်နစ်အောင်တူးပြီးတော့ မြုပ်ရတယ်။

ဂမ္ဘီရေ ဩရကန္တီကေ - ရေထွက်လုနီးပါးနစ်အောင်တူးပြီး မြုပ်ရတယ်တဲ့။ ဘာဖြစ်လို့ မြုပ်တာတုန်းဆိုတော့-

http://www.dhammadownload.com

အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိသ္သတိ -တဲ့ အတ္ထေ -အကျိုးစီးပွားနဲ့စပ်သော၊ ကိစ္စ-အမှုကိစ္စသည်၊ သမုပ္ပန္နေ - ဖြစ်ပေါ်လာသည်ရှိသော်၊ မေ - ငါ၏၊ အတ္ထာယ - အကျိုးငှါ၊ ဘဝိသ္သတိ - ဖြစ်ပေလိမ့်မယ်တဲ့။

အဲဒီလို ရည်ရွယ်ပြီးတော့ မြွှေပ်နှံရတာတဲ့၊ အရေးကိစ္စတွေ ပေါ်တိုင်းပေါ့လေ၊ လောကရေးရာနဲ့ပဲပေါ်ပေါ်၊ မင်းရေး စိုးရေးနဲ့ပဲပေါ်ပေါ်၊ လူဆိုးရေးတွေနဲ့ပေါ်ပေါ်၊ အဲဒီမြွှေပ်နှံထားတဲ့ငွေထဲက ယူပြီးတော့ ပြေလည်အောင် ဆောင်ရွက်နိုင်တယ်တဲ့၊ အဲဒီလို ဆောင်ရွက်ဖို့ရာအတွက် ရည်ရွယ်ပြီးတော့ မြွှေပ်နှံထားကြတယ်တဲ့၊ ရှေးတုန်းကပေါ့လေ၊ အခုခေတ်မှာလဲဘဲ ဘာသာတိုက်မှာသွင်းပြီးတော့ ထားကြရတယ်၊ ဒါ ရှေးကမြွှေပ်နှံတာထက် ပိုပြီးတော့ ကောင်းပါတယ်၊ ရှေးကမြွှေပ်နှံတာကတော့ မတော်တဆ ပျောက်ပျက်လည်းသွားနိုင်တယ်၊ အတိုးလဲမရှိဘူး၊ အခုဘာသာတိုက်မှာသွင်းထားတာကတော့ မပျောက်လဲ မပျောက်ပျက်ဘူး၊ သူစည်းကမ်းဥပဒေ အချိုးကျနဲ့ အတိုးအညွှန့်လေးတွေလဲရသေးတယ်၊ သူကဟန်ကျတာပဲ။

သာသနာဘာသာတိုက်မှာအပ်ရင် စိတ်လဲချရ အတိုးလဲများလို့

အခုသာသနာတော်နှင့်စပ်ပြီးတော့ လှူဒါန်း ထောက်ပံ့နေကြရတာကလဲ ဒီအတိုင်းပါပဲ၊ ဒါထက်ပိုပြီးတော့အားကောင်းတယ်၊ လောကမှာ မြေထဲ မြွှေပ်ထားတာတို့၊ ဘာသာတိုက်သွင်းထားတာတို့ဆိုတာတွေက မပျက်စီးစေကာမူ ဒီဘဝတွင်ပဲ သုံးဆောင်ရတာ၊ နောက်ဘဝ မသုံးဆောင်ရတော့ဘူး၊ နောက်ဘဝထိ ယူသွားလို့ မဖြစ်တော့ဘူး၊ ပြီးတော့

http://www.dhammadownload.com

သွင်းထား၊ သိမ်းထားတဲ့ အချိုးအစားကလဲ ဒီထက်ပိုပြီး များများရလာ မှာမဟုတ်ဘူး၊ ဘဏ်တိုက်က အတိုးအညွှန့် ရတယ်ဆိုပေမယ်လို့ သိပ် အများကြီးရတာမဟုတ်ဘူး၊ တော်ရုံပဲ၊ လှူဒါန်းတဲ့ ဒါနကုသိုလ်ကတော့ ဖြင့် ပျက်လဲမပျက်စီးဘူး၊ နောက်ဘဝအထိလဲပဲ အသုံးကျပြီးတော့ သွားတယ်၊ နည်းနည်းလှူပေမယ့်လဲ များများကြီး အကျိုးတွေကိုရတယ်၊ အတိုင်းမသိ အကျိုးတွေကိုရနိုင်တယ်၊ သီလအစရှိတဲ့ ဂုဏ်နဲ့မပြည့်စုံ တဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းရင်တော့ တော်ရုံပဲရမယ်၊ သီလစတဲ့ဂုဏ်နဲ့ ပြည့်စုံ တဲ့ပုဂ္ဂိုလ်ကို လှူဒါန်းလို့ရှိရင် သူကအင်မတန် အကျိုးကြီးတယ်၊ မြတ်စွာ ဘုရားသာသနာတွင်းမှာဆိုရင်တော့ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်ကစပြီး တော့ အသင်္ချေယျ၊ အပွမေယျ၊ အကျိုးရှိတယ်ဆိုတာပဲ၊ အသင်္ချေယျ-မရေမတွက်နိုင်လောက်အောင် များသော အကျိုးရှိတယ်တဲ့၊ အင်မတန် အကျိုးကြီးပါတယ်။ သာသနာတော်တွင်းမှာ လှူရတာက အခုလို ရိပ်သာ နဲ့ပတ်သက်ပြီး ယောဂီပုဂ္ဂိုလ်များကို ထောက်ပံ့ လှူဒါန်းဖို့ ဆိုတာက တော့ဖြင့် ဒါအလှူခံ ပုဂ္ဂိုလ်တွေက အင်မတန် စင်ကြယ်နေတဲ့ပုဂ္ဂိုလ်တွေ ပဲ၊ ပြီးတော့ တစ်ကြိမ်တည်းလဲမဟုတ်ဘူး၊ အစဉ်ထာဝရ ထောက်ပံ့လှူ နေရတာ၊ အင်မတန် ထူးခြားမြင့်မြတ်တဲ့ ကုသိုလ်ပါပဲ၊ အဲဒါ အသင်္ချေယျ၊ အပွမေယျ အကျိုးတွေပေးတဲ့အပြင် နောက်ဘဝလဲပဲ ဒီကုသိုလ်က အစဉ် တစိုက်လိုက်ပါနေတယ်တဲ့။

ဇသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။

သုနိဟိတော-ကောင်းစွာမြှုပ်နှံ၍ထားအပ်သော၊ **ဇသော နိဓိ**-ဤ ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးသည်၊ **အဇေယျော**-သူတစ်ပါးတို့က မအောင်မြင်အပ်သော ရတနာရွှေအိုးပဲ၊ သူတစ်ပါး

http://www.dhammadownload.com

တွေက အနိုင်ယူပြီးတော့ မသိမ်းယူနိုင်ဘူး၊ သူတစ်ပါးတွေက လုလည်း မယူနိုင်ဘူး၊ တိတ်တိတ်လဲခိုးပြီးတော့ မယူနိုင်ဘူး၊ အနုဂါမိကော-ကောင်းမှုရှင်နောက်သို့ အစဉ်လိုက်ပါနေသော ရတနာရွှေအိုးပဲတဲ့။ ကောင်းမှုရှင်နောက်သို့ အစဉ်လိုက်ပြီးတော့နေတယ်၊ အဲဒါက ဒါန ကုသိုလ်တင်လားဆိုတော့ မဟုတ်ပါဘူး၊ အကုန်လုံး ရတနာရွှေအိုး ချည်းပဲ။

လူကြီး လူငယ် အထီး အမ မရွေး မြှုပ်နိုင်တဲ့ရွှေအိုး

ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္တိယာ ပုရိသဿဝါ။

ယဿ ဣတ္တိယာ ဝါ - အကြင်မိန်းမ-အမျိုးသမီးအားလည်း ကောင်း၊ ယဿ ပုရိသဿ ဝါ -အကြင်အမျိုးသားအားလည်းကောင်း၊ ဒါနေနစ -ပေးကမ်း လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ သီလေန စ -ကိုယ်နှုတ်ကိုစောင့်ထိန်းခြင်း သီလဖြင့်လည်းကောင်း၊ သံယမေန စ - စိတ်ကို စောင့်ထိန်းခြင်း သမာဓိဖြင့်သော်လည်းကောင်း၊ ဒမေန စ -ကိလေသာ စိတ်ကြမ်းတွေ ဖြစ်ခွင့်မရှိအောင် ယဉ်ကျေးစေနိုင်သော ဝိပဿနာပညာ ဖြင့်လည်းကောင်း၊ နိဓိ-ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုး ကို၊ သုနိဟိတော-ကောင်းစွာ မြှုပ်နှံအပ်သည်၊ တောတိ-ဖြစ်၏တဲ့။

အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီးဖြစ်ဖြစ် ရတနာရွှေအိုး မြှုပ်နိုင်တယ်တဲ့၊ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် မြှုပ်နိုင်တယ်၊ ဘယ်ပုံဘယ်နည်း မြှုပ်နိုင်သလဲဆိုရင် ဒါနဖြင့် လှူဒါန်းပြီးတော့လဲ မြှုပ်နိုင်တယ်တဲ့၊ ဒါန ဆိုတော့ အလှူလှူပေါ့လေ၊ ဆွမ်းတစ်စွန်းလှူတာလဲ ဒါနဘဲ၊ ဒါလဲ မြှုပ်နှံ

http://www.dhammadownload.com

ပြီးသားဖြစ်သွားတာပဲ၊ တတ်နိုင်သလောက်လှူဒါန်း၊ လှူဒါန်းသလောက် မြုပ်နှံပြီးသားဖြစ်သွားတယ်တဲ့၊ တစ်ကျပ်တန်လှူရင်လဲ တစ်ကျပ်တန် မပျက်တော့ဘူး၊ တစ်ဆယ်တန်လှူဒါန်းရင် တစ်ဆယ်တန်မပျက်တော့ ဘူး၊ တစ်ရာတန်၊ တစ်ထောင်တန်၊ အခုတော့ အထူးပြောစရာမရှိဘူး ပေါ့၊ ဒီမှာတော့ တစ်သောင်းကျော်၊ ဒါတွေက ဘယ်တော့မှ မပျက်ဘူး၊ အစဉ်ထာဝရ တည်တံ့ပြီးတော့သွားတယ်တဲ့၊ ဒါနသာမဟုတ်ဘူး၊ သီလ လဲဘဲ စောင့်ရှောက်တဲ့၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလဟာ ဗုဒ္ဓဘာသာ ဝင်တွေ စောင့်ရှောက်နေကြတာပဲ၊ အချို့းတက္ကတရားတွေနာရကြားရ ကျင့်သုံးရတဲ့ နေရာဌာနတွေမှာ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ပြည့်စုံအောင် စောင့်ရှောက်ကြတယ်၊ ညွှန်ကြားမှု ဆုံးမမှုမရတဲ့ တရား ဌာနတွေကြတော့ သရဏဂုံသုံးပါး ဆောက်တည်ရတယ်ဆိုတာ မသိပါ ဘူး၊ သာသနာ့အပြင်ဘက်မှာဆိုရင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကို ကိုးကွယ်ရမှန်း မသိကြဘူး၊ သူတို့ဘာသာနှင့်သူတို့ ကျေနပ် ပြီးတော့ နေကြတာပဲ၊ ကုသိုလ်ပြုရမယ့်အချိန်တွေ၊ ကုသိုလ်ကို မပြုရ တော့ဘူး၊ ငါးပါးသီလ ဆောက်တည်ရမယ်ဆိုတာကိုလည်း မသိကြဘူး၊ မသိတော့ ငါးပါးသီလလဲ ဗုဒ္ဓဘာသာအပြင် ဘယ်မှာမဆို ကျင့်သုံးတာ မျှားပါတယ်၊ ကျင့်သုံးတဲ့ပုဂ္ဂိုလ် နည်းနည်းပါးပါးတော့ရှိပါတယ်။

ချွင်းချက်ရှိတဲ့ ငါးပါးသီလ

ဗြဟ္မဏဝါဒ၊ ဟိန္ဒူဝါဒတွေမှာတော့ သူတို့ ငါးပါးသီလတွေ ရှိ တန်သလောက်တော့ ရှိကြပါတယ်။ တစ်ချို့ အခုခေတ် ဘာသာတွေ မှာလဲ ငါးပါးသီလ ရှိတန်သလောက်တော့ ရှိကြပါတယ်။ ဒါပေမယ့်လို့

http://www.dhammadownload.com

သူတို့က ခြင်းချက်တွေရှိပါတယ်။ "မသတ်ရဘူး"ဆိုလို့ရှိရင် လူသာ မသတ်ရတာ၊ ဒိုပြင်ဟာတွေ သတ်လို့ရှိရင် ကိစ္စမရှိဘူး၊ ဒီလိုခြင်းချက်တွေလဲရှိတယ်၊ အဲဒီတော့ ငါးပါးသီလဟာ မပြည့်စုံတော့ဘူး၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေထဲမှာလည်း တရားအစစ်အမှန်တွေ မကြားရ၊ မနာရတဲ့ နေရာတွေဆိုလို့ရှိရင် ငါးပါးသီလဟာ မပြည့်စုံဘူး၊ တစ်ချို့ အရက်သေစာတွေ၊ ဘိန်းတွေ မှီဝဲနေကြတယ်၊ သာမန်လူတွေမပြောနဲ့ သင်္ကန်းဝတ်နေတဲ့ရဟန်းတွေကလဲ အရက်သောက်လိုက်၊ ဘိန်းရှူလိုက်၊ ဘိန်းစားလိုက်၊ ဒီလိုဟာတွေ ရှိတယ်လို့ဆိုတာကိုး၊ မြန်မာပြည်ထဲက အစွန်အဖျားနေရာတွေမှာ ရှိတယ်လို့ ပြောပါတယ်၊ ဒီတော့ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေတောင် ငါးပါးသီလမလုံရင် သူတို့နဲ့စပ်တဲ့ ဒကာ ဒကာမတွေ ငါးပါးသီလလုံဖို့ရာ ခက်တာပေါ့၊ ဒီဥစ္စာ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေကို ပြည့်ပြည့်စုံစုံ မကြား မနာရ၊ ပြည့်ပြည့်စုံစုံ မကျင့်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ငါးပါးသီလလဲ မပြည့်စုံဘဲ နေတတ်တယ်၊ ဒီမှာတော့ သရဏာဂုံသုံးပါးနှင့်တကွ ငါးပါးသီလဆိုတာ များသောအားဖြင့် ပြည့်ပြည့်စုံစုံကျင့်နေကြရတာပါပဲ။ ဒီမှာလာပြီးတရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ သေသေချာချာပြည့်စုံနေတာပါပဲ၊ အဲဒီ သီလစောင့်ခြင်း၊ သီလထိန်းသိမ်းခြင်း အကြောင်းပြုပြီးတော့ ရသင့်ရထိုက်တဲ့ လောကပစ္စည်းတွေ မရဘဲနဲ့ လျော့ကျနိုင်တာတော့ ရှိတာပေါ့လေ၊ သတ်မှရမယ့်ဥစ္စာ၊ ခိုးမှရမဲ့ ဥစ္စာ မသတ် မခိုးဘဲနဲ့နေတော့ မရတော့ဘူး၊ မရပေမယ့်လို့ အဲဒါတွေလဲ ရတနာ ရွှေအိုး မြုပ်နှံပြီးသားဖြစ်သွားတာပဲ၊ ဘယ်တော့မှ ဒီဥစ္စာမပျက်ဘူး၊ နောက်ရှစ်ပါး သီလဆိုတာကတော့ သီတင်းနေ့တွေမှာကြတော့ ဒီမှာ ရှစ်ပါးသီလ ဆောက်တည်ကြတယ်၊ ဝါတွင်းဆိုရင်တော့ ဆောက်

http://www.dhammadownload.com

တည်တာမျှားပါတယ်၊ ဒီသာသနာ့ရိပ်သာမှာတော့ ဝါပမှာလည်း ရှစ်ပါး သီလဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ များပါတယ်၊ ရှစ်ပါးသီလဆိုတော့ ပိုပြီး တော့မြင့်မြတ်တာပေါ့။

စိတ်ခွဖ်းအားတိုးဖြင့် သမာဓိကိုကျင့်

သီလသာမဟုတ်ဘူး၊ သီလပြီးတော့ "သံယမ"ခေါ်တဲ့ သမာဓိ ဘာဝနာအလုပ်ကိုလဲ ကြိုးစားအားထုတ်ကြရမယ်၊ ကသိုဏ်း၊ စသည် အားထုတ်ရင် ကသိုဏ်းအာရုံခံစိတ်ဝင်စားနေရမယ်၊ အာနာပါ ထွက်သက် ဝင်သက်ရှုနေရင်လဲ ထွက်သက် ဝင်သက်ထဲမှာပဲ စိတ်ကတည် နေရတယ်၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောာ၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသည်ဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသ ရှုရင်လဲ အဲဒီထဲမှာပဲ စိတ်ရောက်နေရမယ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေ နှလုံးသွင်းနေလဲ အဲဒီထဲမှာပဲ စိတ်ရောက်နေရမယ်။ အခြားဘယ်မှ မသွားရဘူး၊ အဲဒီလိုသာ သမာဓိဘာဝနာ အလုပ်ကျင့် နေရင်လဲ အကုသိုလ်တွေ ကင်းနေတာပဲ၊ အကုသိုလ်ကင်းအောင်လို့ စောင့်စည်းတဲ့ ဘာဝနာ သမာဓိဟာလဲဘဲ ရတနာရွှေအိုးပဲတဲ့၊ သမာဓိ အကျင့်တွေ ကျင့်ထားလို့ရှိရင် အဲဒီကုသိုလ်တွေက အစဉ်ထာဝရ လိုက်ပြီးတော့ အကျိုးပေးမယ်။

အဖိုးတန်ဆုံး ရွှေအိုး

ဝိပဿနာပညာအကျင့်တဲ့၊ ဒါကတော့ အကောင်းဆုံးပေါ့လေ၊ ဒါနတို့၊ သီလတို့ဆိုတာတွေက သာသနာပမှာလည်း ရှိတန်သလောက် ရှိပါတယ်၊ ဝိပဿနာပညာဆိုတာကတော့ သာသနာပမှာ မရှိဘူး၊ ဘုရား

http://www.dhammadownload.com

မပွင့်တဲ့အခါဆိုရင် ဝိပဿနာရှုရမှန်းမသိဘူး၊ မဂ္ဂင်ရှစ်ပါးတရားတွေ ပွားများရမှန်းမသိဘူး၊ မိမိတို့ သန္တာန်မှာရှိတဲ့ ရုပ်နာမ်တွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့သိအောင် ရှုရမယ်၊ အဲဒါမသိဘူး၊ မသိတော့ ဝိပဿနာရှုဖို့ ဆိုတာ သာသနာပမှာ မဖြစ်နိုင်ဘူး၊ ဗုဒ္ဓသာသနာတွင်းတောင်မှ ဗုဒ္ဓဘာသာဝင်တွေပါလို့ အမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေလဲ တရားရှုမှတ်နည်းကို မရတဲ့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာရှုလို့မဖြစ်ဘူး၊ မြန်မာပြည်တွင်းမှာဘဲ လိုက်ကြည့်မယ်ဆိုလို့ရှိရင် ဝိပဿနာရှုရတယ်ဆိုတာကို နားလည်တဲ့ ပုဂ္ဂိုလ်ကနည်းတယ်၊ မကြားဘူးတဲ့ပုဂ္ဂိုလ်တွေ၊ ကြားဘူးတောင်မှဘဲ တချို့ကအားမထုတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတာပဲ၊ မိမိတို့သန္တာန်က တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တလို့ အမှန်အတိုင်း သိအောင်ရှုရမယ်ဆိုတာ မကြားဘူးတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ကြားဖူးပေမယ်လို့လဲ နားမလည်တဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ကြားဖူးပေမယ်လို့ မယုံကြည်တဲ့ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်။ အဲဒီပုဂ္ဂိုလ်တွေမှာ ဝိပဿနာကုသိုလ်တွေ မဖြစ်တော့ဘူး၊ ဒီမှာ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဒီသာသနာ့ရိပ်သာမှာ လာပြီးတော့ တရားနာနေတဲ့ပုဂ္ဂိုလ်တွေကတော့ ဝိပဿနာရှုပုံရှုနည်းတွေကို ကြား၊ နာ၊ သိရတော့ အင်မတန်ကျေးဇူးများပါတယ်၊ တရားအားထုတ်ကြ၊ များများမဟုတ်လဲ နည်းနည်း၊ တချို့ကလဲ အချိန်မအားတာနဲ့ကို ကြာကြာလာအားမထုတ်နိုင်ဘူး၊ အားလပ်တဲ့အချိန်လေးတွေ အားထုတ်၊ အားထုတ်သလောက် ဝိပဿနာကုသိုလ်တွေဖြစ်တာပါပဲ၊ အချိန်ပြည့်ပြည့်စုံစုံအားထုတ်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့၊ အခုဒီမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ များလာပါတယ်၊ အမျိုးသမီးယောဂီတွေဆို(၁၅၀)ကျော်ရှိတယ်၊ အမျိုးသားတွေ

http://www.dhammadownload.com

ဆိုရင်လည်း မနေ့တုန်းက ကြည့်တော့(၇၀)ကျော်ရှိတယ်။ ရဟန်းတွေလဲ(၅၀)လောက်ရှိပါတယ်၊ ရဟန်းတွေက အသစ်တွေ အဟောင်းတွေ ဆိုရင်တော့ (၄၀၀)ကျော်လောက်တော့ ရှိပါလိမ့်မယ်။ အင်မတန် အားရစရာကောင်းပါတယ်။ မြတ်စွာဘုရားရဲ့ သာသနာတော် တိုးတက်နေတယ်လို့ဆိုရမှာဘဲ၊ သာသနာတိုးတက်သလောက် အဲဒီ ကျင့်တဲ့ပုဂ္ဂိုလ်တွေ အကျိုးများတာဘဲ၊ ဝိပဿနာကုသိုလ်တည်းဟူသော ရတနာရွှေအိုးတွေ မြုပ်နှံရတာတဲ့။

ဘယ်သူ့မှလုမယူနိုင် သွားလေရာပါတဲ့ရွှေအိုး

အဲဒီရတနာရွှေအိုးတွေဟာ၊ **အဇေယျော** - သူတစ်ပါးတွေက ဘယ်နည်းနှင့်မှ အနိုင်မယူနိုင်ဘူး၊ **လုမယူနိုင်ဘူး**၊ **အနုဂါမိကော** - အစဉ်တစိုက် လိုက်ပါနေတယ်တဲ့၊ **ပဟာယ** - ပယ်စွန့်၍၊ **ဂမနီယေသု** - သွားအပ်သောအရာဌာနတို့၌၊ **ဇေတံ** - ဤကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးကို၊ **အာဒါယ** - ယူ၍၊ **ဂစ္ဆတိ** - သွားရ၏၊ တဲ့။

တစ်နေ့ကြရင်တော့ တစ်ဘဝ တစ်ဘဝမှာ သေရမှာဘဲတဲ့၊ သတ္တဝါတွေဟာ နောက်ဆုံးကြတော့ သေရမယ်၊ ဘဝဟောင်း ရုပ် နာမ်တွေက အင်အားမရှိတော့ ရုပ်နာမ်တွေ ဆက်မဖြစ်နိုင်တဲ့အချိန်မှာ သေတယ်လို့ခေါ်ရတာပဲ၊ ဒါပေမယ်လို့ ကိလေသာမကင်းသေးတဲ့ပုဂ္ဂိုလ်တွေမှာတော့ ခန္ဓာအသစ်မှာ ဘဝအသစ် ရုပ်နာမ်တွေ ဒီလိုပဲ ဖြစ်သွားကြရမှာပါပဲ၊ သေခါနီး စွဲလန်းတဲ့အာရုံပြုပြီးတော့ ဘဝအသစ်ပြန်ဖြစ်ရတယ်။ အဲဒါအပြတ် အခြားမရှိပါဘူး၊စုတိစိတ်ဆိုတာ ဆုံးတာနဲ့ ပဋိသန္ဓေစိတ်ဆိုတာ ဆက်ဖြစ်တာ။

http://www.dhammadownload.com

အကြားမရှိဘူး၊ အခု ရှေ့စိတ်ဖြစ်ပြီး နောက်စိတ်ကလေးဖြစ်တာနဲ့ အတူတူပဲ၊ ဘာမှမထူးဘူး၊ ဘာမှကြာရှည်တာမဟုတ်ဘူး၊ ဒီကစုတိစိတ်ဆုံးတာနဲ့ ဟိုက ပဋိသန္ဓေစိတ်ဖြစ်တာပဲ၊ ဒီဌာနမှာသာ စိတ်တွေမရှိလို့ သေတယ်လို့ခေါ်ရတာ၊ ဘဝသစ်ကတော့ ဖြစ်သွားတာပဲ၊ အဲဒီလို သံသရာကျင်လည်ပြီးတော့နေကြရတာ။ ဒီလို ကျင်လည်နေရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေကြတော့ ကုသိုလ်ကောင်းမှု ယူသွားနိုင်တယ်တဲ့၊ တမင်တကာ ယူရတာမဟုတ်ပါဘူး၊ သူ့ဖာသာသူ ပါသွားတာပါ၊ လောကမှာ ရွှေငွေ အစရှိတဲ့ ဥစ္စာတွေကတော့ စွန့်ခွါသွားရတာပဲတဲ့၊ ပဟာယ ဂမနီယေသု - တဲ့၊ ပယ်သွားရတာပဲတဲ့၊ ဒါတွေဘယ်သူကမှ ယူမသွားနိုင်ဘူး၊ ကိုယ့်ခါးမှာ ဝတ်ထားတဲ့ အဝတ် ယူသွားနိုင်တာမဟုတ်ဘူး၊ ဘဝသစ်ကူးပြောင်းရင် ပစ်ထားခဲ့ရတာချည်းပဲ၊ ကိုယ့်ကို ဆိုတဲ့ ရုပ်ကြီးကိုလဲ ယူမသွားနိုင်ဘူး၊ စွန့်ထားခဲ့ရတာပဲ၊ အဲဒီလို စွန့်ပယ်ပြီးတော့ ဘဝသစ် သွားရတဲ့ လောကထဲမှာ၊ ဇတံ - ဤကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးကို၊ အာဒါယ ဂစ္ဆတိ - ယူပြီးတော့သွားနိုင်၏။ ဒါနဖြစ်ဖြစ်၊ သီလဖြစ်ဖြစ်၊ သမထကုသိုလ်ဖြစ်ဖြစ်၊ ဝိပဿနာကုသိုလ်ဖြစ်ဖြစ်၊ အဲဒီ ရတနာရွှေအိုးတွေက ပါသွားတာပဲ၊ တမင်တကာ ယူသွားရတာမဟုတ်ပါဘူး၊ သူဖာသာသူ လိုက်ပါပြီးတော့ အကျိုးပေးတာ။ ဒီကုသိုလ် ကောင်းမှုတွေက ဘဝအသစ်ဖြစ်ရမယ့်နေရာမှာ စောစောကထဲက ကောင်းကျိုးတွေကို ဖြစ်စေနိုင်တာပဲ၊ ဖြစ်ရမယ့်ဘဝမှာ ဘုံဗိမာန် ပဒေသာပင်တွေ စောစောက ဖြစ်နေပြီ၊ ဒီက မသေ သေးဘူး၊ နောက်ဒီကသေသွားတဲ့အခါကာလ အဲဒီမှာ ရောက်သွားတာ ပဲ၊ အခြွေအရံတွေ ဟိုမှာရှိနေပြီ၊ အဲ-ကုသိုလ်ရှင်က ဒီမှာ မသေသေးခင်

http://www.dhammadownload.com

ကတည်းက ဟိုမှာရှိနေတာ၊ ဒီကသေသွားတော့ အဲဒီမှာ ရောက်သွားတာ၊ လူဖြစ်တယ်ဆိုလို့ရှိရင်လဲဘဲ ရှေးဘဝက ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေက ဖြစ်ရမယ့် မိဘတွေ အဆင်သင့်ပဲ၊ အဲဒီမိဘတွေမှာ ပစ္စည်း ဥစ္စာ ရတနာတွေ တိုးတက် ပြည့်စုံပြီးတော့ နေကြတယ်၊ ကုသိုလ်ကောင်းမှု အထူးရှိတဲ့ သားသမီးတွေ ရလာလို့ရှိရင် မိဘတွေလဲ ပစ္စည်း ဥစ္စာ ရတနာတွေ တိုးတက်တယ်ဆိုတာ အဲဒီကုသိုလ်ကောင်းမှုကြောင့်ပဲ ကောင်းမှုရှင်လာတော့မဲ့ မိဘတွေမှာလဲ စီးပွားဥစ္စာတွေ တိုးတက်ပြီးတော့ လာတယ်၊ ဒါတွေက ကုသိုလ်ကောင်းမှုက စောစောက ဘယ်လို အကျိုးပေးတာ၊ ဒါကြောင့် ကုသိုလ်ကောင်းမှု ယူသွားသလိုဖြစ်လို့ တေံ အာဒါယ ဂစ္ဆတိ။ တေံ - ဤကုသိုလ်ကောင်းမှုကို၊ အာဒါယ - ယူပြီးတော့၊ ဂစ္ဆတိ - သွား၏။ ယူသွားတယ်လို့တာ ပြောတာ၊ တဆင့်ယူတာတော့ မဟုတ်ဘူး၊ သူဖာသာသူ အကျိုးပေးတာ၊ ဘယ်အချိန်မဆို အဲဒီကုသိုလ်က လိုက်ပြီးတော့ အကျိုးပေးနေတာပဲ။

ချမ်းသာသုံးမျိုးကို ရွှေအိုးနှင့်သာဝယ်နိုင်

မာနုသိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာန သမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

မာနုသိကာ - လူပြည်လောကဌ်ဖြစ်သော၊ ယာ သမ္ပတ္တိစ - အကြင်စည်းစိမ်ချမ်းသာသည်လည်းကောင်း၊ ဒေဝလောကေ - နတ်ပြည်ဌ်ဖြစ်သော၊ ယာ ရတိ စ - အကြင်မွေ့လျော်ဖွယ် ချမ်းသာသည်လည်းကောင်း၊ ယာ စ နိဗ္ဗာန သမ္ပတ္တိ-အကြင် နိဗ္ဗာန်ချမ်းသာသည်လည်းကောင်း၊ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံးစုံကို၊ တေန - ဤကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ - ရနိုင်၏။

http://www.dhammadownload.com

လူပြည်လောကထဲမှာ လူချမ်းသာတွေဆိုတာ၊ မင်းဖြစ်ပြီးတော့ ချမ်းသာတာ၊ သူဌေးဖြစ်ပြီးတော့ချမ်းသာတာ စသည်ဖြင့် လူချမ်းသာတွေရှိတယ်၊ အဆင်းလှတာတို့၊ ခွန်အားကြီးတာတို့၊ အဆွေအရံများတာတို့၊ အဲ လူ့လောကမှာ ဒါ ချမ်းသာတွေပေါ့လေ၊ အဲဒါလဲ ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးဖြင့်ရတာဘဲ၊ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုချမ်းချမ်းသာသာနဲ့ ပြည့်စုံနေတာပါပဲ၊ လောကစားဝတ်နေရေးတွေ၊ အဆင်မပြေဘူးဆိုပေမယ့်လည်း ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ အဆင်ပြေနေတာပါပဲ၊ ဘေးရန်အန္တရာယ်တွေ တွေ့လို့ ကြုံလို့ ဆင်းရဲကြတယ်ဆိုလဲ ကောင်းမှုကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ နေသာ ထိုင်သာပါပဲ၊ နတ်ပြည်လောက ရောက်သွားလို့ ရှိရင်လဲ နတ်ချမ်းသာတွေ ဒီလို ပြည့်စုံတာဘဲ။

နိဗ္ဗာန်ချမ်းသာတဲ့၊ အဲဒါက အရေးကြီးတယ်၊ ရဟန္တာဖြစ်ပြီးတော့နိဗ္ဗာန်ရောက်တယ်ဆိုတာလဲ ကုသိုလ်ကောင်းမှု ရတနာရွှေအိုး ရှိလို့၊ ဒါနစတဲ့ကုသိုလ်ကောင်းမှုပြု၊ အဲဒီကုသိုလ်ကောင်းမှုကြောင့် "မင်္ဂဖိုလ် နိဗ္ဗာန် လျင်မြန်စွာ ရ ရပါလို၏"လို့ ဒီလို ဆုတောင်းရတာဘဲ တချို့ကြတော့လဲ သြကာသ ဘုရားရှိခိုးထဲမှာ ဆရာက သင်ပေးတဲ့အတိုင်း ဆိုနေကြတာ ကြားရတယ်၊ ဘယ်လိုဆိုတုန်းဆိုတော့ "အဆုံးစွန်သော ဘဝ၌ မင်္ဂညာဏ် ဖိုလ်ညာဏ် နိဗ္ဗာန် ရ ရပါလို၏"တဲ့။ အဲဒီတော့ မင်္ဂဖိုလ် နိဗ္ဗာန်ကို စောစောက မရသေးဘဲနဲ့ အဆုံးစွန်သောဘဝကျမှ ရအောင် ဆုတောင်းသလိုဖြစ်နေတယ်၊ အဲဒါတော့ မလိုပါဘူး၊ စောစောကတည်းက သောတာပတ္တိမင်္ဂဖိုလ်ကို ရထားရင်ဖြစ်တာဘဲ၊ အဲဒီတော့ လျင်မြန်စွာရတယ်ဆိုရင် ကောင်းတယ်။ "မင်္ဂညာဏ် ဖိုလ်ညာဏ် နိဗ္ဗာန်ကို လျင်မြန်

http://www.dhammadownload.com

စွာ ရ ရပါလို၏" အဲဒီလို ဆုတောင်းတာ အကောင်းဆုံးပါပဲ၊ အဲဒီဆု တောင်းတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဤကုသိုလ်ကောင်းမှုက နောက် ဘဝအကျိုးပေးတော့ တစ်ခြားဟာမျိုးတော့ မဟုတ်ပါဘူး၊ အခုဘဝမျိုး ပါပဲ၊ အခုဘဝလဲ ရှေးက ကုသိုလ်ပြု "မင်ဉာဏ် ဖိုလ်ဉာဏ် ရ ရပါလို ၏။" လို့ ဆုတောင်းခဲ့လို့ လူလာဖြစ်ရတာကိုး၊ မြတ်စွာဘုရားရဲ့ သာသ နာတော်တွင်းမှာ မင်ဖိုလ်နိဗ္ဗာန်ရနိုင်တဲ့ဘဝ၊ ကုသိုလ်ကောင်းမှုကပို့ ပေးတာ၊ အခုဘဝမှာ တရားအားထုတ်ရင် မင်ဖိုလ်နိဗ္ဗာန်ရမှာပဲ၊ အဲ-အခုဘဝ အားမထုတ်နိုင်သေးလဲ အခုပြုတဲ့ဒါနကုသိုလ်၊ သီလကုသိုလ်၊ အဲဒီကုသိုလ်တွေကြောင့် နောက်ဘဝမှာ ဒိထက်ဘဝကောင်းရမှာပေါ့ လေ၊ နတ်ဘဝတွေဘာတွေရ၊ ရောက်ရာဘဝမှာ တရားနှလုံးသွင်းပြီး တော့ မင်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်၊ အဲဒီတော့ ဒါနကုသိုလ်ကြောင့်၊ သီလ ကုသိုလ်ကြောင့်၊ မင်ဖိုလ်နိဗ္ဗာန်ရတာ၊ ရတနာရွှေအိုးကြောင့် ရသွားတာ ပဲ၊ သမာဓိကုသိုလ်၊ ပညာကုသိုလ်တွေလဲရှိမှ၊ သမာဓိပညာကုသိုလ်တွေ မရှိရင် ဒါကလဲ မင်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး၊ နောက်ဆုံး ဝိပဿနာရှုမှ နိဗ္ဗာန် ရောက်တာ၊ အဲဒီ ရတနာရွှေအိုးကတော့ ချက်ချင်းပဲ အကျိုးပေးတယ်၊ အခုအားထုတ်ရင် အခုလဲ အကြောင်းညီညွတ်ရင် မင်ဖိုလ်နိဗ္ဗာန်ရောက် နိုင်တယ်။ မြတ်စွာဘုရားတွေလဲ ဒီရတနာရွှေအိုး အမှီပြုပြီး ဘုရားဖြစ် ရတာဘဲ၊ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် ဘုရားဖြစ်ရတာ၊ ဘုရား အဖြစ်ဆုတောင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုကြ၊ တရားတွေအား ထုတ်ကျင့်သုံး၊ နောက်ဆုံးမှာလဲ ဘုရားဖြစ်မဲ့ဘဝ ဘုရားဖြစ်ကာနီးမှာ တရားနှလုံးသွင်းအားထုတ်၊ ဝိပဿနာကုသိုလ်တွေပွား၊ အဲဒီရတနာ ရွှေအိုးကြောင့် ဘုရားဖြစ်ရတယ်တဲ့၊ ပစ္စေကဗုဒ္ဓါကလဲ ဒီအတိုင်းပဲ ဒါန၊

http://www.dhammadownload.com

သီလ၊ သမာဓိ၊ ဝိပဿနာပညာ ကုသိုလ်တွေကြောင့်ပဲ ပစ္စေကဗုဒ္ဓါဖြစ်ရတယ်တဲ့၊ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ၊ အခုတရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေလဲ ရှေးဘဝကကုသိုလ်ကြောင့် မဂ်ဖိုလ် နိဗ္ဗာန် ရအောင် ကျင့်သုံးနိုင်တဲ့ လူဘဝမျိုး၊ ဘဝကောင်း ဘဝမြတ် ရကြတယ်၊ မြတ်စွာဘုရားဟောတဲ့ တရားတွေ နာရ၊ ကြားရ၊ သဒ္ဓါတရားတွေဖြစ်၊ အားထုတ်လိုတဲ့ဆန္ဒဖြစ်ရင် အားထုတ်ကြတာပဲ၊ အားထုတ်တော့ မဂ်ဖိုလ်နိဗ္ဗာန်တွေ ရသွားကြတယ်။ ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးကြောင့် ရတာတဲ့၊ အဲဒါကြောင့် လူချမ်းသာဖြစ်ဖြစ်၊ နတ်ချမ်းသာဖြစ်ဖြစ်၊ နိဗ္ဗာန်ချမ်းသာဖြစ်ဖြစ် ဘယ်လို ချမ်းသာမျိုးမဆို ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးဖြင့် ရ၏တဲ့၊ ကုသိုလ်ကောင်းမှုတွေပြုတိုင်း ပြုတိုင်း ဘာကုသိုလ်ပြုပြု ဒါနဖြစ်ဖြစ် သီလဖြစ်ဖြစ် ဘာဝနာဖြစ်ဖြစ် ဒါ ရတနာရွှေအိုးဘဲ၊ ကနေ့ အထူးအားဖြင့်တော့ ရေစက်ချဖို့က သာသနာ့ရိပ်သာက ယောဂီအပေါင်းတွေ ထောက်ပံ့မှု ငွေပဒေသာပင်အဖြစ်နှင့် တစ်သောင်းငွေကို လှူဒါန်းသည်တဲ့၊ ဒါ ရတနာရွှေအိုးပဲ၊ ဒါအမြဲတမ်းတည်နေတာ၊ နှစ်စဉ်နှစ်တိုင်းရတဲ့အတိုးအညွှန့်တွေနဲ့ ယောဂီပုဂ္ဂိုလ်တွေ ထောက်ပံ့လှူဒါန်းပြီးတော့ သွားရတာ၊ သာသနာတည်တဲ့ခြင်း၏ အကြောင်းလဲဖြစ်တယ်၊ သာသနာတိုးတက်ကြီးပွားခြင်း၏ အကြောင်းလဲဖြစ်တယ်၊ ဒါအင်မတန် ဝမ်းသာစရာကောင်းပါတယ်။ ရှေ့က မဏ္ဍပ်ဆောက်လုပ်ရာမှာလည်း (၁၅၀၀)လှူတယ်၊ ရှေ့က မဏ္ဍပ်ကလည်း လိုနေတာပါဘဲ၊ ရှေးတုန်းကတော့ ဒီ ဘုန်းကြီးတို့ ရောက်ကာစတုန်းကပေါ့လေ၊ ပရိသတ်က သိပ်မများသေးဘူး၊ ဒီဓမ္မာရုံကြီးဆိုရင် ဒါ-ကျယ်နေတာဘဲ၊ ဓမ္မာရုံကြီးက စောစောက မပြည့်ဘူး၊ ဆာဦးသွင်က

http://www.dhammadownload.com

မေးပါတယ်၊ အထက်ထပ် လုပ်စရာတော့ လိုမယ်မထင်ပါဘူးတဲ့၊ ဟို တုန်းကတော့ မလိုဘူးကိုး၊ ဒါနဲ့ ဘုန်းကြီးကလဲ မလိုပါဘူးလို့ပြောလိုက် တယ်၊ ဟိုတုန်းကတော့မလိုဘူး၊ တစ်ထပ်ထဲနဲ့ လုံလောက်နေတာကိုး၊ ဟိုတုန်းက နှစ်ထပ်လုပ်ထားလို့ရှိရင်တော့ ဘုရားကအထက်ထပ်မှာ ထားရမှာ၊ အကျယ်အဝန်းကတော့ ဟိုတုန်းက မြေရသလောက်တော့ လုပ်တာပါဘဲ၊ ဟိုဘက်ကလဲ ကားလမ်းရှိနေတာနဲ့ ဒီထက်တော့မတိုးနိုင်တော့ဘူး၊ ဒီဘက်ကလဲ ဆွမ်းစားကျောင်းနဲ့ဆိုတော့ မတိုးနိုင်တော့ ဘူး၊ ရသလောက်တော့ အကုန်လုံးလုပ်ထားတာ ဒါပေမယ်လို့ အခု တော့ဒါတွေက ကျဉ်းသွားပြီ၊ လူတွေနေစရာမလောက်ပဲဖြစ်လာတယ်။ အဲဒါကြောင့် အခုရှေ့မှာ မဏ္ဍပ်ထိုးပြီးတော့ မဏ္ဍပ်ဆိုတာ ထာဝရတည် တဲ့မဏ္ဍပ်ပေါ့လေ၊ အဲဒီမဏ္ဍပ်မှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေလဲနေနိုင်တယ်၊ အများပရိသတ်တွေ ကျွေးမွေးစရာရှိတဲ့အခါကြတော့လည်း ကျယ်ကျယ် ဝန်းဝန်းဖြစ်ပြီးတော့ မြန်မြန်ကျွေးလို့ မွေးလို့ပြီးတာပေါ့လေ၊ အခုတော့ ပရိသတ်က နည်းနည်းပဲကျွေးနိုင်တော့ မပြီးနိုင်ဘူး၊ ဒါကြောင့် အင်မတန် အကျိုးများပါတယ်။ ဒီနေ့ ဆွမ်းစားကျောင်းသံဃာတွေအတွက် ဆွမ်း ဟင်းသုံးရာဖိုး လှူသည်တဲ့၊ အဲဒါကလဲ အဲဒါ အခုချက်ချင်း သံဃာတွေ အသုံးချပြီးတော့သွားဖို့၊ ဒီဆွမ်းဟင်းတွေ ဘုဉ်းပေးပြီးတော့ တရားနှလုံး သွင်း အားထုတ်၊ ကုသိုလ်ကောင်းမှုတွေ အထူးဘဲရပါတယ်။ ဒါရတနာ ရွှေအိုးတွေဘဲ၊ ဒါတင်မဟုတ်ဘူး၊ သီလယူတဲ့ပုဂ္ဂိုလ်တွေလဲ မိမိတို့ သီလ ယူတုန်း အခါကာလမှာ မိမိတို့ တတ်နိုင်သမျှလှူဒါန်းကြတာရှိတယ်။ ဒါတွေကတော့ သီလပေးတဲ့ပုဂ္ဂိုလ်အား သီလတည်းဟူသော တရား

http://www.dhammadownload.com

ပူဇော်သောအားဖြင့် ဟောတဲ့တရားလဲရှိမှာပေါ့လေ၊ မဟောလဲ သီလ တည်းဟူသော တရားပူဇော်သောအားဖြင့် ဓမ္မပူဇာပေါ့၊ တရားပူဇော် အဖြစ်ဖြင့် အမျိုးမျိုးသော ဝတ္ထုပစ္စည်းတွေ လှူဒါန်းကြတယ်တဲ့၊ အဲဒါလဲ ရတနာရွှေအိုးတွေ မြုပ်နှံတာနဲ့ အတူတူပါပဲ၊ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်းပြုတိုင်း ရတနာရွှေအိုးတွေ၊ သီလဆောက်တည်တာလဲ ရတနာ ရွှေအိုးပဲ၊ မိမိတို့ တရားအားထုတ်နေတာလဲ ရတနာရွှေအိုးပဲ၊ အဲဒီတော့ ကနေ့ ငွေပဒေသာပင် စိုက်ထူတာမှစပြီးတော့ သီလတည်းဟူသော တရားပူဇော်တာတွေရော အားလုံးစုပေါင်းပြီးတော့ ရတနာရွှေအိုးအဖြစ် ဖြင့် မြုပ်နှံ ရေစက်ချမယ်တဲ့၊ ရေစက်ချတော့ မိမိတို့ဆုမတောင်းလဲ ဒီကုသိုလ်တွေကတော့ ကောင်းကျိုးတွေ ပေးသွားမှာပါပဲ၊ အခုနကပြော တဲ့ လူချမ်းသာတွေ၊ နတ်ချမ်းသာတွေ၊ အဲ-ကိလေသာမကင်းသေးရင် အဲဒီ လူ့ဘဝ၊ နတ်ဘဝတွေဖြစ်ပြီးတော့ ချမ်းသာသွားဖို့ ပြီးတော့ နောက် ဆုံး မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာတွေလဲရပြီးတော့ သွားနိုင်လိမ့်မယ်တဲ့၊ အဲဒါ ကတော့ ဆုမတောင်းလဲရမှာပဲ။

ဆုတောင်းရမှာက နိဗ္ဗာန်

ပြောချင်တာက မဂ်ဖိုလ်နိဗ္ဗာန်ကတော့ ဆုမတောင်းရင် မရဘဲ နေတတ်တယ်၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဆု တောင်းရတယ်၊ လူချမ်းသာ နတ်ချမ်းသာတွေဆိုတာကတော့ ကောင်းတော့ ကောင်းပါရဲ့၊ ကိလေသာ မကင်းသေးရင်တော့ လူ့ဘဝ နတ်ဘဝတွေ ကောင်းနေတာပါပဲ၊ ဒါပေ မယ့်လို့ အိုရ နာရ သေရတော့ တယ်ပြီးနေရာမကျဘူး။ တစ်ဘဝ တစ်ဘဝ

http://www.dhammadownload.com

မှာအသက်(၁၀၀)တန်းဆိုတော့ အသက်တစ်ရာအတွင်း၊ အနှစ်တစ်ရာ အတွင်း သေကြရတာဘဲ၊ အင်း-ခြောက်ဆယ်၊ ခုနစ်ဆယ်၊ရှစ်ဆယ် ဒီ အရွယ်တွေဆိုလို့ရှိရင် အိုမင်းမစွမ်းဖြစ်ပြီးတော့ သေကြရတာဘဲ၊ အနာ ရောဂါတွေလဲဖြစ်၊ အဆင်မပြေပါဘူး၊ တစ်ချို့.ပုဂ္ဂိုလ်တွေမှာ ဆိုလို့ရှိရင် အစောင့်အရှောက်တွေဘာတွေ မရှိကြတော့ ဆင်းရဲကြ၊ နောက်ဆုံး တစ်နေ့.ကြတော့ သေရတယ်တဲ့၊ အဲဒီဆင်းရဲတွေ တွေ့.ကြုံ.နေကြရတာ၊ အခုဘဝ ဒီလိုဆိုတော့ နောက်ဘဝတွေလဲ ဒီလိုဘဝတွေရောက် ဒီလို ဖြစ်မှာပဲ၊ လူချမ်းသာ၊ နတ်ချမ်းသာတွေဆိုတာ အမြဲတမ်း ချမ်းသာတာ မဟုတ်ဘူး၊ ဆင်းရဲတွေနဲ့.ရောနေတာ၊ နတ်ချမ်းသာကလဲ အသက်တော့ ရှည်ပါရဲ့. နတ်ပြည်မှာတော့ ဒီလို အိုပြီး ဆင်းရဲတာ၊ နာပြီးဆင်းရဲတာ၊ မရှိဘူး၊ ဒါပေမယ့်လို့ ကိုယ့်အလိုမပြည့်လို့ ဆင်းရဲတာတွေတော့ရှိတယ်၊ နတ်ကလဲ ကိုယ်လိုတိုင်းပြည့်တာမဟုတ်ဘူး၊ ကိုယ့်ထက်သာတဲ့ပုဂ္ဂိုလ် တွေရှိတာပဲ၊ နတ်ပြည်လောကမှာ သိကြားမင်းတောင်မှ ကိုယ့်ထက်သာ တဲ့ ပုဂ္ဂိုလ်တွေရှိလို့ စိတ်မချမ်းမသာဖြစ်ရသေးတယ်၊ အဲဒီတော့ နတ် ပြည်လောကလဲ ဆင်းရဲတွေ ရှိနေတာပဲ၊ နောက်ဆုံးတစ်နေ့.ကြတော့ နတ်ကလဲ သေရတာပဲ၊ ဒီတော့ ဒါကလဲ စိတ်မချရသေးဘူး၊ အကောင်း ဆုံးကတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာအကောင်းဆုံးပဲတဲ့။

ယာစနိဗ္ဗာန သမ္မတ္တိ - အကြင် နိဗ္ဗာန်ချမ်းသာလဲရှိတယ်၊ **ဇ**တံ - ဤနိဗ္ဗာန်ချမ်းသာကို၊ **ဇ**တေန - ဤကုသိုလ်ကောင်းမှုတည်းဟူသော၊ ရတနာရွှေအိုးဖြင့်၊ လဇ္ဇတိ - ရနိုင်၏၊တဲ့။

http://www.dhammadownload.com

အဲဒီရတနာရွှေအိုးက အရေးကြီးတယ်၊ နိဗ္ဗာန်ချမ်းသာကို ဆုတောင်းပြီးတော့ ပြုဖို့ရာ အရေးကြီးတယ်တဲ့၊ ဒါကြောင့် ဒီနေ့ ငွေပဒေသာပင် စိုက်ထူတဲ့ ကုသိုလ်က စပြီးတော့ သီလတရားပူဇော်တဲ့ ဓမ္မပူဇာ တိုင်အောင် အဲဒီကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးကြောင့် လူချမ်းသာ၊ နတ်ချမ်းသာတွေ ဘယ်လိုပင် အကျိုးပေးစေကာမူ အဲဒါတွေ ပဓာနအရင်းခံ မထားဘဲနဲ့ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရောက်ပါစေလို့ ပဓာနအားဖြင့် ရည်ရွယ် ဆုတောင်းပြီးတော့ အားလုံး ရေစက်ချ အမျှဝေကြမယ်၊ မိမိတို့ အလိုရှိအပ်သောကောင်းကျိုးချမ်းသာမဂ်လာအပေါင်းတွေနဲ့ ပြည့်စုံကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျော်း၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ ဝါခေါင်လကွယ်နေ့တွင်
ဆဋ္ဌသင်္ဂီတိပုဋ္ဌက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

ယောဂီဖျားအတုယူစရာပုဂ္ဂိုလ်ငါးယောက်
တရားတော်

စက္ခုမြဿ ယထာ အန္ဓော၊ သောတဝါ ဗဓိရော ယထာ။
ပညဝဿ ယထာ မူဂေါ၊ ဗလဝါ ဒုဗ္ဗလောရိဝ။
အထ အတ္ထေ သမုပ္ပန္နေ၊ သယေထ ဗဟုသာယိကံ။

ရှင်မဟာကစ္စည်းမထေရ်မြတ်က စန္ဒူပဇ္ဇောတမင်းကို ဟောတဲ့ ဂါထာလို့ ထေရဂါထာမှာ ပြဆိုပြီးတော့ ထားပါတယ်။ မိလိန္ဒပဉ္ဉာမှာတော့ ယောဂီပုဂ္ဂိုလ်ကျင့်ပုံကိုပြတယ်ဆိုပြီးတော့ ကျင့်ပုံကို ပြထားပါတယ်။ ယောဂီပုဂ္ဂိုလ်တွေနဲ့လဲ သင့်လျော်တာပါပဲ။

သူကန်းပမာ ကျင့်လေပါ

စက္ခုမာ - မျက်စိမြင်သောပုဂ္ဂိုလ်သည်၊ အန္ဓောယထာ - မမြင်သောသူကဲ့သို့၊ အဿ - ဖြစ်ရာ၏။

မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေလဲ မမြင်တဲ့ပုဂ္ဂိုလ်လို ဖြစ်ရမယ်တဲ့၊ ပကတိလောက အနေအားဖြင့်လည်း မြင်ရတဲ့ဥစ္စာတွေ ကြောင့်ကြစိုက်

http://www.dhammadownload.com

စရာမလိုလို့ရှိရင်၊ မမြင်တာလိုဘဲ နှလုံးသွင်းထားရမယ်၊ ဂရုစိုက်စရာမလိုဘူး၊ ကိုယ်က ဆောင်ရွက်စရာ မလိုဘူးဆိုတဲ့ဥစ္စာတွေကို မြင်ပေမယ်လို့ မမြင်သလိုပဲ နှလုံးသွင်းထားရမယ်၊ အကြီးအကဲလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ အောက်လက်က ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေနဲ့စပ်ပြီးတော့ ချွတ်ယွင်းတာလေးတွေပြောသင့် ပြောထိုက်တာလေးတွေတော့လဲ ပြောရမှာပေါ့လေ၊ သိပ်အရေးမကြီးတဲ့ဥစ္စာတွေတော့လဲ မြင်ပေမယ့်လဲ မမြင်သလို ဂရုမစိုက်ဘဲ နေရတာတွေ တစ်ခါတစ်လေတော့လဲရှိပါတယ်၊ အသေးအဖွဲ့တွေ အကုန်လုံးလျှောက်ပြီးတော့ လိုက်ပြီး ပြောဆိုနေလို့ရှိရင် ဒါကလဲပဲ ပြောရတဲ့ပုဂ္ဂိုလ်လဲ တာဝန်လေးတယ်၊ နာခံရတဲ့ ပုဂ္ဂိုလ်တွေလဲ တာဝန်လေးတယ်၊ အဲဒီလို ဖြစ်တတ်တယ်၊ ဒါကြောင့်မို့လို့ လောဘဘက်ကနေပြီးတော့ မြင်ပေမယ်လို့ မမြင်သလို သဘောထားပြီးတော့ နေသင့်တာလဲ ရှိတယ်တဲ့၊ တရားဘက်ကတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ မြင်တာက ကိုယ့်အလုပ်မှ မဟုတ်ပဲ၊ တရားရှုမှတ်နေတာက ကိုယ့်အလုပ်ပဲ၊ ဒီတော့ ဘာပဲမြင်မြင် မမြင်သလိုပဲ၊ မြင်တာ မြင်တယ်လို့ရှုမှတ်၊ ကိုယ်မှတ်နေတဲ့တရားပဲ ရှုမှတ်ပြီးတော့ နေရင် အဲဒါ အကောင်းဆုံးဘဲ၊ မျက်စိဖြင့် မြင်တဲ့ပုဂ္ဂိုလ်က မမြင်သလိုပဲ ဖြစ်ရမယ်တဲ့။

http://www.dhammadownload.com

နှားထိုင်းသူပမာ ကျင့်လေပါ

သောတဝါ ဗဓိရော ယထာ။

သောတဝါ - နားကြားနေသောပုဂ္ဂိုလ်သည်၊ ဗဓိရော ယထာ နားမကြားသော နားထိုင်သော ပုဂ္ဂိုလ်ကဲ့သို့၊ အဿ - ဖြစ်ရာ၏။။

နားကကြားတဲ့ပုဂ္ဂိုလ် နားထောင်ကောင်းပေမယ်လို့ အရေးမကြီးတဲ့ကိစ္စတွေတော့ မကြားသလိုပဲ ဂရုမစိုက်ပဲ နေတာကောင်းတယ်တဲ့၊ ဒါလဲရှိတာပဲ၊ ဒါလဲ လောကဘက်က လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်တွေမှာ လက်အောက်က ပုဂ္ဂိုလ်တွေ ချွတ်ယွင်းတဲ့အရာတွေ တွေ့ရင်တော့လဲ ပြောရမှာပဲ၊ ဆုံးမရမှာပဲ၊ သိပ်အရေးမကြီးတဲ့ အသေးအဖွဲ လေးတွေတော့လဲ မကြားသလို နှလုံးသွင်းပြီးတော့ ထားရမယ်တဲ့၊ ဒါက လောကဘက်က၊ ရှင်မဟာကစ္စည်းမထေရ်မြတ်က မင်းကိုဟောတယ်ဆိုတော့ ဒါတွေပါဟန်တူပါတယ်၊ မိလိန္ဒပဉ္ဉာမှာတော့ ယောဂီပုဂ္ဂိုလ်နှင့်စပ်ပြီးတော့ ပြထားတယ်၊ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ ကြားပေမယ့်လဲ မကြားသလို ကိုယ့်အမှတ်အသားကိုယ် ဂရုစိုက်ပြီးတော့ ရှုမှတ်နေရတယ်၊ ကြားတာလဲ ကိုယ့်အလုပ်မလုပ်ဘူး၊ ဘာဘဲကြားကြား ကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ နှစ်သက်သာယာစရာ ကြားလဲ ဂရုမစိုက်နဲ့၊ စိတ်ဆိုးစိတ်ပျက်စရာကြားလဲ ဂရုမစိုက်နဲ့၊ ရိုးရိုးကြားနေရတာတွေလဲ နေပေ့စေ၊ ဂရုမစိုက်နဲ့၊ ဂရုမစိုက်ဘဲနဲ့ ကိုယ့်တရားသာ ကိုယ်မှတ်နေရင် အဲ ကြားတာကထင်ရှားရင် "ကြားတယ်" လို့မှတ်ပြီး မှတ်စရာတွေ လျှော့မှတ်သွားရုံပေါ့လေ၊ ဖောင်းတာ ပိန်တာ အရင်စမှတ်နေရင် အဲဒါလဲပဲ မှတ်

http://www.dhammadownload.com

နေရုံပေါ့၊ ဒီပြင်ဟာတွေလဲ ပေါ်ရာ ပေါ်ရာတွေ လိုက်ပြီးတော့ ရှုမှတ်နေရုံဘဲ၊ နားကြားတဲ့ပုဂ္ဂိုလ်လဲ မကြားသလိုပဲ ကျင့်ရမယ်တဲ့။

ဆွံ့အသူပမာ ကျင့်လေပါ

ပညဝသ ယထာ မှဂေါ။

ပညဝါ - အသိ အလိမ္မာ ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မှဂေါယထာ - ဆွံ့အသောပုဂ္ဂိုလ်ကဲ့သို့၊ အသ - ဖြစ်ရာ၏။

အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဉာဏ်အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်တွေက အရေးအကြောင်းရှိရင် ပြောနိုင် ဆိုနိုင်တယ်၊ ပြောစရာ ဆိုစရာစကားလုံးတွေလဲ အဆင်သင့်ရှိတယ်၊ ဒါကြောင့်မို့ အသိအလိမ္မာပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက ပြောသင့် ပြောထိုက်တာတွေ ပြောရတာပါပဲ၊ ဒါပေမယ့် အရေးမကြီးတဲ့ ကိစ္စတွေကျတော့ မပြောနိုင်တဲ့ ဆွံ့အနေတဲ့ ပုဂ္ဂိုလ်လို မပြောဘဲနေတာကောင်းတယ်တဲ့၊ မပြောနဲ့တဲ့၊ ဒါက လောကဘက်က၊ တရားဘက်က ယောဂီပုဂ္ဂိုလ်ကတော့ စကားမပြောတာ ကောင်းတာပါပဲ၊ စကားပြောရင် အမှတ်ပျက်တယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်နဲ့ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဂရုမစိုက်နဲ့၊ ပြောစရာတွေမပြောနဲ့၊ တရားဘဲ အားထုတ်နေဖို့ အရေးကြီးပါတယ်။

"ဂတေ ဋ္ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိယေ ဘာသိတေ တုဏှီဘာဝေ သမ္မဇာနကာရီ ဟောတိ" လို့ သတိပဋ္ဌာန်မှာ ဟောထားတယ်။

http://www.dhammadownload.com

ဘာသိတေ - စကားပြောသည်ရှိသော်၊ သမ္မာဇာနကာရီ - အသိညာဏ်ဖြင့် ပြုလေ့ရှိသည်၊ ဟောတိ - ဖြစ်၏။ စကားပြောတဲ့အခါလဲ အသိညာဏ်နှင့် ပြောရမယ်တဲ့၊ မလွဲမကင်းသာလို့ ပြောရလို့ရှိရင်၊ မပြောမဖြစ်တဲ့ အခါမျိုးကြရင် တစ်လုံး တစ်လေတော့ ပြောရမှာပေါ့လေ၊ ပြောတဲ့အခါလဲ ပြောချင်တဲ့စိတ်ကလေး ရှုမှတ်ပြီး ပြောတဲ့အခါလဲ မှတ်နိုင်သမျှတော့ မှတ်ရမယ်၊ စကားပြောတဲ့အခါ မှတ်ဖို့ရာတော့ မလွယ်ပါဘူး၊ ဒါကြောင့် စကားမပြောတာတော့ အကောင်းဆုံးပါပဲ၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ် စကားပြောစရာရှိပေမယ်လို့၊ အရေးမကြီးရင် မပြောနဲ့တဲ့၊ တရားနှင့်ပတ်သက်ပြီးတော့ မပြောမဖြစ်တဲ့ဥစ္စာတော့ ပြောရမှာပေါ့။ ကမ္မဋ္ဌာန်းဆရာဆီသွားပြီးတော့ ကိုယ်ရှုပုံ မှတ်ပုံတွေ ဒါကတော့ ပြောရမှာပေါ့၊ ကိုယ့်အတွေ့ အသိတွေ ပြောရမှာဘဲ၊ ကမ္မဋ္ဌာန်းဆရာကမေးလို့ရှိရင်လဲ ပြောရမှာပဲ၊ ဒါကတော့ မပြောမဖြစ်တဲ့ဥစ္စာကိုး၊ ဒီတော့ ကိုယ်နားမလည်တာတွေရှိရင်လဲ မေးရ ပြောရမယ်၊ အဲဒီလို မဟုတ်ပဲနဲ့တော့ ဒီပြင်အလွတ်စကားတွေတော့ မပြောတာကောင်းတာပဲ၊ တစ်ချို့ယောဂီပုဂ္ဂိုလ်တွေက တရားအားထုတ်နေတယ်ဆိုပေမယ်လို့ အချင်းချင်းစကားတွေ ပြောနေကြတာတွေရှိတယ်၊ အဲဒါ အလုပ်ပျက်တာပဲ၊ စကားတွေအလကားပြောနေ၊ တရားနဲ့လဲ ဆိုင်တာမဟုတ်ဘူး၊ အပျင်းပြေအနေနဲ့ပြောနေကြတာ၊ အဲဒါတွေ တယ်ပြီး နေရာမကျဘူး၊ ဒါကြောင့် စကားပြောတာလဲ အသိလိမ္မာညာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ်လို့ တရားကို ရှုရှုသေသေ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဆိုလို့ရှိရင် ဆွံ့အနေတဲ့ပုဂ္ဂိုလ်လို စကားမပြောဘဲနဲ့ မှတ်ပြီးတော့နေပါတဲ့။

http://www.dhammadownload.com

လူနာပမာ ကျင့်လေပါ
ဗလဝါ ဒုဗ္ဗလောရိဝ။

ဗလဝါ - ခွန်အားကြီးသော ပုဂ္ဂိုလ်သည်၊ ဒုဗ္ဗလောရိဝ - အားနည်းသော ပုဂ္ဂိုလ်ကဲ့သို့၊ အဿ - ဖြစ်ရာ၏။။

ခွန်အားကြီးတဲ့ အားကောင်းတဲ့ ပုဂ္ဂိုလ်ပေမယ်လို့ အားနည်းတဲ့ ပုဂ္ဂိုလ်လို့ပဲကျင့်ပါတဲ့၊ အားနည်းတဲ့ပုဂ္ဂိုလ်လဲ အားနည်းတဲ့ပုဂ္ဂိုလ်လိုပဲလုပ်ရမယ်ဆိုတော့ လောကဘက်မှာ တယ်လုပ်စရာ မရှိဘူးထင်တယ်၊ တရားဘက်မှာတော့ ခွန်အားကောင်းတဲ့ ပုဂ္ဂိုလ်ပေမယ်လို့ ထိုင်ရာကနေ ထလမ်းလျှောက်၊ သွားရာကနေပြီး ပြန်ထိုင်၊ တစ်စုံတစ်ခုကိုပြုလုပ်၊ အဲဒါတွေဟာ နှုးညံ့နေရမယ်၊ အားကောင်းတဲ့ပုဂ္ဂိုလ်ကတော့ ဖြုန်းခနဲထလိုက်၊ ဖြုန်းခနဲထိုင်လိုက်၊ သွားတဲ့အခါမှာလဲ ခြေလှမ်းတွေ သွက်သွက်လက်လက်သွားလိုက်၊ ဒီလိုလုပ်ရတာပဲ၊ ဒါက ပကတိပုဂ္ဂိုလ်တွေမှာလုပ်ရိုးလုပ်စဉ်တွေပဲ။ အဲဒါတွေတော့ အားနည်းတဲ့ပုဂ္ဂိုလ်တွေလို လုပ်စရာ လောကဘက်မှာတော့ တယ်မရှိလှပါဘူး၊ တရာဘက်ကတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ အားနည်းတဲ့ပုဂ္ဂိုလ်လို၊ အားမရှိတဲ့ပုဂ္ဂိုလ်လို၊ မမာတဲ့ပုဂ္ဂိုလ်လို၊ မကျန်းမာတဲ့ပုဂ္ဂိုလ်များ ထိုင်ရာထလည်းဖြည်းဖြည်းပဲ၊ သွားပြန်လည်း ဖြည်းဖြည်းပဲ၊ ရပ်ပြီးပြန်ထိုင်ရင်လဲ ဖြည်းဖြည်း ပဲ၊ တစ်စုံတစ်ခု အမူအယာပြုလဲ လက်တွေ ဘာတွေဟာ မမြန်ဘူး၊ ဖြည်းဖြည်းဘဲ၊ အထူးအားဖြင့်တော့ ခါးနာတဲ့ပုဂ္ဂိုလ်များမှာတော့ သိပ် သိသာတာပေါ့လေ၊ ခါးနာတော့ ထိုင်ရာကထရင် ခါးနာသွားမှာစိုးလို့ ဖြည်းဖြည်းလေး သတိနဲ့သူကထရတယ်၊ ရပ်နေရာက ပြန်ထိုင်ရင်လဲ ဒီလိုပဲ ဖြည်းဖြည်းချင်းပဲ ထိုင်ရတယ်၊ လက်တို့ ဘာတို့ နာကျင်ချွတ်ယွင်းနေတဲ့ ပုဂ္ဂိုလ်ကိုတော့လဲ ဒီလို တစ်စုံတစ်ခုကို ကိုင်တွယ်ရင်ဖြင့်

http://www.dhammadownload.com

ဖြည်းဖြည်းပဲ၊ အဲဒီလိုပဲတဲ့၊ ကျန်းကျန်းမာမာနဲ့ အင်အားကောင်းနေပေမယ်လို့ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အားမရှိတဲ့ လူမျှားလို အားနည်းနေ တဲ့လူမျှားလို ဖြည်းဖြည်းချင်းပဲ လုပ်ရမယ်တဲ့၊ ဒါကတော့ ဘုန်းကြီးတို့ အမှတ်ပေးကတည်းက ပြောထားပါတယ်၊ ဖြည်းဖြည်းချင်းပဲ ထိုင်,ထ၊ ဖြည်းဖြည်းချင်းပဲ သွား,လာ၊ ခြေလှမ်းပေမယ်လို့ ဖြည်းဖြည်းချင်း လှမ်းရတယ်၊ မြန်မြန်ကြီးသွားလို့ရှိရင် အမှတ်မမှီဘူး၊ အမှတ်တွေက လွတ်နေတယ်၊ ထိုင်ရာကထရင်လဲ အမှတ်တွေလွတ်နေတာပဲ၊ ရပ်ရာက နေပြီး ထိုင်ရင်လဲ အမှတ် တွေလွတ်တာပဲ၊ ဣရိယာပုတ်တွေ ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း မြန်မြန်ပြုပြင်လို့ရှိရင်တော့ အမှတ်တွေပျက်နေတာပဲ၊ အဲဒီတော့ ဖြည်းဖြည်းချင်းကလေးမှ စေ့စေ့စပ်စပ် ဖြည်းဖြည်းလေး ပြုပြင်ပြီးတော့ ရှုရမယ်တဲ့။

အကျိုးရှိက သူသေကောင်လို ငြိမ်နေရ

အထ အတ္ထေ သမုပ္ပန္နေ၊ သယေထ မတသာယိကံ။

အထ - စင်စစ်အားဖြင့်သော်ကား၊ အတ္ထေ - အကျိုးစီးပွားနဲ့ ဆိုင်သောကိစ္စသည်၊ သမုပ္ပန္နေ - ဖြစ်ပေါ်လတ်သော်၊ မတသာယိကံ - သေသောသူ၏ အိပ်ခြင်းကဲ့သို့ အိပ်ခြင်းကို၊ သယေထ - အိပ်ရာ၏၊ လဲလျောင်းနေရာ၏။

အကယ်၍ လဲလျောင်းပြီး ငြိမ်ငြိမ်ကလေးနေမှ ကိစ္စပြီးမယ်ဆိုလို့ရှိရင် အဲဒီလိုကိစ္စပေါ်လာရင် အေး-သူသေကောင်းမျှားလိုဘဲ၊ သူသေကောင်လှုပ်မှ မလှုပ်တော့ဘဲ၊ သူသေကောင်ကတော့ ဒီအတိုင်းပဲ အိပ်နေတာပဲ၊ ဘေးကပုဂ္ဂိုလ်တွေ ကြည့်လဲ ဘာမှမလှုပ်ဘူး၊ အဲဒီလိုပဲ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ်လို့ ငြိမ်ငြိမ်လေးနေမှ အကျိုးဖြစ်မယ်ဆိုလို့

http://www.dhammadownload.com

ရှိရင် လူသေကောင်များလိုပဲ ငြိမ်ပြီးတော့သာ အိပ်နေပေတော့တဲ့၊ ဒါကတော့ လောကဘက်က နည်းပါလိမ့်မယ်နဲ့တူတယ်၊ နည်းနည်းပါးပါးတော့ ရှိချင်ရှိမယ်၊ အိပ်ပျော်နေတဲ့ အနေမျိုးနေမှ တစ်ပါးသောပုဂ္ဂိုလ်တွေ ဆောင်ရွက်တဲ့ကိစ္စပြီးမယ်ဆိုရင် ကိုယ်က အိပ်ပျော်နေလိုက်လို့ရှိရင် အဲဒါကောင်းတာပေါ့။ ကိုယ်က နိုးနေလို့ ရှိရင်၊ ဟိုပုဂ္ဂိုလ်တွေက မဆောင်ရွက်ဘဲနေရင် အဲဒါ ကိစ္စကြီးများမဟုတ်ဘူး၊ အဲဒါ ကိုယ်ကလဲ တကယ် အိပ်ပျော်နေသလိုဘဲ၊ ငြိမ်ငြိမ်လေးနေပါတဲ့၊ ဒါ လောကဘက်က၊ တရားဘက်ကတော့ အဲဒီလိုပါဘဲ၊ ဘာကိစ္စဘဲရှိရှိ တခြားကိစ္စတွေဘာမှဂရုမစိုက်ဘဲ လဲအိပ်နေတဲ့အခါဆိုရင် အိပ်ပျော်နေသလိုဘဲ အိပ်မပျော်ပေမယ်လို့ ကိုယ့်အမှတ်သာကိုယ် မှတ်နေ၊ ဘေးကပုဂ္ဂိုလ်တွေနဲ့စပ်ပြီးတော့ ဘာမှ ကြောင့်ကြမစိုက်နဲ့၊ ဘာမှ ထပြီးတော့မပြောနဲ့ မလုပ်နဲ့၊ အဲ- သူသေကောင်များ မတုန်မလှုပ် လဲအိပ်နေသလို ငြိမ်ငြိမ်ကလေး အိပ်နေပါတဲ့၊ အဲဒါ ယောဂီပုဂ္ဂိုလ်တွေနဲ့ စပ်ပြီးတော့ တော်တော်အသုံးကျပါတယ်။

စက္ခုမ္မသ္သ ယထာ အန္ဓော၊
သောတဝါ ဗဓိရော ယထာ။
ပညဝဿ ယထာ မူဂေါ၊
ဗလဝါ ဒုဗ္ဗလောရိဝ။
အထ အတ္ထေ သမုပ္ပန္နေ၊
သယေထ မတသာယိတံ။

စက္ခုမာ - မျက်စိအမြင်ရှိသောပုဂ္ဂိုလ်သည်၊ မျက်စိကောင်း သောပုဂ္ဂိုလ်သည်၊ အန္ဓော ယထာ - မျက်စိမမြင်သောပုဂ္ဂိုလ်ကဲ့သို့၊ အဿ - ဖြစ်ရာ၏။ မြင်ပေမယ်လို့ မမြင်သလိုပဲ ယောဂီပုဂ္ဂိုလ်မှာ ကိုယ့်ဖာသာကိုယ်မှတ်နေ။

http://www.dhammadownload.com

သောတဝါ - နားအကြားရှိသောပုဂ္ဂိုလ်သည်၊ နားကောင်းသော ပုဂ္ဂိုလ်သည်၊ ဗဓိရော ယထာ - နားထိုင်းသော၊ မကြားသောပုဂ္ဂိုလ်ကဲ့သို့၊ အာသ - ဖြစ်လေရာ၏၊ ကြားပေမယ်လို့ မကြားသလိုပဲ ကိုယ့်အမှတ် အသား ကိုယ်မှတ်နေ။

ပညဝါ - ဉာဏ်ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ မူဂေါ ယထာ - ဆွံ့အနေသောသူကဲ့သို့၊ အာသ - ဖြစ်ရာ၏၊ ပြောတတ်ဆိုတတ်ပေမယ့်လည်း မပြောတတ်၊ မဆိုတတ်သလိုပဲ မပြောနိုင်၊ မဆိုနိုင်၊ ဆွံ့အနေသော သူလိုဘဲ မပြော မဆိုနဲ့တဲ့၊ အဲဒါကပိုပြီးတော့ အရေးကြီးတယ်၊ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ စကားပြောနေကြတာ၊ အဲဒါ အလုပ်တွေ ပျက်နေကြတာ။

ဗလဝါ - ခွန်အားနှင့်ပြည့်စုံသော ကျန်းမာသောပုဂ္ဂိုလ်သည်၊ ဒုဗ္ဗလော ဂ္လဝ - အားနည်းသော မကျန်းမာသောပုဂ္ဂိုလ်ကဲ့သို့၊ အာသ - ဖြစ်ရာ၏၊ ကျန်းမာပေမယ်လို့ မကျန်းမာတဲ့ ပုဂ္ဂိုလ်လို အစစအရာရာ ဖြည်းဖြည်းနှေးနှေးဘဲ ပြုပြင်ပြီးတော့ ရှုမှတ်နေရမယ်တဲ့။

အထ - စင်စစ်သော်ကား၊ အတ္တေ - အကျိုးစီးပွားနဲ့ စပ်ဆိုင်သောကိစ္စသည်၊ သမုပ္ပန္နေ - ဖြစ်ပေါ်လာလတ်သော်၊ မတာသာယိတံ - သူသေကဲ့သို့ ဆိတ်ငြိမ်စွာ လဲလျောင်းအိပ်နေခြင်းကို၊ သယေထ - အိပ်နေရာ၏၊ အဲဒါ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် အသုံးကျပါတယ်၊ ထေရကထာမှာတော့ ရှင်မဟာကစ္စည်းက သူက ရှေးတုန်းက မင်းရဲ့ ပုရောဟိတ်ပုဏ္ဏား-မင်းဆရာပေါ့၊ အဲ-နောက် သူက ရဟန္တာ ဖြစ်ပြီးတော့ အဆုံးအမ ဩဝါဒပေးတယ်။ အဲဒါ စန္ဒပဒ္မောတမင်းကို

http://www.dhammadownload.com

အဆုံးအမ ဩဝါဒပေးတဲ့ ဂါထာဘဲတဲ့၊ ထေရကထာမှာ လာတာပါဘဲ၊ မိလိန္ဒပဉ္ဟာမှာတော့ ယောဂီပုဂ္ဂိုလ် နှလုံးသွင်းပုံတဲ့၊ အခုဒီမှာတော့ ယောဂီပုဂ္ဂိုလ်အနေနဲ့ နှလုံးသွင်းဖို့ကောင်းပါတယ်၊ မြင်တဲ့ပုဂ္ဂိုလ်က မမြင်သလို ကြားတဲ့ပုဂ္ဂိုလ်က မကြားသလို၊ စကားပြောမှုမှာ ကျွမ်းကျင်နေပေမယ်လို့ မပြောတတ်တဲ့ပုဂ္ဂိုလ်လို ကျန်းမာပြီး ခွန်အားကောင်းနေတဲ့ ပုဂ္ဂိုလ်ပေမယ်လို့ အားမရှိတဲ့ပုဂ္ဂိုလ်လို အဲဒီလို နေပြီးတော့ ရိုရိုသေသေ မှတ်ပါတဲ့၊ အရေးကြီးတဲ့ ကိစ္စရှိလာလို့ရှိရင်တော့ အဲ-သူသေကောင်များ လို မလှုပ်မယှက်ဘဲနဲ့လည်း ငြိမ်ပြီးတော့ ရှုမှတ်နေပါတဲ့၊ ဒါ ယောဂီပုဂ္ဂိုလ်အသစ်ဆိုလို့ရှိရင် အဲဒီတိုင်း ရှုမှတ်ဖို့ အရေးကြီးပါတယ်၊ ယောဂီပုဂ္ဂိုလ်အဟောင်းတွေလဲ မိမိတို့ ရထားပြီးသားတရားတွေ တိုးတက်သည်ထက်တိုးတက်အောင် ကောင်းသည်ထက်ကောင်းအောင် ထပ်ပြီးတော့ အကြောင်းညီညွတ်တဲ့အခါတိုင်း ရှုရ မှတ်ရ အားထုတ်ရမယ်၊ အဲဒီလို ရှုမှတ် အားထုတ်နေခြင်းဖြင့် သမာဓိဉာဏ်တွေ တိုးတက်ပြီးတော့ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်၊ဖိုလ်ဉာဏ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ တော်သလင်းလဆန်း(၈)ရက်နေ့တွင်
ဆဋ္ဌသင်္ဂီတိပုဋ္ဌက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္မာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော သီလပေးတရားတော်မှ

အပ္ပမာဒ တရားတော်

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ ၊ ယေပမတ္တာ ယထာ မတာ။

ဒီတရားဂါထာကတော့ ခဏခဏ ကြားနာနေကြပါပဲ၊ အပ္ပမာဒေါ - မမေ့လျော့ခြင်းသည်၊ အမတံ ပဒံ - သေခြင်းကင်းသော နိဗ္ဗာန်၏ အကြောင်းပေတည်း၊ မမေ့တာက သေခြင်းကင်းတဲ့ နိဗ္ဗာန်ရဲ့ အကြောင်းပဲတဲ့၊ မမေ့လျော့တဲ့တရားနဲ့ တရားအားထုတ်လို့ အရဟာတ္တမဂ် အရဟာတ္တဖိုလ်ရောက်သွားလို့ရှိရင် ဘဝသစ် ရုပ်နာမ် ခန္ဓာတွေ မဖြစ်ရတော့ဘဲ ငြိမ်းသွားတော့ မအိုရ၊ မနာရ၊ မသေရတော့ဘူး၊ ဒါကြောင့် မမေ့လျော့တဲ့ အပ္ပမာဒတရားဟာ သေခြင်းကင်းရာ နိဗ္ဗာန်ရဲ့ အကြောင်းပဲတဲ့။

ပမာဒေါ - မေ့လျော့ခြင်းသည်၊ မစ္စုနော - သေခြင်း၏ အကြောင်းပါ၊ မေ့တာကတော့ သေခြင်းရဲ့ အကြောင်းဘဲ၊ အသက်ရှင်နေပေမယ်လို့ မေ့နေတဲ့ ပုဂ္ဂိုလ်မှာ သေနေတာနဲ့ မထူးပါဘူး၊ သေနေတဲ့ပုဂ္ဂိုလ်မှာ ဘာကုသိုလ်မှ မပွားရဘူး၊ အဲဒါလိုဘဲ မသေသေးပေမယ်လို့ မေ့နေတဲ့ ပုဂ္ဂိုလ်က ကုသိုလ်ရေးတွေမှ မလုပ်ဘဲဟာကိုး၊ ဒါနကုသိုလ်လဲ ပြုလုပ်

http://www.dhammadownload.com

ရမှန်းမသိ၊ သီလဆောက်တည် ကျင့်သုံးရမှန်းမသိ၊ ဘာဝနာလည်း ပွား
များအားထုတ်ရမှန်းမသိတော့ ဒီလိုပဲ ကုသိုလ် ကောင်းမှုတွေ မပွားများ
ဘဲနေတော့ အဲဒါ မေ့နေတာတဲ့၊ မေ့နေတော့ ကုသိုလ်ကောင်းမှုတွေ
မပွားရဘဲ သေတာနဲ့အတူတူပဲ။ နောက်ပြီးတော့ အဲဒီလို မေ့နေတဲ့ ပုဂ္ဂိုလ်
တွေဟာ ဘဝတွေ ထပ်ခါ ထပ်ခါ ဖြစ်ပြီးတော့ သေနေကြရတာတဲ့။
ရှေးရှေးသောဘုရားတွေ၊ ရှေးရှေးသော ဘုရားလက်ထက်တော်များက
ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားကြ၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်
ရောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေ မရေမတွက်နိုင်အောင် များစွာရှိတယ်၊
အဲဒီ အချိန်အခါ ကာလတုန်းက မေ့နေခဲ့ကြလို့ ဘုရားအဆုံးအမ ဩဝါဒ
တွေ တရားအားမထုတ်ပဲနဲ့ မေ့လာခဲ့ကြလို့ ယခုထက်တိုင်ရှိပြီးတော့
နေကြတာ၊ အဲဒီအတွင်းမှာ ရှေးရှေးဘုရားတွေ လက်ထက်ကဆိုတော့
ကြာလှပြီပေါ့၊ အဲဒီအတွင်းမှာ သေရတဲ့ဘဝတွေ များလှပြီတဲ့ မေ့လို့
သေလာခဲ့တာတွေ၊ ယခုလဲဘဲ မေ့နေလို့ရှိရင်ဖြင့် နောင်ကို ဘဝသစ်တွေ
ဖြစ်ပြီးတော့ သေကြရအုံးမှာပဲ၊ အကန့်အသတ်မရှိဘူး၊ ဘယ်လောက်
သေမယ်ဆိုတာ မပြောနိုင်ဘူး၊ ယခုဘဝမှာ တရားအားထုတ်လို့ ရဟန္တာ
ဖြစ်သွားတယ်ဆိုရင်တော့ ဆင်းရဲခပ်သိမ်းငြိမ်းတယ်၊ မအိုရ မနာရ၊
မသေရဘူး၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ်လောက်ရလို့
သောတာပန်ဖြစ်ရင်ကို ခုနစ်ဘဝအတွင်းလောက်သာ အိုရ နာရ သေရ
မယ်၊ ခုနစ်ဘဝ ကျော်လွန်လို့ရှိရင် အိုနာသေခြင်းတွေ ကင်းသွားပြီ၊ အဲဒီ
တော့ မေ့နေတာက သေခြင်း၏ အကြောင်းပဲတဲ့။ ဒါနသီလတွေပြုလုပ်
ပြီး ကုသိုလ်ကောင်းမှုတွေရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် လူဘဝ နတ်ဘဝ

http://www.dhammadownload.com

ဗြဟ္မာဘဝ အသက်ရှည်တဲ့ ဘဝတွေမှာ ဖြစ်ရတော့ ဂတိနည်းနည်းတော့ မြဲတယ်လို့ ဆိုရမှာပေါ့လေ၊ ကုသိုလ်ကောင်းမှု မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာတော့ အပါယ်လေးပါးရောက်ပြီး ဒုက္ခတွေ ရောက်ကြရတယ်၊ ငရဲကတော့ အသက်တော့ရှည်ပါရဲ့ ဒါပေမယ့် သိပ်ဒုက္ခရောက်နေကြရတာ၊ ပြိတ္တာလည်း ဒီလိုအသက်ရှည်တာတွေရှိတာဘဲ၊ ဆင်းရဲတယ်၊ အသက်ရှည်ပေမယ့် သူတို့က မသက်သာဘူး၊ တိရိစ္ဆာန်တွေကျတော့ သူတို့က အသက်တိုရှာကြတယ်၊ တစ်ခို့ သတ္တဝါတွေက ရက်ပိုင်းလေးလောက်နဲ့တူပါတယ်။ လေး,ငါး,ခုနစ်ရက်လောက် အသက်ရှည်ကြတာ၊ ခဏခဏသေနေကြရတာ၊ အဲဒီလို သေကြရတာ ဘာကြောင့်တုံးဆိုတော့ မေ့လျော့နေလို့၊ ဒါနကုသိုလ်၊ သီလကုသိုလ်ပြုဖို့ရာလည်းမေ့တယ်၊ ဘာဝနာတရားအားထုတ်ဖို့ရာလည်းမေ့တယ်။

မေ့နေရင် သေတာနဲ့တူ

အပွမတ္တာ နု မီယန္တီ၊ ယေ ပမတ္တာ ယတာ မတာ။

ယေ - အကြင်ပုဂ္ဂိုလ်တို့သည်၊ မပတ္တာ - မေ့လျော့နေကြကုန်၏။ တေ - ထိုမေ့လျော့နေသော ပုဂ္ဂိုလ်တို့သည်၊ မတာ ယတာ - သေကြကုန်သကဲ့သို့၊ အပွမတ္တာ - မမေ့လျော့သော ပုဂ္ဂိုလ်တို့သည်၊ နမီယန္တီ - မသေကြရကုန်၊ သေခြင်းကင်းကြရကုန်၏။

အဲ- ကုသိုလ်ကောင်းမှုပြုဖို့ရာ မေ့နေတဲ့ပုဂ္ဂိုလ်၊ အထူးအားဖြင့် ဘာဝနာတရားအားထုတ်ဖို့ရာ မေ့နေတဲ့ပုဂ္ဂိုလ်တွေဟာ ဘဝသစ်တွေ ထပ်ကာထပ်ကာ ဖြစ်ပြီးတော့လဲ သေကြရတယ်၊ အဲဒီပုဂ္ဂိုလ်တွေလို

http://www.dhammadownload.com

မမေ့တဲ့ပုဂ္ဂိုလ်တွေကတော့ မသေရဘူး၊ မမေ့တော့ ဒါန သီလတွေပြု ပြီး၊ လူ့ဘဝ နတ်ဘဝတွေဖြစ်၊ အသက်ရှင်နေရင် အသေတော့နည်း သေးတာပဲ၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ်လောက်ရတယ် ဆို ရင် ခုနစ်ဘဝလောက်ပဲ သေဖို့ရှိတော့တယ်၊ ဒီကနောက် သေဖို့မရှိ တော့ဘူး၊ ရဟန္တာဖြစ်လို့ရှိရင်တော့ ဒီဘဝ တစ်ဘဝပါပဲ၊ ဖြစ်ဆဲဘဝက တော့မသေအောင် မတတ်နိုင်ဘူး၊ ဖြစ်ပြီးသားတရားကလဲ ပျက်ရတာဘဲ၊ အဲ-နောက်ဘဝတွေတော့ အသစ်မဖြစ်လို့ ပရိနိဗ္ဗာန်စံသွားတယ်ဆိုရင် ဆင်းရဲခပ်သိမ်း ငြိမ်းတယ်တဲ့၊ ဒါကြောင့် ကုသိုလ်တရားမေ့နေတဲ့ပုဂ္ဂိုလ် ဘာဝနာအလုပ် အားမထုတ်ဘဲနဲ့ မေ့နေတဲ့ ပုဂ္ဂိုလ်တွေမှာ ထပ်ခါထပ်ခါ ဖြစ်ပြီးတော့ သေကြရသလို မမေ့တဲ့ ပုဂ္ဂိုလ်တွေက မသေဘူး၊ သေခြင်း ကင်းတယ်တဲ့၊ မေ့တယ်ဆိုတာ ဘာတုန်းလို့ဆိုလို့ရှိရင် မေ့တယ်ဆိုတာ က ဒုစရိုက်တွေ ကာမဂုဏ်တွေမှာ စိတ်ဝင်စားနေတာကို မေ့တယ်လို့ ခေါ်တာပဲ။

ကာယဒုစ္စရိတေ ဝါ ဝဇီဒုစ္စရိတေ ဝါ မနောဒုစ္စရိတေ ဝါ ပဗ္ဗသု ဝါ ကာမဂုဏေသု စိတ္တသ ဝေါသဂ္ဂေါ။

ကာယဒုစ္စရိတေ ဝါ - ကာယဒုစရိုက်၌သော်လည်းကောင်း၊ ဝစီဒုစ္စရိတေ ဝါ - ဝစီဒုစရိုက်၌သော်လည်းကောင်း၊ မနောဒုစ္စရိတေ ဝါ - မနောဒုစရိုက်၌သော်လည်းကောင်း၊ စိတ္တသ - စိတ်ကို၊ ဝေါသဂ္ဂေါ - လွှတ်ထားခြင်းသည်၊ ပမာဒေါ - မေ့သည်မည်၏။

http://www.dhammadownload.com

မေ့တယ်ဆိုတာ သေကြောင်းတရာဘဲ၊ သစ်ပင်ပေါ်က လိမ့်ကျ လို့မေ့နေတာမျိုးမဟုတ်ဘူး၊ ရေနစ်လို့မေ့မျောနေတာ၊ ရောဂါဝေဒနာ နှိပ်စက်လို့ မေ့မျောနေတာ၊ အဲဒါမျိုးမဟုတ်ဘူး၊ ဒီမေ့တာက လောက အနေအား‌ဖြင့်တော့ မမေ့ပါဘူး၊ လောကဘက်ကတော့ အကုန်လုံး သိနေတာပါပဲ၊ အိပ်ပျော်နေတာမျိုးလဲ မဟုတ်ပါဘူး၊ ကုသိုလ်ဖက်က မေ့တာတဲ့၊ ဘယ်လိုမေ့တုန်းဆိုတော့ ကာယဒုစရိုက်နဲ့ စိတ်ကို လွှတ်ထား‌တယ်တဲ့၊ ကာယဒုစရိုက်ပြုလုပ်ဖို့ရာ ပြုချင်လဲပြုရောဆိုပြီး လွှတ်ထား‌တာ၊ နွား‌များ‌မှာ ချည်ထား‌တဲ့ကြိုး လွှတ်လိုက်သလိုပဲ၊ စိတ်ကို လွှတ်ထား‌တယ်တဲ့၊ အဲ-ကာယဒုစရိုက်ဆိုတာ သူများအသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ မတရား‌တဲ့ကာမတို့၌ ကျူးလွန်ခြင်း၊ အဲဒီသုံးခု ပေါ့လေ၊ အခုသီလဆောက်တည်တော့ ငါးပါးသီလဆိုရင်ပါနေတာ၊ ပါဏာတိပါတာဝေရမဏီ - သူတစ်ပါးအသက်သတ်ခြင်း‌မှ ရှောင်ကြဉ်ပါ၏၊ အာဒိန္နာဒါနာ ဝေရမဏီ - သူတစ်ပါးဥစ္စာခိုးယူခြင်း‌မှ ရှောင်ကြဉ်ပါ၏။ ကာမေသုမိစ္ဆာစာရ ဝေရမဏီ - ကာမဂုဏ်တို့၌ မတရား‌ကျူးလွန်ခြင်း‌မှ ရှောင်ကြဉ်ပါ၏။ အဲဒါကာယဒုစရိုက်သုံးပါး‌မှ ရှောင်ကြဉ်တာပဲ။ ငါးပါးသီလဆောက်တည်နေရင်ကို ဒီအမေ့မျိုးတော့ မရှိပါဘူး၊ ဒီအမေ့မျိုးကင်းတယ်။

နောက်ပြီးတော့ ဝစီဒုစရိုက်တဲ့၊ ဝစီဒုစရိုက်က လေးပါးရှိတယ်၊ မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပလာပ၊ မုသာဝါဒဆိုတာ လိမ်ပြောခြင်း၊ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ငါးပါးသီလဆောက်တည်ရင် မုသာဝါဒကြဉ်ရှောင်ပြီးသား‌ဖြစ်နော်တာဘဲ၊ ပိသုဏာ

http://www.dhammadownload.com

ဝါစာ - ကုန်းတိုက်ခြင်း၊ ဖရုသဝါစာ - ကြမ်းတမ်းတဲ့စကားပြောဆိုခြင်း၊ ဆဲရေးကြိမ်ဆိုခြင်း၊ကြိမ်းမောင်းခြင်း၊ သမ္ဖပလာပ - အနှစ်မဲ့သော အကြောင်းအရာတွေ မဟုတ်တာတွေ အဟုတ်လုပ်ပြီး ပါးစပ်ကပြောခြင်း၊ အဲဒီသုံးခုက ငါးပါးသီလထဲမှာ နာမည်နဲ့ တိုက်ရိုက်တော့မပါဘူး၊ ဒါပေမယ့် "မုသာဝါဒါ ဝေရမဏီ" ဆိုတာနဲ့ ရှောင်ကြဉ်ရတာပဲ၊ အကြမ်းစားတွေပေါ့လေ၊ အသေးအဖွဲ့လေးတွေကတော့ သမ္ဖပလာပ အသေးအဖွဲကတော့ သောတာပန်တွေ သကဒါဂမ်တွေတောင် ကင်းတာမဟုတ်ဘူး၊ အကြမ်းစားတွေတော့ ကင်းသွားပါတယ်၊ ဒုစရိုက်အပါယ်ဘေး တွေ့ပေးနိုင်လောက်တဲ့ အကြမ်းစားတွေတော့ ကင်းသွားတယ်၊ အဲဒီ ဝစီဒုစရိုက်လေးပါးလဲဘဲ ငါးပါးသီလဆောက်တည်ပြီး ရိုရိုသေသေကျင့်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ကင်းတယ်လို့ဆိုရမှာပါဘဲ၊ ရှစ်ပါးသီလကတော့ အထူးပြောစရာမလိုပါဘူး။

မနောဒုစရိုက်၊ မနောဒုစရိုက်ဆိုတာကတော့ **အာဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ** သုံးခုရှိတယ်။ **အာဘိဇ္ဈာ** - သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်အဖြစ်နဲ့ သိမ်းပိုက်ပြီးတော့ ကြံစည်တာ၊ သူတစ်ပါးဥစ္စာတွေကို မတရားသဖြင့်လိုချင်တာ၊ သူတစ်ပါးဥစ္စာတွေကို ကိုယ့်ဥစ္စာအဖြစ်နဲ့ သိမ်းပိုက်ပြီးတော့ နှစ်သက်သာယာတာ **အာဘိဇ္ဈာ**။

ဗျာပါဒ - ဆိုတာကတော့ သူတစ်ပါးတွေကို စိတ်ဆိုးပြီး ပြစ်မှားတဲ့သဘော၊ သူတစ်ပါးတွေကို ကြမ်းကြမ်းတမ်းတမ်းတွေ ပြောချင်တယ်၊ ဆဲရေးကြိမ်းဆိုချင်တယ်၊ ရိုက်နှက် နှိပ်စက်ချင်တယ်၊ သတ်ချင်တယ်၊ သူတစ်ပါးတွေ စီးပွားဥစ္စာပျက်ပါစေလို့လဲကြံတယ်၊ အဲဒီလို သူ

http://www.dhammadownload.com

တစ်ပါးတွေ အကျိုးမဲ့ ပြစ်မှားတဲ့ သဘောဟာ ဗျာပါဒ၊ ဒေါသတဲ့၊ ဒါ စိတ်ကူးရုံတင်၊ ဘာမှမလုပ်ရသေးဘူး၊ အကြီးအကျယ် သူတစ်ပါးတွေ ပျက်စီးရာပျက်စီးကြောင်း စိတ်ကူးလို့ရှိရင် ဒါကလဲဘဲ အပါယ်ဘဝတွေ ကျရောက်စေတတ်တယ်၊ သူတစ်ပါးဥစ္စာတွေကို မတရားသဖြင့်ရအောင် လို့ အကြီးအကျယ်ကြံလို့ရှိရင် ဒါကလဲဘဲ ဘာမှရတာတော့ မဟုတ် သေးဘူး၊ စိတ်ကူး ကြံစည်တာနဲ့ဘဲ အပါယ်လေးပါး ကျစေနိုင်တယ်။

မိစ္ဆာဒိဋ္ဌိတဲ့-မိစ္ဆာဒိဋ္ဌိဆိုတာကတော့ ကံ ကံ၏အကျိုးကို မယုံ ကြည်တဲ့ သဘောပါဘဲ၊ အဲ- ကုသိုလ်ကံမရှိ အကုသိုလ်ကံမရှိ ကံ က အကျိုးပေးတဲ့ ကောင်းကျိုး ဆိုးကျိုးတွေလဲမရှိ၊ ကံ၏အကျိုးကို မယုံ ကြည်တဲ့ အသိအမြင်ဟာ မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ ဒါကတော့ ဗုဒ္ဓဘာသာ ဝင်တွေမှာ အဲဒီမိစ္ဆာဒိဋ္ဌိတော့ မရှိပါဘူး၊ ငယ်ငယ်ရွယ်ရွယ်ကတည်းက မိဘတွေ အမှီပြုပြီးတော့ သမ္မာဒိဋ္ဌိ ပြည့်စုံနေတာ၊ "ကမ္မသကတာ သမ္မာ ဒိဋ္ဌိ"လို့ခေါ်တယ်၊ ကံ ကံ၏အကျိုးရှိတယ်လို့ သိမြင်ယုံကြည်တာက ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ အဲဒါ ဗုဒ္ဓဘာသာဝင်တွေမှာ ကလေးဘဝ ကတည်းက မိဘတွေရဲ့ အပြောအဆို အမှီပြုပြီးတော့ ငယ်ငယ်တည်း ကမိစ္ဆာဒိဋ္ဌိမဖြစ်ပါဘူး၊ ကံ ကံ၏အကျိုးကို ယုံကြည်သိမြင်နေတော့၊ ဒါ ပေမယ်လို့ အခုခေတ်မှာတော့ တစ်ချို့ပုဂ္ဂိုလ်တွေ ကြီးတဲ့အခါကြတော့ ဟိုဟာလေ့လာ ဒီဟာလေ့လာ ကံ ကံ၏အကျိုးမရှိဘူးဆိုတဲ့ ဝါဒနောက် လိုက်သွားရင် အဲဒါ မိစ္ဆာဒိဋ္ဌိဖြစ်သွားတာဘဲ၊ မိဘတွေဆီကရလာတဲ့ သမ္မာဒိဋ္ဌိ အမွေဆုံးရှုံးသွားတယ်၊ သေသေချာချာ စဉ်းစားကြည့်ရင် အင်မ တန်ဝမ်းနည်းစရာကောင်းတယ်၊ ဒါပေမယ်လို့ ကံ ကံ၏အကျိုး မရှိဘူး

http://www.dhammadownload.com

လို့ ယုံကြည်ပြီးတော့ ဘာသာရေးပြောင်းသွားကြတဲ့ ပုဂ္ဂိုလ်တွေ သူတို့ကတော့ သူတို့ဟာနဲ့သူတို့ အကျိုးရှိတယ်လို့ ထင်နေတာ၊ ဘာမှ အကျိုးမရှိပါဘူး၊ အကျိုးယုတ်ဖို့ရာပါပဲ၊ အဲဒီ ဒုစရိုက်တွေကိုပြုလုပ်ဖို့ ကြံစည်ဖို့ရာ စိတ်ကိုလွှတ်ထားတာတဲ့၊ သူတစ်ပါးအသက်သတ်ခြင်း စသည်ပြုဖို့ သူတစ်ပါး စည်းစိမ်ဥစ္စာတွေ ကိုယ်ပိုင်အနေနဲ့ စဉ်းစားဖို့၊ သူတစ်ပါးပြစ်မှားဖို့ အခုခေတ်ကာလအလိုက် ကံ ကံ၏ အကျိုးကို မယုံကြည်တဲ့ဘာသာဝါဒတွေရှိတယ်၊ အဲဒါတွေလဲ လေ့လာဖို့ စိတ်ကို လွှတ်ထားတယ်၊ မိစ္ဆာဒိဋ္ဌိလဲ ဖြစ်တာပေါ့လေ၊ အဲဒါ မေ့နေတာပဲ၊ ဒီဥစ္စာ မေ့နေတာခေါ်တယ်၊ ပြီးတော့ ကာမဂုဏ်တွေမှာ -

ပဥ္စသု - ငါးပါးကုန်သော၊ ကာမဂုဏေသုဝါ - ကာမဂုဏ်တို့၌လည်းကောင်း၊ စိတ္တာသ - စိတ်ကို၊ ဝေါသဂ္ဂေါ - လွှတ်ထားခြင်းသည်၊ ပမာဒေါ - ပမာဒ မည်၏၊ အာရုံငါးပါးဆီ စိတ်လွှတ်ထားတယ်၊ ကာမဂုဏ်တွေခံစားဖို့ရာ၊ ကာမဂုဏ် အာရုံတွေဆီသွားချင်ရာသွားဆိုပြီးတော့ စိတ်လွှတ်ထားတာ၊ ဒါကတော့ တရားနှလုံးသွင်းခြင်းမရှိတဲ့ ပုဂ္ဂိုလ်တွေမှာစိတ်ကို အဲဒါ လွှတ်ထားရာရောက်တယ်၊ စိတ်တွေ ကြံချင်ရင် လျှောက်ကြံ၊ အပြစ်တော့ အလွန်ကြီးတယ်လို့ မဆိုရပါဘူး၊ ဒါပေမယ့် လို့ တရားအားမထုတ်တဲ့အတွက် တရားတော့ မတိုးတက်ဘူး၊ အဲ-မတိုးတက်တော့ ဘဝသံသရာတွေဖြစ်ပြီး အိုရ၊ နာရ၊သေရ ဒုက္ခတွေရောက်မှာပေါ့လေ၊

http://www.dhammadownload.com

စိတ်ကိုလွတ်ထားရင် အကုသိုလ်အိုင်ထဲ စီးဆင်းသွား

ပမာဒနှစ်မျိုးမှာ မကောင်းမှု အကုသိုလ်ပြုဖို့ရာ စွန့်လွတ်ထား တဲ့ပမာဒ၊ သူကတော့ အဆိုးဆုံးပါပဲ၊ မကောင်းမှု အကုသိုလ်တွေကို မပြုခင်ကလဲကြံတယ်၊ ပြုလဲပြုတယ်၊ အဲဒီ ပမာဒကတော့ အဆိုးဆုံးပဲ၊ အကုသိုလ်တွေပွားတယ်တဲ့၊ ကာမဂုဏ် အာရုံတွေဆီကို စိတ်လွတ်ထား တယ်၊ စိတ်ကို ထိန်းသိမ်းခြင်းမရှိဘူး၊ ဒါကတော့ ဟိုဟာလောက် အပြစ် မကြီးဘူး၊ ဒါပေမယ်လို့ သံသရာဝဋ်ဆင်းရဲတွေမှာ ထပ်ကာထပ်ကာ ဖြစ်ပြီးတော့ သံသရာဝဋ်ဆင်းရဲတွေနဲ့ တွေ့.တွေ့.ပြီးတော့ ဆင်းရဲဖို့ရာ အကြောင်းဖြစ်နေတယ်၊ တတ်နိုင်ရင်တော့ သူလဲ ထိန်းသိမ်းဖို့ရာပါပဲ၊ လူတွေသာမဟုတ်ဘူး၊ ဒီဥစ္စာက ရှင်ရဟန်းတွေလဲ တရားအားမထုတ် လို့ရှိရင် ကာမဂုဏ် အာရုံတွေနဲ့ စပ်ပြီးတော့ စိတ်ကူးတွေဆိုတာ ဖြစ် နေတာဘဲတဲ့၊ စားဝတ်နေရေးနဲ့ စပ်ပြီးတော့လဲပဲ ကိုယ်အလိုရှိအပ်တဲ့ အာရုံဝတ္ထုပစ္စည်းတွေရဖို့ဘဲ ကြံနေလိုက်တာ၊ စိတ်ကူးနေတာတွေ ရရာ ရကြောင်း ကြိုးစားအားထုတ်နေတာတွေ၊ တစ်ချို့ ဝိနည်းသိက္ခာပုဒ်နှင့် ဆန့်ကျင်ပြီးတော့ စီးပွားရေးအလုပ်တွေ လုပ်နေတာတွေလဲ ရှိပါတယ်။ အရောင်းအဝယ် လုပ်နေတာတွေလဲ ရှိတာပဲ၊ တစ်ချို့လဲ မတရားသဖြင့် အလှူခံနေတာတွေရှိတယ်၊ အဲသလိုဟာတွေ အများကြီးပါပဲ၊ အခုနေ ခါကာလမှာ အဲဒါတွေက မေ့လျော့နေတယ်လို့ ဆိုရမှာဘဲ၊ အဲဒီလို မဟုတ်နဲ့အုံးတော့ စိတ်ကူးဖြင့်ဘဲ ကာမဂုဏ် အာရုံတွေ စိတ်ကူးပြီးတော့ မထိမ်းသိမ်းဘဲ နေလို့ရှိရင် ဒါမေ့နေတာခေါ်တယ်၊ သက်ရှိဖြစ်ဖြစ်၊

http://www.dhammadownload.com

သက်မဲ့ဖြစ်ဖြစ်၊ အဝတ်အစားစတဲ့ အသုံးအဆောင်ပဲဖြစ်ဖြစ်၊ အဲဒီအာရုံတွေဆီ စိတ်ကိုလွှတ်ထားတာ၊ မထိန်းသိမ်းဘူး၊ ဒါမေ့နေတာတဲ့၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ မမေ့ဘူး၊ သူကတော့ သမထကမ္မဋ္ဌာန်းအားထုတ်နေတဲ့ သူဟာ သမထအာရုံဆီကို အမြဲတမ်းနှလုံးသွင်းပြီးနေရတော့ သူမမေ့ဘဲနေတာဘဲတဲ့၊ စိတ်တွေ ဘယ်မှ မသွားတော့ဘူး၊ စိတ်ထိန်းထားတယ်၊ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်ကတော့ အဲဒီဝိပဿနာအာရုံထဲမှာ စိတ်ကို အမြဲတမ်းထားတယ်၊ ဘယ်မှ မသွားရဘူး၊ အဲဒါကတော့ မမေ့တဲ့သဘောပဲ၊ အခုမေ့တဲ့သဘောက ဒုစရိုက်သုံးပါး၊ ကာမဂုဏ်ငါးပါးဘဲ၊ အဲဒီ ကာမဂုဏ်ငါးပါးတွေထဲမှာ စိတ်လွှတ်ထားရင် မေ့သည်မည်တယ်တဲ့။ အဲဒါကို ဘုန်းကြီးက အဲဒီ ပမာဒ တရားဆောင်ပုဒ်ကလေး စီထားပါတယ်။

"ဒုစရိုက်သုံးပါး၊ ကာမငါး၊ စိတ်သွားလေဖို့ လွှတ်ထားလျှင်"

ဒုစရိုက်သုံးပါး၊ ပါဏာတိပါတ အစရှိတဲ့ ကာယဒုစရိုက်၊ မုသာဝါဒစတဲ့ အာဘိဇ္ဈာဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက် အဲဒါတွေ စိတ်ကူးကြံစည်ဖို့ရာ စိတ်ကို လွှတ်ထားတယ်၊ သွားချင်ရာသွားရောဆိုပြီး စိတ်ကို မထိမ်းသိမ်းဘူး၊ သမထကမ္မဋ္ဌာန်းနဲ့လဲဘဲ မထိန်းသိမ်းဘူး၊ ဝိပဿနာကမ္မဋ္ဌာန်းနဲ့လဲဘဲမထိန်းသိမ်းဘူး၊ ဒီအတိုင်းလွှတ်ထားတယ်၊ အဲဒါ "ပမာဒ"မေ့လျော့တာဘဲတဲ့။

"သွား,လာ,သောက်,စား၊ ပျော်နေငြား၊ သူအားမေ့လျော့ခေါ်သည်ပင်"။

http://www.dhammadownload.com

အဲဒီပုဂ္ဂိုလ် မေ့လျော့နေတယ်လို့ ဆိုရတာပါဘဲ၊ ဒါပေမယ်လို့ အိပ်ပျော်နေတဲ့ မေ့တာမျိုးလဲမဟုတ်ဘူး၊ လုံးလုံးမေ့မျောနေတဲ့ မေ့တာမျိုးလဲမဟုတ်ဘူး၊ သွားစရာရှိသွား၊ လာစရာရှိလာ၊ စားစရာ သောက်စရာ အစစအရာရာပေါ့လေ၊ ပွဲကြည့်တာတွေရော အကုန်လုံးပေါ့၊ အဲသလိုဟာတွေ ပြုလုပ်နေတာပါဘဲတဲ့၊ ပျော်မွေ့နေတာပါပဲ၊ ကာမအာရုံတွေ ခံစားပျော်မွေ့နေတာပဲ၊ ဒါပေမယ်လို့ "ပမာဒ"မေ့နေတယ်လို့ ဆိုရတယ်တဲ့၊ ဘာတွေမေ့နေတုန်းဆိုတော့ ဒါနကုသိုလ်ဘက်က မေ့နေတယ်၊ သီလကုသိုလ်တွေဘက်က မေ့နေတယ်၊ ဘာဝနာကုသိုလ်တွေဘက်က မေ့နေတယ်၊ အားမထုတ် မရှုမှတ်တော့ ရှုမှတ်ခြိန်မရှိဘဲနဲ့ မေ့နေတယ်တဲ့၊ အဲဒီ ပမာဒ ပေါ့၊ အဲဒီ ပမာဒ ရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ သေခြင်းရဲ့ အကြောင်းပဲ၊ ဒီပမာဒ ရှိနေလို့ ဘဝတွေ ထပ်ကာထပ်ကာဖြစ်ပြီးတော့ သေနေရတယ်၊ မသေချင်လို့ရှိရင် ဘာလုပ်ရမလဲဆိုရင် ဒီပမာဒကို ပယ်ပြီးတော့ အပမာဒကို အားထုတ်ရမယ်၊ အဲဒီ အပမာဒဆိုတာ ဒါဘုရားသာသနာတစ်ခုလုံးနဲ့ ဆိုင်တယ်တဲ့၊ ဘုရားသာသနာမှာ ပိဋကတ်သုံးပုံဆိုတာ အကျယ်ကြီးပေါ့၊ နိကာယ်ငါးရပ်ဆိုလဲ အကျယ်ကြီး၊ အကျဉ်းချုပ်အားဖြင့် ဒီ "အပ္ပမာဒ"တရားပဲ၊ မမေ့တာပါဘဲ၊ ဒါနကုသိုလ်မမေ့နဲ့ သီလကုသိုလ်မမေ့နဲ့၊ ဘာဝနာကုသိုလ် အားထုတ်နေတဲ့အခါမှာ မိမိရှုမှတ်တဲ့အာရုံနဲ့ အမြဲတမ်းမပြတ် ရှုမှတ်နေမှာပဲ၊ အဲ-ရှေ့စိတ်ပြီး နောက်စိတ်၊ နောက်စိတ်ပြီး နောက်စိတ်၊ စိတ်အစဉ်အတိုင်း ဖြစ်တိုင်း ဖြစ်တိုင်း မပြတ်ရှုမှတ်နေရင် အမြဲတမ်း မမေ့မလျော့ တရားပွားနေတာပါပဲ၊ ဒါပေမယ်လို့ နားမလည်တဲ့ပုဂ္ဂိုလ်တွေကတော့ ဒီလိုမဟုတ်ဘဲနဲ့ ဒီပြင်နည်း

http://www.dhammadownload.com

တွေနဲ့ ဟောပြောနေတာလဲ ရှိပါတယ်၊ "အပ္ပမာဒေန သမ္မာဒေထ"ဆို ပြီးတော့ သီလပေးတိုင်း သီလပေးတဲ့ပုဂ္ဂိုလ်က ဆိုကြတယ်။ "အပ္ပမာဒေန - မမေ့သောသတိဖြင့်၊ သမ္မာဒေထ - ပြီးစေကြ ပြည့်စုံစေကြ" တဲ့၊ ဒါကြောင့် မိမိတို့လည်း ဒီနေ့ အကုသိုလ်တရားတွေကို ရှောင်ရှား ဖို့ရန် မမေ့ခြင်း၊ ကုသိုလ်တရားတွေကို ပွားများရမှာ မမေ့ခြင်းဆိုတဲ့ "အပ္ပမာဒ"တရား လက်ကိုင်ထားနိုင်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပူဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျော်၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့တွင်
ဆဋ္ဌသင်္ဂီတိပဋ္ဌာန၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော သီလပေးတရားတော်မှ
ဥပုသ်သုံးမျိုး တရားတော်

ဥပုသ်သည်တွေ ဥပုသ်နေ့တိုင်း သီလဆောက်တည်ကြ၊ တချို့ ဥပုသ်သည်တွေကတော့ မိမိတို့သီလကို လေးလေးစားစားကို ကျင့်ပါတယ်၊ ခန္ဓာကိုယ်လည်း သန့်ရှင်းအောင် ရေမိုးချိုးပြီး ကျောင်းရောက်တော့ သီလဆောက်တည်၊ ကိုယ့်နှုတ်ကဖြစ်ပေါ်လာမဲ့ အကုသိုလ် ဒုစရိုက်တွေကို ထိန်းသိမ်း၊ တရားရှုမှတ်ပြီးတော့ ဥပုသ်ကို ဖြူဖြူစင်စင် မြင့်မြင့်မြတ်မြတ် စောင့်ရှောက်ပါတယ်။ တစ်ချို့လဲ သင့်ရုံပါပဲ၊ သီလဆောက်တည်ပြီး စကားတွေပေါလိုက်၊ ထိုက်သင့်သလောက် တရားလေးမှတ်လိုက်၊ တရားလေးနာပြီး အချိန်ကုန်တော့ ပြန်သွား၊ သူကတော့ သင့်ရုံပါပဲ၊ တစ်ချို့ကြတော့ ဥပုသ်သည်လို့ ပြောဖို့တောင် တော်တော်ခက်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အိမ်ကလာတုံးက ဘယ်လိုအမွှေးအကြိုင် သနပ်ခါးတွေလိမ်းလာခဲ့ကြတာဘဲ၊ ရိပ်သာရောက်တော့ တွေ့သမျှလူတွေနဲ့စကား ဖောင်ဖွဲ့ပြောကြ၊ ပါလာတဲ့ချိုင့်ထဲကဟင်းတွေထမင်းတွေဝအောင်စား၊ စားလို့ဝတော့ တရေးတမောအိပ်၊ အိပ်ရေးဝတော့စကားပြန်ပြောကြနဲ့ ဒီလိုဥပုသ်သည်ကတော့ တယ်နေရာမကျပါဘူး၊ ကိုယ့်အတွက်လည်း အကျိုးမများသလို သူတစ်ပါးအတွက်လည်း

http://www.dhammadownload.com

အနှောက်အယှက်ဖြစ်တာပဲ၊ လုံးဝမလုပ်တာနဲ့စာရင် တော်သေးတာပေါ့ ဆိုပြီးနေရတာ၊ နေရာတော့ တယ်မကျလှပါဘူး။

နွားကျောင်းသား ဥပုသ်သည်

ဒီတော့ ဥပုသ်စောင့်ကြတဲ့အခါ ဥပုသ်ကသုံးမျိုးရှိတယ်၊ ဂေါပါလဥပုသ်၊ နိဂဏ္ဌာဥပုသ်၊ နောက်ပြီးတော့ အရိယာဥပုသ်လို့ သုံးမျိုးရှိတယ်၊ ဂေါပါလဥပုသ် ဆိုတာကတော့ နွားကျောင်းသားဥပုသ်ကိုပြောတာပါ၊ အကျိုးတော့တယ်မမျှားလှပါဘူး၊ အကျိုးဆိုတာကတော့ နောင်ပေးမယ့်ဥစ္စာ၊ အာနိသင်ဆိုတာကတော့ အခုလောလောဆယ်ရတဲ့အကျိုးလေးတော့ ရှိတာပေါ့လေ၊ အဲ-ကြီးမားသောအကျိုးအာနိသင်တော့မရဘူးတဲ့၊ ဥပုသ်စောင့်တဲ့အခါမှာ ပရိသတ်တွေကစုံတာကိုး၊ စုံတော့စကားတွေ တွေ့.ကရာပြော၊ ကိုယ့်အိမ်မှာဆိုလို့ရှိရင် ဘယ်သူမှမတွေ့.ရလို့ စကားတယ်ပြီးတော့ မပြောအားဘူး၊ ကိုယ့်အလုပ်တော့ကိုယ်လုပ်နေတာပေါ့လေ၊ စကားပြောတာတွေ ဘာတွေတော့ သိပ်မရှိပါဘူး၊ အဲ- ကျောင်းလာဥပုသ်စောင့်တဲ့အခါကြတော့ ပရိသတ်တွေကစုံနေတော့ ဟိုအကြောင်း၊ ဒီအကြောင်းတွေ စပ်ရာ စပ်ရာတွေပြောလိုက်ကြတာ စုံနေတာပါပဲ သူဥစ္စာ၊ ဒီတော့ ဥပုသ်က မစင်ကြယ်တဲ့ ဥပုသ်လို့ဆိုရမှာပေါ့လေ၊ အကျိုးမမျှားဘူးတဲ့၊ အကျိုးတော့ ပေးတော့ ပေးမှာပါပဲ။

ဒါပေမယ့် အကျိုးမမျှားလှဘူးတဲ့၊ အဲသည်လို ဥပုသ်မျိုးမဖြစ်ဖို့ရာ အရေးကြီးတာပေါ့၊ အခုတရားဟောတာတွေ တရားတွေ နာရ

http://www.dhammadownload.com

ပြုရ ဒီနေရာတွေကတော့ အင်မတန်ကောင်းပါတယ်။ တစ်ချို့လည်း ပုတီးစိပ်ကြတာပေါ့၊ ပုတီးစိပ်ရင်လည်း နဲနဲတော့ တော်သေးတာပေါ့၊ တရားအားထုတ်တဲ့နည်းမရတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပုတီးစိပ်ကြတယ်၊ ပုတီးစိပ်တာကလဲ အဲဒီ ပုတီးစိပ်တဲ့ထဲကို ဆင်ခြင်မှုတွေရှိနေအုံးမှ၊ ပုတီးသာတစ်လုံးချင်းချနေတာ၊ စိတ်တွေက ရောက်ချင်ရာ ရောက်နေရင်တော့ အဲဒါလဲ သိပ်တော့ နေရာမကျသေးဘူး၊ ဂုဏ်တော်ပုတီးစိပ်ရင်လဲ ဂုဏ်တော်တွေ ဆင်ခြင်တာပါမှ၊ တရားတွေနဲ့ပတ်သက်ပြီးစိတ်လဲ တရားတွေနဲ့ပတ်သက်တဲ့ နှလုံးသွင်တာပါမှ၊ မပါဘဲနဲ့စိပ်ရင်တော့ အဲဒီ ပုတီးစိပ်တာလဲ သိပ်တော့ အကျိုးများမဲ့ လက္ခဏာတော့ မရှိပါဘူး၊ ဘုရားလက်ထက်တုန်းကတော့ ပုတီးစိပ်တာတွေ မရှိသေးဘူး၊ ပုတီးက ဘယ်တုန်းကစလာတာလဲ မသိပါဘူး၊ ဂိုဏ်းဆရာတွေက စ,ခဲ့ဟန်တူပါရဲ့ သူ့ဉစ္စာ၊ သူတို့က ဗေဒင်ကျမ်းတွေက လာတဲ့အတိုင်း ပုတီးစေ့(၁၀၈)လုံးကို လုပ်ထားတာပါ၊ အဲဒါ ဂါထာတွေ မန္တာန်တွေမန်းတော့ (၁၀၈) ကြိမ်ဖြစ်ရင် တရာ့ရှစ်ကြိမ်ပြည့်အောင် ပုတီးနဲ့ စိပ်ပြီးတော့ မန်းဟန်တူပါတယ် သူ့ဉစ္စာ၊ အဲဒီကနေပြီးတော့ တရားအားထုတ် နှလုံးသွင်းတဲ့ထဲကို ရောက်လာဟန်တူပါတယ်။ ဒီပုတီးစိပ်တဲ့နည်းတွေ ရှေးက မရှိခဲ့ပါဘူး၊ ဘုရားလက်ထက်ကလည်းမရှိခဲ့ဘူး၊ အဋ္ဌကထာဆရာများလက်ထက်လဲမရှိသေးဘူး၊ ဋီကာဆရာတော်တွေ လက်ထက်တိုင်အောင် မရှိသေးပါဘူး၊ ရှေးစာပေဟောင်းထဲမှာ ပုတီးစိပ်တဲ့နည်းမရှိပါဘူး၊ သိပ်တော့ ကြာပုံမရသေးဘူး၊ ဒါပေမယ်လို့ ဘုရားဂုဏ် စသည်တွေ အာရုံပြုပြီး ပုတီးစိပ်နေတယ်ဆိုရင်တော့ ဒီဉစ္စာတော်တယ်လို့ ဆိုရမှာပါပဲ၊ ဒါကတော့

http://www.dhammadownload.com

အကျိုးရှိတန်သလောက် ရှိပါတယ်။ အဲ-အခုဟာကတော့ ဂေါပါလ ဥပုသ်ဆိုတာ၊ နွားကျောင်းသားတွေလိုပဲတဲ့၊ စားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေး၊ လောကရေးရာတွေ ပြောဆို ကြံစည်ပြီးတော့ နေကြတာနဲ့ အချိန်ကုန်တယ်တဲ့၊ ဥပုသ်ကတော့ မပျက်ဘူးပေါ့လေ၊ ပါဏာတိပါတ ဝေရမဏီ - သူတစ်ပါး အသက်သတ်ခြင်းကနေ ရှောင်ကြဉ်ပါတယ်ဆို တာကနေ ရှောင်ကြဉ်နေတာပါပဲ။ ဝိကာလဘောဇန - နေ့လွဲညစာ စား ခြင်းမှ ရှောင်ကြဉ်နေတယ်ဆိုတာကနေလဲ ရှောင်ကြဉ်နေလျက်ပါပဲ၊ မပျက်ပါဘူး၊ ဒီဥစ္စာ၊ နစ္စ ဂီတ - ကခြင်း၊ သီဆိုခြင်းတွေ မကြည့်တော့ လဲ မပျက်ပါဘူး၊ နံ့သာလိမ်းချယ်ခြင်းမရှိရင်လဲ မပျက်ပါဘူး၊ သီလက တော့မပျက်ပါဘူး၊ အဲ-ဒါပေမယ်လို့ စာရေး၊ သောက်ရေး၊ လောကရေး ရာတွေ လျှောက်ပြီးတော့ ပြောဆို ဆွေးနွေးနေ၊ ဒီလို ပြောနေလို့ရှိရင် တော့ ငါမစင်ကြယ်သေးဘူးပေါ့။ ဒီထဲမှာ သူတစ်ပါးအပြစ်တွေကို ရှုတ်ချ ပြီးပြောနေတာတွေလဲ ရှိတတ်ကြသေးတယ်၊ ဒါကတော့ အပြစ်ဖြစ်မှာ ပဲ၊ ဒီဥစ္စာ သူများအကြောင်း မဟုတ်တာတွေပေမယ့် ပြောတတ်ကြတယ် တချို့က။

တိတ္ထိတကွဒွန်းတို့၏ဥပုသ်

နောက် နိဂဏ္ဌာဥပုသ်တဲ့၊ နိဂဏ္ဌာဥပုသ်ဆိုတာကတော့ တကွဒွန်း တွေ အဝတ်မဝတ်ပဲ ကျင့်တဲ့ တကွဒွန်းတွေရဲ့ ဥပုသ်၊ သူတို့ကပေးတဲ့ ဥပုသ်၊ သူတို့ဥပုသ်က ဘယ့်နှယ်လုပ်ပေးလဲဆိုရင် သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ဖို့ဆိုရာမှာ ယူဇနာတစ်ရာရဲ့ အပြင်ဖက်က ဆိုပြီး

http://www.dhammadownload.com

တော့ အဲဒီလိုပေးသတ်သတဲ့၊ ကျမ်းဂန်တွေထဲမှာရှိနေတယ်၊ ဟိုတုန်းက ဒီလိုကျင့်တာမျိုးရှိသလား မပြောတတ်ဘူး၊ နိဂဏ္ဌာ-ဂျိန်းတွေအနေနဲ့က တော့ ဒီလိုဟာ ရှိပုံမပေါ်ဘူး၊ သူတို့က သူတစ်ပါးအသက်သတ်ခြင်း၊ ညှင်းဆဲခြင်းတွေ အလေးပြုပါတယ်၊ ဗုဒ္ဓဘာသာကမှ တကယ့် သက်ရှိသတ္တဝါတွေကို မညှင်းဆဲ မသတ်ဖြတ်ပဲနဲ့ကျင့်ရ၊ ဂျိန်းတွေက ဒီလိုမဟုတ်ဘူး၊သစ်ပင်တွေ ဘာတွေရောအကုန်လုံး၊ ဒီဥစ္စာတွေလဲ သက်ရှိသတ္တဝါအနေနဲ့.ယူပြီးတော့ အဲဒါတွေ မညှင်းဆဲရဘူးဆိုပြီးတော့ ကျင့်ကြတာ၊ ပြီးတော့ တမင်တကာ သူများကို သေအောင်လို့ သတ်တာမဟုတ်ပေမယ်လို့ မရိုမသေနဲ့သွားလို့ (သွားရင်း) ပိုးကောင်နင်းမိသလို သေရင်လဲ အဲဒါလဲ အပြစ်ရှိတယ်လို့ဆိုပြီးတော့ အဲဒါကစပြီးတော့ သူတို့ကသတ္တဝါအသက်သတ်ခြင်းမှ ကြဉ်ရှောင်မှု၊ ညှင်းဆဲခြင်းမှ ကြဉ်ရှောင်မှုတွေ အကြီးအကျယ်သူတို့ ကျင့်နေကြတယ်၊ အဲဒီတော့ အခုနေအခါနဲ့တော့ ဒီဥစ္စာမကိုက်ဘူး၊ စာထဲမှာတော့ ဒီလိုရှိတယ်၊ ဟိုရှေးတုန်းကတော့ ဒီလိုကျင့်တဲ့ နိဂဏ္ဌာတွေရှိလားတော့ မပြောတတ်ဘူး၊ ဒါမှ မဟုတ်ရင်လဲ နောင်မှာများ စာတွေ အောင်လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေက ရွေ့လျားလာခဲ့လားတော့မပြောတတ်ဘူး၊ အခုနိဂဏ္ဌာတွေနဲ့တော့ မကိုက်ဘူး၊ အခု နိဂဏ္ဌာတွေကတော့ သိပ်ရိုသေကြတာပဲ၊ သူတို့က သတ္တဝါတွေ အသက်သတ်ခြင်းရိုသေပါတယ်၊ သူတို့က အသားတို့ ဘာတို့မှ မစားတာ၊ အသားမစားရဘူးတဲ့၊ အသားစားရင်လဲ တစ်ဝက်အပြစ်ရှိတယ်ဆိုတာကိုး၊ ကိုယ်တိုင်သတ်လို့ရှိရင်တော့ အပြည့်အစုံ အပြစ်ရှိတယ်၊ သူများသတ်ထားတဲ့ အသားကို စားလို့ရှိရင် တစ်ဝက်အပြစ်ရှိတယ်လို့ဆိုပြီးတော့ ဒီလိုယူကြတယ်။

http://www.dhammadownload.com

နောက်တစ်ခု နိဂဏ္ဌာတွေက ဥပုသ်စောင့်တဲ့ သူတပည့်တွေကို ဒကာတွေ နေမှာပေါ့လေ၊ သူတို့အကျင့်ကို ညွှန်ကြားသေးတယ်တဲ့၊ သူတို့အကျင့်က အဝတ်မဝတ်တဲ့အကျင့်၊ ဒီဗုဒ္ဓဘာသာဝင်တွေ ပုဂ္ဂိုလ်တွေကျင့်တဲ့ အကျင့်က ပါဏာတိပါတ စတဲ့ ဒုစရိုက်တွေမှ ကြဉ်ရှောင်တဲ့အကျင့် ဆိုတော့ အဲဒီဒုစရိုက်တွေ ကြဉ်ရှောင်ဖို့၊ မွန်းလွဲတဲ့အခါကာလ အစာမစား ဖို့၊ နစ္စ ဂီတ-ကခြင်း သီဆိုခြင်းတွေ မကြည့်ရှုဖို့ ဒီလိုဟာတွေ ညွှန်ကြားတယ်၊ ကိုယ်ကျင့်တဲ့ အကျင့်တွေထဲကလည်း ကျင့်သင့်ကျင့်ထိုက်တာတွေကို ညွှန်ကြားတယ်၊ အဌင်္ဂဥပေါသထဥပုသ်ပေါ့။ သူတို့ကတော့ အဝတ် မဝတ်ဘဲနဲ့ ကျင့်တဲ့အကျင့်၊ ဒီတော့ အဝတ်တွေကို အကုန်လုံး ချွတ်ပြီးတော့ ကျင့်ရတာတဲ့ ဒီဥစ္စာ။

မေလာနိ- အဝတ်တို့ကို၊ နိကွဲပေတွာ - ချစေရမယ်၊ ချထားရမယ်၊ ရှေ့တုန်းကတော့ ခါးဝတ်နဲ့ ကိုယ်ရုံနဲ့၊ အခုရဟန်းများဝတ်သလို၊ ရှေ့တုန်းကတော့ အကျီတို့ဘာတို့ဆိုတာက အသုံးနည်းသေးတယ်၊ အဲဒီခါးဝတ်ရော၊ ကိုယ်ရုံရော အကုန်ချပြီးတော့ ကိုယ်တုံးလုံးနဲ့ကျင့်ရတယ်၊ "မေလာနိ" ဆိုတာ အဝတ်တွေကို စွန့်ရမယ်၊ ချရမယ်ဆိုတာကို၊ နိဂဏ္ဌာတွေရဲ့ အလေ့အကျင့်ကို သဘောမပေါက်လို့ စာတတ်ပေတတ် ပုဂ္ဂိုလ်တွေလဲ အနက်အဓိပ္ပါယ် အယူလွဲနေတာလဲရှိတယ်၊ ခေါင်းပေါင်းချွတ်ချတယ် ယူတာကိုး၊ ဒီလိုမဟုတ်ပါဘူး၊ သူက အဝတ်တွေကို အကုန်စွန့်.ချရမယ်၊ ဒါမှ သူတို့နှင့် အကျင့်တူတာ၊ သူတို့လဲ အဝတ်မရှိဘူး၊ ဥပုသ်စောင့်တဲ့ပုဂ္ဂိုလ်တွေလဲ ဒီနေ့ ဒီရက်တော့ အဲဒီလို အဝတ်မဝတ်ဘဲနဲ့ ကျင့်ရတာကိုး၊ အဲဒီလို အဝတ်တွေစွန့်ပြီး သကာလ-

http://www.dhammadownload.com

"နာဟံ ကွနစိ ကဿစိ ကိဉ္စနတသ္မိ"

အဟံ - ငါသည်၊ ကွနစိ - တစ်စုံတစ်ရာ၌၊ ကဿစိ - တစ်စုံတစ်ယောက်၏၊ ကိဉ္စနတာ - ကြောင့်ကြဖွယ်အဖြစ်သည်၊ နအာသ္မိ - နဟောမိ - မဖြစ်ဘူး၊ မရှိပါဘူး၊ ငါ့ကိုဘယ်သူကမှ ကြောင့်ကြမရှိဘူး၊ ငါဘယ်သူနဲ့မှ မပတ်သက်ဘူး၊ အဲဒီလိုဘဲ ကြည်ရမယ်၊ မိဘတို့ ဆွေမျိုးတို့၊ မောင်နှမတို့ အိမ်ထောင်ရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် အိမ်ထောင်သည် အချင်းချင်းတွေ ဒီဟာတွေ ရှိတာပေါ့လေ၊ ဆက်ဆံတာတွေ အဲဒါတွေ ဘာမှမရှိတော့ဘူးဆိုတဲ့အနေနဲ့ ကြည်ရတာကိုသူက သူတို့နိဂဏ္ဌာတွေကလဲ ဒီအတိုင်းဘဲ ဘာမှသံယောဇဉ်မရှိဘဲနဲ့ ကျင့်ကြတာ၊ အဲ-သူတို့နည်းအတိုင်း ဒီနေ့ ဒီရက်ကျင့်ရမယ်ဆိုပြီးတော့ အဲဒီလို ကျင့်ခိုင်းတာပေါ့။

"နံ စ မမ ကွနစိ ကတ္ထစိ ကိဉ္စနတတ္ထိ"

မမ - ငါ၏၊ ကိဉ္စနတာ - ကြောင့်ကြဖွယ်အဖြစ်သည်၊ နအတ္ထိ - မရှိဘူး၊ ငါ့မှာ ကြောင့်ကြစရာမရှိဘူး၊ ကွနစိ - တစ်စုံတစ်ခု၌၊ ကိုယ်တွင်းရော၊ ကိုယ်ပရော ဘာမှ ကြောင့်ကြစရာမရှိဘူး၊ ကတ္ထစိ - တစ်စုံတစ်ခုသောအရပ်၊ ဘယ်အရပ်မှာမှ ကြောင့်ကြစရာမရှိဘူး၊ ငါ့မှာကြောင့်ကြစရာ၊ ငါ့မှာ သံယောဇဉ်ဘာမှ မရှိဘူး၊ ဒီလိုလဲ ကြငြာရမယ်၊ သူက အခုနက ပြောခဲ့တဲ့၊ ပစ္စည်းတွေဘာတွေ စွန့်ထားပြီးပြီကိုး၊ ကိုယ့်မှာ ဝတ်ထားတဲ့အဝတ်တွေတောင်စွန့်ထားပြီးပြီဟာကို၊ အဲဒါကြောင့် ဘာမှ သူများကလည်း ကိုယ့်အတွက် ကြောင့်ကြစရာမရှိဘူး၊ ကိုယ်ကလဲ သူများ

http://www.dhammadownload.com

အတွက် ကြောင့်ကြစရာမရှိဘူး၊ အတွယ်အတာ အကုန်ကင်းနေပြီဆို ပြီးတော့ ဒီလိုလဲ ကြေငြာခိုင်းပါတယ်၊ ဒါကို မြတ်စွာဘုရားက - မုသာဝါဒဖြစ်နေတာတဲ့၊ ဥပုသ်စောင့်တဲ့အခါကာလမှာ မုသာဝါဒ ကြဉ်ရှောင်ရမဲ့ ဥစ္စာကို အခုဟာက မုသာဝါဒ လိမ်ရာရောက်နေတာပေါ့တဲ့၊ ဘာပြုလို့လဲဆိုတော့ သူက ကြောင့်ကြစရာမရှိဘူးလို့သာဆိုနေတာ၊ ကြောင့်ကြစရာတွေကရှိနေတာပဲ၊ သူမိဘတွေဆိုရင် "ငါ့သား- ဒီလို ကြောင့်ကြမှုရှိနေတာပဲ" ညီအစ်ကို မောင်နှမစ်မ အချင်းချင်းကဆိုရင်လဲဘဲ အစ်ကိုတို့၊ ညီတို့၊ မောင်တို့ ဒီလို ကြောင့်ကြစရာတွေ ရှိနေတာပဲ၊ အိမ်သူအိမ်သား အိမ်ထောင်စု ဆိုလို့ရှိရင် အိမ်က ခင်ပွန်း အိမ်သူကနေပြီး ကြောင့်ကြစရာရှိနေတာပဲ၊ အဲဒါ သူက မရှိပါဘူးလို့ဆိုတော့၊ တကယ် လုံးလုံး စွန့်လိုက်ရင်လဲဟုတ်သား၊ လုံးလုံးလဲ စွန့်တာမဟုတ်ပဲဟာကို၊ အဲဒီတော့ သူက ကြောင့်ကြတွေ ရှိနေတာပဲ၊ ရှိနေပါလျက်သားနဲ့ "မရှိဘူး" ဆိုပြီး ပြောတာ လိမ်ရာရောက်တယ်၊ မုသာဝါဒဖြစ်တယ်၊ "မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" ဆိုတဲ့ အဲဒီသီလတောင်မှ မတည်ဘူးတဲ့၊ ပျက်တယ်တဲ့၊ ပြီးတော့ "ငါ့မှာလဲ ဘယ်သူအတွက်မှ ကြောင့်ကြစရာမရှိဘူး"လို့ လုပ်နေတယ်တဲ့၊ ဒါလဲပြောခိုင်းတယ်၊ အဲဒီမှာပဲ သူစပ်ရာ စပ်ရာတွေ သူကြောင့်ကြ ရှိနေကြတာပဲ၊ သူအိမ်မှာရှိတဲ့ ပစ္စည်းတွေဘာတွေရောပေါ့လေ၊ သူက လုံးလုံးစွန့်နိုင်တာ ဟုတ်မှ မဟုတ်ပဲဟာကို၊ ဒီတော့ ဒါတွေ အကုန်လုံး စွန့်ပြီးပြီဆိုတဲ့အနေနဲ့ သူက ကြေငြာခိုင်းတာကိုး၊ ဒါ မုသာဝါဒ လိမ်ရာရောက်တယ်တဲ့၊ နောက်တစ်ခုက အဲဒီကနေပြီးတော့ အကုန်လုံးစွန့်တာ ပြီးပြီဆိုပြီး နောက်တစ်နေ့ကျတော့

http://www.dhammadownload.com

ကိုယ့်ဆိုင်ရာ ဆိုင်ရာတွေပြန်ပြီး သုံးဆောင်ပြန်တယ်တဲ့၊ ကိုယ်ပိုင် မဟုတ် တော့ဘူးဆိုတဲ့ အနေရောက်နေတာပေါ့လေ၊ ကိုယ်က စွန့်ပြီးသားတွေ သွားသုံးသော သူမျှားပိုင်ဖြစ်နေတယ်၊ သူမျှားမပေးဘဲနဲ့ သုံးဆောင်တော့ အဲဒါလဲဘဲ အဒိန္နာဒါနတဲ့ အတွင်းဝင်တယ်တဲ့၊ အဲဒါ မစင်ကြယ်ဘူးတဲ့၊ အဲဒါ နိဂဏ္ဌာဥပုသ်၊ နမဟပ္ပလော-အကျိုးမကြီးဘူးတဲ့၊ အကျိုးမကြီးတာ မဟုတ်ဘူး၊ အကျိုးကို လုံးလုံးမရှိတာပါ။ ဘာအကျိုးမှမရှိဘူး၊ သူဟာ ကောင်းသောအကျင့်မှ မဟုတ်တာ၊ ဘာအကျိုးမှ မရှိဘူး၊ အဲဒီဥပုသ် မျိုးလည်း အသုံးမကျဘူးဆိုတာ ဖော်ပြတာပေါ့။ နောက်ပြီးတော့ ဒီအထဲ မှာတော့ ဥပုသ်အဖြစ်နဲ့ ပြထားတာ မတွေ့ဘူး၊ ဗုဒ္ဓဘာသာအပြင်ဖက် က ဘာသာခြားတွေ ဥပုသ်တစ်မျိုးရှိသေးတယ်၊ အစားမစားဘဲနဲ့ နေတဲ့ ဥပုသ်၊ ဥပုသ်ဆိုတာက- ဥပ+ဝသထ တဲ့၊ ဥပ-ပြည့်စုံ၍၊ ဝသထ - နေခြင်း၊ ပြည့်စုံပြီးတော့နေခြင်း၊ ဘာနဲ့ပြည့်စုံတာလဲ?၊ သီလနဲ့ပြည့်စုံပြီးတော့နေ ခြင်း၊ ဒါက ဥပုသ်တစ်မျိုး၊ ဗုဒ္ဓဘာသာဝင်တွေ ကျင့်တဲ့ဥပုသ်၊ သီလနဲ့ ပြည့်စုံပြီးတော့ နေခြင်း၊ အစားမစားဘဲ၊ မစားတဲ့အကျင့်နဲ့ ပြည့်စုံပြီး တော့နေခြင်း၊ ဒါ ဗုဒ္ဓဘာသာအပြင်ဘက်က ဘာသာခြားတွေကျင့်တာ၊ အဲ-တစ်နေ့လုံး၊ တစ်ညလုံး မစားပဲနဲ့ သူတို့အချိန်ကျမှ ဘယ်အချိန် ကျမှ စားရမယ်ဆိုတဲ့ အချိန်အကန့်အသတ်ကလေးရှိ၊ အဲဒီအချိန်ကျမှ စား ရတာ၊ ဟို-ဝိကာလဘောဇနာ မျိုးလဲမဟုတ်ဘူး၊ မစားဘဲနဲ့နေရတာ၊ ဖျော်ရည်တို့၊ ပျားရည်တို့ ဒီလို အားလုံး သုံးဆောင်ရတဲ့ ဥစ္စာတွေရှိ တယ်၊ ဒီလိုဟာတွေ သုံးဆောင်ပြီးတော့နေခြင်း၊ ဥပဝသထ- အဲဒီ ခုနက ပြောတဲ့ ဥပုသ်(၃)မျိုးထဲမှာတော့ နိဂဏ္ဌာဥပုသ်ထဲတော့မပါဘူး၊ နိဂဏ္ဌာ

http://www.dhammadownload.com

ဥပုသ်မဟုတ်တော့ မိစ္ဆာဝါဒဥပုသ်လို့ခေါ်ရမှာပေါ့လေ၊ အဲဒါ- အစာမစားဘဲနဲ့နေခြင်း၊ အစာလုံးလုံးမစားဘဲနဲ့ နေရတယ်၊ ဒါတင်မဟုတ်ဘူး၊ ရေလဲမသောက်ရဘူး၊ အဲဒါတွေက သာသနာ့အပြင်ဘက်က မိစ္ဆာဝါဒဥပုသ်တွေတဲ့၊ ဘာမှအကျိုးမရှိဘူး။

အရိယာဥပုသ်

အရိယာဥပုသ်ဆိုတာကတော့ အခု ရှစ်ပါးသီလ ဥပုသ်မျိုးပါပဲ၊ သီလဥပုသ်လို့ ဒီမှာဟောထားတယ်၊ အဲဒီဥပုသ်တွေ ဆောက်တည်ပြီးတော့ သီလတွင်မဟုတ်ဘူး၊ ဘုရားဂုဏ်အာရုံပြု၊ နတ်တွေရဲ့ သဒ္ဓါသီလအစရှိတဲ့ ဂုဏ်တွေနဲ့ အလားတူ မိမိရဲ့ သဒ္ဓါသီလစတဲ့ ဂုဏ်တွေအာရုံပြု၊ အားလုံးငါးမျိုးရှိတယ်၊ ဒီလိုဆင်ခြင်ပြီးတော့ နေတဲ့ ဥပုသ်သာလျှင်မြင့်မြတ်တဲ့ဥပုသ်ပဲတဲ့၊ ဘုရားဂုဏ်အာရုံပြုနေတာ ဗြဟ္မဉ်ပေါသထ၊ "ဗြဟ္မ"က-မြင့်မြတ်တာ၊ "ဗြဟ္မာ"လို့လဲဟောတယ် ဒီမှာတော့ ဘုရားပါပဲ၊ မြတ်စွာဘုရားနဲ့အတူ နေရာရောက်တယ်၊ ဘယ်လိုနေရမလဲဆိုလို့ရှိရင် ဘုရားဂုဏ်တော်တွေ အာရုံပြုရတယ်၊ ဘုရားဂုဏ်တော်(၉)ပါးပေါ့လေ၊ ဂုဏ်တော်(၉)ပါးဆိုတာ ပါဠိလိုတော့ရတဲ့ပုဂ္ဂိုလ်တွေမျှားပါတယ်၊ မရသေးတဲ့ပုဂ္ဂိုလ်တွေလဲ ရအောင်ကျက်ထားတာတော့ ကောင်းတယ်၊ အဲဒီဂုဏ်တော်ကိုးပါး ဘုရားရှိခိုးလေးလဲ ကျက်ထားရင် ကောင်းတယ်၊ ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးတွေက ဘုန်းကြီးတို့ ဒီက ဟိုစာအုပ် ဒီစာအုပ်ကလေးမျှားမှာပါတာမျှားပါတယ်၊ စာအုပ်အသေးလေးတွေ လောကဓံ စာအုပ်ထဲမှာလဲပါတယ်၊ တချို့နေရာ အကျယ်ကြီးတောင်ပါတယ်၊ တစ်ချို့

http://www.dhammadownload.com

နေရာကတော့ အကျဉ်းပါပဲ၊ အကျဉ်းကတော့ ကျက်မယ်ဆိုရပါတယ်။ ဂုဏ်တော်(၉)ပါးတဲ့-

အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သည်တဲ့၊ လောကမှာ သတ္တဝါတွေ မိမိတို့ အကျိုးရှိအောင် မိမိတို့ ဘာသာတရားဆိုင်ရာတွေ လှူဒါန်းကြ၊ ပူဇော်ကြ၊ အရိုအသေပြုကြ၊ အဲဒီလို အရိုအသေပြုလို့ မိမိတို့ အလိုရှိအပ်တဲ့ အကျိုးရရင်တော့၊ ဒါ-ပူဇော်ထိုက်တာပေါ့လေ၊ မိတ်ဆွေအဖြစ်နဲ့ ပေါင်းသင်းတယ်၊ မိတ်ဆွေဆိုတာက အရေးအကြောင်းရှိတဲ့အခါကြရင် အကူအညီရဖို့ သူတစ်ပါးအရေးရှိတဲ့အခါကြရင် မိတ်ဆွေ အချင်းချင်း ကိုယ်ကလဲ ကူညီရတာပေါ့၊ သူများကလဲ ကိုယ့်ကို ကူညီဖို့ရာ၊ ကိုယ့်ကို အကူအညီမပေးမဲ့ပုဂ္ဂိုလ်ဆိုရင် မိတ်ဆွေအဖြစ်နဲ့မပေါင်းသင်းထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ တကယ့်အရေးရှိတဲ့အခါကြတော့ ဆောင်လဲ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းလဲ ရှိလျက်သားနဲ့ မိမိအတွက်ဘာမှ ဆောင်ရွက်မပေးဘူးဆိုလို့ရှိရင် အဲဒီလိုပုဂ္ဂိုလ်ကတော့ မိတ်ဆွေအဖြစ်နဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းစရာမရှိပါဘူး၊ သူလဲ အကူအညီပေးစရာတွေမရှိပါဘူး၊ ဘာပြုလို့တုန်းဆိုတော့ တကယ်အရေးရှိတဲ့အခါကြတော့ သူက အကူအညီမရပဲဟာကိုး၊ အဲဒီလိုပဲ မပူဇော်ထိုက်တဲ့ဥစ္စာတွေ ပူဇော်လို့ရှိရင် ဘာမှအကျိုးမရဘူးတဲ့၊ အခုခေတ် နတ်တွေ အချို့ ကိုးကွယ်တာရှိတယ်၊ အချို့လဲ ပြုစားမှာကြောက်လို့ နတ်တွေကြောက်လို့ နတ်တွေကို ပူဇော်ကြ၊ ပသကြတယ်၊ ဒါကတော့ ကြောက်လို့ ပူဇော် ပ,သကြတာမို့ အပြစ်မရှိပါဘူး၊ နတ်တွေပူဇော်ခြင်းဖြင့် အကျိုး

http://www.dhammadownload.com

ရှိလိမ့်မယ်လို့ထင်ပြီးတော့ ပူဇော်ကြတာတွေ၊ အဲဒါတွေကတော့ အကျိုး
မရလို့ရှိရင် အလကားပါပဲ၊ နောက်ဘဝတွေလဲ ကောင်းစားလိမ့်မယ်၊
ချမ်းသာလိမ့်မယ်ဆိုရင်တော့ အဲဒါကတော့ ဘာသာရေးနဲ့တောင် ဆိုင်
သေးတယ်၊ ဒါအပြစ်နည်းနည်းရှိလာတယ်၊ နတ်တွေက နောက်ဘဝ
အတွက်ဘာမှ မကယ်နိုင်ဘူး၊ ဂိုဏ်းတွေ ကိုးကွယ်တာရှိတယ်၊ ဂိုဏ်း
ဆရာကြီးတွေ ကိုးကွယ်ကြ၊ ဒါပြီးတော့ ပူဇော်ကြ၊ ပ,သ ကြ၊ ဒီလိုဟာ
တွေလည်းရှိတယ်၊ အဲဒါတွေလဲ ဘာမှ ကိုယ်ရည်ရွယ်တဲ့ အကျိုးမရပါ
ဘူး၊ ရလိမ့်မယ်ထင်ပြီးတော့ ကိုးကွယ်ကြ၊ ပူဇော်ကြတာတွေ၊ ယုံကြည်
ပြီးတော့ ဘာမှ မရပါဘူး၊ အဲဒါဟာ မပူဇော်ထိုက်တဲ့ ဥစ္စာတွေဘဲ၊ မြတ်
စွာဘုရားကတော့ ပူဇော်ထိုက်တယ်တဲ့၊ မြတ်စွာဘုရားမှာ လွန်ကဲထူး
မြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ
ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ပူဇော်ခံထိုက်တယ်၊ သီလ
အစရှိတဲ့ ဂုဏ်ကျေးဇူးတွေ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်လို့ရှိရင်
အကျိုးရှိတယ်၊ အရှိအသေပြုလဲ အကျိုးရှိတယ်၊ ဘုရားကတော့ သီလ
စသော ဂုဏ်ကျေးဇူးတရားနဲ့ ပြည့်စုံတဲ့နေရာမှာ လိုလေသေးမရှိ၊ အမြင့်
မြတ်ဆုံးပြည့်စုံတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားကို ကိုးကွယ်ပူဇော်တဲ့
ပုဂ္ဂိုလ်တွေဟာ မိမိတို့ အလိုရှိအပ်တဲ့ ကောင်းကျိုးတွေရတယ်၊ ကိုယ်က
နားမလည်လို့ ဒီလောက်အကျိုးတွေ ရလိမ့်မယ်လို့ မသိရရင်သာရှိမယ်၊
ကိုယ်အာရုံပြုပြီး ရိုရိုသေသေ လေးလေးမြတ်မြတ်ပူဇော်လို့ရှိရင် လိုအပ်
တဲ့အကျိုးတွေရတယ်၊ လိုအပ်တဲ့ အကျိုးထက်တောင် ပိုပြီးတော့ ရနိုင်
တယ်၊ လူချမ်းသာတွေ၊ နတ်ချမ်းသာတွေ၊ နိဗ္ဗာန်ချမ်းသာတွေလည်းရနိုင်

http://www.dhammadownload.com

တယ်၊ အဲဒီလိုပူဇော်တဲ့ပဋိဂ္ဂါလ်မှာ လိုအပ်တဲ့ အကျိုးတွေကိုရခြင်း၏ဂုဏ်အင်္ဂါ အရည်အချင်းနဲ့ ပြည့်စုံပြီးနေတဲ့ မြတ်စွာဘုရားမှ ပူဇော်အထူးကို ခံယူတော်မူထိုက်သည်တဲ့၊ အဲဒီတော့ ပူဇော်ထူးခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားဘဲ၊ ဘုရားရှိခိုးတဲ့အခါ ဒီဂုဏ်လေးတွေ အာရုံပြုရတယ်။ ဗုဒ္ဓါနုဿတိလို့ခေါ်တယ်၊ သီလကျင့်နေတဲ့ အခါကာလကြတော့ ဘုရားအာရုံပြုပြီးတော့နေရင် ဖြဟ္မုပေါသထ-ဘုရားရှင်နှင့် အတူတကွနေရတာနှင့်တူတယ်တဲ့၊ မြတ်တယ်တဲ့၊ အခုနက ဥပုသ်စောင့်ပြီးတော့ တောင်ရောက်မြောက်ရောက်တွေ လျှောက်ပြီးတော့ ပြောနေရင် အဲဒါအကျိုးမများဘူး၊ သီလစင်ကြယ်သင့်သလောက် မစင်ကြယ်ဘူး၊ အကျိုးများသင့်သလောက် မများဘူး၊ ဘုရားဂုဏ်တွေလဲ အာရုံပြုနေမယ်ဆိုရင် အာရုံပြုနိုင်သလောက်ပေါ့၊ တစ်နေ့လုံးမဟုတ်လဲ ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ၊ ရသလောက်ပေါ့၊ ဘုရားရှိခိုးတဲ့အခါလေးတွေရှိမှာပေါ့လေ၊ အခုဒီက ယောဂီတွေအတွက်တော့ တရားအားထုတ်နေတော့ အကောင်းဆုံးပါ၊ တရားရှုမှတ်နေရင် ဒါကတော့ အကောင်းဆုံးပဲ၊ ဘုရားနဲ့အတူတကွနေရတာ၊ အခုတော့ ဒီဒေသနာက ဘုရားကစပြီးတော့ ဟောထားတော့ ဘုရားဂုဏ်အကြောင်းပြောရတာ၊ အရဟံ - လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ပူဇော်အထူးကို ခံယူထိုက်တယ်၊ လူနတ်ဗြဟ္မာသတ္တဝါတွေက လူချမ်းသာ၊ နတ်ချမ်းသာတွေ၊ ရချင်ကြတယ်၊ ရချင်လို့ ပူဇော်ကြတာ၊ ဘာသာတိုင်း၊ ဘာသာတိုင်းမှာဒီလိုပဲ၊ ကိုယ်မှာ ဒီလို အကျိုးတွေ ရလိမ့်မယ်ဆိုပြီး ပူဇော်ကြတာ။ အကျိုးမရတဲ့

http://www.dhammadownload.com

ဘာသာတွေ ပူဇော်တာတွေကတော့ မပူဇော်ထိုက်တာတွေ ပူဇော်ကြတာပဲ၊ အခု ဗုဒ္ဓမြတ်စွာဘုရားကတော့ ပူဇော်ထိုက်တယ်တဲ့၊ အပူဇော်ခံတာဟာ သတ္တဝါတွေ မိမိတို့ အလိုရှိအပ်တဲ့ ကောင်းကျိုးတွေရဖို့ရာ အကြောင်းဘဲတဲ့၊ ဒါကြောင့် သတ္တဝါတွေ ကောင်းကျိုးရပါစေဆိုတဲ့ အနေနဲ့ မြတ်စွာဘုရားက ကရုဏာနဲ့ ပူဇော်ခံတာပါ။ သနားတော်မူခြင်း ကရုဏာနဲ့ အပူဇော်ခံတာပါ။ အရဟံ-လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား၊ ဒီလို တစ်ပုဒ်တည်းရရင်ကို တော်လှပါပြီ၊ ကိုင်း-ဒါလေးအာရုံပြုပြီး ဆိုကြအုံးစို့၊ လိုက်ဆို-

"အရဟံ–လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်း တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။"(၃-ခေါက်)

သတ္တဝါတွေ အလိုရှိအပ်တဲ့ ကောင်းကျိုးတွေကို ရစေနိုင်တယ်၊ မိမိတို့ ရည်ရွယ်ချက်ရှိတဲ့အတိုင်း ပြည့်စုံတယ်၊ မသိလို့ ရည်ရွယ်ချက် မျှော်လင့်ချက်မရှိတောင်မှ ကောင်းကျိုးတွေကတော့ ရနေမှာပါ။ ဒါကြောင့် ဘုရားကိုပူဇော်တာ အကျိုးများတယ်၊ ဘုရားရှိခိုး၊ နေ့စဉ် နေ့စဉ်လဲရှိခိုး၊ ပြီးတော့လဲ တတ်နိုင်သမျှ ရေချမ်းတို့၊ ပန်းတို့၊ ဆီမီးတို့ ဒါတွေလဲ ပူဇော်ကြလို့၊ ဒါဟာ တကယ်ပူဇော်ထိုက်တဲ့ ဘုရားပူဇော်ရတာတဲ့၊ အကျိုးတွေအင်မတန်များတယ်၊ အဲဒီလို ပူဇော်အထူးကို ခံတော်မူထိုက်တာဘာကြောင့်တုန်းဆိုတော့၊ သီလအစရှိသော ဂုဏ်တော်တွေနဲ့ ပြည့်စုံလို့ မြတ်စွာဘုရားမှာ ကိလေသာတွေကင်းတယ်တဲ့၊ အရဟံ–အာရက-ကိ

http://www.dhammadownload.com

လေသာတွေမှ ဝေးကွာတော်မူတယ်၊ ကင်းတယ်တဲ့၊ အင်း ဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပါပေတယ်တဲ့၊ အရဟံ ဆိုတာ ဝါသနာနှင့်တကွ ကိလေသာဆိုတဲ့ အညစ်အကြေး၊ စိတ်အညစ်အကြေး၊ လောကမှာ ရုပ်အညစ်အကြေးကတော့ ချေးတွေ ညှော်တွေပေါ့လေ၊ အဝတ်အထည်တွေဆိုရင်လဲ ညစ်ပေနေရင် လျှော်ရ ဖွတ်ရတယ်၊ လူမှာလဲ ညစ်ပေနေလို့ရှိရင် ရေနဲ့ ဘာနဲ့ ဆေးရ သုတ်သင်ရတယ်၊ မျက်စိတို့မှာဆိုရင် မျက်ဝတ်တို့ မျက်ချေးတို့ အဲဒါတွေ အမြဲတမ်း သုတ်သင်ရတာပဲ၊ အရွယ်ကြီးလို့ရှိရင် နေရာမကျပါဘူး၊ ဘုန်းကြီးဖြင့် မျက်ဝတ်တွေထွက်လို့ ခဏခဏ မျက်နှာသစ်ရတာ၊ ဒုက္ခရောက်တာ မပြောပါနဲ့တော့၊ နှာခေါင်းကလဲ နှာရည်ထွက်၊ ဆေးကြောရတာဘဲ၊ ပါးစပ်ကလဲ ဆေးကြောရတာဘဲ၊ ဒီပြင်အစိတ်အပိုင်းတွေကတော့ မပြောနဲ့တော့ စိတ်အညစ်အကြေးကတော့ လောဘ၊ ဒေါသ၊ မောဟ အကျဉ်းချုပ်အားဖြင့်(၃)ခု၊ အကျယ်အားဖြင့်ဆိုရင်တော့ ကိလေသာတွေအများကြီးပါပဲ၊ ၁၅၀၀ တောင်ရှိတယ်၊ သူက လောဘ-လိုချင်မှု၊ နှစ်သက်မှု၊ သာယာမှု၊ မြတ်စွာဘုရားမှာမရှိဘူး၊ ဒေါသ-စိတ်ဆိုးမှု၊ စိတ်ပျက်မှုမရှိဘူး၊ မောဟ-မသိ မလိမ္မာတာမရှိဘူး၊ အကုန်လုံးသိတာချည်းပဲတဲ့၊ အဲ- လောဘ ဒေါသ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပါပေတယ်၊ ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်တော်မူလို့လဲ ပူဇော်အထူးကို ခံထိုက်တာ၊ ဘုရားတာမဟုတ်ဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ လောဘ၊ ဒေါသ၊မောဟ၊ ကိလေသာအညစ်အကြေး ကင်းဝေး စင်ကြယ်တော်မူတာပဲ၊ အခုဒီမှာ တရားအားထုတ်

http://www.dhammadownload.com

နေတဲ့ ပုဂ္ဂိုလ်တွေလဲ အဲဒီလို လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အညစ်အကြေးတွေကင်းအောင်လို့ အားထုတ်နေကြရတာ၊ တစ်နေ့ တစ်ချိန်ကြရင် အဲဒီလို ကင်းရမှာဘဲ ရဟန္တာဖြစ်ရမယ်၊ ရဟန္တာဖြစ်မှ ဆင်းရဲခပ်သိမ်းငြိမ်းမယ်၊ အကောင်းဆုံး အကျင့်ကို ကျင့်နေတာ၊ အဲ-မြတ်စွာဘုရားကတော့ ကိလေသာရိုးရိုးတင်မဟုတ်ဘူး၊ ကိလေသာရှိစဉ်တုံးက အလေ့အကျင့် ဝါသနာတွေရောကင်းတယ်တဲ့၊ အထုံဝါသနာရောကင်းသွားတယ်၊ ကိလေသာရှိစဉ်တုန်းက လောဘအလိုလိုက်ပြီးတော့ ပြောတာ၊ ဆိုတာ၊ ပြုလုပ်တာလေးတွေ ဒါလေးတွေ ရှိတာပေါ့လေ၊ အဲဒီ အလေ့အကျင့် အထုံဝါသနာလေးတွေပါကို ဘုရားမှာမရှိဘူးတဲ့၊ သာမန်ရဟန္တာပုဂ္ဂိုလ်တွေမှာတော့ တစ်ချို့ဟာတွေ မကင်းဘူး၊ ဝါသနာကျန်နေတယ်၊ ဒါပေမယ်လို့ လောဘ၊ ဒေါသ၊ မောဟတော့ မရှိပါဘူး၊ မရှိပေမယ်လို့ ဟိုတုန်းက အလေ့အလာလေးတွေက ဒီလိုပဲ ပြောနေကျလေးတွေ ပြောတတ်တယ်၊ ရဟန္တာမထေရ်ကြီးတစ်ပါးက ကြမ်းကြမ်းတမ်းတမ်းပြောနေကျမို့ ကြမ်းကြမ်းတမ်းတမ်းပြောတော့ သူ့ကို သူများတွေက အပြစ်မြင်ကြတယ်၊ အမှန်တော့ သူက ဒေါသတော့မရှိပါဘူး၊ သူက အလေ့အထဖြစ်နေလို့ ဒီလိုပြောတာ၊ ဘုရားမှာတော့ အဲသည်လို အလေ့အထ ဝါသနာတွေ မရှိဘူးတဲ့၊ ဝါသနာနှင့်တကွ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပါပေတယ်၊ ဘာအညစ်အကြေးမှ မရှိဘူး၊ စိတ်စင်ကြယ်နေတယ်၊ အရဟံ-ကိလေသာ အညစ်အကြေးတို့မှ ဝါသနာနှင့်တကွ ကင်းဝေးစင်ကြယ်တော်မူသောမြတ်စွာဘုရား၊ ကဲ- ဆိုရမယ်-

http://www.dhammadownload.com

"အရဟံ-ကိလေသာ အညစ်အကြေးတို့မှ ဝါသနာနှင့်တကွ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရား။"

တော်ပြီ၊ နောက်သီတင်းနေ့တွေကျမှ ဆက်ပြီးတော့ ဘုရားဂုဏ် တရားဂုဏ် အာရုံပြုနေပုံတွေ တချို့ပေါ့လေ၊ အကုန်လုံးတော့လဲ မတတ်နိုင်ဘူး၊ နောက်ပြီးတော့ အဲဒီလို ဥပုသ်စောင့်လို့ရှိရင် ရနိုင်တဲ့အကျိုးတွေ၊ အင်မတန်ကြီးကျယ်တယ်၊ အိန္ဒိယ - ဟိုတုန်းက တိုင်းကြီး(၁၆) တိုင်း၊ နိုင်ငံ(၁၆)ခုရှိတယ်ဆိုတာကို၊ အခုတော့ တစ်နိုင်ငံတည်း၊ တစ်လုံးတည်း ဖြစ်နေပါပြီ၊ အဲဒီနိုင်ငံတွေ မင်းပြုပြီး မင်းစည်းစိမ်ဟာ ဒီဥပုသ်စောင့်တဲ့အကျိုးနဲ့ နှိုင်းစာလိုက်လို့ရှိရင်(၁၆)ပုံ (၁)ပုံတောင်မမှီပါဘူးတဲ့၊ ဥပုသ်စောင့်တာ အင်မတန်အကျိုးများတယ်၊ ဒါ ကနေ့တစ်ရက်ကိုပြောတာ၊ ဟိုရက်တွေ အများကြီးစောင့်ရင် အထူးပြောစရာ မလိုတော့ဘူး၊ အကျိုးကြီးတဲ့အကြောင်းတွေ အဲဒါတွေလဲ နောက်ရက်မှ ပြောကြရအောင်၊ ဒီနေ့ အချိန်ကုန်သွားပြီ၊ ဒါကြောင့် အဲဒါက အရိယာဥပုသ်တဲ့၊ စင်ကြယ်တဲ့ဥပုသ်၊ အခုနက ဂေါပါလ-နွားကျောင်းသားဥပုသ်မျိုးမဟုတ်ဘူး။ နိဂဏ္ဌ-ဗုဒ္ဓဘာသာအပြင်ဘက်က မိစ္ဆာအယူရှိတဲ့ ပုဂ္ဂိုလ်တွေ စောင့်တဲ့ဥပုသ်မျိုးမဟုတ်ဘူး၊ မြတ်စွာဘုရား၏ သာသနာတော်တွင်း မြတ်စွာဘုရားလက်ထက်၏ အဆုံးအမတော်အတိုင်း စင်စင်ကြယ်ကြယ် စောင့်ရှောက်တဲ့ ဥပုသ် အကျိုးကြီးတယ်တဲ့၊ အင်မတန်အကျိုးကြီးတဲ့ ဥပုသ်တွေ အခုစောင့်နေရတာ အင်မတန်အဖိုးတန်တယ်၊ ဒါကြောင့် အဲဒီလို မြင့်မြတ်စင်ကြယ်တဲ့ ဥပုသ်တွေ စောင့်သောအားဖြင့် ဒီနေ့ ဘုရားဂုဏ်

http://www.dhammadownload.com

တော်တွေ တတ်နိုင်သမျှလည်းဆင်ခြင်၊ တရားအားထုတ်ထားတဲ့ ယောဂီ ပုဂ္ဂိုလ်တွေကတော့ ကိုယ့်တရား နှလုံးသွင်းနေပြီးတာပါဘဲ၊ အကောင်း ဆုံးပါပဲ၊ ဒါကြောင့် အဲဒီလိုတရားတွေ နှလုံးသွင်းခြင်းအားဖြင့် မိမိတို့ ၏ ဥပုသ်သီလကို အထူးသဖြင့် စင်ကြယ်အောင် စောင့်ရှောက်နိုင်ကြ ၍ မိမိတို့ အလိုရှိအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့ နှင့် ပြည့်စုံကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်း ကူးယူပုဇော်ပါသည်။

ဦးဩသဓ၊ သီတာအေးကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

၁၃၄၀-ပြည့်နှစ်၊ တော်သလင်းလဆုတ်(၈)ရက်နေ့တွင် ဆဋ္ဌသင်္ဂီတိပုဒ္ဓက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော သီလပေးတရားတော်မှ ဥပုသ်သုံးမျိုးတရားတော် "အဆက်"

အရင်ပတ်က ဥပုသ်သုံးပါးအကြောင်း ဟောခဲ့တယ်၊ ဥပုသ် စောင့်ပြီးတော့ လောကအကြောင်းအရာ လျှောက်ပြောနေတာနဲ့ အချိန်ကုန်လို့ရှိရင် နွားကျောင်းသားများ ကျင့်သုံးတာနဲ့တူလို့ နွားကျောင်းသား ဥပုသ်ဆိုပြီး အမည်ပေးထားတယ်၊ နိဂဏ္ဌာခေါ်တဲ့ တက္ကဒွန်းတွေ ညွှန်ကြားတဲ့အတိုင်း ကျင့်တာကတော့ သဘာဝမကျလို့ ပြောရရင် နိဂဏ္ဌာဥပုသ်ဆိုတာရှိတယ်၊ သဘာဝမကျဘူး၊ သူကတော့၊ အကုန်လုံးကိုယ်မှာဝတ်ထားတဲ့ အဝတ်တွေလဲပယ်စွန့်ပြီးတော့ အားလုံးကိုစွန့်လွှတ်ပြီးတော့ ထားပြီး ဘာမှ ကြောင့်ကျစရာမရှိတော့ဘူးဆိုတဲ့အနေနဲ့ ကြည်ရတယ်၊ တကယ်လဲ စွန့်လွှတ်နိုင်တာမဟုတ်တော့ လိမ်ရာရောက်တယ်တဲ့၊ အဲဒီဥပုသ်ကလဲ အကျိုးမရှိဘူး၊ အကျိုးမရှိဆို အဲဒါကတော့ လုံးလုံးအကျိုးမရှိတာပါ၊ အရိယာသူတော်ကောင်းတို့ ကျင့်တဲ့ဥပုသ်၊ ဒီလိုရှစ်ပါးသီလပဲ ဒါကတော့၊ ရှစ်ပါးသီလဆောက်တည်ပြီး လောကရေးရာတွေနဲ့ပြောဆို အချိန်ကုန်နေရင်လဲ တယ်နေရာမကျဘူး၊ အခုနတုံးက နွားကျောင်းသားဥပုသ်မျိုးဖြစ်သွားတယ်၊ တရားတစ်ခုခု နှလုံးသွင်းရမယ်တဲ့။ မြတ်စွာဘုရားဂုဏ်တွေ နှလုံးသွင်းနေရရင်ပြမှုပေါ်သထခေါ်တယ်။

http://www.dhammadownload.com

"ဗြမ္မာ"ဆိုတာ မြတ်သောပုဂ္ဂိုလ်ထူး၊ "ဘုရား"ကိုပဲ ဆိုလိုပါတယ်။ အဲ-လွန်ကဲမြင့်မြတ်တဲ့ ဟိုနေ့က "အရဟံ"ဂုဏ်ထဲက တစ်ချို့ပြောခဲ့တယ်။ အရဟံ-ဆိုတာ "အရဟ"ကနေပြီးတော့ "အရဟံ" ဖြစ်လာတာဆိုပြီး တော့ ဒါ အရင်းခံကတော့ "ထိုက်တန်တယ်"လို့ တစ်နေ့က ပြောပြီးပြီ သီလအစရှိသော ဂုဏ်ထူးနှင့် ပြည့်စုံသော မြတ်စွာဘုရားကို ပူဇော်လို့ရှိရင် မိမိတို့ အလိုရှိအပ်တဲ့ အကျိုးတွေကို ရစေနိုင်တယ်၊ ဒါကြောင့်မို့ ပူဇော်ခြင်းဌါ ထိုက်တန်တယ်တဲ့။

နောက်တစ်ခုကတော့ ကိလေသာမှ ဝေးတယ်တဲ့၊ တစ်နေ့က ပြောပြီးပြီ၊ ကိလေသာမရှိဘူး၊ စင်ကြယ်တယ်၊ "အာရကာ"ကနေ"အရဟံ" လို့ ဖြစ်လာတယ်၊ နောက်တစ်ခုက "အရဟ" ဆိုပြီးတော့ "အရိ+ဟ" ကနေ "ရန်သူကိုသတ်တယ်"ဆိုပြီးတော့ ကိလေသာတွေ ပယ်သတ် တတ်လို့ "အရိဟ"ကနေ "အရဟ" ဖြစ်ပြီးတော့ "အရဟံ" ဖြစ်လာတာ၊ နောက်တစ်ခုက (အ+ရဟ) "ရဟ" က ဆိတ်ကွယ်ရာ "အ"က မရှိဘူး၊ "အ" ဆိုတာ "မ" နှင့်တူတယ်၊ "မဟုတ်"ဆိုတာနဲ့ "မရှိ"ဆိုတာ ရှိတယ်၊ ဒီမှာတော့ ဆိတ်ကွယ်ရာမရှိဘူးဆိုတာ "အရဟံ" အရဟ- ဆိတ်ကွယ်ရာ ကင်းတော်မူသော မြတ်စွာဘုရား၊ လောဘ, ဒေါသ, ကိလေသာတွေ ရှိနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဆိတ်ကွယ်ရာမှာ မကောင်းမှု အကုသိုလ် ဆိုတာ ပြုတတ်ကြတယ်၊ ကာမလောက က ပုဂ္ဂိုလ်တွေ ဆိုရင် ကာမဂုဏ် အာရုံတွေ ခံစားနေကြတာရှိတာပေါ့လေ။ အကုသိုလ်တွေဖြစ်နေတာဟာ ဆိတ်ကွယ်ရာမှာပြုရတဲ့ အကုသိုလ်တွေရှိပြီးတော့နေလို့ ဆိတ်ကွယ်ရာ ရှိနေတယ်လို့ ဆိုရတယ်၊ မြတ်စွာဘုရားမှာတော့ အဲဒီလိုဆိတ်ကွယ်ရာ မရှိဘူး၊ ဘုရားသာ မဟုတ်ပါဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ ဒီလိုပဲ

http://www.dhammadownload.com

ဆိတ်ကွယ်ရာမှာမရှိဘူး၊ သို့သော် မြတ်စွာဘုရားမှာတော့ ပိုပြီးတော့ ထူးခြားတာပေါ့လေ၊ "မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍" တဲ့ ဘုန်းကြီးက ဒါလေးထည့်ထားတယ်၊ မျက်မှောက်မှာလဲ စင်ကြယ်နေတာပဲ၊ မျက်ကွယ်မှာလဲ စင်ကြယ်နေတာပဲ၊ စင်ကြယ်တော့ ဆိပ်ကွယ်ရာရယ်လို့ ဘာမှအသုံးချစရာမရှိဘူး၊ အများရှေ့မှာလဲ ဒီလိုပဲ၊ ကိုယ်တော် တစ်ပါးထဲနေတော့လဲ အဲဒီလိုဘဲ အမြဲတမ်း စင်ကြယ်နေတာပဲ၊ နေ့ရော၊ ညရော၊ အများရှေ့မှာရော၊ ကိုယ်တော်တစ်ပါးတည်းနေတဲ့အခါမှာရော အမြဲတမ်း စင်ကြယ်နေတာပဲ၊ ဆိတ်ကွယ်ရာ ကင်းတယ်တဲ့၊ ဒါလဲကြည်ညိုစရာကောင်းတာပဲ၊ **အရဟံ** - မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား၊ ကဲ- ဒါလေး လိုက်ဆိုပြီးတော့ အာရုံပြုရမယ်၊ မိမိတို့ ကိုးကွယ်နေတဲ့ မြတ်စွာဘုရား၊ သူတစ်ပါးရှေ့မှောက်မှာရော၊ သူတစ်ပါးတွေ့မမြင်တဲ့ တစ်ပါးတည်းနေတဲ့ အခါမှာရော စိတ်က အမြဲတမ်းစင်ကြယ်နေတော့ အကုသိုလ် ပြုလိုတဲ့ စိတ်ကိုမရှိဘူး၊ ဆိတ်ကွယ်ရာ ကင်းနေတယ်တဲ့၊ ဆိတ်ကွယ်ရာ ကင်းတာလဲ အင်မတန်ကောင်းပါတယ်၊ လိုက်ဆို -

> "**အရဟံ** - မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား၊" (၃-ခါက်)

ဆိတ်ကွယ်ရာမရှိ၊ ဆိတ်ကွယ်ရာ သူများမမြင်တဲ့နေရာမှာ တိတ်တိတ် ဘာလုပ်မယ်လို့ဆိုတာ မရှိဘူးတဲ့၊ ဘုရားသာ မဟုတ်ပါဘူး၊ ရဟန္တာတွေလဲ မရှိပါဘူး၊ ဘုရားအဆုံးအမအတိုင်း လိုက်နာကျင့်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ကင်းတန်သလောက်တော့ ကင်းတာပေါ့လေ၊ ဒါပေမယ်လို့ စိတ်ကတော့ မစင်ကြယ်တဲ့စိတ် မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ ကိလေသာမကင်း

http://www.dhammadownload.com

သေးရင် မစင်ကြယ်တဲ့စိတ်က ဖြစ်တာပဲ၊ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာတွေ သူများမြင်မှာစိုးလို့ ဆိတ်ကွယ်ရာမှာပြု၊ စိတ်ကတော့သူများကမြင်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ရှားသားကိုး၊ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ ပုဂ္ဂိုလ်မှ စိတ်မစင်ကြယ်ရင် မစင်ကြယ်မှန်းသိတာ၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်ကတော့ ကိုယ့်နားရှိနေတဲ့ ပုဂ္ဂိုလ်လဲ မတော်တာတွေ လျှောက်ကြံနေရင် မသိပါဘူး၊ စိတ်ကူးကတော့ ဆိတ်ကွယ်ရာမရှိဘဲနဲ့လဲ မတော်တဲ့ စိတ်ကူးတွေဆိုတာ ဖြစ်တတ်တယ်၊ အဲဒီတော့ ကိလေသာ မကင်းသေးတဲ့ ပုဂ္ဂိုလ်မှာ ကိုယ်အမှုအရာ နှုတ်အမှုအရာတွေ မရှိပေမယ့်လို့ စိတ်ကူးကတော့ လောဘ၊ ဒေါသ၊ မောဟစိတ်ကူးတွေ မရှိဘူးလို့ မပြောနိုင်ဘူးတဲ့၊ ဒါကတော့ ဖြစ်နိုင်တယ်တဲ့၊ ဘုရား ရဟန္တာပုဂ္ဂိုလ်များကတော့ အဲဒီ ကိလေသာ ဘာမှ မရှိတော့ဘူး၊ ဘယ်နည်းနှင့်မျှ မဖြစ်တော့ဘူး၊ အင်မတန်စင်ကြယ်နေတာပဲ၊ အဲဒီလို စင်ကြယ်နေတဲ့ မြတ်စွာဘုရားကို ငါတို့ ကိုးကွယ်ရပေတယ်လို့ အာရုံပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖို့ပါပဲ၊

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

နောက် သမ္မာသမ္ဗုဒ္ဓ ။ သမ္မာသမ္ဗုဒ္ဓဆိုတာလဲ သမ္မာ - ကောင်းစွာ၊ သံ - ကိုယ်တိုင် ကောင်းစွာ၊ မှန်စွာပေါ့လေ၊ အမှန်အတိုင်း "သံ" က-ကိုယ်တိုင်၊ ဗုဒ္ဓ က- သိတာ။ အမှန်အတိုင်း ကိုယ်တိုင် သိတယ်တဲ့၊ သူတစ်ပါးထံက နည်းခံပြီးတော့ အမှန်အတိုင်း သိတာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ သူတစ်ပါးထံ နည်းမခံပဲနဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့်မြင်တဲ့ အမှန်အတိုင်းသိပြီး ဘုရားဖြစ်သည်တဲ့။ အဲဒါက ဘုရားဖြစ်တာကို ပြောတာပါ။ နောက် သမ္မာသမ္ဗုဒ္ဓမှာ "ဗုဒ္ဓ" ဆိုတဲ့ ပုဒ်တစ်ပုဒ်ရှိတယ်၊ "ဗုဒ္ဓ" က

http://www.dhammadownload.com

သိသည်တဲ့။ “ဗုဒ္ဓ” သိတာကတော့ သိသင့်သိထိုက်သမျှတွေ အကုန်လုံး သိတာ၊ ဒါက တရားဟောဖို့ရာတွေရော ဘာတွေရော၊ ဒီ“သမ္မာသမ္ဗုဒ္ဓ” ကတော့ သစ္စာလေးပါးသိပြီးတော့ ဘုရားဖြစ်တာပေါ့လေ၊ သမ္မာသမ္ဗုဒ္ဓ ဘုရား- ကိုယ်ပိုင်ဉာဏ်ဖြင့် ဘုရားဖြစ်တယ်၊ ပစ္စေကဗုဒ္ဓါ-ကိုယ်ပိုင် ဉာဏ်ဖြင့်ဘုရားဖြစ်တာ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ဗုဒ္ဓသာဝကတွေချည်း ပါပဲ၊ ဒါကတော့ ဘုရားထဲက နည်းရမှ၊ ဘုရားထဲကနည်းကို ကြားရပြီးတော့ နှလုံးသွင်း ဆင်ခြင်ပြီး ခဏအတွင်းလဲ ရဟန္တာဖြစ်တာလည်း ရှိတယ်၊ ကြာရှည်စွာ ကျင့်ပြီးမှ ရဟန္တာဖြစ်တာလဲရှိတယ်၊ အဲဒီတော့ သူတစ်ပါးထံမှ နည်းရမှ၊ သူတစ်ပါးထံကလည်း တခြားက မဟုတ်ဘူး၊ မြတ်စွာဘုရားထံမှဖြစ်စေ၊ မြတ်စွာဘုရား၏ တပည့် သာဝကတွေထံကဖြစ်စေ၊ ကြားနာရပြီးတော့ အဲဒီအတိုင်း ကျင့်ပြီးတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ရတယ်။ သာဝကတွေက ကိုယ်တိုင်ဉာဏ်နဲ့ဖြစ်တာမဟုတ်ဘူး၊ ကိုယ်တိုင်ဉာဏ်နှင့် ဖြစ်တာကတော့ ပစ္စေကဗုဒ္ဓါ ဖြစ်တယ်၊ သမ္မာသမ္ဗုဒ္ဓဖြစ်တယ်၊ “ပစ္စေက ဗုဒ္ဓါ”ကတော့ သူဟာသူ တရားထူးသိပေမယ်လို့ သူဟာသူပဲ၊ သူများကို သူလို တရားထူးရအောင် မပြောနိုင်ဘူး၊ သူတစ်ပါးထဲပဲကျွတ်တာပဲ၊ သမ္မာသမ္ဗုဒ္ဓကတော့ဖြင့် သူတစ်ပါးထံ နည်းမခံဘဲနဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိပြီးတော့ သူတစ်ပါးတွေလဲ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ဟောပြောနိုင်တယ်၊ ဒါက ဘုရားတွေ၊ ဒီပြင်ဉာဏ်တွေလဲ ရပါသေးတယ်၊ ဘုရားအဖြစ် ရောက်တယ်ဆိုရင် သဗ္ဗညုတဉာဏ်-အလုံးစုံကိုသိတဲ့ ဉာဏ်ကလဲ တစ်ခါဘဲရတယ်။ မသိတာရယ်လို့ မရှိပါဘူး၊ ဒါပေမယ်လို့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကတော့ သမ္မာ-မှန်ကန်စွာ၊ သံ-ကိုယ်တိုင်၊ ဗုဒ္ဓ-သိသည်။ မှန်ကန်ကိုယ်တိုင်သိ

http://www.dhammadownload.com

သည်တဲ့၊ ကိုယ်တိုင်လဲသိတယ်၊ မှန်လည်းမှန်တယ်၊ တချို့က ကိုယ်တိုင်လည်းသိပေမယ်လို့ မမှန်ဘဲနေတတ်တယ်၊ ဒါကတော့ မြတ်စွာဘုရားမျှားမှာတော့ သူတစ်ပါးစီက နည်းမခံဘဲနဲ့ ကိုယ်တိုင်သိတယ်၊ အဲဒီသိတာဟာလည်း အမှန်ပဲ၊ အလွဲသိတာမဟုတ်ဘူး၊ အမှန်သိတာ၊ အမှန်သိမှုလည်း ဘုရားဖြစ်တာ၊ စောစောပိုင်းက ဆိုလို့ရှိရင် ဘုရားလောင်းဟာ ဒုက္ကရစရိယာ အကျင့်တွေ ကျင့်ခဲ့တယ်၊ ကိုယ်ပင်ပန်း ဆင်းရဲရုံမျှပါပဲ၊ အစာမစားပဲနဲ့ ခြောက်နှစ်ပတ်လုံးမျှကျင့်တာ အစာလုံးလုံး မစားတာတော့ မဟုတ်ဘူးပေါ့လေ၊ လျှော့စားတာပေါ့၊ နည်းနည်းလေး တစ်နေ့ကိုပဲပြုတ်ရည် လက်တစ်ကော်စာလေးလောက်ပဲသောက်ပြီးတော့နေတာ၊ အင်မတန် ပင်ပန်းပါတယ်၊ အဲဒီ အကျင့်တွေဟာ ဘုရားဖြစ်ကြောင်းလဲမဟုတ်ဘူး၊ တရားထူးရမဲ့ အကျင့်လည်း မဟုတ်ဘူး၊ ဒါတွေက အလွတ် အကျင့်တွေ၊ ကိုယ်ပင်ပန်းအောင် ကျင့်တဲ့ အကျင့်တွေ၊ အဲဒီဟာတွေ စွန့်ပြီးတော့ နောက်မှ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြုံပြီးတော့ ကျင့်ပုံကျင့်နည်းရတယ်၊ နောက်ဆုံး ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုရှုတဲ့နည်းရတယ်၊ အခု ယောဂီတို့ ရှုတာမျိုးပါပဲ၊ အခု ယောဂီတွေကတော့ ဆရာသမားတွေပြောလို့ သိရှိရ၊ ဆရာသမားတွေဆီက နည်းမရရင်လဲ ဒါကမရှုနိုင်ဘူး၊ တစ်ချို့ စာတွေ ကျမ်းဂန်တွေတော့ တတ်ပါရဲ့၊ တရားအားထုတ်နည်းက သဘာဝမကျတော့ တရားလည်း အားမထုတ်တတ်ဘူး၊ အမှန်အကန် အားထုတ်နေပေမယ်လို့ အထင်လွဲချင်လွဲနေတတ်တယ်၊ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားကတော့ ဥပါဒါနက္ခန္ဓာငါးပါး၊ မိမိတို့ခန္ဓာမှာ တကယ်ဖြစ်ပျက်နေတဲ့ တရားတွေကို အမှန်အတိုင်းသိအောင် ရှုရမယ်၊ ဘုရားကိုယ်တိုင်လည်းပဲ အလောင်း

http://www.dhammadownload.com

တော်ဘဝက ဒီအတိုင်းရှုပြီးတော့ ဘုရားဖြစ်လာတာ၊ ဥပါဒါနက္ခန္ဓာငါးပါး ရဲ့ အဖြစ်အပျက်တွေကို ရှုနေရင်း မကြာမီအတွင်းမှာဘဲ အာသဝေါ တရားတွေမှ လွတ်မြောက်ပြီး ဘုရားဖြစ်တော်မူသည်။ အဲဒီလို ကိုယ် ပိုင်ဉာဏ်ဖြင့် ကျင့်ပြီးတော့ သူများဆီက နည်းရလို့မဟုတ်ဘူး၊ ကိုယ့် ဟာကိုယ်ပဲ ဒီလိုကျင့်မှ နည်းမှန်မယ်တဲ့၊ အကြောင်းအကျိုးတွေ ပဋိစ္စ သမုပ္ပါဒ်တွေ ဆင်ခြင်ပြီး ဝေဒနာကနေ တဏှာမဖြစ်အောင် ရှုမှပဲ၊ မြင် တိုင်း ကြားတိုင်း ဒွါရခြောက်ပါးက ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ တရားတွေ ငါးမျိုးတစ်ပေါင်းတည်း ဖြစ်တာပါပဲ၊ ပဋိစ္စ သမုပ္ပါဒ် ဒေသနာမှာတော့ အသီးအသီး အစိတ်အစိတ်နဲ့ သူ့အကြောင်းနဲ့ သူ့အကျိုး ဆက်ပြီးတော့ပြတယ်၊ ဝိဉာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး ဖြစ်သည်။ အာယတန ခြောက်ပါးကြောင့် ဖဿဖြစ်သည်။ ဖဿကြောင့် ဝေဒနာခံစားမှုဖြစ်သည်။ အကောင်းခံစားရတော့ အဲဒါတွေ နှစ်သက် သာယာတဲ့ တဏှာဖြစ်၊ မကောင်းတာတွေ ခံစားရတော့ ကောင်းတာ တွေတောင် တကဲ့တဏှာ ဖြစ်တယ်တဲ့၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာဖြစ်လို့ရှိရင် ဥပါဒါန်ဖြစ်တယ်၊ စွဲလန်းတဲ့ ဥပါဒါန်ဖြစ်၊ စွဲလန်း ပြီးတော့ ကိုယ်လိုတဲ့အတိုင်း ကိစ္စပြီးအောင်လို့ အားထုတ်တော့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်၊ အဲဒီကံက အကျိုးပေးလို့ ရှိရင် ကောင်းသောဘဝ၊ မကောင်းသော ဘဝတွေ ဖြစ်ရတာဘဲ။ ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ၊ ဆင်းရဲတွေနဲ့ တွေ့နေရတာ၊ အဲဒါဆင်းရဲတွေက မလွတ်မြောက်နိုင်ဘူး၊ အဲဒါ ဘယ်က လာတာတုန်း ဆိုတော့ ဝေဒနာကြောင့် တဏှာဖြစ်လာလို့တဲ့၊ တဏှာမဖြစ်မှ

http://www.dhammadownload.com

တဏှာချုပ်လို့ရှိရင်၊ ချုပ်တယ်ဆိုတာ မရှိတာဘဲ၊ တဏှာကို လုံးလုံးမရှိဘူးဆိုရင် အဲဒီတဏှာက စွဲပြီးတော့ ဖြစ်မဲ့ ဥပါဒါန်ဆိုတဲ့အစွဲအလမ်းလဲ မရှိတော့ဘူး၊ အဲဒီဥပါဒါန် အစွဲအလမ်းလဲဘဲ မရှိလို့ရှိရင် ကိုယ်လိုတဲ့ကိစ္စပြီးအောင်လို့ အားထုတ်မှုကုသိုလ်ကံ အကုသိုလ်ကံလဲ မရှိဘူး၊ ကံမရှိတော့ ကံကအကျိုးပေးပြီး ဘဝသစ်တွေမဖြစ်ဘူး၊ အဲသလို ငြိမ်းတာကို သဘောပေါက်ပြီးတော့ မြတ်စွာဘုရား ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုပြီးတော့ နေခဲ့တယ်။ အဲဒီလို ရှုရင်းနှင့်ပဲ အရဟတ္တာမင်၊ အရဟတ္တာဖိုလ်ရောက်ပြီးတော့ ဘုရားဖြစ်တာပေါ့။ ဒီတော့ သမ္မာသမ္ဗုဒ္ဓါ-ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာသိ၍ ဘုရားဖြစ်တော်မူသော မြတ်စွာဘုရားဘဲ၊ မှန်ကန်စွာသိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။ အဲဒါပေါ်လွင်အောင်လို့ နည်းနည်းလေး ထည့်ရသေးတယ်။ သစ္စာလေးပါး အမှန်တရားကိုသိတာ။ သစ္စာလေးပါး အမှန်တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော မြတ်စွာဘုရား၊ သစ္စာလေးပါး အမှန်တရားတို့ကို သူတစ်ပါးဆီက နည်းယူပြီး ကျင့်တာမဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်ဖြင့်ပဲ ဝေဒနာကဆက်ပြီး တဏှာမဖြစ်ရအောင်လို့ ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို ရှုရမယ်၊ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ ဝေဒနာလဲ ပါတာပဲ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ ဆိုတဲ့ အကျိုးတရားငါးပါး အဲဒါကို ခန္ဓာနှင့် ခွဲလို့ရှိရင် ခန္ဓာငါးပါး၊ အယတနနှင့် ခွဲလို့ရှိရင်လဲ အာယတနတွေထဲမှာ မြင်တိုင်း ကြားတိုင်း ဒွါရရယ်၊ ဝိညာဏ်ရယ်၊ အဲဒါအယတန၊ ဒွါရကလဲဘဲ စက္ခာယတန စသည်အာရုံကလဲ ရူပါယတန စသည်နှစ်မျိုးနှစ်မျိုးဘဲ၊ ဝိညာဏ်ဆိုတာက မနာယတန၊ ဝိညာဏ်နဲ့တွဲပြီး

http://www.dhammadownload.com

တော့ဖြစ်တဲ့ ဖဿအစရှိတဲ့ တရားတွေက ဓမ္မာယတန၊ အဲဒီကလဲ အာယတနနှစ်ခု၊ ပေါင်းအာယတနလေးခု၊ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါး၊ အယတနလေးခုဖြစ်နေတာ၊ ခန္ဓာဆိုရင်တော့ ငါးပါး၊ အာယတနဆိုရင်တော့ လေးပါး၊ ဓာတ်ဆိုရင်လဲ ဒီလို လေးပါးပါပဲ၊ ရုပ်နာမ်နဲ့ ပြောရင် ရုပ်နှင့် နာမ်နှစ်ပါးပါဘဲ၊ အခု ဝိပဿနာရှုနေတာ အဲဒါတွေပါပဲ။

ဖောင်းတယ်၊ပိန်တယ်ဆိုတာ ရုပ်ကို ရှုနေရတာ၊ ဒါပေမယ့် ရုပ်ကို ရှုသိနေတဲ့နာမ်ကိုလည်း တော်တော်လေးကြာတော့ သိလာတယ်၊ ရုပ်နှင့်နာမ်၊ ရုပ်နှင့်နာမ်တွဲဖြစ်နေတာတွေ ကိုယ်တိုင်သိလာရတယ်။ အဲဒါ ဘုရားဖြစ်အောင်ကျင့်တဲ့ သာဝကတွေတော့ သာဝကဖြစ်အောင် ကျင့်ရတာပေါ့လေ၊ ဘုရားတော့မဖြစ်ဘူး၊ ဘုရားဖြစ်လောက်အောင် ပါရမီဆည်းပူးထားမှ ဘုရားဖြစ်တာ၊ အခုဟာတော့ သာဝကအကျင့်တွေပါဘဲ။ မြတ်စွာဘုရားဟောတဲ့ တရားတွေ ကြားနာပြီးတော့ ကျင့်ရတာ၊ ကိုယ်တိုင် ထိုးထွင်းသိတာမဟုတ်ဘူး၊ သမ္မာသမ္ဗုဒ္ဓါ-သစ္စာလေးပါး အမှန်တရားကို သူနှစ်ပါးထံ နည်းမခံဘဲ၊ အဲ-"သံ"ဆိုတာက "ကိုယ်တိုင်"ဆိုတော့ ကိုယ်တိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရား၊ သူကနည်းနည်းရှည်တယ်၊ ကိုင်းလိုက်ဆိုရမယ်။

သမ္မာသမ္ဗုဒ္ဓါ-သစ္စာလေးပါး အမှန်တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရား။ (၃-ခေါက်)

ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိပြီး ဘုရားဖြစ်သည်တဲ့၊ သူတစ်ပါးက ဟောပြောညွှန်ကြား ပြသလို့မဟုတ်ဘူး။

http://www.dhammadownload.com

ဥပါဒါနာက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက် ရှုရင်းနဲ့ ဝိပဿနာ ဉာဏ်များ အစဉ်အတိုင်း တက်ပြီး သောတာပတ္တိမဂ်ဖိုလ်ရောက်၊ သကဒါဂါမိမဂ်ဖိုလ်ရောက်၊ အာနဂါမိမဂ်ဖိုလ်ရောက်၊ နောက်ဆုံး အရဟတ္တမဂ်ဖိုလ်ရောက်ပြီးတော့ ရဟန္တာဖြစ်သွားတာ။

နဝိရသေဝ - မကြာမြင့်မီလျှင်၊ **အာသဝေဟိ** - အာသဝေါတရားတို့မှ၊ **စိတ္တံ** -စိတ်သည်၊ **ဝိမုစ္စိ** - လွတ်သွားပြီတဲ့။

အဲဒါ အရဟတ္တမဂ်ရောက်၊ အရဟတ္တဖိုလ် ရောက်ပြီးတော့ ဘုရားဖြစ်သွားပုံကို သိရတာပဲ။ သစ္စာလေးပါး အမှန်တရားတွေတဲ့၊ သစ္စာလေးပါးဆိုတာ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဆိုပြီးတော့ လေးခု၊ ဒုက္ခနှင့် သမုဒယကတော့ သာမန်ပုဂ္ဂိုလ်တွေလဲ ရှိနေတာပါဘဲ၊ အမြဲတမ်း ဒီနှစ်ခုပဲ ရှိနေတာ၊ နိရောဓနှင့်မဂ္ဂကတော့ တရားကျင့်သုံးတဲ့ ပုဂ္ဂိုလ်နဲ့ သာဆိုင်တယ်။ ဒီပြင်ပုဂ္ဂိုလ်တွေနဲ့မဆိုင်ဘူး၊ အဲ-ဒုက္ခဆိုတာ ဘာတုန်းဆိုတော့ မြင်တိုင်း၊ ကြားတိုင်း ဒွါရခြောက်ပါးက ထင်ရှားပေါ်နေတဲ့ ရုပ် နာမ်တွေဟာ ဒုက္ခသစ္စာတွေ၊ ရုပ်တရားလဲ ဒုက္ခပဲ၊ နာမ်တရားလဲ ဒုက္ခဘဲ၊ အဲဒီဒုက္ခသစ္စာတွေလဲ အမှန်အတိုင်းသိလာတယ်၊ ဘယ်လိုသိတုန်းဆိုတော့ ခဏမစဲ ဖြစ်ပျက်နေတာ အနိစ္စ, ဒုက္ခ, မမြဲတရား၊ ဆင်းရဲတရားတွေလို့ ကိုယ်ပိုင်ဉာဏ်တွေဖြစ်ပြီးတော့ သိရတယ်၊ အဲဒီအမှန်တရားတွေကို သိတိုင်း၊ သိတိုင်းဟာ တဏှာဆိုတဲ့ သမုဒယသစ္စာလဲ ကင်းတာပါပဲ၊ တဏှာသမုဒယရှိနေသမျှ ကာလပတ်လုံး ဘာဝတွေ ထပ်ခါ ထပ်ခါ ဖြစ်ရတယ်၊ အဲဒီ တဏှာသမုဒယ ကင်းသွားမှ ဝိပဿနာရှုတိုင်း ရှုတိုင်း ကင်းတန်သမျှကင်းပါရဲ့၊ ဒါပေမယ့်လို့ အကုန်လုံးမကင်းဘူး၊ အရဟတ္တမဂ်ရောက်မှ ကင်းတာ၊ အဲဒီကြတော့ဖြင့်ရင်

http://www.dhammadownload.com

ဘာကိလေသာမှ မရှိတော့ဘူး၊ ကိလေသာတွေ အကုန်လုံးကင်း၊ အဲဒီကိလေသာတွေ ကင်းတော့ ဘဝသစ်ရုပ်နာမ်တွေ မဖြစ်ဘူး၊ ဘဝနှင့် စပ်ပြီးဖြစ်တဲ့ ဆင်းရဲတွေလဲဘဲ အခု လောလောဆယ် အနေအားဖြင့် တော့ မရှိဘူး၊ နောင် ဘဝကျတော့ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး၊ တရားနှလုံးသွင်း အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ နောင်ဘဝလဲ သူတော်ကောင်းဘဝတွေ၊ နတ်ဘဝတွေရောက်ပြီး ချမ်းသာနေမှာပါဘဲ၊ ဒါပေမယ့်လဲ အဲဒီလို ချမ်းသာတွေလဲ တဏှာရှိလို့ ဖြစ်တာ၊ သမုဒယ သစ္စာကြောင့် နတ်ချမ်းသာ ဆိုတာလဲ ဆင်းရဲတွေပဲ၊ အမှန်ကတော့ ရုပ်နာမ် ဆင်းရဲတွေ ဖြစ်ရတယ်။ အဲဒီ သမုဒယသစ္စာကိုလဲ ပိုင်းခြားသိတယ်၊ နိရောဓကတော့ အဲဒီလို ရှုနေယင်း အာသဝေါတရားတွေမှ လွတ်မြောက်သွားတယ်ဆိုတာ အရဟတ္တာမဂ်၊ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုသွားတာ၊ နိဗ္ဗာန်နဲ့ တွေ့သွားတာဘဲ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်က မဂ္ဂင်ရှစ်ပါးတရား၊ ဒါကလဲ ရှုတိုင်း မှတ်တိုင်း၊ အစကတော့ ဝိပဿနာ မဂ္ဂင်တွေဖြစ်၊ နောက်ဆုံး နိဗ္ဗာန် မျက်မှောက်ပြုပြီးတော့ အရဟတ္တာမဂ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါး တရားတွေ ဖြစ်သွားတယ်၊ အဲဒါကြောင့် သစ္စာလေးပါး အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိတာတဲ့၊ ကိုယ်ပိုင်ဉာဏ်ဖြင့်သိတော့ အလွဲ သိတာလားဆိုတော့ မဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသည်။ ဆိုစမ်းပါအုံး- ဒါလေး နည်းနည်းလေး ရှည်တယ်။

သမ္မာသမ္ဗုဒ္ဓါ-သစ္စာလေးပါး အမှန်တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရား။ (၃-ခေါက်)

http://www.dhammadownload.com

နိရောဓသစ္စာကိုသာ တိုက်ရိုက်သိ

မရဟတ္တာမဂ်ဆိုတဲ့ မဂ်လေးပါး ဖိုလ်လေးပါးဖြင့်သိတယ်တဲ့၊ မဂ်လေးပါး၊ ဖိုလ်လေးပါးဖြစ်တဲ့အခါ နိဗ္ဗာန်ဘဲ အာရုံပြုပါတယ်။ ရုပ်နာမ်သခ်ါရအာရုံတွေငြိမ်းတဲ့ နိဗ္ဗာန်အာရုံကိုရောက်ပြီး သိပြီးတော့ဖြစ်တယ်။ အဲဒီအချိန်မှာ ဒီပြင်ဟာတွေ ဘာမှ အာရုံမပြုဘူး၊ ဒါပေမယ်လို့ အဲဒီအရိယာမဂ် ရောက်သွားလို့ရှိရင် ကျန်တဲ့ သစ္စာတွေလဲ သိတော့တာပါဘဲ၊ နိဗ္ဗာန်ရဲ့ အငြိမ်းစားဓာတ်ကိုသိတော့ ပြန်ဆင်ခြင်လိုက်ရင် မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ဖြစ်ပျက်နေတာတွေ ဆင်းရဲတွေဘဲ၊ ဒို့သဘောမပေါက်လို့ ချမ်းသာတယ်လို့ ထင်နေတာ၊ တကယ်ဆင်းရဲတွေဘဲလို့ အရဟတ္တာမဂ်ရောက်တဲ့အခါ ပြည့်ပြည့်စုံစုံသိတယ်၊ သောတာပတ္တိမဂ်ဆိုရင်တော့ အတော်အတန်ဘဲ သိသေးတယ်၊ အနာဂါမိမဂ်ဆိုရင်တော့ တော်တော်ဟန်ကျပါပြီ၊ ဒါပေမယ်လို့ သူက ကျန်သေးတာဘဲ၊ ရူပ,အရူပ ဘဝနှင့် စပ်ပြီး သာယာမှုလေးက ကျန်နေသေးတယ်၊ အရဟတ္တာမဂ်အရ အရဟတ္တာဖိုလ်ရောက်တဲ့အခါကြတော့ ဘာကိလေသာမှ မရှိဘူးတဲ့၊ အဲဒီမှာ နိဗ္ဗာန်အာရုံပြုပြီးတော့ ရုပ်နာမ် သခ်ါရတွေ ငြိမ်းနေတဲ့ တရားတွေ့တော့ ဒီလို မငြိမ်းဘဲနဲ့ ဖြစ်ပျက်နေတာဟာ ဆင်းရဲတွေဘဲ၊ အဲ ဒုက္ခသစ္စာကိုလဲသိတယ်၊ အဲဒါကို နှစ်သက် သာယာနေတဲ့ အတွက် ဆင်းရဲတွေ ထပ်ကာ ထပ်ကာဖြစ်နေတာ၊ ကိုယ့်ဘဝနှင့်ကိုယ် သာယာနှစ်သက်မှုလေး ရှိနေလို့ ဘဝတွေ ထပ်ကာ ထပ်ကာဖြစ်နေတာ၊ အဲဒီတော့ နှစ်သက် သာယာမှု တဏှာက သမုဒယဘဲ၊ ဆင်းရဲဖြစ်ပွားကြောင်းအမှန်တရားပဲ၊ အဲဒီလိုပဲ နိဗ္ဗာန်အငြိမ်းဓာတ်တွေ့တာနဲ့ သဘောကြတယ်တဲ့၊ နိဗ္ဗာန်အငြိမ်းဓာတ် မျက်မှောက်ပြုပြီး သိတဲ့ အရဟတ္တာ

http://www.dhammadownload.com

မဂ်ကတော့ ဒါကတော့ ကိုယ့်သန္တာန်ဖြစ်သွားတာ သိပ်ထင်ရှားတာပေါ့။ ဒီလိုသိသွားတယ်ဆိုတာထင်ရှားတယ်၊ ဒါကြောင့် သစ္စာလေးပါးကို အမှန်အတိုင်းသိသွားတာဘဲ၊ တိုက်ရိုက်သိတာကတော့ နိဗ္ဗာနသစ္စာ-နိဗ္ဗာန်တစ်ခုပဲ တိုက်ရိုက်သိပါတယ်။ နိဗ္ဗာန်အငြိမ်းဓာတ်သိတော့ မငြိမ်းတဲ့ ရုပ်နာမ်တွေ ဆင်းရဲတယ်လို့သိလာတယ်။ ရုပ်နာမ်တွေကိုသာယာနေတာပဲ၊ ဆင်းရဲကြောင်းပဲလို့ အဲဒီလို မှန်ကန်စွာသိတယ်တဲ့၊ ပြီးတော့ ဟိုရှေ့သိနေတာ-နိဗ္ဗာန်အာရုံပြုပြီးတော့သိတာ၊ မဂ္ဂင်ရှစ်ပါး အသိတရား၊ ဒါက မဂ္ဂသစ္စာတရားဘဲလို့ အဲဒီလိုမှန်ကန်စွာသိတယ်တဲ့။ ဒါက ဘုရားဖြစ်တာကိုပြောတာ။

ဗုဒ္ဓဂုဏ်တော်

နောက် ဗုဒ္ဓဂုဏ်တော်ကြတော့ - **ဗုဇ္ဈိ** - သိတော်မူသည်တဲ့။ အတိုချုပ်ကတော့ ဒါပါဘဲ၊ သိတော်မူသော မြတ်စွာဘုရား၊ ဒါပေမယ်လို့ ဘာတွေ သိတာတုန်းဆိုတော့ သိစရာမှန်သမျှတွေ၊ အကုန်သိတာတဲ့။ အခုနက ပြောခဲ့တဲ့ သစ္စာလေးပါးတင်မကတော့ဘူး၊ သစ္စာလေးပါးက အလွတ်တရားတွေလဲ ရှိသေးတယ်၊ ပညတ်တွေ ဘာတွေဆိုတာရှိတယ်၊ အဲဒီတရားတွေရော သိသင့်သိထိုက်တာတွေ ဟူသမျှကို အကုန်လုံးသိတယ်တဲ့၊ အရဟတ္တာမဂ် အရဟတ္တဖိုလ်ရောက်ပြီး ဘုရားဖြစ်လာတဲ့ အချိန်ကထဲကပါဘဲ၊ အကုန်လုံးသိနိုင်တဲ့ ဉာဏ်ရသွားတယ်။ အဲဒီ သိနိုင်တဲ့ ဉာဏ်ကိုရလို့ ဗုဒ္ဓ။

ဗုဒ္ဓ - တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား၊ ဘာတရားမှ မသိတာရယ်လို့ မရှိဘူး၊ နှလုံးသွင်းရင်ဖြင့် သိတာ

http://www.dhammadownload.com

ချည်းဘဲ၊ မသိနိုင်တဲ့ တရား မရှိဘူး၊ ဒါကြောင့် တရားအလုံးစုံ အကုန် အစင် သိတော်မူသည့် မြတ်စွာဘုရား။ **ဗုဒ္ဓါ** - တရားအလုံးစုံ အကုန် အစင်သိတော်မူသော မြတ်စွာဘုရား၊ ကျင့်ပြီးတော့သိတယ်၊ သိတော့ ဘုရားဖြစ်၊ အဲဒီဘုရားဖြစ်တဲ့ အချိန်မှာ တရားအလုံးစုံ အကုန်သိပြီး တော့ သဗ္ဗညုတဉာဏ်ဆိုတာရပါတယ်။ အဲဒီဉာဏ်၏ အစွမ်းကြောင့် သိသင့်တာဟူသမျှ မသိတာရယ်လို့ မရှိဘူး၊ သိသင့်တာဟူသမျှတွေကို အကုန်လုံးသိတယ်၊ သိသင့် သိထိုက်တဲ့ တရားတွေက အဲဒီ သစ္စာလေး ပါးရယ်၊ ပညတ်တရားရယ်၊ အဲဒီဥေယျတရားငါးပါးဆိုတာ ဒီ သိသင့် သိထိုက်တဲ့ တရားတွေအကုန်လုံးသိလို့မို့ မြတ်စွာဘုရားဟာ ဟောသင့် ဟောထိုက်တဲ့ တရားဟောနိုင်တာ။ ပစ္စေကဗုဒ္ဓါတွေကတော့ အဲဒီလို သိသင့်သိထိုက်တဲ့ တရားတွေ အကုန်လုံးမသိဘူး၊ ကိလေသာကင်းငြိမ်း ပြီး ပစ္စေကဗုဒ္ဓါတော့ဖြစ်သွားပါရဲ့၊ ဒါပေမယ့်လို့ သူတစ်ပါးတွေကို ဘယ်လို ဟောရမယ်၊ ဘယ်လိုဟောလို့ရှိရင်ဖြင့် တရားကို သဘောပေါက် နားလည်နိုင်တယ်ဆိုတာ အဲဒါကို ပစ္စေကဗုဒ္ဓါမျှား ပြည့်ပြည့်စုံစုံမသိဘူး၊ ဘုရားမှာတော့ အဲဒါတွေလဲ အကုန်လုံးသိတယ်တဲ့၊ ဒါကြောင့်မို့ သိသင့် သိထိုက်တဲ့ တရားကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား ပဲတဲ့၊ အဲ ဗုဒ္ဓဂုဏ်တော်ကတော့ ဆင်ခြင်လို့ လွယ်ပါတယ်၊ သူကတော့ ဗုဒ္ဓ - တရားအလုံးစုံကို သိတော်မူပါပေတယ်၊ မသိတာရယ်လို့ မရှိဘူး။ သိသင့် သိထိုက်တာတွေ အကုန်လုံး သိတော်မူပါပေတယ်၊ အဲဒီလို နှလုံး သွင်းရင် ဒါ ဘုရားဂုဏ်တော် အာရုံပြုနေတာပါဘဲ။ အဲဒီလို ဘုရားဂုဏ် တော် အာရုံပြုနေလို့ရှိရင် မိမိဆောက်တည် ကျင့်သုံးတဲ့ ဥပုသ်ဟာ ဖြဟ္မူပေါသထ - မြင့်မြတ်သောဘုရားနှင့်အတူတကွ နေရတာဘဲတဲ့။

http://www.dhammadownload.com

ဘုရားအာရုံပြုနေတော့၊ ကိုယ့်စိတ်ထဲ ဘုရားရှိနေသလိုပေါ့လေ၊ ဘုရားနှင့်အတူ နေနေတော့၊ မကောင်းတဲ့ အကြံအစည်တွေ စိတ်ကူးဖို့ စိတ်မရှိတော့ပါဘူး၊ ဘုရားက ကိုယ့်စိတ်ထဲ ရှိနေတာကိုး၊ ဒီတော့ စင်ကြယ်တဲ့ စိတ်တွေ အမြဲတမ်း ဖြစ်ပြီးတော့ အဲဒီလို မြင့်မြတ်တဲ့ သီလဂုဏ်ဆောက်တည် ကျင့်သုံးခြင်းကြောင့် အကျိုးတွေ အင်မတန် ကြီးပါတယ်တဲ့။ အကျိုးပေးပုံတွေတော့ အခုတော့ အချိန်ကုန်သွားပြီ၊ နောက်မှပြောရမယ်။

တိုင်းကြီး(၁၆)ခုပိုင် ဘုရင့်စည်းစိမ်ထက်မြတ်

အကျဉ်းချုပ်ကတော့ အိန္ဒိယမှာ ရှေ့တုန်းက ဇမ္ဗူဒီပကျွန်းလို့ ခေါ်တဲ့ အိန္ဒိယမှာပေါ့လေ၊ တိုင်းကြီး(၁၆)တိုင်းရှိတယ်၊ တိုင်းကြီး(၁၆)တိုင်းဆိုပေမယ့်လို့ မြန်မာပြည်က ရှေ့တုန်းက တိုင်းကလေးတွေလိုပါပဲ၊ သိပ်ကြီးကြီးကျယ်ကျယ်တွေတော့မဟုတ်ပါဘူး၊ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ဆိုတာ ဗိမ္ဗိသာရမင်းကြီး အုပ်စိုးတဲ့တိုင်းပြည်နှစ်ခု၊ ကာသိတိုင်း၊ ကောသလတိုင်းဆိုတာကတော့ ပသေနဒိ ကောသလမင်းကြီး အုပ်စိုးတဲ့တိုင်းပြည်နှစ်ခု၊ အခုတော့ အိန္ဒိယ အဲဒါတွေ အကုန်လုံး အိန္ဒိယဆိုတဲ့ နိုင်ငံတော် တစ်ခုတည်းဖြစ်နေပါပြီ။ အဲဒီတိုင်းကြီး(၁၆)တိုင်းမှာ ရတနာတွေ အဖိုးတန်တွေ ပေါများတယ်တဲ့၊ **"မင်း"** တွေက **"မင်း"** ဆိုတော့ ဒါတွေ အကုန်လုံး အစိုးရတာကိုး၊ အဲဒီမင်းတွေဟာ လူ့လောကအမြင်ဆိုရင် အင်မတန်ဘဲ ပြည့်စုံကြွယ်ဝတယ်၊ ချမ်းသာတယ်လို့ ထင်ရတာပေါ့လေ၊ ရှေးကလဲပဲ ဒီလိုပြည့်စုံရင် ချမ်းသာတာ၊ အခုတော့ မင်းထက် တစ်ချို့သူဌေးတွေက ပိုချမ်းသာပုံရတယ်။ ဟိုမှာ တစ်ခြား

http://www.dhammadownload.com

နိုင်ငံတွေမှာ အင်မတန်ပြည့်စုံကြတယ်။ တစ်ခြားနိုင်ငံတွေမှာတော့ ပစ္စည်းတွေကလဲဘဲ အခုနေကာလ ခေတ်ပေါ်ပစ္စည်းတွေကလဲ တယ် ကောင်းတာဘဲ၊ ရှေးတုန်းက ဒီလို ကောင်းကောင်းတွေ မရှိဘူး၊ အခု နေထင်ရှားတာကတော့ သွားရေး၊ လာရေးတွေမှာ သိပ်ထင်ရှားတာပဲ၊ ဒီပြင်ဟာတွေလဲ ထူးပါတယ်၊ အခုနေခါ ကာလမှာ အဲ-သွားရေး လာ ရေးကြတော့ အင်မတန်ထူးခြားတာပဲ၊ ရှေးတုန်းကဆိုရင်ဖြင့် မြင်းရထား နှင့် ဆင်နှင့် ဒီလိုဟာ စီးသွားလို့ရှိရင် ဒါအကောင်းဆုံးလို့ အောက်မေ့ ရတာ။ အခုနေခါ ကာလမှာ မော်တော်ကားစီးသွားရင်ကို ကောင်းလှပါ ပြီ၊ မီးရထားတွေလဲ ကောင်းတာပါပဲ၊ လေယာဉ်ပျံဆိုတော့ သာကောင်း တာပေါ့၊ အင်မတန်ကိုကောင်းတယ်၊ အဲဒီတော့ အခုနေခါကာလမှာ သူဌေးတွေဟာ အင်မတန်ချမ်းသာပါတယ်။ ဒါပေမယ့်လို့ နတ်ချမ်းသာ နှင့်စာလို့ရှိရင်တော့ အသေးအမွှားလေးပဲ၊ ဘာမှ မမျှားသေးဘူး၊ လူ့ အသက် လူ့ပြည်က အနှစ်ငါးဆယ်မှ စတုမဟာရာဇနတ်ပြည်မှာ တစ်ရက်ရှိတာပဲ၊ အဲဒီလို ရက်ပေါင်းသုံးဆယ်ကိုတစ်လ၊ လပေါင်း ဆယ့် နှစ်လကိုတစ်နှစ်၊ အဲဒီလို နှစ်ပေါင်းငါးရာ၊ စတုမဟာရာဇနတ်ပြည်မှာ နှစ်ပေါင်းငါးရာ နတ်သက်ရှည်တယ်တဲ့၊ လူအသက်နှင့် တွက်ကြည့်ရင် တော့ အနှစ်ကိုးသန်းရှိတယ်တဲ့၊ အနှစ် ကိုးသန်းဆိုတော့ အကြာကြီး ပေါ့၊ ဘုရားလက်ထက်က အခုထိကို နှစ်ပေါင်း ၂၅၀၀ ဆိုရင်ကို အင်မ တန်ကြာနေပြီ၊ အင်း - ၂၅၀၀ ဟာတောင် ဂဏန်းရှိသေးတယ်၊ သောင်း တောင်မရောက်သေးဘူး၊ ထောင်ဂဏန်း ပြီးတော့ သောင်းဂဏန်း၊ သောင်းဂဏန်းပြီးတော့ သိန်းဂဏန်း၊ သိန်းဂဏန်းပြီးတော့ သန်းရောက် မှ အနှစ်ကိုးသန်းဆိုတော့ ကုဋေနားနီးနေပါပြီ၊ ၁၀-သန်းနားနီးနေပါပြီ၊

http://www.dhammadownload.com

အဲဒီလောက် အသက်ရှည်တာတဲ့ အသက်ရှည်တာသည်ပင်လျှင် လူ့လောကချမ်းသာနှင့် စာလို့ရှိရင် အတိုင်းမသိ များနေတာဘဲ။ အဲဒါကြောင့် လူ့လောက က ဟိုတုန်းက အကြီးအကျယ် မင်းတွေရဲ့ စည်းစိမ်ချမ်းသာမက စတုမဟာရာဇ် စည်းစိမ်ကို ဆယ့်ခြောက်ပုံ တစ်ပုံတောင် မရှိပါဘူးတဲ့၊ အသက်နဲ့တွက်ကြည့်ရင်ကို အင်မတန်နည်းနေတာပဲ၊ အဲသလို စတုမဟာရာဇ်နတ်ချမ်းသာတွေလဲ ရနိုင်တယ်။

အဲဒီသီလတွေကြောင့် နောက်တာဝတီသာတို့၊ ယာမာတို့၊ နောက် လေးဆ လေးဆ တိုးသွားတာ စတုမဟာရာဇ်ရဲ့ အနှစ်သန်း လေးလီ×၃၆ သန်း၊ အထက်လဲဘဲ အဲသလို လေးဆ လေးဆ တိုးသွားတာ အဲဒါ လူ့ပြည်လောက၊ လူချမ်းသာတွေ၊ နတ်ပြည်လောက ချမ်းသာတွေနဲ့စာရင် ဘာမှ မပြောပလောက်ဘူး၊ အသေးအဖွဲလေးတွေ၊ အဲဒီ နတ်ပြည်လောက ကချမ်းသာတွေလဲ အခု ရှစ်ပါးသီလကို ဆောက်တည်ခြင်းကြောင့်၊ အခုလို ဘုရားဂုဏ်တွေအာရုံပြု၊ သို့မဟုတ် တရားဂုဏ်တွေအာရုံပြု၊ သို့မဟုတ် သံဃာဂုဏ်တွေအာရုံပြု၊ ဒါမှမဟုတ်ရင်လဲ အခုဒီတရားအားထုတ်နေတာတော့ အကောင်းဆုံးပေါ့လေ၊ ရှုမှတ်ပြီးတော့ နေတာ၊ ဝိပဿနာဘာဝနာ ပွားပြီးတော့နေတာ အကောင်းဆုံးဘဲ၊ အဲဒီ ဘာဝနာတွေထုံပြီးတော့ ထားတဲ့ ရှစ်ပါးသီလဥပုသ် ကုသိုလ်ဟာ နတ်ပြည်လောကတွေ၊ မိမိတို့ အလိုရှိရာဘုံရောက်နိုင်တယ်၊ ရောက်ပြီးတော့ အကြီးအကျယ် ချမ်းသာသွားနိုင်တယ်၊ ဒါကြောင့် အင်မတန်မြင့်မြတ်ပါတယ်တဲ့။ မိမိတို့ ဆောက်တည်ရတဲ့ သီလဟာ အင်မတန်မှ အဖိုးတန်ပါတယ်။ အဘိုးလည်းတန်သလောက် တန်အောင် တရားနှလုံး

http://www.dhammadownload.com

သွင်းဖို့ ဒီမှာတော့ မခဲယဉ်းပါဘူး၊ ဒီမှာတော့ တရားအားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေများတယ်၊ အားမထုတ်ဘူးတောင်မှ အားထုတ်တဲ့နည်းလေးရတော့ လွယ်လွယ်နဲ့ အားထုတ်လို့ အင်မတန် ဟန်ကျပါတယ်။ ဒီနည်းနှင့်လဲ သီလကုသိုလ်တွေ ပွားတယ်တဲ့။ အဲဒီသီလကုသိုလ်တွေ ပွားများခြင်းဖြင့် မိမိတို့ အလိုရှိအပ်သော လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ။

သာဓု .... သာဓု .... သာဓု ....

အသံသွင်းကြိုးခွေမှ စာမူကြမ်းကူးယူပုဇော်ပါသည်။

ဦးသြသဓ၊ သီတာအေးကျော်၊ မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော

နိုင်ငံခြားမကြွမီ ဩဝါဒတော်

ဘုန်းကြီးတို့ ဒီကနေ့ နိုင်ငံခြားကိုသွားပြီးတော့ သာသနာပြုဖို့ ကိစ္စမှာ စပ်ဆိုင်ရာဖြစ်တဲ့ တပည့်ပရိသတ်တွေက လာရောက်ပြီး ဖူးမြော်ကန်တော့ကြ၊ အားပေးကြတာဟာ သာသနာပြုရေးနဲ့ စပ်ပြီးတော့ ဝမ်းမြောက်စရာ၊ ဝမ်းသာစရာပါပဲ၊ နိုင်ငံခြားကို သာသနာပြုဖို့ရာ နိုင်ငံခြားက ပုဂ္ဂိုလ်တွေက ဘုန်းကြီးကို ပင့်နေကြတာတော့ အကြိမ်ပေါင်းများပါပြီ၊ ဒါပေမယ်လို့ ဘုန်းကြီးစိတ်ထဲတော့ နိုင်ငံခြားသွားဖို့ရာ စိတ်တယ်မကူးခဲ့ပါဘူး။

သူ့နိုင်ငံသွား သူ့ဘာသာစကား

ဘာဖြစ်လို့တုန်းဆိုတော့ နိုင်ငံခြားသွားတော့ သူတို့နိုင်ငံက ဘာသာနဲ့ ဟောနိုင် ပြောနိုင်မှ ပိုကောင်းမှာပဲ၊ သူတို့ဘာသာနဲ့ မဟောနိုင် မပြောနိုင်ရင် ဘုန်းကြီးက ဗမာလိုတော့ ဘာသာပြန်တဲ့ပုဂ္ဂိုလ်က ပြန်ဆိုလျှင် တိတိကျကျဖြစ်ဖို့က သိပ်မလွယ်ဘူး၊ တာဝန်လေးတယ်၊ အဲဒီတော့ ကိုယ်တိုင်က သူတို့ဘာသာနဲ့ မပြောနိုင်တဲ့ နေရာတွေသွားလို့ သိပ်မတော်ပါဘူးလို့ အောက်မေ့တာနဲ့ ဘုန်းကြီးက သွားဖို့ရန် မစဉ်းစားခဲ့ပါဘူး။ ဒါပေမယ်လို့

http://www.dhammadownload.com

အင်္ဂလန်ကြွရန် ပင့်ထား

ယခုဝါမဆိုခင် တစ်လ၊ တစ်လကျော်ကျော်လောက်ကနေပြီး တော့ ဦးရေဝတမမွထဲက စာတွေရောက်လာခဲ့ပါတယ်။ ဦးရေဝတမမွ ဆိုတာ ဘုန်းကြီးတို့ရဲ့ ဒီ သာသနာ့ရိပ်သာမှာ တရားအားထုတ်သွားတဲ့ ယောဂီဟောင်းပါဘဲ၊ သူက အိန္ဒိယမှာနေတာကြာပါပြီ၊ အိန္ဒိယမှာ ဘာသန္တရတွေ လေ့လာပြီးတော့ ဘွဲ့ထူး ဂုဏ်ထူးတွေ ရပြီးတော့နေ တာကြာပါပြီ၊ အဲဒီကနေပြီးတော့ အခု အင်္ဂလန်ရောက်၊ အင်္ဂလန်မှာ သူက တရားဟော၊ တရားဟောလို့ သူဟောတဲ့တရားတွေ သဘောကျ ပြီးတော့၊ စိတ်ပါဝင်စားပြီးတော့ တရားနာကြ၊ တရားအားထုတ်ကြ၊ ဥရောပမှာ ဌာနပေါင်း တော်တော်များများပါပဲ၊ အဲဒါနဲ့စပ်ပြီးတော့ သူက ဝါမဆိုခင်ဘဲ ဟိုကိုကြွလာဖို့ ပင့်ပါတယ်၊ ဝါမဆိုခင်သွားလျှင် ဝါဆိုနေ လို့တော့ မတော်ဘူးလို့ ဒီလိုပဲ စဉ်းစားပါတယ်။

အမေရိကန် ပင့်ထားပြန်

နောက်ပြီးတော့ အမေရိကန်က အရင်လ ဒီမှာလာဘူးတဲ့ ဂျူးဇာတ်ဂိုးစတိန်း ခေါင်းဆောင်ပြီးတော့လာကြတဲ့လူ (၁၀)ကျော်လောက်၊ သူတို့ကလဲဟိုမှာ ကမ္မဋ္ဌာန်းဌာန သီးသန့်ဖွင့်၊ သူတို့က တရားပြ၊ တရား ဟောတဲ့ပုဂ္ဂိုလ်လည်း အဲဒီတုံးက (၂)ဦးလောက်ပါပါတယ်၊ ကျန်တဲ့ပုဂ္ဂိုလ် တွေက တော်တော်များများပဲ၊ အဲဒီအခါတုံးက၊ ဘုန်းကြီးတို့က ဇာတိ ရပ်ဖြစ်တဲ့၊ ရွှေဘို ဆိပ်ခွန်ကြွနေလို့ သူတို့နဲ့ တွေ့မှာမဟုတ်ဘူးလို့ အောက် မေ့တာ၊ ဇစာစောက သူတို့က စာတော့ပေးထားပါရဲ့ ဘုန်းကြီးတို့က စီစဉ်ထားပြီးဖြစ်နေလို့ ကြွသွားရတယ်။

http://www.dhammadownload.com

တရားလိုလား နီးဝေးမထား

နောက်ဆုဂျာတ(သုဇာတ)ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်းရှိတယ်၊ သူက သီဟိုဠ်က အားထုတ်လာပါတယ်၊ ဒီမှာလဲပဲ ထပ်ပြီးတော့ အားထုတ်ဘူးပါတယ်၊ ဒီကနေပြီးတော့ အိန္ဒိယ မုနိန္ဒအထံမှာလည်း ခေတ္တခဏသွားပြီးတော့နေ၊ အဲဒီမှာတော့ သူက အားထုတ်တာ မဟုတ်ဘူး၊ ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ တရားပြပြီးတော့ နေဘူးပါတယ်။ အဲဒီတုန်းကလည်း ဘုန်းကြီးတို့ကို အမေရိကန်ကို ကြွပြီးတော့ တရားဟောဖို့၊ သာသနာပြုဖို့ ပင့်ထားတာရှိပါတယ်၊ အဲဒီလို ပင့်ထားကြတာတွေကို ထောက်ဆကြည့်တော့ သွားဦးမှ ဖြစ်မှာဘဲလို့၊ ဖြစ်နိုင်တဲ့နည်းနဲ့ သာသနာပြုရမှာပဲလို့ စိတ်ကူးပါတယ်။

သူတို့ထုံးစံ ဟန်သား

နောက်တော့ ဦးရေဝတမမ္မကလည်း စာရေးပါတယ်၊ သူတို့ဆီမှာ အလွတ်မဟောဘဲနဲ့ စာနဲ့ရေးပြီးတော့ စာကိုဖတ်ပြီးတော့ ဟောတဲ့ထုံးစံဓလေ့လဲရှိပါတယ်၊ အင်္ဂလိပ်လို စာနဲ့ရေးပြီးတော့ စာကြည့်ဖတ်ပြီးတော့လည်း ဟောနိုင်ပါတယ်လို့ သူက စာနဲ့ရေးပြီးတော့ အသိပေးလိုက်ပါတယ်၊ အောင်မယ် . . . ဒီလိုဆိုရင်တော့ နေရာကျသားပဲလို့ ဒီလိုဆိုလျှင်တော့ စာနဲ့ရေးပြီးတော့ ဖတ်တာကတော့ ဖြစ်နိုင်စရာအကြောင်းရှိပါတယ်လို့ တရားစာ၊ သာသနာပြုတရားစာ ၅-ပုဒ်ရေးထားပါတယ်။

အဲဒီ ကမ္ဘာ့သာသနာပြုတရား ၅-ပုဒ်က တစ်ပုဒ်၊ တစ်ပုဒ်၊ နာရီဝက်လောက် ပါပဲ၊ အင်္ဂလိပ်လိုလည်း သွက်သွက်လက်လက်

http://www.dhammadownload.com

ဖတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် နာရီဝက် ကျော်ကျော်လောက် ပြီးနိုင်မှာပါပဲ၊ အဲဒီတရားစာ ၅-ပုဒ်ရေးပြီးတော့ အင်္ဂလိပ်လို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကို ဘာသာပြန်ခိုင်းပါတယ်။

ကျွမ်းကျင်လိမ္မာ အင်္ဂလိပ်စာ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်ထဲက ဦးညီညီကတော့ သူကတော့ ဘာသာပြန်နေကျ၊ သူကကျွမ်းကျင်ပါတယ်။ သဒ္ဒါအသုံးအနှုံးတွေလဲ အင်မတန်ကောင်ပါတယ်။ သူ့ကို စပြီးတော့ အပြန်ခိုင်းပါတယ်၊ နောက်တော့ သူ့ကျန်းမာရေး နည်းနည်းချို့ယွင်းနေတာနဲ့ (၉)ဦးထွန်းရှိန်နဲ့ ပတ်သက်တဲ့ ဦးသာနိုးဆိုတဲ့ ပုဂ္ဂိုလ် သူကလည်း အတော်ကျွမ်းကျင်တယ်၊ ပါဠိတွေရော၊ သင်္ကဋ္ဌတွေရော၊ သူကကျွမ်းကျင်တယ်၊ အဲဒီ တရား ၅-ပုဒ်ထဲက၊ ၄-ပုဒ်ကိုတော့ ဦးသာနိုးကို ဘာသာပြန်ခိုင်းလို့၊ ဦးသာနိုးက ပြန်ပါတယ်၊ အဲဒါတွေ စာအုပ်အဖြစ် ရိုက်လို့ပြီးပါပြီ။

စေ့စေ့စပ်စပ် သေသေချာချာ

နိုင်ငံခြားမှာဟောဖို့တရား ဘုန်းကြီးက တိတ်ခွေနဲ့ အသံသွင်းထားတယ်၊ ဒီအတိုင်းဖတ်ပြီးတော့ ဟောနေတာထက် အသံသွင်းထားတာကိုဖွင့်ပြီးတော့ ဟောတာက ပိုပြီးတော့ သေချာဖို့ရှိပါတယ်၊ ဒီအတိုင်းဖတ်ဟောရင် ဖတ်ရင်း ဖတ်ရင်းနဲ့ စာဆိုတာက စာနဲ့ဖတ်ဟောရင် သိပ်ကောင်းတာမဟုတ်ဘူး၊ နှုတ်တိုက် စာလွတ်ဟောတာက ပိုကောင်းတယ်၊ ဗမာစကားလဲ ဒီအတိုင်းပဲ၊ ဗမာစကား ဒီအတိုင်း ဟောပြောနေရင် ဗမာစကားချောလို့ပဲ၊ ဟော စာနဲ့ရေးထားတာ၊ ဖတ်လို့ရှိရင် ချွတ်ယွင်းသွားတာလေးတွေပါတယ်။

http://www.dhammadownload.com

နိဗ္ဗိတ အသံသပ္ပါး ဖန်ဆင်းထားခဲ့

ယခု မြန်မာလို တရား ၅-ပုဒ်ကို၊ အသံသွင်းထားပါတယ်။ ဘုန်းကြီးမရှိတဲ့အခါ နာလိုသူများ နာနိုင်အောင်လို့ အဲဒီ ကိုယ့်စာ ကိုယ် ဖတ်ရင်းနဲ့ပဲ လိုအပ်တာလေးတွေ ပါသွားသေးတယ်၊ မတတ်နိုင်ဘူး၊ စကားပိုသွားတာလေးပါသွားတာပဲ၊ ဗမာစာတောင်မှ ချွတ်ယွင်းတာလေးတွေ ဖြစ်သေးတာပဲ၊ အင်္ဂလိပ်စာဆိုတော့ အင်္ဂလိပ်လိုက ဘုန်းကြီးတို့က သိပ်ကျွမ်းကျင်တာမှ မဟုတ်ဘဲ၊ နှုတ်ကမှမတက်ပဲ၊ ဒီတော့ ချွတ်ယွင်းချက်ကလေးတွေလဲရှိမှာပဲ၊ ရှိပေမယ်လို့ စာနဲ့ဆိုတော့ နဲနဲတော့ သေချာတာပေါ့လေ၊ အဲဒါနဲ့ စာနဲ့ ဖတ်သင့်သမျှဖတ်ပြီး၊ အချို့ အများပိုင်းတွေက ကက်ဆက်ခွေနဲ့ဖွင့်ပြီး ဟောပြဖို့ရာ ဘုန်းကြီးစဉ်းစားထားပါတယ်။

အခြေအနေအရ မီးစင်ကြည့်က

ပထမစဉ်းစားထားတာကတော့ ဘုန်းကြီးက အစပိုင်းလောက် ဟောပြီး ဒီပြင် အင်္ဂလိပ်လို နှုတ်တက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကို အဖတ်ခိုင်းပြီးတော့ ဟောမယ်လို့ စိတ်ကူးပါတယ်။ ကက်ဆက်ခွေနဲ့ သွင်းထားတာလည်း ကောင်းပါရဲ့လေလို့ သွင်းထားတယ်၊ ဟိုကျတော့ အခြေအနေအရ ကြည့်ပြီးတော့ ဟောရမှာပဲ၊ ဒီနေ့ ဒီမှာ ကြားရ နာရအောင်လို့ အင်္ဂလိပ်လို အခွေဖွင့်ပြတယ်လို့ ပြောပါတယ်။

http://www.dhammadownload.com

ကမ္ဘာသာသနာပြုတရား ၅-ပုဒ်

ဗုဒ္ဓမြတ်စွာဘုရား၏ အမြတ်ဆုံးတရားတော် ဆိုတာလေး ဘုရားဖြစ်တော်မူပုံ၊ ကျင့်နည်း၊ အခြေခံကစပြီး ဘုရားဖြစ်တော်မူပုံ အထိ၊ နောက်ပြီးတော့၊ ဗုဒ္ဓသာသနာတရားဆိုတာလည်း ဘုန်းကြီး ခဏခဏ ဟောနေတာပါပဲ၊ သတိပဋ္ဌာန်တရားကလည်း ပထမပိုင်း၊ ဒုတိယပိုင်း၊ ၂-ပိုင်း၊ ၂-ပုဒ်၊ နောက်ဆုံးကျတော့ ချမ်းသာရေးတရားတော်ဆိုတာက ဒါကလည်းအရေးကြီးတယ်၊ သတ္တဝါတွေက ချမ်းသာချင်ကြတာ၊ ချမ်းသာချင်ကြတော့ ဟိုလုပ် ဒီလုပ်နဲ့ရှိပါတယ်၊ အဲဒါတွေလဲ မြတ်စွာဘုရားဟောထားတဲ့ ချမ်းသာရေးတရား၊ မူမှန် အကောင်းဆုံးဖြစ်တဲ့ တရားကို နားလည်ရအောင်လို့ ဘုန်းကြီးက ချမ်းသာရေးတရားတော် ဆိုပြီးတော့ နောက်ဆုံးက ထည့်ထားပါတယ်။ အဲဒီတရားတွေကို ဟိုကျတော့အခြေအနေအရ ကြည့်ပြီးတော့ ဟောရမှာပါပဲ။

အနှစ်ချုပ်ဩဝါဒ

ယခု ဘုန်းကြီးတို့ နိုင်ငံခြားကို ကြွနေတဲ့အချိန်ကာလ ဒီမှာရှိကြတဲ့ တပည့် ပရိသတ်တွေ ယောဂီတွေအတွက် ဘုန်းကြီးက အကျဉ်းချုပ်ဩဝါဒလေးတော့ ပေးရဦးမှာဘဲ၊ ရှည်ရှည်မျောမျော ပေးဖို့တော့ မလိုပါဘူး၊ တရားတွေ ခဏခဏဟောနေတာဆိုတော့ ရိုးနေပါပြီ၊ မြတ်စွာဘုရားက အမြဲတမ်းဩဝါဒပေးနေတဲ့ အတိုချုပ်လေးဟာ အင်မတန်ပြည့်စုံပါတယ်၊ "အပ္ပမာဒေန သမ္မာဒေထ" နဲ့စဉ်နေ့တိုင်း ရဟန်းတော်တွေ ဆွမ်းဘုန်းပေးပြီးတဲ့အခါ မြတ်စွာဘုရားကလည်းပဲ ခြေဆေးပြီးတော့ ဂန္ဓကုဋီတိုက်ဝင်ကာနီး အဲဒီမှာ အနီးအပါးမှာရှိနေကြတဲ့

http://www.dhammadownload.com

ရဟန်းတော်တွေကို နောက်ဆုံးသြဝါဒအနေနဲ့ "အပ္ပမာဒေန သမ္မာဒေထ"လို့ သြဝါဒပေးပြီးနောက် မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်ထဲဝင်သွား၊ ရဟန်းတော်တွေကလည်း သူတို့နေရာ သူတို့သွားပြီးတော့ ဘုရားပေးတော်မူတဲ့ သြဝါဒတော်အတိုင်း အပ္ပမာဒတရား-မမေ့မလျော့ပဲ သတိတရားတွေ ပွားများအားထုတ်ကြတာပေါ့။

မစ္ဆိမ ဗုဒ္ဓ ဝစန

ပရိနိဗ္ဗာန်စံကာနီးကြတော့လည်း မြတ်စွာဘုရားက နောက်ဆုံးသောအနေနဲ့ "အပ္ပမာဒေန သမ္မာဒေထ" လို့ ဒီစကားကိုပဲ သြဝါဒပေးသွားတော်မူပါတယ်။ မြတ်စွာဘုရားကို ရိုသေလေးစားတဲ့ပုဂ္ဂိုလ်တိုင်း အဲဒီနောက်ဆုံး သြဝါဒစကားနေနဲ့လည်း အလေးပြုသင့်တာပါပဲ၊ အင်မတန်အလေးပြုသင့်တဲ့ တရားပါပဲ၊ ဘုန်းကြီးတို့ကလဲ အဲဒီ ဘုရားသြဝါဒပဲပေးရမှာပါပဲ၊ ရဟန်းတော်များက ငါးပါးသီလ၊ ရှစ်ပါးသီလတို့ ပေးတိုင်းပေးတိုင်းလည်း နောက်ဆုံးမှာ "အပ္ပမာဒေန သမ္မာဒေထ" လို့ အပ္ပမာဒေန- မမေ့သောသတိတရားဖြင့်၊ သမ္မာဒေထ-သီလစသည်ကိုပြီးစေကြကုန်လော။ ဒါပါပဲ။

ဒို့တာဝန်အရေး ၃-ပါး

မိမိတို့သန္တာန်မှာ ပြီးစီးစေရမည့် ပြည့်စုံရမည့် တရားက ၃-ပါးရှိပါတယ်-

၁။ သီလကိုလည်း ပြီးပြည့်စုံစေရမည်။
၂။ သမာဓိကိုလည်း ပြီးပြည့်စုံစေရမည်။
၃။ ပညာကိုလည်း ပြီးပြည့်စုံစေရမည်။

http://www.dhammadownload.com

ဘယ်ပုံဘယ်နည်းနဲ့ ပြီးပြည့်စုံစေရမလဲဆိုရင် အပ္ပမာဒေန-မမေ့တဲ့သတိတရားဖြင့်၊ သမ္မာဒေထ- ပြီးစီး ပြည့်စုံစေရမည်တဲ့။ မမေ့တဲ့သတိတရားဆိုတာ အကြမ်းဖျင်းမမေ့တာလည်းရှိပါတယ်။ ရှေ့အဖို့က အမှတ်ရတဲ့သတိတရား၊ ဒါကတော့ အကြမ်းဖျင်းပေါ့။ အဲဒီအခြေခံ အကြမ်းဖျင်းကလေးကလဲရှိမှ ဒီအချိန်မှာ ဒါနကုသိုလ်ပြုသင့်တယ်၊ သီလကုသိုလ် စောင့်ထိန်းသင့်တယ်၊ ဘာဝနာကုသိုလ် ပွားများသင့်တယ်စသည်ဖြင့် အမှတ်ရတဲ့ သတိလေးရှိမှ ဒါမှ ကုသိုလ်တရားတွေဖြစ်တယ်၊ အမှတ်မရတဲ့ ပုဂ္ဂိုလ်တွေက ကုသိုလ်တရားဘယ်ပြုမလဲ၊ အဲဒီတော့ အခြေခံအကြမ်းဖျင်း အပ္ပမာဒတရားလည်း လိုပါတယ်။

ပြည့်စုံအောင် မမေ့ကြနဲ့.

ဘာဝနာတရားကို အားထုတ်နေတဲ့အခါကာလကြတော့ မိမိတို့သန္တာန်မှာဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်း အမှတ်ရတဲ့ မမေ့တဲ့ အပ္ပမာဒတရားဟာအရေးအကြီးဆုံးပဲ သူက အနုဆုံး အသိမ်မွေ့ဆုံး အမြင့်မြတ်ဆုံး၊ မမေ့တဲ့တရားပဲ၊ အဲဒီ မမေ့တဲ့တရားအားဖြင့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကူးတိုင်း၊ စဉ်းစားကြံစည်တိုင်း၊ ဒွါရ ၆-ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေကို မပြတ် ရှုမှတ်ပြီးတော့ သွားလို့ရှိရင် ပြီးစီး ပြည့်စုံသွားတာပဲ၊ သီလကတော့ စောစောကတည်းက ပြည့်စုံနေတော့ နောင် တိုးတက်ပြီးတော့ စင်ကြယ်သွားဘို့ပဲ၊ သမာဓိလည်းပြည့်စုံသွားတာပဲ၊ ပညာလည်း ပြည့်စုံသွားတာပဲ။

http://www.dhammadownload.com

ပညာပြည့်စုံတဲ့နေရာမှာ သောတာပတ္တိမဂ်ရောက်လျှင် သီလလည်းပဲ အကြွင်းမဲ့ ပြည့်စုံသွားတော့တာပဲ၊ ဘယ်နည်းနှင့်မျှ မပျက်တော့ဘူး၊ အနာဂါမိမဂ်ရောက်လို့ရှိလျှင်ဖြင့် ပြည့်စုံသွားတဲ့ သမာဓိက ဘယ်နည်းနှင့်မျှ မပျက်တော့ဘူး၊ အရဟတ္တမဂ်ဖိုလ်ကို ရောက်တဲ့အခါ ကာလကြတော့ ပညာလည်း ပြည့်စုံသွားပြီတဲ့၊ အဲဒီလို သီလ သမာဓိ ပညာ ပြည့်စုံအောင်လို့ အပ္ပမာဒ-မမေ့တဲ့သတိတရားဖြင့်၊ အားထုတ်ရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားဆုံးမတော်မူပါတယ်။

ဗုဒ္ဓနည်းကျ အဆုံးအမ

အဲဒီ ဆုံးမတော်မူချက်အတိုင်း သီလပေးတဲ့ အခါကာလတွေမှာလည်း သီလပေးတဲ့ သံဃာတော်တွေက "အပ္ပမာဒေန သမ္မာဒေထ" လို့ ဒီလိုလည်း ညွှန်ကြားဆုံးမတော်မူကြပါတယ်။အဲ. . . အခုဘုန်းကြီးကလည်း ခရီးသွားကာနီးမှာ ဒီလိုပဲ ညွှန်ကြားရမှာပဲ၊ မြတ်စွာဘုရားအလိုတော်ကျအတိုင်းပဲ ညွှန်ကြားပါတယ်၊ မမေ့မလျော့တဲ့ သတိတရားဖြင့် ပြည့်စုံအောင် အားထုတ်ကြဖို့ပါပဲ။

တာဝန်ကိုယ်စီ

ဒါပေမယ်လို့ ဘုန်းကြီးတို့မရှိစေကာမူ ဒီသာသနာ့ရိပ်သာအတွက်ကတော့ အစစအရာရာ လိုလေသေးမရှိ ပြည့်စုံနေတာပါပဲ၊ ဒီမှာ ညွှန်ကြားဆုံးမမည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေက ပြည့်စုံနေတာပဲ ဦးသုဇာတကိုလည်းဘုန်းကြီးက တာဝန်လွှဲထားပါတယ်။ ဘုန်းကြီး ဆောင်ရွက်သင့်တာတွေကိုလည်း ဆောင်ရွက်ဖို့ ဦးသုဇာတကို တာဝန်

http://www.dhammadownload.com

လွဲထားတယ်၊ နောက်ပြီးတော့ ကမ္မဋ္ဌာနာစရိယတွေကလည်း သူတို့ တာဝန် သူတို့ ဆောင်ရွက်ပြီးတော့ နေကြတာ၊ အင်မတန်သင့်တော်ပါ တယ်၊ ဒီကမ္မဋ္ဌာနာစရိယတွေ ဒီလို ဆောင်ရွက်နေကြလို့သာ ဒီလို ဆောင်ရွက်မှုမရှိလျှင် မဖြစ်ဘူး၊ ဘုန်းကြီးတစ်ပါးတည်းဆို မတတ်နိုင် ဘူး၊ ဒီကမ္မဋ္ဌာနာစရိယတွေရှိနေတာ အင်မတန်ဝမ်းသာစရာ၊ အားရစရာ ပါပဲ၊ ဘုန်းကြီးမရှိလည်း ဦးသုဇာတအမှူးရှိတဲ့ ကမ္မဋ္ဌာနာစရိယတွေက ညွှန်ကြားကြပါလိမ့်မယ်။

ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်သုံးခြင်းဖြင့် မြတ်စွာ ဘုရားညွှန်ကြားတော်မူတဲ့အတိုင်း ပြည့်စုံသင့်တဲ့ သီလ,သမာဓိ,ပညာ တွေ ပြည့်စုံသွားမှာပဲ၊ အကျဉ်းချုပ်အားဖြင့် ပြောရမယ်ဆိုလျှင် ကုသိုလ် တရားတွေ ပြည့်စုံသွားမှာပဲ၊ အဲဒီအတိုင်း မမေ့တဲ့ သတိတရားဖြင့် အား ထုတ်သွားကြဖို့ပါပဲ။

ရေ, မီး, ဆောက်အုံ လွန်ပြည့်စုံ

အဲဒီလို သာသနာ့ရိပ်သာမှာ ပဋိပတ္တိသာသနာ ပြည့်စုံအောင် အားထုတ်ဖို့ရာ အားပေးကူညီကြတဲ့ ဒကာ ဒကာမတွေဘက်ကလည်း အင်မတန်ပြည့်စုံအောင် ထောက်ပံ့နေကြတာပဲ၊ ခုနေကာလ သိပ်ပြည့်စုံ နေတာ၊ ဘုန်းကြီးတို့ ဒီရိပ်သာ ရောက်ခါစကဆိုလျှင် ဒီသာသနာ့ရိပ်သာ မှာ ကမ္မဋ္ဌာန်းကျောင်းဆိုတာကလည်း ပြောပလောက်အောင် များများ မရှိသေးပါဘူး၊ သစ်သားကျောင်းလေး ၄-ခုလောက်ပဲရှိပါတယ်၊ တရား ဟောစရာ ဓမ္မာရုံဆိုတာကလည်းပဲ ယာယီလောက်ပဲ ရှိပါသေးတယ်၊ ဒီပြင်အဆောက်အဦးတွေကလည်း ကောင်းကောင်းမွန်မွန် သိပ်မရှိ

http://www.dhammadownload.com

သေးပါဘူး၊ ခုတော့ အဆောက်အဦတွေကလည်း အင်မတန် ပြည့်စုံလာပါတယ်၊ လွန်ခဲ့တဲ့ ၂-နှစ်၊ ၃-နှစ်လောက်ကစပြီး ဒီဘက်မှာ ပိုပြီးတော့ပြည့်စုံလာပါတယ်၊ အဲဒီလို ပြည့်စုံအောင်လို့ "ဗုဒ္ဓသာသနာနုဂ္ဂဟ" အဖွဲ့ကနေပြီး ဆောင်ရွက်ကြတာဟာလည်း အင်မတန်ပြည့်စုံနေပါတယ်။

ယခင်နှင့် ယခု နှိုင်းယှဉ်ပြ၊

အဲဒီလို ဆောင်ရွက်ပြီးတော့နေလို့ ယောဂီတွေ ချမ်းချမ်းသာသာနဲ့ နေရတယ်၊ မီးတို့ ရေတို့ ဒါတွေကလည်း အရေးကြီးတာပဲ၊ ညအခါ မီးမရှိလျှင် အဆင်မပြေဘူး၊ အခုတော့ အဆင်ပြေပါတယ်၊ ဟိုးရှေးတုံးက ဆိုလို့ရှိလျှင် မီးလုံးလေးတစ်လုံး ဖျက်နေလျှင် ပြင်ဘို့ရန် သွားပြောရတာ၊ တော်တော်နှင့်မပြင်နိုင်ဘူး၊ ဒီလိုဟာလေးတွေလည်းရှိခဲ့ဘူးတယ်၊ ခုတော့ ဖျက်နေတာရယ်လို့ မရှိသလောက်ပါပဲ။ ဒါလဲပြည့်စုံနေတာပါပဲ၊ ရေဘက်ကဆိုလျှင်လည်း ရှေးတုံးက ရေကလည်း တစ်ခါတစ်ခါ မပြည့်စုံဘူး၊ ခုတော့ ရေလည်းပဲ လိုလေသေးမရှိ ပြည့်စုံနေတာပါပဲ၊ ဒီပြင်နေရာတွေမှာ ရေရှားနေတယ်ဆိုပေမယ်လို့ ဟောဒီ သာသနာ့ရိပ်သာမှာ ရေမရှားဘူး၊ အင်မတန်ဟန်ကျတာပဲ။

အားပေးကူညီ ဖွဲ့စုံညီ

အဲဒါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လိုရာ လိုရာဆောင်ရွက်ပေးလို့ အစစအရာရာ ပြေလည်ပြီးနေတာတွေ၊ တရားအားထုတ်ရာမှာ အပပမာဒ- မမေ့တဲ့တရားနှင့် အားထုတ်ဖို့ရန် အကူအညီပေးနေကြတာ

http://www.dhammadownload.com

တွေ့၊ အင်မတန်ဟန်ကျတယ်၊ ပြီးတော့ ဟိတေသီအဖွဲ့ကဆိုလျှင်လည်း စားသောက်ရေးနှင့်ပတ်သက်ပြီးတော့ ထောက်ပံ့ကူညီပေးနေကြတယ်။

သူတို့ကလည်း အစတုံးက ၂-ဦး/၃-ဦးလောက်နဲ့တူပါတယ်။ စပြီးတော့တာဝန်ခံနိုင်တာ၊ ခုတော့ တဖြည်းဖြည်းနဲ့ တိုးတက်ပြီးတော့ (၂၀၀)လောက်တော့ သူတို့က တာဝန်ခံနိုင်နေကြတာ အမြဲလိုပါပဲ။ သင်္ကြန်ကာလမှာဆိုလျှင်လည်း ဒီထက်များရဦးမှာပေါ့လေ၊ အစစအရာရာ စားရေးသောက်ရေးဘက်ကနေပြီးတော့ ပြည့်စုံအောင်သူကလည်းဆောင်ရွက်ပြီးတော့နေလို့ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဘာမှ မကြောင့်ကြရဘဲနဲ့ ပြည့်စုံပြီးတော့ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်နေကြတာ။

အဲဒါတွေဟာ "အပ္ပမာဒေန သမ္မာဒေထ" မမေ့တဲ့သတိတရားနှင့် ပြည့်စုံရမယ်ဆိုတဲ့၊ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်နိုင်အောင် အကူအညီပေးနေကြတာတွေပဲ။

ဆရာ ဒကာ ညီညီညာညာ

အဲဒါတွေကို သေသေချာချာ စဉ်းစားကြည့်လို့ရှိလျှင် ကမ္မဋ္ဌာန်းဆရာတွေဘက်ကရော၊ သာသနာ့ရိပ်သာကို ထောက်ပံ့ကူညီနေကြတဲ့အဖွဲ့တွေဘက်ကရော အင်မတန် ဟန်ကျနေတာပဲ၊ ပြီးတော့ မကြာခင်ကဖွဲ့ထားတဲ့ "အမျိုးသမီးယောဂီစောင့်ရှောက်ရေး" အဖွဲ့ဆိုတာလည်း ရှိတယ်၊ သူတို့ကလည်း တတ်နိုင်တဲ့ဘက်ကနေပြီးတော့ ဆောင်ရွက်နေကြတာ အင်မတန်ပြည့်စုံပြီးတော့နေပါတယ်။

http://www.dhammadownload.com

တရားရရေး အထူးသတိပေး

အထူးသတိပေးစရာကတော့ အမျိုးသမီးယောဂီတွေမှာ သတိပေးတဲ့အမျိုးသမီးတွေလည်းရှိတယ်၊ သတိပေးတဲ့ပုဂ္ဂိုလ်တွေက သတိပေးတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်ကြံလျှင်ကောင်းတယ်၊ ဘုန်းကြီးများကြားသိရတာကတော့ အမျိုးသမီးယောဂီတစ်ချို့က ရဟန်းတွေက ညွှန်ကြားလို့ရှိလျှင်တော့ ရိုရိုသေသေနှင့် လိုက်နာကြတယ်။

အမျိုးသမီးအချင်းချင်းဆိုတော့ သူတို့က သိပ်မရိုသေချင်ကြဘူး၊ မလိုက်နာချင်ကြဘူး၊ ဟုတ်မှာ သူတို့အချင်းချင်းဆိုတော့ သူတို့က သိပ်မရိုသေချင်ကြဘူး၊ မလိုက်နာချင်ကြဘူး၊ ဟုတ်မှာ သူတို့အချင်းချင်းဆိုတော့ သူတို့က သိပ်ဂရုမစိုက်ကြဘူး၊ ဘုန်းကြီးတွေဆိုတော့ သူတို့က ရိုသေ ကြောက်ရွံ့ပြီးတော့ လိုက်နာကြတယ်၊ အဲဒီလိုလဲ မဖြစ်ရအောင်လို့ ဘယ်သူကညွှန်ကြားညွှန်ကြား တရားအားထုတ်တဲ့နေရာ ညွှန်ကြားလို့ရှိလျှင်ဖြင့် ကိုယ့်အကျိုးအတွက်ပဲလို့ ကျေးဇူးတင်ရတယ်၊ ဝမ်းမြောက်ရတယ်၊ ဟာ. . . ငါ့ကို ဒီလို ပြောရမလားဆိုပြီးတော့ အဲဒီလို မရှိမသေ မသင့်မတင့်တဲ့ နှလုံးသွင်းမှုတွေ မဖြစ်ရဘူး၊ အဲဒီလို မသင့် မတင့် နှလုံးသွင်းတော့ "အယောနိသော မနသိကာရ"ခေါ်တယ်၊ မသင့်တော်တဲ့ နှလုံးသွင်းမှုတဲ့၊ ဟာ. . . သူက ဒီဟာလေးပြောတယ်၊ ဒါဟာ ငါ့အတွက်ပဲ၊ ငါ့အကျိုးရှိအောင်လို့ ပြောတာပဲလို့ အဲဒီလိုနှလုံးသွင်းလျှင် အဲဒါ "ယောနိသော မနသိကာရ" သင့်တင့်သော နှလုံးသွင်းမှု၊ ကုသိုလ်တရားတိုးပွားဖို့ပဲ။

http://www.dhammadownload.com

စကားပြောနေတာ မပြောပါနဲ့၊ ဟိုဟိုဒီဒီ သွားနေတာ မသွားပါနဲ့၊ မတော်မသင့်တာတွေပြုလုပ်နေတာ မပြုပါနဲ့၊ စသည်ဖြင့် ဒီလို သတိပေးတာလေးတွေ ရှိပါလိမ့်မယ်၊ အိပ်နေလို့ရှိလျှင် မအိပ်ဖို့၊ အိပ်ယာကထဖို့၊ စောစောထဖို့၊ ရိုရိုသေသေမှတ်ဖို့၊ သတိပေးတာလေးတွေလဲ ရှိပါလိမ့်မယ်၊ အဲဒီလို သတိပေးတာလေးတွေကို သတိပေးတိုင်းပေးတိုင်းဟာ ငါ့အတွက် အကျိုးရှိအောင်လို့ ညွှန်ကြားတာပဲလို့ အဲဒီလို နှလုံးသွင်းထားပြီးတော့ ကြိုးစားအားထုတ်ကြဖို့ရာ ဘုန်းကြီးက မှာခဲ့ပါတယ်။

သူလဲပါ ငါလဲဆိုင်

ဒါဟာ အမျိုးသမီးတွေသာမဟုတ်ဘူး၊ အမျိုးသားတွေလည်း ရှိတာပဲ၊ ရဟန်းတွေအတွက်လည်း ဒီကမ္မဋ္ဌာန်းကျောင်းတွေမှာ ယောဂီဟောင်းတွေထဲက စောင့်ရှောက်ဖို့ တစ်ကျောင်း တစ်ကျောင်းမှာ တစ်ပါး တစ်ပါး ဘုန်းကြီးတို့က ထားရပါတယ်။

ကိုယ့်ကျောင်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို သတိပေးကြ၊ သတိပေးတဲ့အခါကာလမှာလည်း ရှိရှိသေသေ၊ ချိုချိုသာသာနဲ့ သတိပေးကြ၊ ဒီလို မဟုတ်ရင် မထေရ်ကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေက ဟာ-ဒီကိုယ်တော်လေးက ငါ့ကိုလာပြီးဆုံးမရမလား၊ ငါကဆရာပဲ၊ ဒီလိုဦးပဉ္ဇင်းလေးတွေ ငါဆုံးမနေတာပဲ၊ ငါ့ကို ဒီကိုယ်တော်လေးက ဘာလို့ပြောပါလိမ့်မတုံးလို့ ဒီလို နှလုံးသွင်းတာရှိတတ်ပါတယ်၊ ဒါ့ကြောင့် ချိုချိုသာသာ၊ သာသာယာယာနှင့် ညွှန်ကြားကြပါလို့ ဘုန်းကြီးက သတိပေးထားပါတယ်။

http://www.dhammadownload.com

အချိန် တန်ဖိုး

တရားကို လာရောက်အားထုတ်ကြတဲ့ ကိုယ်တော်တွေကလည်း ငယ်ငယ်ကြီးကြီးပဲ၊ ကြီးတဲ့ပုဂ္ဂိုလ်တွေက ပိုပြီးတော့ အရေးကြီးတယ်၊ ငယ်တဲ့ပုဂ္ဂိုလ်တွေကတော့ ရိုရိုသေသေလိုက်နာတတ်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေက ခုနကပြောတဲ့အတိုင်းပဲ သူတစ်ပါးတွေက သတိပေးလျှင် ငါ့အကျိုးအတွက်ပဲလို့ နှလုံးသွင်းပြီး လိုက်နာကြပါ၊ ဒီမှာလာပြီး တရားအားထုတ်လျှင် တရားပြည့်စုံအောင်၊ ကျကျနနအားထုတ်မှ တစ်လလောက်အတွင်း ပြည့်စုံရမှာ၊ ကျကျနန အားမထုတ်လျှင် (၂)လလည်း ပြည့်စုံချင်မှ ပြည့်စုံမယ်၊ အလကားသက်သက်မဲ့ အချိန်တွေကုန်တာပဲ၊ အဲ- ကြိုးကြိုးစားစား အားထုတ်လို့ရှိရင် မကြာမီအတွင်း တရားပြည့်စုံကာ ကိုယ့်နေရာကိုယ်ပြန်ပြီး သာသနာပြုနိုင်တာပေါ့၊ အင်း(၂)လအားမထုတ်ရပဲ တစ်လတည်းနှင့် ပြည့်စုံသွားလျှင် ပိုကောင်းတာပေါ့၊ အဲဒါ-သတိပေးတဲ့ပုဂ္ဂိုလ်တွေက သတိပေးတဲ့အတိုင်း အားထုတ်လို့ရှိလျှင် မြန်မြန် သတိ သမာဓိတွေ အားကောင်းပြီးတော့ ဉာဏ်တွေဖြစ်ပြီးတော့ တရားပြည့်စုံပါတယ်။

ဒီတော့ ဘယ်သူက သတိပေးပေး ငါ့အတွက်ပဲ၊ ငါ့အကျိုးပဲလို့ နှလုံးသွင်းပြီးတော့ ကြိုးကြိုးစားစား ရိုရိုသေသေနဲ့ အားထုတ်သွားကြဖို့ ဘုန်းကြီးမှာခဲ့ပါတယ်၊ ဒါအရေးကြီးတယ်၊ "အပ္ပမာဒေန သမ္မာဒေထ" ဆိုတာ ဒါတွေပဲ။

http://www.dhammadownload.com

ကြည်ညိုဖွယ်ရာ ဖြစ်ပါစေ

ပြီးတော့ "ပါသာဒိကေန သမ္မာဒေထ" ဆိုတာလည်းရှိတယ်၊ ဥပဇ္ဈာယ်ဆရာကလည်း ဥပဇ္ဈာယ်ယူကြတဲ့ တပည့်တွေကို ပါသာဒိကေန သမ္မာဒေထ လို့ ဩဝါဒပေးရတယ်၊ ဒီပြင် နိဿည်းယူတဲ့အခါမှာ လည်း၊ နိဿည်းဆရာကလည်း ပါသာဒိနေက သမ္မာဒေထ လို့ ဩဝါဒပေးရတယ်၊ ပါသာဒိက-ဆိုတာ၊ ကြည်ညိုဖွယ်၊ ကြည်ညိုဖွယ်ရာဆိုတာက ကိုယ်အမူအယာ၊ နှုတ်အမူအယာတွေပါပဲ၊ စိတ်အမူအယာတွေကတော့ ဘေးကပုဂ္ဂိုလ်တွေ မမြင်ရလို့ သိပ်ပြီးတော့ မထင်ရှားပါဘူး၊ ဒါပေမယ် လို့ စုံလင်အောင်လို့ အနက်အဓိပ္ပါယ်ပြန်တဲ့အခါမှာ ပါသာဒိကေန-ကြည်ညိုဖွယ်ကိုဆောင်သော၊ ကိုယ်အမူအယာ၊ နှုတ်အမူအယာ၊ စိတ်အမူအယာနှင့်၊ သမ္မဒေထ-ပြည့်စုံစေကြလို့ ဘုန်းကြီးတို့က ဒီလို ဩဝါဒပေးထားပါတယ်၊ သတိပေးပါတယ်၊ ကြည်ညိုဖွယ်ဖြစ်တဲ့ ကိုယ်အမူအယာ၊ နှုတ်အမူအယာနှင့် ပြည့်စုံအောင်နေဖို့ အရေးကြီးပါတယ်။

ကွန်ဒြေ ရှိကြပါ

ဒီမှာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ပါသာဒိကေန အဘိက္ကန္တေန၊ ပါသာဒိကေန ပဋိက္ကန္တေန စသည်နှင့်အညီ ရှေ့သွားတာလည်း ကြည်ညိုစရာပဲ၊ နောက်ဆုတ်တာလည်း ကြည်ညိုစရာပဲ၊ ကမ္မဋ္ဌာန်းဋ္ဌာနမဟုတ်တဲ့ တစ်ခြားနေရာတွေမှာနေတဲ့ ကိုယ်တော်တွေရဲ့ သွားပုံ၊ လာပုံ၊ နေပုံ ထိုင်ပုံတွေနှင့် နှိုင်းယှဉ်ကြည့်လျှင် အမျှားကြီး ထင်ရှားပါတယ်။ အဲဒါ ကြည်ညိုဖွယ်ပဲ၊ ကွန်ဒြေရရပဲ။

http://www.dhammadownload.com

ဘုရားလက်ထက်တော်က ရဟန်းတော်တွေကိုမြင်ပြီး ကြည်ညိုကြတယ်ဆိုတာ ဒီလိုဟာတွေပဲ၊ အပွမာဒ တရားဖြင့် သတိပြုပြီး ရှုမှတ်နေလို့ ကြည်ညိုဖွယ်နှင့် ပြည့်စုံနေတာတွေ၊ ကြည်ညိုစရာကောင်းတယ်ဆိုပြီးတော့ ကြည်ညိုကြတာ၊ အဲဒီလို မြင်တဲ့ပုဂ္ဂိုလ် ကြားတဲ့ပုဂ္ဂိုလ်တွေက ကြည်ညိုရအောင်ပြုလုပ်တဲ့ အမူအယာတွေကလည်း ကြည်ညိုဖွယ်ဖြစ်အောင် ပြုလုပ်ကြဖို့၊ ပြောဆိုကြဖို့၊ ပြောဆိုတဲ့ စကားတွေမှာလည်း မပြောလျှင်မဖြစ်မှ ပြောရတယ်၊ မပြောလျှင်တော့ အကောင်းဆုံးပဲ၊ ကြည်ညိုဖွယ်နှင့် ပြည့်စုံအောင်လို့ ပြောဆိုကြဖို့ အရေးကြီးပါတယ်။

တရားရအောင် စကားပြောမှုရှောင်

အထူးအားဖြင့်တော့ စားရာ သောက်ရာတွေမှာ ဆွမ်းစားနေရင် ဟိုစကား၊ ဒီစကားတွေပြောနေလို့ မတော်ဘူး၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ မတော်ဘူး၊ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေကတော့ ကိစ္စမရှိဘူး၊ သူတို့မှာ ဘာတာဝန်မှ မရှိဘဲဟာကိုး၊ ဒါလဲ မပြောလျှင်ကောင်းတာပါပဲ၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ စကားပြောလျှင် ပြောချင်တဲ့စိတ်တို့၊ ပြောတာတို့သိရမှာ၊ သိအောင်မှတ်ရမှာ၊ ဒီတော့ ဒါတွေအကုန်လုံး ရှုမှတ်နေဖို့ရန် တာဝန်အင်မတန်လေးတာပဲ၊ မပြောဘဲနေမှပဲကောင်းတယ်၊

အဲဒါကြောင့် တရားအားထုတ်ဆဲ ပုဂ္ဂိုလ်တွေ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ်၊ ပါသာဒိက သမ္မဒေထ ဆိုတဲ့အတိုင်း ကြည်ညိုဖွယ်ကိုဆောင်တဲ့ ကိုယ်အမူအယာ၊ နှုတ်အမူအယာနှင့် ပြည့်စုံပြီးနေကြလို့၊ ဒါကိုခရီးသွားခါနီး အထူးသတိပေးတဲ့အနေနှင့် သတိပေးညွှန်ကြားပါတယ်။

http://www.dhammadownload.com

နိဂုံးချုပ်

အဲဒီလို သတိပေးညွှန်ကြားတဲ့အတိုင်း အပပမာဒ တရားကို အလေးပြုပြီးတော့ ကျင့်သုံး ပွားများခြင်းဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

အရှင်ကောဝိဒသာရ

(ဓမ္မာစရိယ)

သံသာအေးကျောင်း

အသံသွင်းကြိုးခွေမှကူးယူပုဇော်သည်

http://www.dhammadownload.com

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းနေ၊
ဦးလှကြိုင်၊ ဒေါ်တင်တင်တို့၏ သာသနာ့ရိပ်သာ၌၊
ငွေပဒေသာပင်၊ တစ်သောင်း သုံးထောင့် သုံးရာ၊ သုံးဆယ့်ငါးကျပ်၊
၁၃၃၃၅/- စိုက်ထူပွဲ၌၊
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္မာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

အနုဖောဒနာ ရေစက်ချတရားတော်

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ ၄၆(က)၊ ဦးလှကြိုင် ဒေါ်တင်တင် သားသမီးတို့က လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့က မင်္ဂိုလ်ကို မျက်မှောက်ပြုနိုင်ရန်၊ ဦးလှကြိုင်ကို သာသနာ့ရိပ်သာ၌၊ ဥပသမ္ပဒရဟန်းအဖြစ် ခံယူ၍၊ ဘဝတစ်ပါး ပြောင်းသွားပြီးသော၊ မိဘများဖြစ်ကြသည့် ဦးဒေဝ-ဒေါ်ညွန့်တို့အား အကျိုးရပါစေခြင်း အကျိုးငှာ၊ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး အမှူးပြုသော၊ ရဟန်းရှင်လူ၊ ယောဂီများ၊ ပစ္စည်းလေးပါးအတွက် ရန်ပုံငွေ ပဒေသာပင် ကျပ်ငွေ တစ်သောင်း၊ သုံးထောင့်၊ သုံးရာ၊ သုံးဆယ့်ငါးကျပ်၊ ရေစက် ချလှူဒါန်းရာ၌ သာသနာ့ရိပ်သာအတွင်း၌၊ ရဟန်းသံဃာ၊ယောဂီအပေါင်းတို့အား၊ အာရုဏ် မုန့်ဟင်းခါး ဆွမ်းဆက်ကပ်ရန်လည်း ကောင်း၊ ဖိတ်ကြားထားသော မိတ်သင်္ဂဟတို့အား ဧည့်ခံကျွေးမွေးရန်လည်းကောင်း၊ ပြုလုပ်မည်

http://www.dhammadownload.com

ဖြစ်ပါသောကြောင့်၊ အထက်ပါ အစီအစဉ်အတိုင်း၊ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရေစက်ချရန်အတွက် မဟာစည်ကျောင်းတော် ရန်ပုံငွေ ပဒေသာပင်၊ (၁၃၃၃၅) တစ်သောင်းသုံးထောင့်သုံးရာ သုံးဆယ့် ငါးကျပ်၊ စစ်ကိုင်းတောင်ရိုး၊ လေးမျက်နှာချောင်တွင် ၆၇၀၀ ကျပ်တန်၊ အုတ်ရေကန်တည်ဆောက်ပီးစီးခြင်း၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ကြီးပင်ရွာကြီး၊ ဘိုးဘွားများ၏ ကုသိုလ်ဖြစ်သော ရွာဦးကျောင်းကြီးအား၊ သုံးထပ်သားမျက်နှာကျက် ၁၂၀၀ ကျပ်တန် တပ်ဆင်မွန်းမံခြင်း၊ နိုင်ငံခြားသားကျောင်းတိုက်၊ မွန်းမံပြုပြင်ရန်၊ အလှူငွေ- ၅၀၀ ကျပ် ပါဝင်လှူဒါန်းခြင်း၊ ရေစက်ချဖို့ အစီအစဉ်ထဲမှာတော့ လိုငွေ- ၁၃၃၃၅ ကျပ်ငွေပဒေသာပင်နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်အား ဘဏ္ဍာထိန်းအဖြစ်ဖြင့် အပ်နှံပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့.ချုပ်က ထိုလှူဒါန်းငွေကို ဘဏ်ကို တစ်နှစ်ပြည့်သည့် အချိန်၌ အပ်နှံထားရှိရပါမည်။ယခုကြားကာလအတွင်း၊ တစ်နှစ်မပြည့်ခင် အတွင်း၊ ထို လှူဒါန်းငွေကို အရင်းအနှီးငွေဖြင့် လိုအပ်သလို အဖွဲ့.ချုပ်အား သုံးစွဲရန်ခွင့်ပြုပါသည်။

သို့.ရာတွင်တစ်နှစ်ပြည့်သည့်အချိန်၌ မူလလှူဒါန်းငွေပမာဏအတိုင်း၊ အဖွဲ့.ချုပ်က ပြန်လည်ဖြည့်တင်းပေး၍၊ ဘဏ်သို့ အတိုးသွင်းထားရန်ဖြစ်ပါသည်။ တစ်နှစ်ပြည့်သည့်အချိန်အခါတွင်၊ အဖွဲ့.ချုပ်က၊ အလှူရှင်များအားဘဏ်အတိုးနှုန်းထားနဲ့.အညီ၊ အတိုးငွေကို ပေးရမည့် အပြင် ထိုသို့.ရရှိသောအတိုးငွေကိုငင်း၊ နှစ်စဉ်နှစ်တိုင်းရရှိမည့် အတိုးငွေများကိုငင်း၊ အောက်ပါအတိုင်းအဖွဲ့.ချုပ်က လှူဒါန်းပေးရန် ဖြစ်ပါသည်။

http://www.dhammadownload.com

တစ်နှစ်အတွင်းအဖွဲ့ချုပ်က သုံးတဲ့နေရမှာလဲဘဲ အတိုးကတော့ မူလအတိုင်းလျှဖို့မဟုတ်လား၊ (တင်ပါဘုရား)

မဟာစည်ဆရာတော်ဘုရားကြီး၏ နဝကမ္မအလှူငွေ- ၃၆၀ ကျပ်၊ ၃၆၀ မှ ဖြစ်ပေါ်လာသော ရဟန်းတော်တို့အား အပ်စပ်သော လိုရာပစ္စည်းများ၊ လှူဒါန်းမယ်၊ ကမ္မဋ္ဌာနစရိယဆရာတော်-၆ ပါးအတွက်၊ တစ်ပါး-၆၀ ကျပ်မှ ဖြစ်ပေါ်လတဲ့သော ရဟန်းတော်တို့အား အပ်စပ်သော၊လိုရာပစ္စည်းများလှူဒါန်းတာက ဟိုအတိုးက လှူဘို့လား၊ ကျန်အတိုးငွေ အဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာအတွက် ပစ္စည်းလေးပါး အတွက်သုံးရန်။ အကယ်၍အထက်ပါအပိုဒ်ခွဲ(က) နှင့် က-ည အရ-လှူဒါန်းရန် မဖြစ်မြောက်သည့်အခါ သင့်တင့်လျောက်ပတ်သလို သာသနာ့ရိပ်သာအတွက်၊ ပစ္စည်းလေးပါးကို လှူဒါန်းခွင့် ပြုပါသည်။

လှူဒါန်းရန်အတိုးအညွှန့်များကို ထုတ်ယူသည့်အခါတိုင်း အလှူရှင်များအားငင်း၊ သို့မဟုတ်- သားသမီး နှစ်ဆက်ကို လည်းကောင်း၊ အနုမောဒနာပြုနိုင်ရန် အလို့ငှာ အဖွဲ့ချုပ်မှ အကြောင်းကြားရန် ဖြစ်ပါသည်။

ဒီမှာတော့ဘုန်းကြီးတွေအတွက်ကတော့ သိပ်တော့မလိုလှပါဘူး၊ ဒါပေမယ့် စေတနာအလျောက်လှူဒါန်းထား၊ သာသနာ့ရိပ်သာအတွက် အသုံးကျတဲ့ဟာကို ဘုန်းကြီးတို့ကတော့ သုံးရမှာဘဲ။

ဒီနေ့လိုရင်းကတော့ ၁၃၃၃၅- ကျပ်ငွေကို ဗုဒ္ဓသာသနာ့အဖွဲ့မှာ သာသနာ့ရိပ်သာထောက်ပံ့ရေးအတွက်၊ သာသနာ့ ဘဏ်ငွေပဒေသာပင်အဖြစ်လှူဒါန်းဖို့ဟာ လိုရင်းပါပဲ။ အဲဒါကို အကြောင်းပြုပီးတော့

http://www.dhammadownload.com

ယနေ့မနက်က သံယာတော်များ၊ ယောဂီများ၊ မုန့်ဆွမ်းကပ်လို့ပြီးပါပြီ၊ နောက် အဆောက်အအုံပြုပြင်တာတို့ အဲဒါတွေကတော့လဲ ပေါင်းပြီးတော့ ရေစက်ချဖို့၊ အထူးသဖြင့် နိုင်ငံခြားသားတိုက် ပြုပြင်ရန်အတွက် ငွေ ၅၀၀ တိတိရေစက်ချဖို့၊ သာသနာ့ဘဏ် ငွေပဒေသာပင်၊ ငွေကိုလဲ ခဏခဏ လှူဒါန်းနေကြတာပါပဲ၊ တော်တော်လဲပဲ များတော့များလာပါပီ။ ဒါပေမယ့် ရည်ရွယ်ချက် ပြည့်စုံဖို့ကတော့ လိုသေးတာပေါ့၊ နှစ်စေ့တဲ့အခါကျတော့ပြည့်မှာပါ။ အဲဒီသာသနာ့ဘဏ်ငွေကတော့ ဒီမှာရည်ရွယ်တဲ့ အတိုင်းဆိုရင် ဘုန်းကြီးတို့အတွက်လဲ ရည်ရွယ်ချက်ကတော့ ဒီလဲပါနေတာပါပဲ၊ ကမ္မဋ္ဌာန်းဆရာတွေအတွက်လဲ ရည်ရွယ်ချက်ပါနေ၊ ကျန်တဲ့ဥစ္စာက ဗုဒ္ဓသာသနာနုဂ္ဂအဖွဲ့ကနေပီးတော့ ဒီသာသနာ့ရိပ်သာမှာ ယောဂီများအတွက် လိုရာရာ ထောက်ပံ့လှူဒါန်းဖို့ များသောအားဖြင့်တော့ အဆောက်အဦး လှူဒါန်းဖို့က တော်တော်လေးများနေမှာပဲနဲ့တူတယ်၊ အင်း စားစရာ၊ သောက်စရာဘက်ကတော့ ဒီလောက်လိုချင်မှ လိုမယ်၊ အဆောက်အဦးဘက်က အဟောင်းတွေပြင်ဖို့နဲ့ အသစ်ဆောက်ဖို့ မီးတို့၊ ရေတို့စသည့် အဲဒါတွေအတွက် အလှူရှင်တွေက လှူပါလိမ့်မယ်၊ အဲဒါဟာ အစဉ်ထာဝရ တည်နေတဲ့ အလှူဒါနပဲ၊ အဲဒါကြောင့် မပျောက် မပျက်နိုင်ပဲနဲ့ အစဉ်ထာဝရ တည်နေတဲ့အလှူဒါန၊

ထာဝရတည်နေတဲ့ အလှူဒါနဆိုတာ ဘယ်အချိန်စဉ်းစားလိုက်လို့ ရှိလျှင်၊ မိမိတို့ အလှူဒါနက ထာဝရတည်နေတော့ အမြဲတမ်းအာရုံပြုပီးတော့ ကုသိုလ်ပွားရ၊ သာသနာ့ရိပ်သာအတွက် ၊သာသနာ့ဘဏ်ငွေပဒေသာပင်တည်ထားရတယ်၊ အဲဒီ ငွေထဲကနေပီးတော့

http://www.dhammadownload.com

နှစ်တိုင်းနှစ်တိုင်း သာသနာ့ရိပ်သာမှာ ရဟန်းရှင်လူ ယောဂီများ မြတ်စွာဘုရား၏ အဆုံးအမတော်အ တိုင်း ဝိပဿနာ ပဋိပတ္တိသာသနာ့ ဓမ္မတွေကို၊ ကျင့်သုံးနိုင်ရန် ထောက်ပံ့လှူဒါန်းနေရတယ်၊ ထောက်ပံ့လှူဒါန်းတာ အမှီပြုပြီးတော့ဝိပဿနာပဋိပတ္တိအကျင့်တွေကို ရဟန်းရှင်လူအပေါင်း ချမ်းသာစွာနဲ့. ကျင့်သုံးနေရတယ်လို့.အာရုံပြုတိုင်း၊ ပြုတိုင်း ကုသိုလ် စေတနာတွေ ပွားဘို့ပါပဲ၊ အဲဒီကိုပွားနေတဲ့အတွက် မြတ်စွာဘုရားက ဒီလိုအလှူဒါနက နေ့ရောညရော မပြတ်ပွားတယ်ဆိုတာ ဟောထားတယ်၊

ယေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ။

တေသံ၊ထိုထာဝရ နိဗ္ဗာန်ဖြစ်သော အလှူဝတ္ထုကို ပေးလှူသော ပုဂ္ဂိုလ်တို့.အား၊ ဒိဝါစ၊ နေ.၌၄င်း၊ ရတ္တောစ ညဉ့်၌၄င်း၊ သဒါ- အခါခပ်သိမ်း၊ ပုညံ-ကုသိုလ်ကောင်းမှုသည် ပဝဍ္ဎတိ- တိုးပွား၏။

နေ့.ရော၊ ညပါအခါခပ်သိမ်း၊ ကုသိုလ်ကောင်းမှုတွေပွားတယ်၊ အခါခပ်သိမ်းပွားတယ်ဆိုတော့ မစဉ်းစားမဆင်ခြင်ပဲနဲ့.၊ အခါခပ်သိမ်းပွားနေသလာဆိုတော့ တကယ်တော့မဟုတ်ဘူး၊ စဉ်းစားဆင်ခြင်တဲ့အခါပွားတာပါပဲ၊နေ့.ဖြစ်ဖြစ် ညဖြစ်ဖြစ်၊ မိမိတို့.ကုသိုလ် အာရုံပြုလိုက်တဲ့အခါမှာဒီလိုအလှူဒါနလှူထားတယ်၊ ဒီလိုအလှူဒါနကို အမှီပြုပြီး၊ မြတ်စွာဘုရားရဲ့၊ အဆုံးအမ၊သာသနာတွေကို ရဟန်းရှင်လူအပေါင်းတွေ၊ ချမ်းချမ်းသာသာနဲ့. ကျင့်သုံးနေထိုင်နေရတယ်၊ အားထုတ်နေကြတယ်ဆိုတာ အာရုံပြုတိုင်း၊ ပြုတိုင်း၊ ကုသိုလ်တွေပွားတာပါပဲ၊ အဲဒီအာရုံပြုတဲ့အချိန်မှာ ပဋိပတ္တိ အကျင့်ကို ကျိုးကျိုးစားစားနဲ့. အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ အမြောက်အမြားရှိနေတာပဲ၊ ဝိပဿနာဉာဏ်တွေ တိုးတက်

http://www.dhammadownload.com

နေတဲ့ ပုဂ္ဂိုလ်တွေလဲ အမြောက်အမြား ရှိနေမှာပါပဲ။ အဲဒါတွေ အာရုံပြု ရတာ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ပါပဲ၊ ကုသိုလ်ကောင်းမှုပြုတဲ့သူက လှူဒါန်းပေးကမ်းရာဌာနမှာဆိုရင် အလှူခံပုဂ္ဂိုလ် စင်ကြယ်ဖို့. အရေးကြီး တယ်၊ သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံဖို့. တရားအားထုတ်နေတဲ့၊ ပုဂ္ဂိုလ်ဆို တာ သီလကတော့ စောစောကတည်းက ပြည့်စုံနေပီးသား၊ စင်ကြယ်နေ ပြီး၊ သမာဓိဖြစ်ပွားနေတဲ့အတွက် စိတ်တွေလဲပဲ အကုသိုလ်စိတ်တွေ မဖြစ်ရပဲနဲ့. စင်ကြယ်နေတာပဲ၊ မြင်တိုင်း၊ ကြားတိုင်း ၊ ဒွါရခြောက်ပါးက ပေါ်တဲ့ရုပ်နာမ်တွေနဲ့. စပ်ပီးတော့ အနိစ္စ ၊ဒုက္ခ၊ အနတ္တ အမှန်အတိုင်း သိအောင်၊ ရှုကာစ ပုဂ္ဂိုလ်လဲရှိမယ်၊ အသင့်အတင့် သိနေတဲ့ ပုဂ္ဂိုလ် လဲရှိမယ် ပြည့်ပြည့်စုံစုံ နှိုင်နှိုင်နင်းနင်း သိနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိနေမှာပဲ၊ အဲဒါဟာလဲ “ အနုသယ ကိလေသာ” တွေ စင်ကြယ်နေတာပဲ၊ အဲဒီလို စင်ကြယ်နေတဲ့ အချိန်ကာလမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် တရားထူးကို ရရောက်နေတဲ့ ပုဂ္ဂိုလ်လဲရှိချင် ရှိနိုင်တာပဲ အခါ ခပ်သိမ်းဆိုတာ ရှိနိုင်တာ၊ အဲဒါ အလှူခံပုဂ္ဂိုလ်ဘက်က အင်မတန်စင်ကြယ်နေတာပဲ၊ သီလလဲ စင်ကြယ်တယ်၊ ပြည့်စုံနေတယ်၊သမာဓိလဲပဲ ဖြစ်နေတယ်၊ စ ခါစပုဂ္ဂိုလ် တွေက သိပ်မနိုင်နင်းသေးလို့. ကာမဆန္ဒ အစရှိသော နိဝရဏတွေ ဖြစ်ခွင့်ရှိနေပေမယ့်လို့. နှိုင်နင်းနေတဲ့ ပုဂ္ဂိုလ်တွေက တော်တော်များများ ရှိနေကြမှာပဲ၊ အဲဒီပုဂ္ဂိုလ်တွေမှာ မဖြစ်ပါဘူး၊ လောဘ၊ ဒေါသ၊ မောဟတွေမဖြစ်သလောက်၊ လုံးဝကင်းနေသလောက်ပါပဲ၊ စင်ကြယ်နေ တယ်၊အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ရောက်နေတဲ့ပုဂ္ဂိုလ်၊ ရောက်ပီးသား ပုဂ္ဂိုလ်၊ ဒါတွေကတော့ ကိလေသာအထူး စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊

ဒါ့ကြောင့် သီလ၊ သမာဓိ၊ ပညာ အကျင့်နဲ့.ပြည့်စုံနေတဲ့ ယောဂီ

http://www.dhammadownload.com

အပေါင်း၊ သူတော်ကောင်းတွေအား ရည်စူးပီးတော့ လှူဒါန်းရတဲ့ ထာဝရနိဗ္ဗာန် အလှူဒါနဟာအင်မတန် စင်ကြယ်တဲ့ ကုသိုလ်ပဲ၊ အင်မတန်ထက်သန်တဲ့ကုသိုလ်ပဲ၊ အစဉ်ထာဝရလဲပဲ တည်နေတဲ့ အတွက် အစဉ်ထာဝရ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်းပွားများ နိုင်တဲ့ ကုသိုလ်၊ အဲဒီကုသိုလ်တွေ ယနေ့စုပေါင်းပြီးတော့ ရေစက်ချ၊ အဲဒီ ကုသိုလ်တွေအတွက်၊ မိမိတို့အလိုရှိအပ်တဲ့ ဆုလဲ တောင်းနိုင်တာပဲ၊ ဆုမတောင်းလဲပဲ၊ ဤကုသိုလ် ကောင်းမှုကတော့ ထာဝရချမ်းသာကို လှူဒါန်းတဲ့ကုသိုလ်ကောင်းမှုဆိုတော့ ထာဝရချမ်းသာစေနိုင်တဲ့ အကျိုး တွေကို ရသွားမှာပဲ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ထာဝရမပျက်စီးပဲနဲ့ ချမ်းသာတဲ့ကုသိုလ်တွေရသွားမယ်၊

ဒါပေမယ့်လို့ ကာမာဝစရ ကုသိုလ်က မပျက်စီးဘူး ဆိုပေ မယ့်လို့ တစ်သက်လုံးအတွင်း၊ သူ့သက်တမ်းရှိသလောက်၊ မပျက်စီးတာ၊ သက်တမ်းကုန်တော့ ပျက်သေးတာပါပဲ၊ နတ်လောကမှာလဲ ချမ်းသာ နေတယ်ဆိုလဲ ဒီလိုပဲ၊ သက်တမ်းမကုန်ခင်တော့ တည်နေတာပါပဲ၊ သက်တမ်းကုန်တဲ့အခါ ကာလကျတော့ သူကလဲပျက်စီးသွားနိုင် သေတာပါပဲ၊ လုံးလုံးမပျက်တာက တော့၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ပဲ၊ အဲဒါကတော့ဖြင့် ဘယ်တော့မှမပျက်ဘူး၊ လူ့လောက နတ်လောကမှာ ချမ်းသာဆိုပေမယ့်လဲ ဆင်းရဲတွေနဲ့ ရောနေ၊ အဲဒီ နိဗ္ဗာန်ချမ်းသာ ကတော့ ဆင်းရဲတွေနဲ့ မရောဘူး၊ ဆင်းရဲတွေ အကုန်လုံးကင်း၊ ရုပ်နာမ်တွေ လုံးဝချုပ်ငြိမ်းနေတဲ့အတွက် ရုပ်ကိုမှီပီးတော့ ဖြစ်တဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမရှိဘူး၊ ဒါတင်လဲမကဘူး၊ ခန္ဓာငါးပါးမှီပီးတော့ ဖြစ်နေတဲ့သဒ္ဒါရဒုက္ခတွေ သဒ္ဒါရဆင်းရဲတွေ အဲဒါတွေလဲ မရှိဘူးတဲ့၊

http://www.dhammadownload.com

သခ်ီရတွေကလဲ သူက ကိုယ်ဆင်းရဲ စိတ်ဆင်းရဲလို့ ဒုက္ခမဟုတ်သော်လဲပဲ၊ သူကလဲဆင်းရဲတမျိုးပဲ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ အနေနဲ့ဆိုရင် အမြဲတမ်းတည်အောင်လို့ ကြောင့်ကြစိုက် ပြုပြင်နေရတဲ့အရာကိုကဆင်းရဲတွေပဲ အဲဒါ သခ်ီရ ဒုက္ခတွေပေါ့။

သပ္ပေသခ်ီရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိပ္ပိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊

"ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ် ဉာဏ်ဖြစ်ပုံ"

သပ္ပေ- အလုံးစုံကုန်သော၊ သခ်ီရာ၊ ပြုပြင်ပေးမှု ဖြစ်ပေါ်ကြတဲ့ သခ်ီရတရားတို့သည် ကံစိတ်၊ ဥတု၊ အဟာရ အစရှိ သော သူဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတွေက စုပေါင်းညီညွတ်ပီး၊ ပြုပြင်ပေးမှု ဖြစ်နိုင်တဲ့ရုပ်နာမ်သခ်ီရ တရားတွေ အဲဒီရုပ်နာမ် သခ်ီရ တရားတွေဟာ-

သပ္ပေ-အလုံးစုံကုန်သော ၊ သခ်ီရာ-ကံစိတ် ဥတု အဟာရ အစရှိသော ဆိုင်ရာ ဆိုင်ရာ အကြောင်းတရား၊တွေက ပေါင်းစုညီညွတ်ပြီးပြုမှု ဖြစ်နိုင်ကြသော ရုပ်နာမ်ဓမ္မ သခ်ီရတရားတို့သည်၊ အနိစ္စာ မမြဲကုန်၊ မမြဲတဲ့တရားတွေချည်းပဲ၊ ဣတိ ၊ ဤသို့၊ ယဒါ အကြင်အခါ ကာလ၌၊ ပဿတိ- ဝိပဿနာဉာဏ်ဖြင့် မြင်၏။

အနိစ္စ- မမြဲဘူးမြင်တာ ဘယ်လိုဉာဏ်တုန်းဆိုတော့၊ သမ္မသနဉာဏ်က စမြင်တယ်၊ စ, စချင်း ဥဒယဘယဉာဏ် ဖြစ်ပျက်ပြီးတော့ သူကပိုပြီးတော့ ထင်ရှားလား၊ သင်္ဘင်္ဂဉာဏ်-အဲဒီကျမှ သာပြီးတော့ အားကောင်း၊ အပျက်အပျက်ချည်းပဲ တွေ့ရမယ်၊အဲဒီမှာ အနိစ္စ မမြဲဘူး

http://www.dhammadownload.com

ဆိုတာတွေ အထူးသဖြင့် ထင်ရှားတယ်။ အဲဒီတော့ ဘင်္ဂာဏ် တိုင်အောင်ပဲ၊ ဝိပဿနာဉာဏ် မြင်လို့ရှိရင်

အထ-ထိုသို့ မြင်သောအခါ၌၊ ဒုက္ခ-ဖြစ်ခြင်း ပျက်ခြင်းမကင်း သော သဒိုရဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-မပျော် မမွေ့. ငြီးငွေ့.လေတော့၏။

အဲဒီဆင်းရဲတွေ မပျော်မွေ့.ပြန်ဘူး။ ပကတိပုဂ္ဂိုလ် အနေအား ဖြင့်တော့ မြင်နေရ ကြားနေရ တွေ့.နေရ၊ ခံစားနေရ ကြံစည် စိတ်ကူး နေရ၊ အဲဒါတွေကိုက အကောင်းတွေထင်နေတာ၊ အခု ဝိပဿနာ ဉာဏ်က သင်္ဂဟဉာဏ်ထိအောင်ရောက်လာလို့ရှုရင်ဖြင့် အပျက်တွေ ချည်းပဲဆိုတော့၊ ဘယ- ကြောက်စရာပဲထင်လာတယ်။ ကြောက်စရာ ထင်ပြီးတော့၊ နိဗ္ဗိန္ဒတိ- မပျော်ဘူးတဲ့၊ ငြီးငွေ့.သွားပြီ။ ယခုဖြစ်နေတာလဲ ရုပ်နာမ်နှစ်ပါး ဖြစ်နေတာပဲ နောင်ဖြစ်မယ့်ဥစ္စာတွေလဲ ရုပ်နာမ်နှစ်ပါး ဖြစ်နေမှာပဲ၊ ဘာမျှ အားကိုးစရာမရှိဘူး၊ လူ့ပြည်လောကမှာ ဖြစ်ဖြစ်၊ နတ်ပြည်လောကမှာဖြစ်ဖြစ်၊ ဗြဟ္မာပြည်လောကမှာဖြစ်ဖြစ်၊ဘယ်လို ချမ်းသာတယ်၊ ကောင်းတယ်ဆိုစေကာမူ၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဒိုရ ဒုက္ခတွေ၊ သဒိုရဆင်းရဲတွေပဲ၊ အဲဒီလိုဖြစ်ပီးတော့၊ နိဗ္ဗိန္ဒတိ- မပျော်မွေ့. ငြီးငွေ့.တယ်၊ အဲဒီနိဗ္ဗိန္ဒဉာဏ်မရောက်သေးခင်ဆိုလို့ရှုရင်တော့ မြင်ကြား နေရတာ၊ လောလောဆယ်အတွက်လည်းပဲ၊ နှစ်သက်သာယာမှု ရှိတာပဲ၊ နောင်ကို ဒီလိုအမြင်ကောင်းတွေ မြင်၊ အကြားကောင်းတွေ ကြားပြီး၊ ခံစားရမှာတွေ မျှော်လင့် တောင့်တနေ၊

နိဗ္ဗိန္ဒ၊ ငြီးငွေ့.တယ်ဆိုတာကတော့ ယခုလဲ နှစ်သက်သာယာ စရာရှိတော့ နောင်လဲဒီလိုဖြစ်ပျက်နေမှာပဲလို့ ငြီးငွေ့.မပျော်ဘူး၊ မွေ့. လျော်နေ၊ ရုပ်နာမ်သဒိုရတွေ ဖြစ်နေခြင်းကို ငြီးငွေ့.တာ၊ ဧသ-ဧသော

http://www.dhammadownload.com

ဤငြိုးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ- ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်၏ ဝါ-နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၏၊ ပစ္စယော- အကြောင်းရင်း ဖြစ်သော အကျင့်လမ်းပေတည်း။

အဲဒါ- ဝိသုဒ္ဓိယာ-ကိလေသာ စင်ကြယ်တဲ့ အရိယာမဂ်ဖိုလ် ဖြစ်ဖို့ရာ လမ်းကြောင်းပဲ၊ ဒီနေ့ ဒီသာသနာ့ရိပ်သာမှာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက အဲဒီ ရုပ်နာမ်အဖြစ်အပျက်ကို မြင်ပီး၊ အနိစ္စထင်မြဲနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ပုဂ္ဂိုလ်ဦးရေ များလျှင် များသလောက် တော်တော် များများရှိနေတာပါပဲ၊ အာရုံပြုစရာတွေ၊ ယောဂီအဟောင်းတွေဆိုရင် တော့ အမှတ်ကောင်းတဲ့ ယောဂီဟောင်းတွေက ကမ္မဋ္ဌာန်းကျောင်း ရောက်တာနဲ့၊ အမှတ်တွေပိုကောင်းနေတာပါပဲ၊ တချို့အိမ်မှာလဲ အမြဲ မှတ်နေတဲ့ ပုဂ္ဂိုလ်တွေရောက်ရောက်ခြင်း တစ်နေ့အတွင်းလဲပဲ စေ့စေ့ စပ်စပ် အကုန်ကောင်းလာတာပါပဲ၊

နှစ်ရက်သုံးရက် အတွင်းဆိုရင်တော့ သေချာပေါက်ကောင်း လာတာပါပဲ၊ အိမ်မှာခပ်ကြဲကြဲဖြစ်နေတောင်မှ သုံးရက်လောက် မှတ် လိုက်လို့ရှိရင် ပြန်ပြီးတော့ အားရှိပြီးတော့ ရှေးတုန်းက ကောင်းသလိုပဲ ကောင်းနေတာပါပဲ၊ အဖြစ်အပျက်တွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ပိုင်ပိုင်နိုင်နိုင် ထင်နေတာပဲ၊ နောက်ပြီးတော့ မိမိတို့ ရုပ်နာမ်သဘါရတွေ၊ ဒုက္ခထင်ပြီးတော့ ငြီးငွေ့နေတဲ့ယောဂီအပေါင်းတွေ၊ အဲဒီယောဂီအပေါင်း တွေ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း၊ ဝိပဿနာပဋိပတ်ကို အပြည့်အစုံ ကျင့်နိုင်ဖို့ရန် သာသနာ့ရိပ်သာမှာ ထောက်ပံ့လှူဒါန်းထားတဲ့ အစစအရာရာမှီပြီးတော့ အဲဒီတရားတွေ ပွားများနေရတာ၊ ဒီတော့ မိမိတို့လှူဒါန်းတဲ့ အလှူဒါန အကြောင်းပြုပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်

http://www.dhammadownload.com

ကြောင်းဖြစ်တဲ့ ဝိပဿနာဉာဏ်တွေ ပွားများနေရတယ်၊တချို့လဲ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ပြီးတော့ သွားနေတယ်ဆိုတာ အာရုံပြုလိုက်ရင် အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

အဲဒီကုသိုလ်ကောင်းမှုကြောင့် ခုနလူ့ဈမ်းသာ၊ နတ်ဈမ်းသာတွေ ဘယ်လိုပဲကောင်းတယ်ဆိုပေမယ့် နိဗ္ဗာန်ရောက်ရင်တော့ ငြီးငွေ့သွားတာပဲ၊ ပျော်စရာမရှိဘူး၊ ရုပ်နာမ်သဒၶါရငြိမ်းတဲ့ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲလို့ ဒီလိုနောင်တရ။

ယနေ့ပြုခဲ့တဲ့ သံဃာတော်တွေအား မွန်မြတ်တဲ့ မုန့်ဟင်းခါးဆွမ်း၊ ခဲဘွယ်ဘောဇဉ် လှူဒါန်းတဲ့ ကုသိုလ်၊ ယောဂီအပေါင်း သူတော်ကောင်းတွေနဲ့တကွ၊ကြွရောက်လာသော ကလျာဏမိတ္တတွေ လှူဒါန်းတဲ့ကုသိုလ်၊ သာသနာ့ဘဏ်ငွေပဒေသာပင် အဖြစ်ဖြင့် ၁၃၃၃ ကျပ်ကို လှူဒါန်းတဲ့ကုသိုလ်၊ ဤမှတပါး အခြားအရပ်ဒေသတွေမှာ၊ ဆောက်လုပ်ပြီးတော့ လှူဒါန်းထားတဲ့ ကုသိုလ်၊ အဲဒီကုသိုလ် ကောင်းမှုတွေကြောင့် လူ့ဈမ်းသာ၊ နတ်ဈမ်းသာတွေ ဘယ်လိုပဲ အကျိုးပေး စေကာမူ အဲဒါတွေပဓာနမပြုနဲ့၊ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုသာ လျင်မြန်စွာရောက်ပါစေလို့၊ ပဓာနအားဖြင့် ရည်ရွယ်ဆုတောင်းပြီး တော့ ရေစက်ချ အမျှပေးဝေရာ မိမိတို့ အလိုရှိအပ်သော လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မဂ်လာအပေါင်းနှင့် ပြည့်စုံကြပါစေ။

သာဓု... သာဓု... သာဓု...

ကဲ.. ရေစက်ခွက်ကိုင်၊ လိုက်ဆို ..

အရှင်ဘုရား၊ တပည့်တော်တို့သည် မြတ်စွာဘုရား၏ သာသနာ

http://www.dhammadownload.com

တော်ရှည်စွာတည်တံ့ခြင်း၊ ထွန်းကားခြင်း၊ ကြီးပွားခြင်း၊ စည်ပင်ခြင်း အကျိုးငှာငင်း၊ တပည့်တော်တို့သည်၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း၊ ယနေ့နံနက် အာရုဏ်တက်ကာလ၌ သံယာတော်အား၊ မွန်မြတ်သော မုန့်ဟင်းခါး ဆွမ်း၊ ခဲဘွယ်ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်း ကျွေးမွေးပူဇော် ပါကုန်၏၊ယောဂီအပေါင်း သူတော်ကောင်း တို့အားလည်း မွန်မြတ်သော မုန့်ဟင်းခါးဆွမ်းတို့ဖြင့် ကျွေးမွေးလှူဒါန်း ပါကုန်၏၊

ဤသို့ လှူဒါန်းပြီးလျှင် ရည်ရွယ်အပ်သော ၁၃၃၃၅ ကျပ်သော ကျပ်ငွေတို့ကို ဤသာသနာ့ရိပ်သာ၌ ရဟန်း၊ ရှင် ၊ လူ ၊ ယောဂီအပေါင်း၊ သူတော်ကောင်းတို့ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို ချမ်းသာစွာ ကျင့်သုံးနိုင်စေရန် အလို့ငှာ၊ အထောက်အပံ့ပေးရေးအတွက် သာသနာ့ဘဏ်ငွေ ပဒေသာပင်အဖြစ်ဖြင့် ရေစက်သွန်းချ၍ လှူဒါန်း ပါကုန်၏၊ ထိုဝတ္ထုငွေတို့ကို ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်အား ဘဏ္ဍာထိန်းအဖြစ်ဖြင့် အပ်နှံထားပါကုန်အံ့၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ ချုပ်သည် ဤတစ်နှစ်အတွင်း လိုရာရာတွင်၊ သုံးဆွဲ၍ တစ်နှစ်ပြည့်သော အခါ အတိုးအရင်း အပြည့်အစုံကို အစီအစဉ် အတိုင်း ဆက်လက်၍ ဆောင်ရွက်ကြပါစေ၊ ထိုမှတစ်ပါး ငါးရာ(၅၀၀)သော ကျပ်ငွေတို့ကို နိုင်ငံခြားသားတိုက် ပြုပြင်ရန်အတွက် ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏။

ထိုမှတစ်ပါး စစ်ကိုင်းတောင်ရိုး လေးမျက်နှာချောင်တွင် ၆၇၀၀ ကျပ်တန် အုတ်ရေကန်ကို လည်းကောင်း၊ ရေစက်သွန်းချ၍ လှူဒါန်း

http://www.dhammadownload.com

ကြပါကုန်၏။ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ကျီးပင်ရွာရှိ၊ ဘိုးဘွားများ၏ ကုသိုလ်ဖြစ်သော ရွာဦးကျောင်းကြီးအား သုံးထပ်သား၊ မျက်နှာကျက်ပြုပြင်ရန် ရေစက်သွန်းချ၍ တစ်ထောင့်နှစ်ရာကျပ်သော ဝတ္ထုငွေတို့ကို လှူဒါန်းပါကုန်၏၊

ဤကောင်းမှုအပေါင်းသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွှင်ဆောင်ပါစေသတည်း၊ ဤကောင်းမှုကြောင့် တပည့်တော်တို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ကြ၍၊ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း ချမ်းသာခြင်း အစရှိသော လိုလား တောင့်တအပ်သော လောကီ၊ လောကုတ္တရာ၊ ကောင်းကျိုးချမ်းသာ ရတနာအပေါင်းနှင့် အခါခပ်သိမ်း၊ ပြည့်စုံကြ၍၊ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ၊ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှု ဤကုသိုလ်တို့၏ အဖို့ကို ကွယ်လွန်လေသော မိခင်၊ ဖခင်များဖြစ်ကြသော ဦးဒေဝနှင့်ဒေါ်ညွန့်တို့အား ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ ကွယ်လွန်လေသော ဦးဒေဝနှင့် ဒေါ်ညွန့်တို့သည် ဤကောင်းမှုကို နတ်တို့၏ မျက်စိဖြင့် မြင်နိုင်သည် ဖြစ်၍၄င်း၊ နတ်တို့၏နားဖြင့် ကြားနိုင်သည်ဖြစ်၍၄င်း၊ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်သည်ဖြစ်၍ နတ်ပြည်လောကဌ် အသစ် ထပ်မံဖြစ်သော စည်းစိမ်ချမ်းသာတို့ကို အတိုင်းထက်အလွန် ရရှိ၍ သုံးဆောင်ခံစားကြရပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ထို့မှတပါး ဤအရပ်၌ ရောက်ရှိနေသော ပရိသတ်အပေါင်းအား

http://www.dhammadownload.com

လည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရိပ်သာစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ လောကကို စောင့်ရှောက်သောနတ်၊ သိကြားမင်း၊ ယမမင်း အစရှိသော နတ်အပေါင်းတို့အား လည်းကောင်း၊ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ မိဘတို့မှစ၍ အလုံးစုံသောသတ္တဝါအပေါင်းတို့သည်အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါခင်ဗျား။

သာဓု သာဓု သာဓု

ဦးကွန္ဒာစာရ

(သန္တာအေးကျောင်း)က

အသံသွင်းကြိုးခွေမှထုတ်ယူရေးသားပူဇော်ပါသည်။

http://www.dhammadownload.com

၁၃၇၇-ခုနှစ်၊ နတ်တော်လဆုတ်(၈)ရက်နေ့တွင်
ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာသာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော
သီလပေးတရားတော်
(ဗုဒ္ဓသာသနာနုဂ္ဂဟာအဖွဲ့.ချုပ်နှစ်ပတ်လည်အစည်းအဝေးသြဝါဒ)

ဓမ္မော ဟဝေ ဒုက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခဝဟတိ။။
ဇော နိသံသော ဓမ္မေ သုစိဏ္ဏော၊
နနုဂ္ဂတိ ဂစ္ဆတိ ဓမ္မစာရိံ။။

ဓမ္မော ဟဝေ ဒုက္ခတိ ဓမ္မစာရိံ။။ ။။ ဓမ္မော- ကိုယ်ကျင့်တရားသည်၊ ဓမ္မစာရိံ - တရားကိုကျင့်သောသူကို၊ ဟဝေ - စင်စစ်၊ ရက္ခတိ - စောင့်ရှောက်တတ်၏။။ ကိုယ်ကျင့်တရား ကျင့်နေတဲ့ပုဂ္ဂိုလ်ကို အဲဒီကိုယ်ကျင့်တရားက စောင့်ရှောက်တယ်တဲ့၊ မကျင့်တဲ့ ပုဂ္ဂိုလ်တော့ မစောင့် ရှောက်ဖူး၊ ကျင့်တဲ့ပုဂ္ဂိုလ်မှ စောင့်ရှောက်တယ်။

သုစိဏ္ဏော - ကောင်းစွာကျင့်အပ်သော၊ ဓမ္မော - တရားသည်၊ သုခံ - ချမ်းသာကို၊ အာဝဟတိ - ဆောင်ပေးတတ်၏။။ အဲဒီလို ကိုယ်ကျင့်တရားမှာ ကောင်းကောင်းကျင့်လို့ရှိရင်၊ အဲဒီ ကောင်းကောင်းကျင့်တဲ့ပုဂ္ဂိုလ်ကို ချမ်းသာဆောင်ပေးတတ်သည်။

http://www.dhammadownload.com

ဇော နိသံသော ဓမ္မေ သုစိဏ္ဏော၊ နှ နုဂ္ဂတိ ဂစ္ဆတိ ဓမ္မစာရိ။

ဓမ္မစာရိ - တရားကို ကျင့်သုံးသောပုဂ္ဂိုလ်သည်၊ ဒုဂ္ဂတိ - မကောင်းသော နုဂ္ဂတိသို့၊ ဆင်းရဲသောနုဂ္ဂတိသို့၊ နဂစ္ဆတိ - မရောက်ရာ၊ တရား ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ ဒုဂ္ဂတိ-မကောင်းသောဘဝ၊ မကောင်းသောဂတိများ မရောက်ရာတဲ့။ **ဇောနိသံသော-ဓမ္မေသုစိဏ္ဏော** ။ ဇော -ဤအကျိုးသည်၊ **ဓမ္မေသုစိဏ္ဏော** - ကောင်းစွာကျင့်အပ်သော ကိုယ်ကျင့်တရား၌ ဝါ-ကိုယ်ကျင့်တရား၏ အကျိုးပါပေတည်း။

ကိုယ်ကျင့်တရားဟာအရေးကြီး

ကိုယ်ကျင့်တရားဆိုတာ သီလ၊ သမာဓိ၊ ပညာတွေပါပဲ။ ကောင်းသောအမှုတွေ ပြုကျင့်တာဟာ ကိုယ်ကျင့်တရားတွေပါပဲ၊ ကောင်းသော အမှုတွေ ပြုကျင့်နေလို့ရှိရင်၊ ကောင်းသောအမှု ကိုယ်ကျင့်တရားက ကျင့်တဲ့ ပုဂ္ဂိုလ်ကို စောင့်ရှောက်တတ်တယ်တဲ့၊ ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ အလိုရှိအပ်တဲ့ချမ်းသာကို ရစေတယ်၊ ဒုဂ္ဂတိဘဝများသို့ မကျရောက်စေတတ်ဘူး၊ ဒုဂ္ဂတိဘဝတွေမှာလည်း မကျရောက်အောင်လို့ ကာကွယ်ပြီးတော့ ပေးတတ်တယ်တဲ့၊ အဲဒါဟာ ကောင်းစွာကျင့်တဲ့ ကိုယ်ကျင့်တရားရဲ့ အကျိုးဘဲ၊ အဲဒီ ကိုယ်ကျင့်တရားဟာ အရေးကြီးပါတယ်၊ ကောင်းသော ကိုယ်ကျင့်တရားဟာ အရေးကြီးပါတယ်။

သြဝါဒစကား

ခါတိုင်းတော့ ဒီမှာ သီတင်းနဲ့ သီလယူတဲ့ပရိသတ် နည်းနည်းပါဘဲ၊ ယနေ့တော့ ဒီမှာအဖွဲ့ရဲ့ နှစ်ပတ်လည်အစည်းအဝေးလည်း လုပ်

http://www.dhammadownload.com

တယ်၊ နှစ်ပတ်လုည်အစည်းအဝေးဆိုတော့ ဘုန်းကြီးက ခါတိုင်းခါတိုင်း ပြောနေကျဩဝါဒစကား နည်းနည်းတော့ ပြောရဦးမယ်၊ ခါတိုင်းလဲ ပြောနေကျပါဘဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုတာ ဗုဒ္ဓဘာသာကို ချီးမြှောက်ဖို့ရာ ဖွဲ့စည်းထားတဲ့ အဖွဲ့ဘဲ၊ ပထမအစတုန်းကတော့ ဆာဦးသွင်ဦးစီးပြီးတော့ ဆောင်ရွက်၊ ဆာဦးသွင် မရှိတော့တဲ့နောက် ဆိုင်ရာ ဆိုင်ရာ၊ စပ်ရာ စပ်ရာ ပုဂ္ဂိုလ်တွေ ဆောင်ရွက်ပြီးတော့ လာကြ၊ အရေးကြီးတာကတော့ အညီအညွတ်ဆောင်ရွက်ဖို့ရာ ကိုယ်ကျင့်တရားအရေးကြီးတယ်၊ အညီအညွတ်ဆောင်ရွက်ဖို့ သင်္ဂဟတရားလေးပါးထဲမှာ "ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ သမာနတ္တတာ"ဆိုတဲ့ လေးပါးရှိ၊ ဒါန-ပေးကမ်းရမယ်တဲ့၊ ဒါကတော့ ဒီအဖွဲ့အတွင်းမှာတော့ မလိုပါဘူး၊ ဒီပြင်နေရာ အပြင်မှာဆိုရင် စပ်ရာ စပ်ရာပုဂ္ဂိုလ်တွေ နီးစပ်ရာပုဂ္ဂိုလ်တွေ၊ ပေးကမ်းလို့ရှိရင်ဖြင့် ရင်းနှီးပြီးသား စည်းလုံးညီညွတ်ရေး ဖြစ်တာပေါ့၊ ဘေးပတ်ဝန်းကျင် ဒီအဖွဲ့အတွင်းကတော့ ပေးကမ်းဖို့ရာ ဒါတော့ မလိုလှပါဘူး၊

ပိယဝါစာ-တဲ့၊ ဒါကတော့ ပိယဝါစာ-ချစ်ဖွယ်၊ သာယာနာပျော်ဖွယ်ဖြစ်တဲ့ စကားပြောတတ်ရမယ်၊ ဒါတော့ နေရာတိုင်း ဘယ်မှာမဆို အရေးကြီးတာပဲ၊ ပြောတဲ့စကား၊ သူများနားမခံသာတဲ့စကား ပြောလို့ရှိရင် မူလက ခင်မင်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်တောင်မှ မေတ္တာတွေ ပျက်ကုန်တာပဲ၊ အင်မတန် အရေးကြီးပါတယ်၊ ပိယဝါစာကတော့ အဲဒါ ငယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ကြီးတဲ့ပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ကိုယ်ပြောတဲ့စကားက ပိယဝါစာဖြစ်ရဲ့လားဆိုတာ စဉ်းစားပြီးတော့ ပိယဝါစာဖြစ်အောင် ပြောဖို့အရေးကြီးပါတယ်၊ ကိုယ်ပြောချင်တိုင်း ပြောနိုင်တာပဲ၊ ကိစ္စမရှိဘူးဆိုပြီးတော့

http://www.dhammadownload.com

အဲဒီလိုပြောရင်တော့ အဲဒီလို လုပ်လို့ရှိရင်ဖြင့် စည်းလုံးရေးတွေ ပျက်တယ်၊ သင်္ဃာတရားပျက်တယ်။

အတ္ထစရိယ-အကျိုးစီးပွားကို ကျင့်ရမယ်၊ အခြားသော ပုဂ္ဂိုလ်တွေမှာ ဆောင်ရွက်စရာရှိတဲ့ကိစ္စတွေ၊ ကိုယ်က တတ်နိုင်လို့ရှိရင် နှုတ်နဲ့ ဖြစ်ဖြစ်၊ ကိုယ်နဲ့ဖြစ်ဖြစ် ဆောင်ရွက်ပြီးတော့ပေးရတယ်၊ အတ္ထစရိယ-အကျိုးစီးပွားဆောင်ရွက်ရတယ်၊ အခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့လိုဟာကတော့ သာသနာရေးအတွက်ဆိုတော့၊ သာသနာရေးအတွက် ကိစ္စကြီးငယ်တွေ ဆောင်ရွက်ဖို့ရာ အရေးကြီးတာပါဘဲ၊ အဖွဲ့ထဲမှာ အမည်စာရင်းသာပါပြီး အလုပ်မလုပ်ဘဲနဲ့ ဒီအတိုင်း ငြိမ်နေရင်လဲ ဒါ-ဟန်မကျသေးဘူး၊ ဆောင်ရွက်ဦးမှ၊ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီးသကာလ ဆောင်ရွက်ဦးမှ၊ ဆောင်ရွက်နိုင်မှလည်းကောင်းတယ်၊ မဆောင်ရွက်နိုင်ရင်လဲ နေရာမကျဘူး၊ ဆောင်ရွက်ဖို့ရာ အရေးကြီးပါတယ်၊ အဲဒါလဲဘဲ ခါတိုင်းတော့ ဘုန်းကြီး ပြောနေကျပါဘဲ၊ အတ္ထစရိယ-အကျိုးစီးပွားဖြစ်တဲ့ကိစ္စ ဆောင်ရွက်ရမယ်။

ဥပမာပြုပြီး ပြောရလို့ရှိရင် ဒီထဲမှာ ဟိတေသီအဖွဲ့ဆိုတာရှိတယ်၊ အများလဲသိနေကြတာပဲ၊ အဲဒီအဖွဲ့မှာ ခေါင်းဆောင်ဖြစ်တဲ့ပုဂ္ဂိုလ်တွေဟာ ညီညီညွတ်ညွတ်နဲ့ သူတို့ဆောင်ရွက်နေကျနေ့တိုင်း လူစုံတက်စေ့ဆိုသလိုဘဲ ဆောင်ရွက်ကြ၊ ဆောင်ရွက်ကြတော့ ကောင်းပါတယ်၊ တိုးတက်မှုဖြစ်လာတယ်၊ အဲဒီလိုပဲ၊ အဖွဲ့ဝင်၊ အသင်းဝင်တွေဟာ လူတိုင်း လူတိုင်း ကိုယ်ဆိုင်ရာ ဆိုင်ရာတာဝန်တွေကို ဆောင်ရွက်ပြီးတော့ သွားလို့ရှိရင်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရဲ့ သာသနာချီးမြှောက်မှုကိစ္စဟာ တိုးတက်ဖို့ ကြီးပွားဖို့ရာရှိပါတယ်။

http://www.dhammadownload.com

ဒီအဖွဲ့ထဲမှာဝင်ပြီး အဖွဲ့ဝင်အဖြစ်နဲ့ ဝင်မယ်ဆိုကတည်းက ဆောင်ရွက်နိုင်သလား၊ မဆောင်ရွက်နိုင်သလား၊ စဉ်းစားပြီးတော့ ဆောင်ရွက်နိုင်လို့ရှိရင် ဝင်၊ ဝင်ပြီးလို့ရှိရင် မိမိအဖွဲ့ဝင်အဖြစ် ဖြစ်သွားလို့ရှိရင်လဲ တာဝန်ဝတ္တရားတွေ ကျေပွန်အောင် ဆောင်ရွက်သွားဖို့ရာ အရေးကြီးပါတယ်။

သမာနတ္တတာ - သမာနတ္တတာ ဆိုတာ မိမိနဲ့ တန်းတူထားပြီးတော့ ဆက်ဆံရမယ်တဲ့၊ ဟာ- ဒီပုဂ္ဂိုလ်တွေက ဘာမှ အရာရောက်တဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူး ဆိုပြီးတော့၊ ကိုယ်က အထက်တန်းကနေပြီးတော့ ဆောင်ရွက်လို့ရှိရင် ဒါကလဲ သင်္ဂဟတရားပျက်ပါတယ်၊ ကိုယ်က ဘယ်လိုပဲ ဖြစ်နေနေ အခြားပုဂ္ဂိုလ်တွေနဲ့ တန်းတူထားပြီးတော့ ဆောင်ရွက်ရမယ်တဲ့ အဲဒါကလဲ အရေးကြီးပါတယ်၊ ဘုန်းကြီးတို့ သာသနာတော်မှာလဲဘဲ မထေရ်ကြီးတွေ၊ ဆရာတော်ကြီးတွေဆိုပြီးတော့ အခြားသောရဟန်းတွေကို မရိုမသေနဲ့ ပြောလို့ရှိရင် အဲဒါ မရိုမသေနဲ့ အပြောခံရတဲ့ ပုဂ္ဂိုလ်နဲ့ စည်းလုံးခြင်းပျက်ပါတယ်၊ ဒီဥစ္စာအရေးကြီးပါတယ်၊ ဒါကြောင့် အခြားသော ပုဂ္ဂိုလ်တွေလည်းပဲ ပြောတဲ့အခါကာလ ရိုရိုသေသေ၊ ကောင်းကောင်းမွန်မွန် ပြောရ၊ ဘာမှ အရာမရောက်သေးတဲ့၊ ဦးဇင်းလေးတွေလဲပဲ ကောင်းကောင်းမွန်မွန် ပြောရ၊ အရှင်ဘုရား ဘယ်ကကြွလာသလဲ စသည်ဖြင့် ပေါ့လေ၊ အဲဒီလို ကောင်းကောင်းမွန်မွန်ပြောရ၊ ဟော့ဦးပဉ္ဇင်း၊ မင်းဘယ်က လာတာတုန်း၊ ဒီလိုမလုပ်ရဘူး၊ ဒါ-ဘုန်းကြီးတို့ ဒီလိုမလုပ်ပါဘူး၊ ကြီး, ကြီးတဲ့အလျောက်၊ ရိုရိုသေသေပဲ ပြောရ ဆိုရ၊ အဲဒါ သမာနတ္တတာတဲ့ သင်္ဂဟတရားလေးပါး၊ အဲဒီသင်္ဂဟတရားလေးပါးနဲ့လဲ ပြည့်စုံပြီးတော့ ဆောင်ရွက်ဖို့ အရေးကြီးတယ်။

http://www.dhammadownload.com

နိုင်ငံရေးသဘောမျိုး မသက်ရောက်ဖို့လို

မိမိတို့ သာသနာရေးဆောင်ရွက်တဲ့ အဖွဲ့အသင်းတွေဆိုတာ နိုင်ငံရေးသဘောမျိုး မသက်ရောက်ဖို့ရာလဲ အရေးကြီးပါတယ်၊ သာသနာရေးဆိုရင် သာသနာရေးဟာ စီးပွားရေးလည်းမဟုတ်တော့ သာသနာရေးကို တကယ်ဆောင်ရွက်ပြီးတော့၊ အတူတူဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေအချင်းချင်း အညီအညွတ် ပြောဆိုပြီးတော့ ဆောင်ရွက်ဖို့ရာလိုပါတယ်၊ နိုင်ငံရေးတွေဆိုတာကတော့ စီးပွားရေးတွေလည်း ပါပါတယ်၊ နိုင်ငံရေးဆိုတာ သူဆိုင်ရာ ဆိုင်ရာ၊ ရာထူးတွေ အခွင့်အရေးတွေ ရသွားလို့ရှိရင် မိမိရဲ့ စီးပွားရေးတွေ ဘာတွေလဲ လုပ်ဖို့ရာတွေ အဆင်သင့်ပါပဲ၊ အဲဒီမှာကတော့ လောကအစဉ်အလာအတိုင်း အခွင့်အရေးတွေ မရရအောင်လို့ ယူရတယ်၊ မိမိအားပေးမယ့် ပုဂ္ဂိုလ်တွေ အင်အားတွေ စုဆောင်းရမယ်၊ အဲဒီလို လုပ်ရတယ်၊ သာသနာရေးဘက်မှာတော့ ဒီလိုဟာတွေ လုပ်တာတော့ သိပ်ပြီးတော့ မတော်ဘူး၊ ဒါကတော့ တော်ကြာရင် အင်း-ဗုဒ္ဓသာသနာနဂ္ဂ 'အဖွဲ့ကြီး ကိုယ့်လူစုနဲ့ကိုယ် စုစုပြီးတော့ အဲဒီလို အကြိတ်အနယ် အနိုင်ယူတဲ့စခန်းတွေ ရောက်သွားရင်တော့ မကောင်းဘူး၊ လောကကြီးအမြင်နဲ့ကတော့ ကိုယ့်အင်အားရှိ၊ ရှိသလောက် လုပ်နိုင်ပါတယ်၊ သာသနာဘက်က အမြင်နဲ့ဆိုတော့ လူထုစည်းရုံးပြီးတော့ အနိုင်ရအောင်လုပ်တယ်ဆိုတဲ့ သဘောမျိုးဟာမကောင်းပါဘူး၊ ဘုန်းကြီးက သတိပေးစကားပြောကြားပါတယ်။

http://www.dhammadownload.com

နာယကဂုဏ်ခြောက်ပါး

ဒါကြောင့် အရင်ကပြောဘူးတဲ့ နာယကဂုဏ်ခြောက်ပါး၊ ခမာ-သည်းခံနိုင်ရမယ်၊ သည်းခံလေ့ရှိရမယ်၊ အရေးအကြီးဆုံးက သည်းမခံလို့ ရှိရင် တော်တော်နေရာမကျပါဘူး၊ သည်းခံရမယ်၊ သည်းခံရတယ်၊ သည်းခံနိုင်မှ၊ အာဂရိယ-နိုးကြားမှုရှိရမယ်။

သံဝိဘာဂ-ဝေဖန် ပေးကမ်းမှု၊ ဒါလဲခုနလိုပဲ၊ အဖွဲ့အသင်းမှာ ဒီလောက်မလိုပါဘူး။

ဒယာ - မေတ္တာ ကရုဏာသက်ဝင်ရမယ်၊ ငယ်တဲ့ပုဂ္ဂိုလ်တွေ၊ အောက်တန်းပုဂ္ဂိုလ်တွေ ကရုဏာနဲ့ သနားပြီးတော့ စောင့်ရှောက် ဆောင်ရွက်ရ၊ တန်းတူပုဂ္ဂိုလ်တွေ အထက်တန်းကျတဲ့ပုဂ္ဂိုလ်တွေ မေတ္တာနဲ့ ချမ်းသာပါစေဆိုတဲ့ သဘောထားပြီးသကာလ ဆောင်ရွက်ရ။

ဣက္ခဏာ-အမျှော်အမြင်ရှိရမယ်၊ ဘာလုပ်လို့ရှိရင် ဘာဖြစ်နိုင်တယ်၊ ဘယ်လို ဆောင်ရွက်လို့ရှိရင် ဘယ်လို အကျိုးရှိနိုင်တယ်ဆိုတာ ဒါ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကပေါ့လေ၊ တာဝန်မရှိတဲ့ ပုဂ္ဂိုလ်ကတော့လဲ အကြံဉာဏ်တော့ ပေးတော့ပေးရတယ်၊ အကြံဉာဏ်ပေးတဲ့ ဥစ္စာလဲ ဆိုင်ရာပုဂ္ဂိုလ်တွေက စဉ်းစားပြီးတော့ လက်ခံရတယ်၊ သူများအကြံဉာဏ် ပေးတာတွေ ကိုယ်က လုံးလုံးလက်မခံဘဲနဲ့ ဖယ်ဖယ်ပြီးတော့ပစ်နေရင် လည်း ဒါနေရာမကျဘူး သူဟာ။

အဲဒါ နာယကဂုဏ်ခြောက်ပါး၊ သင်္ဂဟတရားလေးပါးနဲ့အညီ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဆောင်ရွက်မယ့် ပုဂ္ဂိုလ်တွေ လေးလေးနက်နက်သဘောထားပြီး ဆောင်ရွက်ဖို့ရာ ဘုန်းကြီးက သတိပေးပါတယ်။

http://www.dhammadownload.com

သာသနာတော်၏အကျိုး တကယ်ဖြစ်ထွန်းအောင် ဆောင်ရွက်မယ်ဆိုတဲ့အနေနဲ့ ဆောင်ရွက်သွားဖို့ရာ အရေးကြီးပါတယ်၊ အဖွဲ့ဝင်အများညီခံမျှသာဖြစ်ပြီးတော့ ဘာမှ ဆောင်ရွက်မှု ထင်ရှားအောင်ပြစရာမရှိဘဲနဲ့ဆိုရင်တော့ ဒီလိုတော့ နေရာမကျဘူး၊ ပြစရာရှိမှဘဲ နေရာကျတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ဝင် အဟောင်းရှိပြီးသား ပုဂ္ဂိုလ်တွေရော နောက်ထပ် အသင်းဝင်မယ့် ပုဂ္ဂိုလ်တွေရော၊ သာသနာရေး၊ သာသနာတော်ဘက်ကအမြင်နဲ့ ဆောင်ရွက်သွားနိုင်ကြပါစေလို့ ဘုန်းကြီးက အထူးဆုတောင်းပြီးတော့ သတိပေးတရား ဟောကြားပါတယ်။

အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်ကြီးတိုးတက်ကြီးပွားသွားပါစေလို့ ဆုတောင်းပါတယ်၊ ဆုတောင်းတဲ့အတိုင်းလဲပဲ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

ဦးကုန္ဒာစာရ

သန္တာအေးကျောင်း မှ

အသံသွင်းကြိုးခွေမှ ထုတ်ယူရေးသားပူဇော်ပါသည်။

http://www.dhammadownload.com